www.burmeseclassic.com

# လရောင်ကျေးရင်

ချစ်ရပါသော ကြွေ



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဒေါ်ကေနိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ိ/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရှင်
ချစ်ရပါသော ကြေ့/ လရောင်ကျူးရှင်၊ ရန်ကုန်၊
ရွှေသမင်စာပေ၊ ၂၀၁၄။
၂၈၈- စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ချစ်ရပါသော ကြေ့



## အခန်း (၁)

တိုက်ကြီးက သုံးဆောင်တဲ့ နှစ်ထပ်အပြည့် ...၊
ပုံစံက မခမ်းနားပါ ...၊
ဒါပေမယ့် ပန်းရင့်ရောင် အမိုက်ဆေးသားနှင့် ခေါင်မိုးနီနီက
ရှိဆန်သလိုလို .. ကျက်သရေမဲ့နေသလိုလို ...၊
"သုံးဆောင်းဆိုတာက ခြံကကေို ကြည့်တာနဲ့တင် မများတဲ့ဈေး
တာ သူဌေး သိမှာပါ ...၊ အရိပ်ရ နှစ်ရှည်ပင်ကြီးတွေနဲ့ အလှပန်းပင်
ဆိုရင် .."
"အထဲ ဝင်ကြည့်မယ် .."
"ဟာ့ .. ကြည့်ပါ .. စေ့စေ့စပ်စပ် တစ်ခန်းစီ လိုက်ပြပါ့မယ် ...၊
တစ်ချပ် မကျိုးဘူး .. အုတ်တစ်ချပ် မပဲ့ဘူး .. အထဲကို ဝင်ကြည့်
သူဌေး လုံးဝ ကြိုက်သွားမှာပါ .."
ပွဲစားက နှစ်ယောက်စလုံး အာဝဇ္ဇန်းရှင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဝယ်လက်၏မျက်နှာကို မကြာခဏ အကဲခတ်၍ သူ

ချင်း မျက်လုံးချင်း တိုင်ပင်ကြတာလည်း ရှိသည်။

အပေါ်တစ်ထပ်လုံးကို ကြည့်ပါ .. ရှုပါ ညွှန်ပြခဲ့ပြီး တစ်နေရာ

နှစ်ယောက် ခေါင်းချင်းဆိုင်၍ ...

"သူက နိုင်ငံခြားသားလား .."

"မြန်မာပါ .."

အနက်ရောင် အနောက်တိုင်းဝတ်စုံနှင့် မျက်နှာက ရှည်သ

ဘက်ကို ပါချင်သည်။

အရပ်ကြီး မြင့်မားနေကာ မျက်မှန်နက် တပ်ထားသဖြင့်

တရက် မြန်မာလူမျိုး ဟုတ်မဟုတ်က ခွဲခြားရ ခက်နေ၏။

ထို့ပြင် အပြုံးအရယ်မဲ့ရုံမကဘဲ စကားပြောတော့လည်း စ

တစ်ခွန်းပိုလျှင် ဒဏ်ငွေဆောင်ရမယ့်အတိုင်း ...၊

"စီးလာတဲ့ကား ကြည့်ရတာတော့ ဝယ်နိုင်လောက်ပါ

နော် .."

"ကိုမြင့် ကလည်းဗျာ .. ပွဲစားလုပ်နေပြီးတော့ ခင်ဗျားကလ

မြေဈေးတွေ ဒီ့လောက်ကောင်းပြီး ဝယ်လက်တွေ လိုက်နေတဲ့ကာ

ပူမနေစမ်းပါနဲ့ .. ကျုပ်တို့အလုပ်က ဝယ်ချင်လို့ ပြပါဆိုရင် လိုက်

ပဲ .. ဝယ်နိုင်မှ ပြမယ်လို့မှ ပြောလို့မဖြစ်ဘဲ .."

"မသိဘူးဗျာ .. ဒီလူ့ ကြည့်ရတာ တကယ့် ဂိုဏ်းစတာ

ကျနေတာပဲ .. ခက်ထန်လိုက်တဲ့မျက်နှာကို ကြည့်ပါဦး .. စက်ရုပ်

ရယ်ပြချင် ပြဦးမယ် .."

"လုပ်မနေနဲ့ .. သူ ရယ်ပြဖို့ မလိုဘူး .. ငွေရဖို့ပဲ လိုတာ -

နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ တီးတိုးဆိုကြပြီး ဝယ်လ





ရှာကြတော့ ဘယ်မှာမှ မတွေ့ ...၊

အိမ်ကြီးက ကြီးသလောက် အဆောင်ဆောင်အခန်းခန်းတွေ

းစွာ ဖွဲ့စည်းထားသဖြင့် လူတစ်ယောက်ကို လိုက်ရှာရတာ သိပ်

ည် ...။

နှစ်ယောက် လူခွဲရှာရတဲ့အထိဖြစ်ကာ မီးဖိုဆောင်နှင့် ကပ်လျက်

င်လိမ်လှေကားကြီး၏ အောက်တည့်တည့် စတိုခန်းလေးရှေ့မှာ

းထောက်၍ ဒူးတစ်ဖက်ချ တစ်ဖက်ထောင်ပုံစံ ထိုင်နေသော

လက်ကို တွေ့လိုက်ရပါ၏။

ခြေဖျားထောက်ထားတာပေမယ့် လူက တစ်ချက်လေးမှ မယိုင်...၊

ဒူးတစ်ဖက်ပေါ်မှာ တင်ထားသည့်လက်ကြားမှ စီးကရက်သည်

ဖြူတို့ တလွန့်လွန့် တက်နေ၏။

ဒီလူ ကြည့်စရာ မဟုတ်ဘဲ ဘာကို ကြည့်နေတာလဲ ...၊

တော်ရုံလူဆို လှေကားအောက်ကြီးမှာ လေညင်းခံသလို ဝင်ထိုင်

မလား ...၊

ထို့ပြင် စတိုခန်းတံခါးက တံခါးတိုလေးဖြစ်ကာ ဒီတံခါး ဖွင့်

ရင်တောင် ကလေးတစ်ယောက် မတ်တတ်ဝင်လို့ရတာ မဟုတ်...၊

ခု တံခါးကလည်း သော့မခတ်ပေမယ့် ပိတ်လျက်သား ...၊

ဒီတံခါးမှာရော စိတ်ဝင်စားစရာ ဘာတွေ ရှိနေလို့လဲ ...၊

ဒီလူကို ရှာရင်း လှေကားပေါ်ကို သူ တက်သွားပြီးပြီ ...၊

ပြန်ဆင်းလာပြီး ဘေးတွဲအခန်းတွေကိုလည်း သွားကြည့်ပြီးပြီ ..

မှာပဲ ခေါက်တုံ့ခေါက်ပြန် သွားနေပြီး လူတစ်ယောက်လုံးကို မမြင်

...။

"အပာမ်း .."



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ အကြာကြီး ရပ်နေပြီးမှ ချောင်းဟန့်သံ ပေးမိသ ထိုပုဂ္ဂိုလ်က တုတ်တုတ်မှ မလှုပ် ...၊

ကိုမြင့် မချင့်မရဲ ဖြစ်သွားသည်။ ပွဲစားသက်တမ်းတစ်လျှော ဒီလိုလူမျိုး ဒီတစ်ခါပဲ တွေ့ဖူးပါသည်လို့ ပြောရင်တောင် လွန်သ မထင် ...။

ခြံဝယ်မယ်ဆိုပြီး ရောက်လာတည်းက သူ ပြောချင်တာကို မ သည်။

တခြားလူ ဘာပြောပြော မသိသလိုလို .. မကြားသလိုလို မေးလည်း ဖြေချင်မှ ဖြေသည်။ အာပေါက်အောင် ပြောပြနေရ လည်း ထောင်ချင်မှ ထောင်၏။

ဒီက ပြလိုက် .. ပြောပြလိုက် .. ဝတ္ထုရားတွေ ကျေနေပေ သူက ကြည့်ချင်မှ ကြည့်၍ သွားချင်ရာ သွား၏။

ဘာနဲ့ တူနေသလဲ ဆိုလျှင် ကိုယ့်အိမ်ထဲမှာ ကိုယ် အိပ် မက်ပြီး လမ်းထလျှောက်နေတာမျိုး ...၊

"ဒီမှာ .."

"ဟင် .. ဗျာ .."

ကိုမြင့် ကိုယ့်ဘာသာ စိတ်ထဲက ဝေဖန်ကဲ့ရဲ့ရင်း ခေါင်းကု ရှုံ့မဲ့နေတုန်း ကိုယ့်ဆီးမှာ မတ်တတ်ရပ်လိုက်သည့် လူတစ်ယောက် ကို သတိမထားမိလိုက် ...၊

"ပြောပါ .. ပြောပါ .. ဘာများ လိုအပ်ချက် ရှိသလဲ .. ဆွေး တော့မလား .."

"ဒီအိမ်ပိုင်ရှင်တွေ ဘယ်ကို ပြောင်းသွားကြသလဲ ...၊ ခင်ဗ ပြောနိုင်လား .."





"ဗျာ!..."

တစ်အိမ်လုံးကို နေ့တစ်ဝက်လောက် ကျိုးအောင် အချိန်ကုန်ခံ လိုက်ကြည့်နေပြီးမှ မေးလာတော့ တခြား ...။

"သူတို့ ဘယ်ပြောင်းသွားကြသလဲ .."

ပြောရင် ပြော .. မပြောနိုင်ရင် ကျောတစ်ရာ ရင်တစ်ရာ ရိုက်နှက် ဒဏ်ခတ်တော့မလား မသိ ...၊

"ခင်ဗျားတို့ စုံစမ်းရင် ရနိုင်ဖို့ ရှိလား .."

ရနိုင်တယ်ဆိုရင် ကံစမ်းမဲပါ ထည့်ပေးဦးမှာလား ...၊

စကားသံက သိပ်တော့ မဆိုးပေမယ့် ကာလများစွာ စကားမပြောဘဲ နေလာခဲ့သူတစ်ယောက်က ပထမဆုံး ပြောလိုက်တဲ့ အသံမျိုး ...၊

ခပ်အက်အက် .. သြရှရှ ...၊

"ဒီလိုဗျာ .. ကျွန်တော်တို့က အိမ်ခြံမြေ အကျိုးဆောင် လုပ်တာပဲ .. လူရှာဖို့က .."

"နှစ်ခုစလုံး အဆင်ပြေဖို့ ဆိုရင်ရော .."

"ဗျာ!..."

တဗျာဗျာနဲ့ ဖြစ်နေသည့် သူ့ကို ထိုလူက စိတ်ပျက်သွားသလို ထူပြည့်သည့်နှုတ်ခမ်းအစုံ တင်းခနဲ ဖိပိတ်သွား၏။ ပြီးတော့ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက် ထည့်လိုက်ပြီး ...

"ပွဲပျက်ပြီ .."

ပြောပြီး လှည့်ထွက်သွား၏။

ကိုမြင့် သက်ခနဲ ဖြစ်သွားကာ ...

"ဟာ .. နေပါဦး .. သူဌေး ခဏလေးပါ .."

ထိုစဉ် နောက်ဖေးထဲက ထွက်လာသည့် ကိုချစ်ဦး ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခပ်သုတ်သုတ် ပါလာကာ အခြေအနေကို အကဲခတ်ရင်း သဘောပေါက်သွား၏။

သူတို့တွေ အိမ်ရှေ့တံခါးနားထိ ရောက်လာကြမှ ...

"မေးစရာလေး ရှိလို့ပါ .. ခဏလောက်ပါ .."

နှစ်ယောက် ဝိုင်းတားမှ သူက ခြေလှမ်းရပ်ပြီး ခပ်ငံ့ငံ့ ပြန်ကြည့်၏။

"ဒီလိုလေ .. သူဌေးက လူတွေကို စုံစမ်းချင်တာလား ..၊ ဒီခြံကြီးကို ဝယ်ချင်တာလား .."

သူ့နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက် ဖြစ်သွားတော့ ကိုချစ်ဦး မျက်နှာပျက်၏။

"ကိုမြင့် က ဘာတွေ သွားမေးနေတာလဲ ဗျာ .."

တစ်ဖက်ကိုလည်း ငြိုငြင်သံနှင့် ဝိတ်ပင်ကာ ထိုလူဘက်ကို လှည့်၍ ...

"ဒီလိုရှိတယ်ဗျ .. ကျွန်တော်တို့ကလည်း ကိုယ့်အလုပ် ဖြစ်မဖြစ် ခန့်မှန်းခြေလေးတော့ သိချင်တာလေ .. သူဌေးက သိချင်ရုံသက်သက်လား .. ဒီခြံကို ဝယ်ချင်တဲ့ဆန္ဒရော ရှိရဲ့လား .. လိုရင်းကတော့ ဒါပါပဲ..၊ ရှင်းရှင်းပြောရရင် အချိန်ကုန်ခံရကျိုး နပ်အောင်ပေါ့ .."

သူက ဘာမှမဖြေဘဲ ကားရပ်ထားသည့်နေရာထိ ဆင်းထွက်သွား၏။

သူတို့လည်း ထပ်ကြပ်မကွာ လိုက်ရပြန်ကာ ...

"အဲ့ဒါလေးပါ .. ခုတောင်မှ ကျွန်တော်တို့ နှစ်ဦးနှစ်ဖက် အချိန်တွေ တော်တော် ဖြုန်းခဲ့ရတာလေ .."

ပွဲစားပီပီ စကားပြော လည်သည်။





သူက သဘောပေါက်သလို ခပ်မဲ့မဲ့ပြုံး၍ တံခါးလှည့်ဖွင့်သည်။ အထဲကို ဝင်ထိုင်လိုက်ပြီးမှ ...

"ပွဲစားနဲ့ ခြံလိုက်ကြည့်တာ .. လိုက်ကြည့်ခတော့ မပေးရဘူးမို့လား .."

"ဒါကတော့ .."

"ဒီခြံကို ကျုပ် မဝယ်ဖြစ်ရင်လည်း ဘယ်သူမှ လာဝယ်မှာ မဟုတ်ဘူး .."

"ဘယ်လို!..."

"ပြောပြတာ .."

သူက မျက်မှန်ကို ချွတ်လိုက်ပြီး စိုက်ကြည့်၏။

ထူ၍ ခပ်ပါးပါးရှိသော မျက်ခုံးအစုံနှင့် အညိုရောင် မျက်ဝန်းတို့က စူးရဲနေကြသည်။

ကော့ထင်း ပေါ်လွင်သည့် နှာတံက သူ့မျက်နှာနှင့် လိုက်ဖက်ပေမယ့် နှာတံရင်းနားမှာ ဈာက်သည်းခွဲသာသာ အမာရွတ်တစ်ခုကလည်း သိသာစွာ ရှိနေ၏။

ထိုအမာရွတ်ကြောင့် ရုပ်မပျက်ပေမယ့် အမာရွတ်ရှိနေတာကလည်း သိသာနေကာ ...

"ကျုပ်ပြောတဲ့ စကားအထာကို ခင်ဗျားတို့ နားလည်မှာပါ .."

ပြောပြီး မျက်မှန် ပြန်တပ်၏။

"ဒီခြံနဲ့ တိုက်ကို ကျုပ်က နှစ်သောင်းနဲ့ ဖြတ်တယ် .."

"ဟာဗျာ!..."

"ကျုပ် စုံစမ်းခိုင်းတာကို အတိအကျ သိရရင် သုံးသောင်း ထပ်ပြားမှ မဆစ်ဘူး ..၊ အိုခေ .."



www.burmeseclassic.com

www.burmeseclassic.com



တံခါးထဲကနေ လက်တစ်ဖက် ဆန့်ထွက်လာသည်။ ကိုမြင့် က ယောင်နန လှမ်းယူလိုက်တော့ လိပ်စာကတ်လေး ဖြစ်၏။

သူ ကားထွက်သွားသည့်အခါ လိပ်စာကတ်မှာ စူးစိုက်နေမိကြသည့် သူတို့မျက်လုံးတွေ ပြန်လည် ဆုံစည်းကြပြီး ...

"ဘာကြီးလဲ .."

"သူ ပေးနိုင်တာကို ပြောသွားပြီလေ .. ငါတို့က လိုချင်ရင် လှမ်းရှားကြရုံပေါ့ .."

"မင်းက ဒီအိမ်ပိုင်ရှင်ကို သိလို့လား .."

မေးပြီး ပတ်ဝန်းကျင်ကိုလည်း ကြည့်လိုက်သေးသည်။

"ရပ်ကွက် အစွန်အဖျား .. ခြံမနီး .. လမ်းမနီးနဲ့ .."

"အေး.. မင်း ရေရွတ်နေတဲ့ ကောင်းခြင်းအဖြာဖြာအရ ဒီလိုနေရာကို ငါတို့က သုံးသောင်း ခေါ်ထားတာလေ .."

"ဒါကတော့ မြေဈေးတွေ ဒီလောက် ခုန်ပေါက်တက်လာတဲ့ ဥစ္စာ .."

"ဘယ် စီးပွားရေးသမားကမှ ဒီလိုအဆောက်အအုံကြီးအပါ သုံးသောင်းကို သဘောကျမှာ မဟုတ်ဘူး .."

"ဒါဆိုလည်း မင်း ဘာဖြစ်လို့ ဒီခြံကို အပ်တုန်းက လက်ခံလိုက်သလဲ .."

"ငါတို့ အိမ်ရှင်နဲ့ ညှိနှိုင်းထားတာတွေ ရှိသေးတယ်လေ .. ပြီးတော့လည်း ပွဲစားလုပ်နေပြီးတော့ ကိုမြင့် ရာ .."

ကိုမြင့် စဉ်းစားရင်း ခေါင်းညိတ်၏။

"ဒါပေမယ့် ဦးဗွေးဝင်း ဆိုတဲ့လူကြီးက ခြံပိုင်ရှင် မဟုတ်သေးဘူးနော် .. မင်း သိပ်စိတ်ကူးယဉ်မနေနဲ့ .."





"ဘာပဲဖြစ်ဖြစ် ရအောင် လိုက်မယ်ကွာ ..သိန်းထောင်ချီပြီး ပိုက်မယ့်ကိစ္စ .."

"ဒါဆို ပြီးရောလေ .. မင်းက ဦးဆောင်မယ်ဆိုတော့လည်း ချကြတာပေါ့ .. ငါ ဘာလုပ်ရမလဲသာ ပြော .."

"ဒီလို လုပ်စမ်းပါ .."

ကိုချစ်ဦး က ဝမ်းသာအားရ ရယ်၏။

လူပီပီ လောဘကြီးတာ ဘာဖြစ်လဲ ...

'လောဘနည်းတော့ အမွဲ တာရှည်တယ် ..'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"အသက်က ဘယ်နှစ်နှစ်လဲ .."

"ဆယ့်ခွန် မပြည့်သေးဘူး သူဌေး .."

အရက်ကြောင့် အဆီပြန်နေသည့် မျက်နှာကြီးက မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ မျက်လုံးအစုံ တောက်ပသွားပုံက တော်တော် ကြည့်ရဆိုးလေသည်။

"သူ့အမေလို လှရဲ့လားကွ .."

"လှလိုက်တာမှ ရွှေသားရုပ်သွင်လို့ ပြောရမလား .. ကြွေသားရုပ်သွင်လို့ ပြောမလားပဲ ..၊ ထိရက်စရာကို မရှိပါဘူး သူဌေးရယ် .. ကိုယ်လုံးလေးကလည်း .."

ယောက်ျားတွေချည်း ရှိနေတဲ့ အခန်းထဲမှာမို့ မိန်းကလေးတစ်ယောက်ရဲ့ အလှတရားတွေကို ဖော်ကျူးပုံက ရုန့်ရင်းကြမ်းတမ်းသော ဖွဲ့ဆိုမှုတွေနှင့် ..၊





ပြီးတော့ တဝါးဝါး .. တဟားဟား ..၊

"စနေ .. လာခဲ့ .. ဘာလုပ်နေတာလဲ .."

အဖေက ထိတ်လန့်နေသည့် မျက်နှာနှင့် ရောက်လာပြီး သူ့လက်မောင်းကို ဆွဲခေါ်သွားခဲ့၏။

သူတို့သားအဖအတွက် ပေးထားသည့် အရက်ချက်ခန်းနဲ့ အိပ်ခန်းက သိပ်မကျယ်ပါ ..။

ဒါပေမယ့် သားအဖနှစ်ယောက်တည်းဆိုတော့ ချောင်ချောင်ချိချိ ရှိသည်။

တစ်ခါတလေ အရက် လာခိုးသောက်သည့်လူတွေပါ ညဘက် အိပ်ပြီး မိုးလင်းခါနီးမှ ထပြန်ကြတာလည်း ရှိသည်။

ဦးကောင်းမြတ် က စနေ့ ကို အခန်းထဲ ခေါ်ခဲ့ပြီး တံခါးပိတ်လိုက်သေးသည်။

ပြီးမှ ...

"မင်း အဲဒီနားမှာ ဘာသွားလုပ်နေတာလဲ .. ပြောစမ်း .."

"အရက်သွားပို့တာ .."

"ငါ မရှိလည်း ငါ လာမှ ပို့မှာပေါ့ကွ .."

"ခု လာပို့ဆိုလို့ သွားပို့တာ .."

စနေ က စကားပြောပုံ .. မျက်နှာထားပုံကိုက ဂျစ်တိဂျစ်ကန်..၊

ဒီကလေးမျက်နှာဟာ ဘယ်မှာနေနေ .. ဘယ်သူ့ရှေ့ ရောက်ရောက် ဒီတိုင်းပဲ ရှိမှာမို့ ဦးကောင်းမြတ် စနေ့ ကို နည်းနည်းလေးမှ စိတ်မချပေ ..။

"သူဌေး ဦးဉာဏ်ကျယ် ကို မင်းက ဘာများ မှတ်နေသလဲ စနေ.. မင်း ခုမှ ဆယ့်သုံးနှစ်ပဲ ရှိသေးတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ကျွန်တော်က သူနဲ့ အသက်ချင်း သွားတိုင်းနေလို့လား..."

"မတိုင်းပေမယ့် မင်း ဘာဖြစ်လို့ အကြောက်အလန့်မရှိ အဲ့ဒီနေရာထိ သွားရတာလဲ .."

"ဒါက 'မင်းကြီးဂေဟာ'ပဲ အဖေရ .. တစ်ခန်းနဲ့ တစ်ခန်း .. တစ်နေရာနဲ့ တစ်နေရာ .."

"မသွားရဘူး .. 'မင်းကြီးဂေဟာ'က သူ့အဆောက်အဦးကြီး .. ငါတို့က အလုပ်သမား တန်းလျားမှာ .."

"ခုလည်း သူ ခေါ်လို့ သွားတာ .."

"ကဲ .. ထားလိုက်တော့ကွာ .. ခေါ်တဲ့ကိစ္စပြီးတော့ မင်း ပြန်ခဲ့ပါလား .. ဘာဖြစ်လို့ အပြင်ကနေ ကပ်ချောင်းပြီး သူတို့ပြောတာတွေ နားထောင်နေတာလဲ .."

"ထောင်ချင်စရာ ကောင်းနေလို့ .."

"စနေ .."

ဦးကောင်းမြတ် စနေ့ လက်မောင်းတစ်ဖက်ကို ဆတ်ခနဲ ဆောင့်ခါပစ်မိကာ ...

"မင်း စကားကို ယဉ်ယဉ်ကျေးကျေး ပြောတတ်အောင် ပြင်စမ်းပါ .. တစ်လောကလုံး ပြေးကြည့်မှ မင်းနဲ့ ငါ သားအဖနှစ်ယောက်ပဲ ရှိတာ .."

"အမေ သေတာ ဒီလူကြီးနဲ့ သက်ဆိုင်တယ် .."

"မင်း လုပ်ပြန်ပြီ .."

ဦးကောင်းမြတ် မျက်လုံးပြူးသွားကာ စနေ့ ဆေးမှာ ဆတ်ခနဲ ထိုင်ချလိုက်၏။

"စနေ .. မင်းကို စနေသားဦးမို့ မွေးတယ်ဘာညာ လူတွေ ဘာ





ပြောပြော အဖေ ဘာကိုမှ မဥပဒ်ခဲ့ဘူး နော် .."

"စနေမီး လို့ နာမည်ပေးခဲ့တာ အဖေ မဟုတ်ဘူးလား .."

ကလေးပေမယ့် စနေ က အကြောက်အလန့် မဲ့သည့်ပြင် စကား ည်း တတ်သေး၏။ ဦးကောင်းမြတ် ရုတ်တရက် ဘာပြောရမှန်းမသိ သွားသည်။

"အဖေကိုယ်တိုင် စနေမီး လို့ ပေးခဲ့တာ .."

"ဟုတ်ပါတယ် .. ဒါပေမယ့် စနေ က မွေးတယ်ဘာညာဆိုရင် ာက်မှာ မီးကပ်လိုက်တော့ ပူစရာ မွေးစရာ ဘာမှ မလိုတော့ဘူးဆိုပြီး တ်ကင်းလုပ်လိုက်တဲ့ သဘောနဲ့ပါ .."

စနေ က ကျေနပ်သေးပုံ မရ .. ဦးကောင်းမြတ် ဒီ့ထက်လည်း ပြောတတ်တော့ဘဲ ရှိကာ ...

"ဒီမှာ ငါ့သား .. မင်းကို ပညာသင်ပေးထားတယ် .. အဖေ့ကို ရက်ချက်ဖို့တစ်ခုလုံး ဦးစီးနိုင်းထားတယ် .. မင်းအမေ ရှိနေတုန်း လည်း .."

"ဒီလူကြီး ခေါ်နိုင်းတာပဲမို့လား .."

စနေ က ရှုသိုးသိုး မျက်နှာလေးနှင့် နေရာမှ ထရပ်လိုက်လျှင် ကောင်းမြတ် က ပြန်ဆွဲထားကာ ...

"သား .. မင်းကို အဖေ တောင်းပန်တယ်ကွာ .. မင်း သူဌေးရှေ့ကို သွားမိပါစေနဲ့ .. သူဌေးက ဒေါ်ပေး ရက်စက်တယ် နော် .."

"အကုန်လုံး ရက်စက်ပါတယ် အဖေရာ .. အဖေတစ်ယောက်ပဲ လူကြီးကို ကောင်းတယ် ပြော နေတာ .."

"အဖေတို့က မျိုးရိုးစဉ်ဆက်တည်းက 'မင်းကြီးဂေဟာ'မှာ လုပ် လုပ်ခဲ့ကြတာ .. အဖေ့လက်ထက်ကျမှ မင်းလိုပဲ သူဌေးကို



www.burmeseclassic.com

www.burmeseclassic.com



မကောင်းထင်ပြီး အပြင်မှာ ကိုယ့်ထူးကိုယ်ချွန်ဖို့ ထွက်ခဲ့တယ် .. ဒါပေမယ့် ဘာမှ ဖြစ်မလာဘူး .. စားသောက်ဆိုင်မှာ စိတ်တာဘဝနဲ့ပဲ အိမ်ထောင်ကျခဲ့တာ .."

စနေ့ ကို မွေးပြီးကာမှ ရိုက်မှုတွေဖြင့် အချုပ်ထဲရောက် .. လင် တကွဲ မယားတကွဲနှင့် စားရသောက်ရမဲ့လောက်အောင် ဒုက္ခတွေ ဖြစ်ခဲ့ရ တာကိုတော့ ဦးကောင်းမြတ် ထည့်မပြောခဲ့ပါ ..။

သူကလည်း အချုပ်ထဲ ရောက် .. ဇနီးကလည်း ကလေးငယ်လေး[...] တစ်လသားမို့ သွေးနုသားနုနဲ့ ဘာမှ မလုပ်နိုင် ..၊ ဒီအချိန်မှာ ဦးညွှန့် ကျယ် တို့လူစု ရောက်လာခဲ့သည်။

ကလေးနဲ့ သန္တာ ကို ပြန်ခေါ်သွားခဲ့ကြ၏။ တကယ်ဆို သူ[...] မာနစကားတွေ ပြောပြီး ထွက်လာခဲ့တာမို့ ဦးညွှန့်ကျယ် တို့ ရော[...] လာခဲ့တာက အပြစ်ပေးဖို့သာ ဖြစ်ရမှာပါ ..။

"သူတို့က ခွင့်လွှတ်ခဲ့တယ် .. သူဌေးကြီး ဦးညွှန့်လင်း ဟာ[...] သူ့သားကို အလုပ်သမားရဲ့သားတစ်ယောက်က မာနကြီးစကား ပြော[...] သွားတာတောင်မှ အပြစ်မယူတဲ့အပြင် သူ့သားကိုယ်တိုင် ပြန်လိုက်ခေါ်[...] တဲ့အထိ သဘောထားကြီးခဲ့တဲ့ သူ .."

"အဲဒီတုန်းက အဖေက အချုပ်ထဲမှာမို့လား .. ဦးညွှန့်ကျယ်[...] သူ့တပည့်တွေနဲ့ ဘာလုပ်ဖို့ ရောက်လာတာလဲ အဖေ သိလို့လား .."

ဦးကောင်းမြတ် ကြောင်အမ်းအမ်း ထပ်ဖြစ်သွားသည်။

"ငါ မရှိပေမယ့် မင်းအမေ သိနေတာပဲ .. သူကိုယ်တိုင် ကျေးဇူး[...] တွေ တင်လို့ .."

"ကျွန်တော်ကတော့ မယုံဘူး .."

"ဘာ!..."





"ဒီလူကြီးက လူကောင်းမှ မဟုတ်တာ .."

"ဘယ်သူ့ကိုလဲ ကွ .."

"ဟာ!... ပေါက်စ .."

ဦးကောင်းမြတ် ခြေမကိုင်မိ လက်မကိုင်မိဖြစ်အောင် ထိတ်ထိတ်[...] ဖြစ်သွား၏။

[...]နာမည်ကသာ ပေါက်စ ပေမယ့် လူက ဂေါ်ဇီလာ နဲ့ နင်လား[...]ား ..၊

"ဒီကောင်လေးက ဒီတိုင်းပဲ ပေါက်ကရတွေ လျှောက်ပြောတတ်[...]ပါကွာ .. ငါ တောင်းပန်ပါတယ် .. ကလေး ပြောတာတွေကို [...]ထဲ မထားပါနဲ့ .."

"မင်းကသာ လျှောက်ပြောနေတယ်လို့ ပြောတာ .. မင့်သား[...]နှာကတော့ ဒီလို မဟုတ်ပါဘူးကွာ .. ဟဲ .. ဟဲ .. ငါ့အထင်[...]မှန်ကို ပြောနေတာလားလို့ .."

ဦးကောင်းမြတ် မျက်နှာတစ်ပြင်လုံး သွေးမခုန်တော့သလို ဖြူ[...]သွားခဲ့၏။

မေးဖျားချွန်သလိုရှိကာ မျက်လုံးမှေး၍ နှာတံပေါ်ပေါ် နှုတ်ခမ်း[...]သော ကိုယ့်သားရဲ့မျက်နှာကိုလည်း ကြည့်မိလျက်သား ဖြစ်[...]သည်။

ကလေးမို့ မျက်နှာမထားတတ်တာလား ..၊ နှုတ်ခမ်းထူလို့ပဲ အလို[...]ရင်း နှုတ်ခမ်းစူထားသလို ဖြစ်နေခဲ့တာလား ..၊

ကိုယ့်သားရဲ့ စိတ်နဲ့ ပုံစံကို သူကိုယ်တိုင်တောင်မှ အကဲမရနိုင်ဘဲ[...]ဘာ ..၊

"ခေတိုးဘူးဗျ .. သူဌေးကို ကျုပ်တို့တစ်ဖွဲ့လုံး ဘယ်သူမှ မျက်မြေ[...]



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြီး မကြည့်ရဲကြတာ .. စနေ ကတော့ .."

"မဟုတ်ဘူး .. အဲဒီလို စကားမျိုး သူများတွေ ကြားသွားပါ

ပေါက်စ ရာ .. ကလေး အမိုက်ပါ .."

စနေ က နေရာမှ ထထွက်လာခဲ့သည်။ ပြီးတော့ အဖြ

လျှောက်ထွက်လာခဲ့ရင်း တံခါးပိတ်ထားသော အိပ်ခန်း အဆေ

ဆောင်ကို အောက်ကနေ မော့ကြည့်နေမိသည်။

ဒီအခန်းတိုင်းမှာ မိန်းကလေးတွေ ရှိနေကြသည်။ ဒါပေ

အသက် သုံးဆယ်ဝန်းကျင်တွေပဲဖြစ်ကာ အိမ်မှာ ဘယ်လိုရာ

ဘာတာဝန်တွေ ထမ်းဆောင်ကြတာလဲဆိုလျှင် ...

"အဲလကားလူကြီး .."

စနေ့ မျက်နှာ ရှုံ့မဲ့သွားပြီး တီးတိုးဆဲသည်။

သူ ကြားဖူးသလောက်ဆို သူ့ဖေကြီး ဦးဉာဏ်လင်း လက်

က မိဘတိုးပွားစည်ဆက် ချမ်းသာလာခဲ့သမျှကို ပွဲရုံတွေ ထော

ကလပ်တွေ ဖွင့်နဲ့ စီးပွားရေး လုပ်ငန်းအဖြစ် အများကြီး ပြန့်

သည်။

ဦးဉာဏ်လင်း က စီးပွားရေးနဲ့ပတ်သက်လျှင် လူမျိုးရေး ..

ရေး ဘာတွေဖြစ်ဖြစ် ချမ်းသာဖို့ တစ်ခုကိုပဲ အဓိကထားတဲ့ သူ

ထိုလူကြီး နာမည်ကျော်ခဲ့တာက တစ်ကိုယ်ကောင်းဆန်

ဖြစ်ကာ သားဖြစ်သည့် ဦးဉာဏ်ကျယ် ကျမှ မိဘလုပ်စာ ထိုင်ဖြ

အသက်သာဆုံး စီးပွားရေးအဖြစ် ကိုယ့်ခြံထဲမှာပဲ အရက်ချက်သ

ဒါကလည်း တွင်တွင်ကျယ်ကျယ် ဖြန့်ဖြူးရောင်းချတာ မ

ပေ ...

ရပ်ကွက်ငယ်ထဲက ဆိုင်တွေမှာ ဖြန့်ဖြူးကာ မသမာတဲ့နည်





ားသဖြင့် အရက်က နာမည်ကျော်ခဲ့၏။

ထို့ကြောင့် လုပ်ငန်းသေး ဆိုပေမယ့် ဦးဉာဏ်ကျယ် တို့ ချမ်းသာ

ည်ထက် ချမ်းသာခဲ့သည်။

တပည့်တပန်းတွေ မွေးပြီး ငွေတိုးချေး၏။

သူ ငွေချေးတဲ့ပုံက အတိုးအရင်းနဲ့ တွက်ပြီး အမြတ်အစွန်းရဖို့

မဟုတ်ဘဲ ငွေဆုံးတိုင်း အိမ်ကို သိမ်း၍ အိမ်ခြံမြေတွေ ချဲ့ထွင်နေ

ဖြစ်၏။

ထိုပြင် အိမ်ရာမြေ ရှိတဲ့သူရော .. မရှိတဲ့သူကိုရော ဘာမှ ချမ်းသာ

ဘဲ မြေမရှိရင် လူကိုသိမ်းသည့်စနစ်ဖြင့် ဂေဟာကြီးပေါ်မှာ ရှိသမျှ

န်းတိုင်းက ...

"ငါ့လောက် ဘုန်းကံကြီးမားတဲ့သူ ငါ့တစ်ခေတ်မှာ ငါပဲ ရှိတာ

.. သချာ မှတ်ထားကြ .. သူများလို နတ်ပြည်ရောက်မှ ခံစားရတာ

တ်ဘူး .. မသေခင်တည်းက နတ်သမီး တစ်ဖက်ငါးရာနဲ့ ဉာဏ်

ယ် .."

ဒီလူကြီး ကြွေးကြော်နေကျ စကား ...၊

ခြံကြီးထဲမှာ လျှောက်နေရင်း ကွန်ကရစ်လမ်းတွေပေါ် ရောက်

လိုက် .. မြက်ဖုတ်နဲ့ သဲမြေတွေပေါ် ရောက်လိုက်နှင့် ဖိနပ်မပါ

ကိုယ့်ခြေထောက်တွေကို ပြန်ငုံ့ကြည့်ရင်း ခြေဦးတည့်တိုင်း သွား

ယသည်။

ဒီလူကြီးအကြောင်း အဖေ ဘာဖြစ်လို့ အကောင်းတွေချည်း ပြော

ာလဲ ...၊

သူ သိထားတာတွေကရော ဘာဖြစ်လို့ ကောင်းတာ တစ်ခုမှ မပါ

ာလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို .. သူ သိတာတွေက ဘယ်နေရာက သတင်းတွေ ဖြစ်
အဖေကတော့ ဘာကို ဘာယုံကြည်နေတာလဲ ..။

ကိုယ့်ကိုယ်ကိုယ် မှားနေသည်လို့ သတ်မှတ်ရမလား .. အ
မှားနေတာလား ..။

ဘယ်သူ မှားမှန်း မသိသော်လည်း ဒီလူကြီးကို မြင်လိုက်ရ
'အလကား လူရှုပ်ကြီး' ဆိုတဲ့ အသိတွေနဲ့ပဲ ခံစားမိနေတာတော့ ထူး
တာ အမှန်ပဲ ဖြစ်သည်။

ခုလည်း အသက် ဆယ့်ခုနစ်နှစ်လောက်ဆိုတဲ့ မိန်းကလေး
ယောက်ကို ဘာတွေ ကြံရွယ်နေပြန်ပြီလဲ ..။

"ဟေး .. စနေမီး .."

သူ့ခြေလှမ်းတွေ တုံ့သွားသည်။

"လာဦး .."

သူ့ကိုဆို ဒီထဲမှာ ရှိသမျှလူတွေက ဦးရာလူ ခေါ်နိုင်းနေက
ကာ ...

"မင်း ကျောင်းက ပြန်လာတာလား .."

"ဟုတ်တယ် .."

"အေး .. ကောင်းတယ် .. ငါ့မိန်းမကို ခဏ ဝိုင်းကူလိုက်
ကွာ .. ဒီနေ့ည သူဌေးရဲ့ ဘချလာနိုက် .."

"ဘ ချ လာ နိုက် .."

"အေးလေ .."

ကိုသစ်လွင် ဆိုသော မာလီက မာလီ ငါးယောက်ထဲမှာ
ဆုံးဖြစ်ကာ သူက ပန်းအလှပင်တွေကို တာဝန်ယူရသလို သူ့
အိမ်ကြီးပေါ်မှာ အချက်အပြုတ်နဲ့ ဗာဟီရ ..။





ဒီအိမ်မှာ ယောကျ်ားတွေက ခြံထဲမှာ ဒရိုင်ဘာတွေ .. မာလီတွေ..၊
စောင့်ကအစ သုံးယောက် ထားရသည်။

အိမ်ကြီးပေါ်မှာဆို ဒီအလုပ်သမားတွေရဲ့ ဇနီးမယားတွေနှင့်
ခြား တောက်တိုမယ်ရ အမျိုးသမီးတွေ ခြေချင်းလိမ်နေတော့သည်။

ကိုယ့်အခန်းနဲ့ကိုယ် အခြေအရံတွေနဲ့ တခမ်းတနား နေရသည့်
မျိုးသမီးတွေနဲ့ဆိုရင်တော့ ...

"ဘာလဲကွ .. ဘာပြောမလို့လဲ .. ဘချလာနိုက်က လူပျိုတွေမှ
ပြောလို့ရတာ မဟုတ်ပါဘူး .. မင်္ဂလာဦးညဆို ဒီလိုပဲ ပြောနေကြ
တာ .. မင်းက အကောင်လေးသေးသေးနဲ့ ဒါတွေလည်း သိနေတာပဲ
သား .."

စနေ က မဖြေပါ ..။

အလိုလိုနေရင်း တည်နေသည် .. တင်းနေသည် ထင်ရသည့် သူ့
ကာ်မှာ အကျိုးပေးကြောင့် လူချစ်လူခင် ဘယ်လိုပေါသလဲဆိုတာလည်း
ကိုယ့်ကိုယ်ကိုယ် သိပြီးသား ..။

"ကဲပါ .. လာပါကွာ .. မင်းက ကျောင်းစာလုပ်ရင်လည်း ခဏနဲ့
ပြီးတဲ့ကောင်ပါ .. အကြောင်းပြဖို့ မစဉ်းစားဘဲ ငါ့မိန်းမကို သွားဝိုင်းကူ
ပေးစမ်းပါ .. ချက်ပြုတ်လုပ်ကိုင်ရတာ လူတွေ အများကြီးစာအတွက်
ဆိုတော့ မနည်းဘူး .."

"ချက်တဲ့လူတွေလည်း အများကြီးပဲဗျာ .. ကျွန်တော်က ဘာလုပ်
ပေးရမှာမို့လဲ .."

စနေ က ကျောခိုင်းလိုက်တာနှင့် ကိုသစ်လွင် က ပခုံးကို ဖမ်းဆွဲ
သွား၏။

စနေ က အဆွဲခံလိုက်ရသည့်ပခုံးကို နှိမ့်ချပစ်လိုက်ပြီး အသာ



www.burmeseclassic.com

www.burmeseclassic.com



လေး လျှောထွက်လိုက်သဖြင့် ကိုသစ်လွင် အသေအချာ ကိုင်မိပြီး
လွတ်ထွက်သွားခြင်းကို အံ့သြသွား၏။

ဒီကောင်လေး အမှတ်တမဲ့ ရှောင်လိုက်တာလား ..၊ ဒီလို ချုပ်ကို
လို့ မရအောင် ရှောင်လိုက်တဲ့နည်းလား ..၊

ဖျတ်ခနဲ တွေးမိပေမယ့် ချက်ချင်း ပျောက်မသွားဘဲ စနေ့
စိုက်ကြည့်မိ၏။

ဒီခြံဝင်းထဲမှာ ရှိနေသမျှ လူတွေအားလုံးက လက်တိုလက်တော
ခိုင်းကြသည်။

ဘယ်ဖြစ်ဖြစ် ဘာလုပ်လုပ် ဒီကောင်လေးရဲ့ ဂျစ်တိဂျစ်က
ပုံမလာတဲ့ မျက်နှာထားကြောင့်ပဲ ရယ်ကြ .. နောက်ကြရင်း စနေ ဆိုတ
မပါမပြီး ..။

ဒါကြောင့် စနေ က အရွယ်လေးနဲ့ မလိုက်အောင် အသိကြွ
သည်။

ဒီကလူတွေ ဘယ်လိုလူက ဘယ်လိုစိတ်ရှိတာကအစ .. ဘယ်
နဲ့ ဘယ်သူ့အကြောင်းဖြစ်ဖြစ် .. စနေ တော်တော်များများ သိ
တတ်၏။

သူ့ကို ဒီမှာပဲ ငယ်စဉ် ကလေးဘဝတည်းက တွေ့မြင် ရင်းနှီး
တဲ့လူတွေမို့ ကလေးဆိုတဲ့အသိပဲ ရှိကြသည်။

သူ့ရှေ့မှာဆိုပြီး လျှို့ဝှက်ထားလိုက်ကြတဲ့စကား ဆိုတာ မရှိ
ဒါကြောင့် သူကြားတာတွေ .. သူ မြင်တာတွေက လူကြီးချင်း မသိ
ကြတာတွေပါ အစုံအလင် ပါလေသည်။

ဒါပေမယ့် ဘယ်သူ့ကိုဖြစ်ဖြစ် သူ့ဘက်က မရင်းနှီးတတ်သေ
စနေ ရဲ့ မူပိုင် ကာရိုက်တာကတော့ ပြောချင်မှ ပြော .. ခေါ်ချင်





ခေါ် ..။

"ဟာ .. ဟော့ .. စနေမီး .."

"ဘာလဲ .."

ဤကဲ့သို့ ခပ်ရိုင်းရိုင်း ပြောတတ်တာတွေကိုလည်း သူတို့ ဂရု
စိုက်မိကြတော့ပါ ..။

"ဘယ်တုန်းကွ .. မင်းကလည်း အိမ်ကြီးပေါ် သွားပါဆိုမှ .."

"မသွားချင်ပါဘူးဗျာ .. မိန်းမကြီးတွေချည်းပဲ .."

"အံမာ .. မင်းက .."

"ကျွန်တော်က ဘာဖြစ်လဲ .. တစ်အိမ်လုံး မိန်းမတွေချည်းပဲ ..
မသွားချင်ဘူး .."

သစ်လွင် က ရယ်ချင်သွားသည့်မျက်နှာနှင့် ခါးနှစ်ဖက်ထောက်
လိုက်ကာ ...

"မင်းကိုလည်း ဘယ်မိန်းမ အခန်းထဲမှ မဝင်ခိုင်းဘူး .. လုပ်ပါ..
ဒီည ငါတို့သူဌေးက အပီအပြင် အူမြူးနေတာကွ .. ကောင်မလေးက
လှလိုက်တာ ဥမ္မာဒန္တီကျနေတာပဲ .. အဘိုးကြီးကလည်း သူ့သမီးလေး
ကို ပေးထည့်လိုက်တာ ရက်ရက်ရောရော ကွာ .."

"ဘာဖြစ်လို့လဲ .. ကြွေးနဲ့ သိမ်းတာလား .."

"အစစ်ပေါ့ .. ဒါက အလွယ်ကူဆုံး သိမ်းပိုက်နည်းပဲ .."

သစ်လွင် က ခြံကျယ်ကြီးထဲမှာမို့ အားပါးတရ ပြောနေကာ ပြီးမှ
ပတ်ဝန်းကျင်ကို မျက်လုံးကစားရင်း နှုတ်ခမ်းဘေးမှာ လက်ဝါးတစ်
ဖက် ထောင်၍ ကာလိုက်ရင်း ...

"ဟိုတုန်းက ချစ်တီးတွေရဲ့နည်းပေမယ့် ခုချိန်ထိ အဆင်ပြေနေ
သေးတယ် မင်း သိလား .."



www.burmeseclassic.com

www.burmeseclassic.com



"သိတယ် .. ရှက်ကြောပြတ်နေတဲ့လူတွေ လက်ဆင့်ကမ်းလာကြတာ .."

"ဟမ် .."

ကိုယ်က ခေါင်းစဉ်မဲ့ ဟာသတစ်ခုလို ပြောနေတုန်း ဆယ်နှစ်ကျော်ကျော်နဲ့ ချာတိတ်လေးက ခေါင်းစဉ်တပ်ပြီး ကဲ့ရဲ့ပစ်လိုက်တာ ရှုံ့မဲ့ ပခုံးတွန့်လို့ ..၊

"စနေမီး .. အဲဒီစကားတွေ သူဌေးရှေ့မှာမများ ပြောမိရင် မင်းသေပြီနော် .."

အိမ်ကြီးပေါ် ဦးတည်လိုက်သည့် ခြေလှမ်းတွေကြောင့် စိုးရိမ်စိတ်နှင့် လှမ်းမှာမိသေးသည်။

စနေမီး ဆိုတဲ့ ကောင်လေးကတော့ မလွယ် ..၊





## အခန်း (၃)

"သူဌေး .. သူဌေး .."

"ဘာလဲ ဟေ့ .."

"ဦးကြာညွန့်ကြီး ရောက်နေတယ် .."

"ဘာလဲကွ .. ဘာကိစ္စလဲ .. ဒီအချိန်ကျမှ .."

အားပါးတရ သောက်စားပျော်မြူးနေတဲ့အချိန်ကို ရုတ်သိမ်းပြီး ခြေလှမ်းက ဆောင်တော်ကူးဖို့ တက်ကြွစွာ ပြင်ဆင်နေကာမှ ...

"တောက်!... လွှတ်လိုက်စမ်း ဒီကို .."

ဦးဉာဏ်ကျယ် လောင်းကုတ်ဖားဖားကြီးကို နှစ်ဖက်စ ဆွဲပင့်ရင်း ခါးနှစ်ဖက် ထောက်လိုက်သည်။

ဦးကြာညွန့် ဝင်လာမည့် အခန်းတံခါးကို အံကြိတ်ထားသည့် မျက်နှာကြီးနှင့် စောင့်ကြို၍ ...

"ဆို .. ဘာကိစ္စ .."



www.burmeseclassic.com

www.burmeseclassic.com



"သူဌေး .."

"အပိုတွေ မပြောနဲ့ ..၊ လိုရင်းပဲ ပြော .."

ဦးကြာညွန့် က ဝင်လာပြီးမှ သမီးဖြစ်သူကို တစ်ချက်စေ့ရှာရင်း ပြောင်နေသည့် ကိုယ့်နဖူးကို ပွတ်သည်။

ပြီးတော့ ကိုယ့်အသက်လောက်ရှိသည့် ဦးဉာဏ်ကျယ် ၏ နောက်စိရောက်လုအောင် ကျယ်ပြောသော နဖူးပြောင်ပြောင်ကိုပါ ကြည့်မိ၏။

ကိုယ့်ရဲ့သမီး အချောအလှလေး ..၊

ရွှေဆိုင်မှာ ထိုင်ခိုင်းရင်တောင် လူတွေကြည့်လွန်းလို့ အထဲဝင်ပါတော့လို့ ထည့်ဝှက်ထားရတဲ့အထိ ဖူးဖူးစင်အောင် လှသည်။

သူ့အမေရှိတုန်းကဆို သူ့သမီးလေး ဆယ်တန်းအောင်ရင်တောင် မတော်တရော်တွေနဲ့ တွေ့မှာစိုးလို့ တက္ကသိုလ် မတက်ခိုင်းတော့ဘူး ဆိုတဲ့စကား ပြောနေခဲ့တာ ခဏ ခဏ ..၊

ခုတော့ ဆယ်တန်းဖြေပြီးတာနှင့် အိမ်ထောင်ကျရရှာပြီ..၊ ယူရတဲ့လူက ကိုယ့်ဖအေလောက် လူရုပ်လူမွေ ..၊

သမီးလေးခမျာ ဒီဖအေစကား တစ်ခွန်းနဲ့ပဲ အားကိုးရာမဲ့စွာ ပါသွားခဲ့ရရှာ၏။

အစ်ကိုဖြစ်သူက မကောင်းသည့်ရောင်းဝယ်မှုတွေနှင့် ထောင်ထဲ ရောက်တော့မည်။

သူ့မှာလည်း ကြွေးတွေ လည်ပင်းခိုက်နေခဲ့၏။ ကျောင်းဆရာ ဟောင်းဆိုသည့် ကိုယ့်ရဲ့ဂုဏ်သိက္ခာကြောင့် ဒီအိမ်ခြံမြေ .. ဒီစီးပွားတွေကို သူ ဆုံးရှုံးမခံနိုင် ..၊

ထို့ပြင် ကိုယ့်သားက မကောင်းမှုနှင့် ထောင်ကျသွားခဲ့ပြီဆိုလျှင်





အာစရိယပူဇော်ပွဲတက်ဖို့တောင် မျက်နှာမရှိတော့တဲ့ အဖြစ်မျိုး သူ ရောက်ခံရမလား ..၊

ဒါတွေကြောင့် သမီးကို မျက်လုံးစုံမှိတ်ပြီး ထိုးပေးခဲ့ရသည်။

အားလုံးကို အကောင်းတိုင်း ကျန်ခဲ့ဖို့အတွက် သမီးကို သူ စွန့်လွှတ်ခဲ့တာပါ ..။

သို့သော် ကတိတွေ ပေးခဲ့တုန်းက တစ်မျိုး ..၊ တကယ် လုပ်ပြတော့ တခြားမို့ ...

"သူဌေးကို မေးချင်လို့ လာခဲ့တာပါ .."

"မင်းရဲ့မေးခွန်းကို မနက်မိုးလင်းမှ မေးခဲ့ရင် မင်း စိတ်ချမ်းသာစရာ ကြားရဖို့ ရှိသေးတယ် .. ဘာဖြစ်လို့ ဒီလောက်တောင် အလိုက်ကမ်းဆိုး မသိရတာလဲ .."

ဖအေတစ်ယောက်လုံးကို ခပ်ရိုင်းရိုင်းပြောပြီး ခါးထောက်လျက် ရှေ့တိုးလာသည်။

"ရပြီလေ .. မေး .. ဘာလဲ .."

"ရွှေဆိုင်ကို သူဌေးက သိမ်းမယ်ဆိုတာ .."

"အဲ့ဒါ ဘာဖြစ်လို့လဲ .."

"ပြောသွားတုန်းကတော့ ဆိုင်မှာ ပစ္စည်းတွေတောင် ထပ်ဖြည့်ပေးဦးမယ် တဲ့ .."

"အဲဒီတော့ ငါက ပြောတဲ့အတိုင်း မလုပ်ရကောင်းလားဆိုပြီး ခု မင်း ရောက်လာတယ်ပေါ့ .."

"မဟုတ်ပါဘူး .. ဘယ်လိုဖြစ်တာလဲဆိုတာ သိချင်လို့ပါ .."

"ဟုတ်ပြီ .. သိချင်ရင် ပြောပြမယ် ..၊ မင်းရဲ့ တခြားကြွေးမြီတွေ ငါ ဆပ်ပေးတယ် .. ငါ့ရဲ့ကြွေးအားလုံးကို လျှော်ပေးလိုက်တယ် .. ခု



www.burmeseclassic.com

www.burmeseclassic.com



မင့်သားရဲ့အမှုကို ကွင်းလုံးကျွတ် လွတ်ဖို့လည်း ..”

“အဲ့ဒါတွေ အားလုံးကို ဒီရွှေဆိုင် အပြုတ်ခံပြီး ရှင်းပစ်လိုက်လို့ ရပါတယ် .. ကျွန်တော်က ဒါတွေအတွက် ရင်နင့်ခံပြီး သမီး ပေးခဲ့ရတာ ..”

“ရင်နင့်ခံပြီးတော့ဖြစ်ဖြစ် .. ဟက်တက်ကွဲပြီးတော့ဖြစ်ဖြစ် .. အခု မင့်သမီးက ငါ့မိန်းမ ဖြစ်နေပြီ ..”

“သူဌေး အဲ့ဒီလိုတော့ လွယ်လွယ်နဲ့ ကတိမဖျက်ပါနဲ့ ..”

“ဟေ့ .. ဒီမှာ စာတစ်လုံး နှုတ်တစ်ရာ .. ငါ ကတိနဲ့ အလုပ်လုပ်နေတာ မဟုတ်ဘူး .. ဥပဒေဆောင်ထဲက ရှင်းလို့ရတဲ့ စာချုပ်စာတမ်းတွေပဲ ငါ ကိုင်တယ် ..၊ ရှင်းတယ် နော် ..”

ဦးကြာညွှန့် မျက်နှာကြီးက မီးရောင်အောက်မှာ ရဲသထက် ရဲလာကြကာ နှုတ်ခမ်းတို့ကို ဖိပိတ်ကြိတ်ရင်း ...

“သူဌေး .. ခင်ဗျား ..”

“မင်း တိတ်လိုက်တော့ ကြာညွှန့် .. မင်းက သမီး ပေးလိုက်တော့ လူ မြင်တယ်.. ငါက ရှင်းပေးလိုက်ရတာတွေကို လူ မမြင်ဘူး.. တကယ် အတိအကျတွက်ရင် မင်းရဲ့ရွှေဆိုင်တင်မကဘူး အိမ်ခြံမြေပါ သိမ်းလိုက်လို့ ရတယ် .. မင်း နားလည်တတ်ရင် ငါ့ကို ကျေးဇူးတင်သင့်သေးတယ် ..”

နားနှစ်ဖက်ပေါ်မှာတင် ဆံပင်စုစု ရှိနေသော ခပ်ပြားပြား ထိပ်ပြောင်နေသော မျက်နှာကြီးကို ဦးကြာညွှန့် ရွံရှာစွာ ကြည့်မိ၏။

ဦးဉာဏ်ကျယ် ကလည်း ထိုအကြည့်တွေကို သဘောပေါက်နေကာ ...

“ငါက မင့်သမီးနဲ့ လဲရအောင်လို့ ကြိုးတုပ်ခိုင်းတာ မဟုတ်ပါဘူး





ကြာညွှန့် ရာ .. မင်းပဲ ရာဇဝင်ဟောင်းတွေကို အသက်သွင်းချင်လို့ သမီးကို ထိုးရောင်းခဲ့တာပါ ..၊ ကြားဖူးတယ်မို့လား .. သမီးကို သူဌေးအိမ်မှာ အသပြာ ဆယ့်တစ်ကျပ်နဲ့ ပေါင်တဲ့ သူဆင်းရဲ ဖအေ ..”

ဦးကြာညွှန့် မျက်နှာ မည်းခနဲ ဖြစ်သွားတော့ ခါးထောက်ရင်း ခုံးတွေလှုပ်အောင် ရယ်သည်။

“ငါက ချစ်တီးသိမ်း သိမ်းတယ် ဆိုရင်လည်း ငါ့သမိုင်းနဲ့ ငါ အောင်မြင်ကျော်ကြားနေတဲ့သူပါ ..၊ မင်းသာ ကိုယ့်ကိုယ်ကိုယ် ..”

“သူဌေး .. ခင်ဗျား!... ခင်ဗျား .. ပြောရဲလှချေလား ..”

“ဘာလို့ မပြောရဲရမှာလဲ .. မိန်းမတစ်ယောက်ကို ကြွေးနဲ့ သိမ်းတယ်ဆိုတာ အဆင်ဆိုးချင် ဆိုးမယ် .. ပေးတဲ့လူက ပေးလို့ သိမ်းလို့ရတာ ..၊ မင်း ငါ့ကို ရွံရှာသလို ကြည့်မနေနဲ့ .. ငါ ဘယ်လိုဖအေမျိုးလဲပဲ မင်း ပြန်တွေး ..”

ဦးဉာဏ်ကျယ် က ပြောပြီးတာနှင့် တဟားဟား ရယ်ကာ ကျောခိုင်းထွက်သွား၏။ ပြီးတော့ လှည့်မကြည့်ဘဲ လက်နောက်ပြန် ခါပြတာ ...

“မင်း ငါ့ရဲ့ မင်္ဂလာအချိန်ကို လာနှောင့်ယှက်တဲ့အတွက် .. မနက်ဖြန် မင့်သားကို အာမခံလုပ်ပေးဖို့ ပြင်ဆင်ထားတာတွေကို ငါ ပြန်ရုတ်သိမ်းတယ် ..”

“ဘာ!... ပြောတယ် ..”

အသက်တွေသာ ကြီးလာပေမယ့် ဒေါသက နုပျိုစဉ်ကအတိုင်း တစ်ဆစ်လေးမှ မလျော့ဘဲ အားကောင်းမောင်းသန် ခုန်ထလာ၏။

ဦးဉာဏ်ကျယ် ရဲ့ စိန်ခေါ်စကားတို့ကြောင့် လက်က မိရာ ဆွဲကိုင်လျှင် နံရံမှာ ကပ်ချိတ်ထားသည့် သမင်ချိုကြီး ပြုတ်ပါလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုညာဏ်ကျယ် .. ခင်ဗျား ခု ရပ် .."

ဦးညာဏ်ကျယ် က လှည့်မကြည့်ပေ ..၊

"ကျုပ်သမီးကို ခုချက်ချင်း ပြန်ခေါ်သွားမယ် .. ခင်ဗျား ဆပ်ပေးလားတဲ့ ငွေကြေးတွေ ကျုပ်အိမ်ပါ ရောင်းပစ်ရပါစေ အကုန်လုံး ပြန်ဆပ်မယ် .. ဘယ်မှာလဲ ကျုပ်သမီး ..၊ ခု ပေး .. ခု ပြန်လွှတ်ပေး .."

ဦးကြာညွှန့် ၏ အော်သံကြီးအဆုံးမှာ ဦးညာဏ်ကျယ် ခြေလှမ်းရပ်သွား၏။

ဦးကြာညွှန့် ကလည်း စုံကိုင်ထားသော သမင်ချိုကြီးကို တအားလွှဲရိုက်ချလိုက်လျှင် ...

"ခွပ် .."

"အား!..."

"ဟား .. ဟား .. ဟား .. ဟား ..."

ရိုက်လိုက်သည့်သူသာ 'အား ..'ခနဲ အော်ပြီး လဲကျသွားသည်။ ဦးညာဏ်ကျယ် ၏ အားပါးတရ ရယ်သံကြီး ဟိန်းထွက်လာ၏။

"ကြာညွှန့် .. ကြာညွှန့် .. ဟား .. ဟား .. ဟား ... မင်းက ရတာလေးယူပြီး အေးဆေး မနေချင်ဘဲကိုး ကွ .."

"မင်း .."

ဦးကြာညွှန့် ကိုယ့်ကိုယ်ကိုယ်တောင် ဘာဖြစ်သွားမှန်း မသိလိုက်ဘဲ ကြမ်းပြင်ပေါ် လဲကျရသည့်အဖြစ်ရောက်မှ နာကျင်နေသည့် ခေါင်းကို လက်နှစ်ဖက်နဲ့ အုပ်ထားရင်း လူရိပ်တွေကို မြင်လိုက်ရ၏။

လက်ထဲမှာ တုတ်တိုကိုင်ထားသည့် လူနှစ်ယောက်က သူ့မျက်နှာရှေ့မှာ မားမားကြီး ရပ်နေကြကာ ဦးညာဏ်ကျယ် က အားပါးတရ ရယ်နေဆဲ ..၊





ပြီးတော့ ဦးကြာညွှန့် ရှေ့ကို တိုးကပ်လာသည်။ လူနှစ်ယောက်၏ ခြေထောက်တွေလည်း သူ့မျက်နှာနှင့် ပို၍ နီးကပ်လာသလိုရှိကာ ...

"ဘယ်လိုလဲ ..၊ အရှုံးသာ ရှိသွားလား .."

ဦးညာဏ်ကျယ် ရဲ့အသံမှန်း သိသည်။ ဒါပေမယ့် နာကျင်မှုတို့ တရစပ် တိုးတက်လာကာ ဝေဝါးလာသည့် အမြင်အာရုံတို့က ပုံရိပ်တို့ ကိုပါ ဖျောက်ဖျက်ပစ်လိုက်ပြီ ဖြစ်၏။

မီးရောင်ရယ် .. အရိပ်တွေရယ် .. ပြီးတော့ စကားသံတွေ ..၊

"ဒီဒဏ်ရာနဲ့ ကိစ္စပြတ်ပါ့မလား .."

"လုံးဝ ပြတ်တယ် သူဌေး .. အလွန်ဆုံး နောက်ထပ် ဆယ်မိနစ် ပဲ .."

"ကောင်းပြီ .. ခေါ်သွား ..၊ ဘာလုပ်ရမလဲ သိတယ် နော် .."

သူ့ကိုယ်ကြီးကို တရွတ်တိုက် ဆွဲသွားခြင်းကို သိလိုက်၏။ မျက်လုံးထဲမှာ အလင်းအမှောင်တွေလည်း ဘာမှ မရှိတော့ဘဲ မျက်လုံးတွေကို ဖွင့်ထားတာလား .. မှိတ်သွားပြီလား ..။

ကိုယ့်ကိုယ်ကိုယ် ဘာမှ မသိတော့ဘဲ နောက်ထပ် အကြားအာရုံတွေပါ ဆုံးရှုံးသွားခဲ့ပြီကို သိလိုက်သည်။ နားထဲမှာ တရှီရှီ လေတိုးသံတွေ .. ဒါမှမဟုတ် တဒုတ်ဒုတ် အသံမျိုးလား ..၊

ဒီအသံဟာ တစ်ယောက်ယောက်ဆီကလား ..၊ ကိုယ့်ရင်ခုန်သံလား ..။

ရင်ခုန်သံ မှန်လျှင်တော့ ရင်ခုန်သံက ရင်ထဲထဲက မဟုတ်ဘဲ နားစပ်ထဲက ဖြစ်နေတာ သေချာ၏။

သူ ခန္ဓာစဲ၍ သေပွဲဝင်ရတော့မည် ..၊ စက္ကန့်ပိုင်း အချိန်တွင်းမှာပဲ သူ့အသက်နဲ့ ခန္ဓာ အိုးစားကွဲတော့မည့်အဖြစ်ကို သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငါ့သမီးလေး ကြွေ ..၊

ငါ့သမီးလေး ငါ့ကြောင့် ဘဝဆုံးခဲ့ရပြီ ..၊ အဖေ တစ်ကိုယ် ကောင်းဆန်ခဲ့မိလို့ ငါ့သမီးလေး လူယုတ်မာရဲ့ လက်ထဲမှာ ပန်းတစ်ပွ လို ကြွေရတော့မယ် ..၊

မဟုတ်ဘူး ..၊ ဒီလို မဖြစ်ရဘူး .. ငါ့သမီးကို 'ကြွေ'လို့ နာမည်ပေး ထားတာ ကြွေကျ မြေခဖို့ မဟုတ်ဘူး ..၊ ကြွေသားလို ဖြူစင်နူးမွတ်ပြီ ကြွေရုပ်လေးလို လှလို့ ဒီနာမည် ပေးတာ ...။

'ဘုရား တပည့်တော် မသေဆုံးမီမှာ မပြုသင့်သော အပြစ်အတွေ နောင်တကြီးစွာ ရခဲ့ပါသည်ဘုရား .. ဤနောင်တဖြင့် ဆင်ခြင်မိသော သစ္စာတရားကြောင့် တပည့်တော်၏ သမီးလေး လူယုတ်မာလက်တွင်း လွတ်မြောက်ပါစေ ..' ..။





## အခန်း (၄)

ဆူညံသံတွေ ကြားတည်းက အနီရောင် ကန့်လန့်ကာကြီးတွေရဲ့ နောက်မှာ စနေ ရှိနေခဲ့၏။

လက်ထဲမှာ သံပရာသီး နှစ်လုံးကို ဆုပ်ကိုင်ထားတာက တစ် ဖက် .. ကြက်သွန်လှီးဓားက တစ်ဖက် ..၊

"မတရား လုပ်နေတာ .."

တစ်ခေါင်းလုံး သွေးချင်းချင်းနီနေသည့် လူကြီးကို ခွေးသေ ဝက် သေ ဆွဲသလို ဆွဲချ ခေါ်ထုတ်သွားသည်။

ဦးညာဏ်ကျယ် က ခေါင်းတညိတ်ညိတ်နှင့် ပြုံးပျော် ကျန်ရစ် ၏။

ဖြစ်ပျက်ပုံ အစအဆုံးကိုတော့ မမြင်လိုက်ပေမယ့် ဒီည သတို့သမီး အဖေကို သူဌေးက သတ်ပစ်လိုက်ပြီဆိုသည့်အသိနှင့် စနေ အံတင်း တင်းကြိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သံပရာသီးကို လက်တုန်လာတဲ့အထိ ဖိဆုပ်ထားရင်း မားကို
ထောင်ပြီး ကျုံကျုံနန ဆုပ်ကိုင်၏။

ဒီလူကြီး လွန်လွန်းသည် ...၊

ဒီလူကြီးက လူကောင်း မဟုတ် ...၊

ဒီလိုလူကြီးကို ကျေးဇူးရှင်လို့ သတ်မှတ်ထားခဲ့ရတာ ဘာကြေ...
လဲ ...၊

ခါချဉ်ကောင်လို အဖြစ်ဆိုးသွားနိုင်ပေမယ့် ကိုယ့်အသက်...
ကလည်း မလောက်လေး မလောက်စား ဖြစ်သည့်တိုင် ...၊

ဒီလူကြီးကို မုန်းတီးလာခဲ့သည့်စိတ်တို့သာ တဖွားဖွား ဖြစ်...
လျက် ...

"လာခဲ့စမ်း .."

ကိုယ့်ကို လာဆွဲခေါ်တတ်သော လက်အစုံဟာ အဖေပဲ ဆို...
လည်း အမြဲတမ်း သေချာနေခဲ့ပေမယ့် ...

"အဖေ့ကိုလည်း မုန်းတယ် .."

"ဘာကွ!..."

ဦးကောင်းမြတ် စိတ်တိုရတာတောင် ကွယ်ရပ်ကို ရောက်မှ ...
တိုးတိတ်တိတ် ...၊

"မင်းက ဖအေကို မုန်းတယ် ဟုတ်လား .. အဲ့ဒါကြောင့် ယ...
ရွယ်ရွယ်နဲ့ အသေစောအောင် ဒီနေရာကိုပဲ သွားပြီး သေမင်းကို ...
ခေါ်နေတာလား .."

"သူ့ကိုပဲ သေမင်းက ခေါ်မှာ .. သူက သေခါနီးအရွယ်ကြီး...
ကျွန်တော်က ကလေး .."

"အေး .. မင်းကိုယ်မင်း ကလေးဆိုတာကို မေ့နေရင်လည်း ...





...ရတဲ့အခါ စာရေးပြီး ကိုယ့်လက်မှာ ပြန်ကပ်ထား .. မေ့သွားတတ်
...ကြည့်ဖို့ .."

မှောင်ရိပ်ထဲရောက်မှ တိုးတိုးတိတ်တိတ် ရန်ဖြစ်နေရကာ
...ကောင်းမြတ် ကိုယ့်ဒေါသနဲ့ကိုယ် ပုဆိုး'မ'လိုက် .. တက်ခေါက်မိ
... ...၊

ကိုယ့်သားကို ရိုက်လည်း မရိုက်ရက် .. မကြောက်လို့ မမှတ်တာ
...လို့ တွေးမိတော့လည်း တစ်ချက်လောက်တော့ မှတ်သွားလောက်
...င် ရိုက်ထားရရင် ကောင်းမလား တွေးမိပြန်သည်။

"အဖေ ကျွန်တော့်ကို ဆူမယ် ရိုက်မယ်ချည်းပဲ တွေးနေတယ်..
...ကြီးပေါ်မှာ ဘာဖြစ်နေသလဲ အဖေ သိလို့လား .."

"မသိလေ အန္တရာယ်ကင်းလေပဲကွ .. လူဆိုတာ နေတတ် စား
...ရတယ် .."

"ဒါနဲ့ အဖေပဲ သေရကျိုး နပ်ချင်ရင် နေရကျိုးနပ်ဖို့ အရင်လုပ်
... .."

"ဟင်!..."

"နေရကျိုးနပ်ဖို့ဆိုတာ ဘယ်သူတွေ ဘာဖြစ်နေနေ .. တစ်ကိုယ်
...ချောင်ချောင်ချိုချို နေရရင် ပြီးရော ဆိုတာမျိုးလား .."

"ဟာ!... ဒီကောင်တော့ .."

"အဖေပဲ ပြောတာ .."

"စနေ .."

"စနေမီး လို့ပါ ခေါ်ပါ အဖေရာ .. ကျွန်တော်က အဖေ့အတွက်
...း မီးစ ပါပဲ .."

"ကျွတ်!..."



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ဒီလူကြီးကို ကျေးဇူးရှင်လို့ သတ်မှတ်နေတာ ကျွန်တေ
နားမလည်ဘူး .."

"မင်း ခုမှ ကလေးပဲ ရှိသေးတယ် စနေ .."

"ကျွန်တော် ဆယ့်သုံးနှစ် ကျော်နေပြီ .."

"မင်း ငါ့အသက်ကို မီဖို့ အဝေးကြီး လိုသေးတယ် .."

"ကျွန်တော်က အဖေနဲ့ အသက်မီအောင် လိုက်တိုင်းနေတ
မဟုတ်တာ .."

"ငါကလည်း အသက်ကို ပြောချင်တာ မဟုတ်ဘူး .. မင်း
သေးတာတွေ အများကြီး ရှိသေးတယ်လို့ ပြောနေတာ .."

"အဖေကလည်း အဖေရာ .."

"ဘာလဲ .. အဖေကလည်း ဆိုတာက .."

"အဖေကလည်း မြင်တာ ကြားတာတွေကိုပဲ သိတာ .. ကျွန်တေ
လည်း မြင်သလောက် ကြားသလောက်တော့ သိတာပဲ .."

"မင်းက သူဌေးကိုပဲ လူဆိုးလို့ ခေါင်းစဉ်တပ်ပြီး ကြည့်နေ
ကိုး .."

ပြောနေရင်း ဦးကောင်းမြတ် နားမလည်နိုင် ဖြစ်လာကာ အိမ်
ဘက်ကို ကြည့်ပြီးမှ စနေ့ ဘက်ကို ပြန်လှည့်၍ ...

"မင်းကို ငါ အဲ့ဒါ တစ်ခုပဲ တားနေတာ စနေ .. ဘာဖြစ်
ကိုယ့်ကို ကြည့်ရှုထောက်ပံ့ထားတဲ့လူကိုမှ မင်း မကောင်းမြင်နေရ
လဲ .."

"ကောင်းတာ တစ်ခုမှ လုပ်တာ မမြင်လို့ပေါ့ .. အဖေလ
သိပါတယ် အဖေရာ .. အဖေ သက်သက်သာသာ နေရလို့ မှိန်းတ
နေတာပါ .."





"ဟော့ကောင် .."

ငယ်သူပီပီ မဆင်မခြင် ပြောမှန်း သိပေမယ့် ဦးကောင်းမြတ် ခံ
ရတာ အောင့်သက်သက်ရယ် ..၊

"မင်း ပြောလေ ကဲလေပါလား စနေ .. သူ့ဟာသူ လူကောင်းဖြစ်
.. လူဆိုးဖြစ်ဖြစ် .."

"ယုတ်မာနေတာပါ ထည့်ပြောလို့ ရတယ် .."

"ဟေ့ .. ဘယ်လဲ .."

အဆူခံနေရတာကို မထိတထိ ပြန်ပြောပြီး လစ်ထွက်ဖို့ပေမယ့်
ကောင်းမြတ် က ပြန်ဆွဲထားကာ ...

"ခဏ နေဦး .. သူဌေးနဲ့ လူယုံတော်တွေ ပြဿနာတက်နေ
ယ် .."

"ခုလေးတင် လူသတ်လိုက်တာ .."

"စနေ .."

"ကျွန်တော် သေချာမြင်လိုက်တာပဲဥစ္စာ .. သူတို့ကပဲ သတ်ပြီး
တွေ ပြဿနာတက်နေသေးတာလဲ .."

"အဲ့ဒါ ငါတို့ကိစ္စ မဟုတ်ဘူး .."

"ဟာ!... အဖေ အဲဒါတော့ လွန်ပြီ .."

"ဘာကွ!..."

"နေရာတကာ ငါတို့ကိစ္စ မဟုတ်ဘူးချည်းပဲ .. တော်ကြာ .. ဖုံး
ပါ .. ဖိပေးပါ ပြောလာရင် အဖေ ကြံ့ရာပါ ဖြစ်ပြီ .."

ဦးကောင်းမြတ် ပါးစပ်ပိတ်ထားလိုက်ရသည်။

"သူ ကျွေးတာ စားနေတော့ သူ့အကုသိုလ်တွေ ကိုယ် ယူနေသလို
မဖြစ်လို့လား .. ငရဲတစ်ဝက်စီ ခံဖို့ မျှယူနေသလိုပဲ .. ပစ္စုပ္ပန်လည်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်း .. သံသရာလည်း မကောင်း ..”

“အေး .. မင်းက ဆုံးမပါ .. သက်ငယ်စကား သက်ကြီးကြ
လေ ..”

မှုန်ကုပ်ကုပ် မျက်နှာလေးက နဂိုတည်းက မျက်နှာပုံ ဆိုးရ
အထဲ ရှုံ့မဲ့ ကဲ့ရဲ့နေတော့ ပိုဆိုးနေ၏။

ဦးကောင်းမြတ် ကတော့ သားမျက်နှာကို အလင်းရောင် ကွ
ကျားမှာ မြင်နေရတဲ့အတိုင်း ခေါင်းတခါခါနဲ့ ကြည့်နေမိရင်း ...

“မင်းနဲ့ ငါ သားအဖ လာတော်နေတာ အံ့သြစရာပဲ ..”

“မအံ့သြပါနဲ့ အဖေရာ .. ဖြစ်တိုက်လို့ ဖြစ်တာပါ ..”

“ဩော် ..”

“အဖေ နည်းနည်းလေးပဲ အယူလွဲနေတာ ..”

“မင်းကို ငါ ဆုံးမ မလို့ မှောင်ရိပ်ခိုနေတာ ..”

“ကောင်းသောစကားကို ပြောတာ မှောင်ရိပ်ခိုဖို့ မလိုပါဘူး
ကိုယ့်အခန်း ကိုယ်ပြန်ပြောလည်း ရတယ် ..”

“မင်း ပြောတဲ့စကားတွေက ငါ့အဖေက ပြောနေတာဆိုရင်တော
မဆိုးဘူးကွ .. လူနဲ့ စကားလုံးက မလိုက်တော့ နားကလောတယ်
အဲဒီ သံပရာသီးနဲ့ ဓားတွေ ငါ့ကို ပေးခဲ့ .. ပြီးရင် မင်း ပါးစပ်လေးပိ
ပြီး အခန်းပြန် ..”

ဆက်တိုက်ပြောပြီး အမိန့်ပေးတော့ စနေ က လက်ထဲကို ပြန်
ကြည့်သည်။

“ကျွန်တော် ဦးသစ် မိန်းမကို မီးဖိုချောင်မှာ ဝိုင်းကူနေတာ .
“သိတယ် .. ဝိုင်းကူနေတာရော .. ဟိုရှေ့ ရောက်နေပြီ ဆိုတ
ရော .. သိလို့ ငါ အချိန်မီ ပြေးလာတာ ..”





“ကျွန်တော် ဘာလုပ်မယ် ထင်လို့လဲ ..”

“ဓား တဆဆ လုပ်နေတာတော့ မြင်တယ်လေ .. ဟိုက မြင်သွား
ဦ့ ဓားနဲ့ ဆော့နေတာပါ လို့လွှဲပြောရင်တောင် မင်းမျက်နှာက မီး
ဘောက်ကို အချိန်မီ ငြိမ်းပစ်နိုင်မှာ မဟုတ်တော့ .. မီးအောင် ပြေးလာ
ာတာပေါ့ ..”

ပြောနေရင်း သံပရာသီးနဲ့ ဓားကို ဆွဲယူထားလိုက်ကာ ...

“လူကြီးတွေအကြောင်း စိတ်မဝင်စားနဲ့ စနေ .. ငါ တစ်ကိုယ်
တောင်းဆန်ဆန် နေခဲ့ရင်လည်း အဲ့ဒါ မင်းအတွက်ပဲ .. ဘယ်သူတွေ
ဘာဖြစ်နေနေလို့ သဘောထားလိုက်ရရင်လည်း အဲ့ဒါ မင်းကို ဘာမှ
အဖြစ်မခံနိုင်တဲ့ မေတ္တာနဲ့ပဲ ... လူတိုင်းအတွက် မေတ္တာတရားဟာ အေး
ချမ်းပေမယ့် မိဘဖြစ်လာတဲ့အခါ အဲဒီမိဘရင်ထဲမှာ မေတ္တာက နှစ်ဖက်
သွ ဖြစ်သွားတာပဲ ..”

ဦးကောင်းမြတ် က သူ့ရင်ထဲကို သားဖြစ်သူ နားလည်သွားတာ
ကို လိုချင်သည်။ ဒါပေမယ့် စီကာပတ်ကုံးလည်း တစ်ခါမှ ပြောမပြ
ခဲ့ဖူးပါ ..။

“သားသမီးနဲ့ ပတ်သက်လာရင် မိဘတိုင်း တစ်ကိုယ်ကောင်း
ဆန်လာတယ်.. အတ္တ လောဘတွေ ဖြစ်လာတယ် ..၊ သားသမီးအတွက်
ဆို သူ့ရဲကောင်း .. တစ်ဖက်လူအတွက်ဆိုရင်တော့ ဗီလိန်ပေါ့ .. ဒါပေ
မယ့် မိဘအပေါ်မှာ နားလည်တဲ့ သားသမီးဆိုတာလည်း ရှားပါတယ်..”

ပြောနေရင်း ဖင်တကြွကြွ ဖြစ်နေသည့် စနေ့ ကို ကြည့်ကာ ...

“မင်းလည်း ဖအေကို ဒီတိုင်းပဲ မြင်နေတာမို့လား ..”

“ဟင် .. ဘယ်အတိုင်းပဲလဲ .. ကျွန်တော် အဖေ့ကို ဘာမှလည်း
မပြောဘဲနဲ့ ..”



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးပေါ်မှာ မီးလင်းသွားသည့်အဆောင် .. မှိတ်သွားသည့်အဆောင်နဲ့ လှုပ်ရှားသွားလာပုံတွေ ရှုပ်နေတာကို ငေးရင်း စနေ က ဘာကိုမှလည်း ဂရုစိုက်မိပုံ မပေါ် ..၊

ဦးကောင်းမြတ် စိတ်ပျက်စွာ ခေါင်းခါခြင်းနှင့်အတူ သက်ပြင်းချ၏။

"ကဲ .. မင်း ဒီနားမှာ နေခဲ့ပြီး အဖေ့ကို စောင့်နေ .."

"ဟင် .. ဘာဖြစ်လို့လဲ .. အဖေ လာအခေါ်ကို စောင့်နေရအောင် ကျွန်တော်က ခြေမနိုင်သေးတဲ့အရွယ်မှ မဟုတ်တာ .."

"မင်း အဲဒါ ခက်တာပဲ စနေ .. သူ့ဘွေး ပြဿနာတက်နေတာ မင်း သိရဲ့သားနဲ့ .."

"သူက ပြဿနာရှာတာပါ .. သူများကို ကြက် ငှက် သတ်သလို သတ်ပစ်လိုက်တာ ကျွန်တော့် ရှေ့တင် .."

"စနေ .."

"ဗျာ .."

"မင်း အဲဒါတွေကို ဘာမှ မမြင်ခဲ့ဘူးလို့ ထားလိုက် .."

"သေချာ မြင်ခဲ့တာကို .."

"စနေ .."

"ဗျာ .."

"မင်း ဖအေကို ဖအေလို့ သဘောထားသေးရင် ပြောတာကို နားထောင် .. မျက်စိမှိတ် နားပိတ်ပြီး ပါးစပ်ပါ မဖွင့်နဲ့ ..၊ ဘယ်သူ ဘာပြောပြော ဝင်မပါနဲ့ .. ခုနကလို ပြဿနာရှိတဲ့နားကို ကိုယ့်ဘာသာသွားကြည့်ပြီး မား တဆဆ လုပ်နေတာမျိုး .."

"ဒါဆို အခု ဒီက သွားလို့ ရပြီလား .."





ဆယ့်သုံးနှစ်အရွယ် ဆိုတဲ့ ကိုယ့်သားကို လက်မြှောက်ချင်လာတော့သည်။

မသိတာလည်း မရှိ .. မတတ်တာလည်း မရှိ ..၊ မပြောချင်လည်းနေသည် ..၊ ပြောပြီဆိုလည်း ဖအေကိုတောင် အနိုင်မခံ အရှုံးမပေး..။

တစ်ခါတလေ သူ့ဘွေးရဲ့ တပည့်တွေနဲ့ အဆင်ပြေနေတာတွေ ကြည့်မိ လူပေါင်းစုံနဲ့ ပေါင်းမိပြီး စရိုက်ပေါင်းစုံလာပြီး သန္ဓေတည်နေပြီလားတောင် တွေးပူမိရသည်။

မြဲကြီးတစ်ခုလုံးက ခုနကလို အေးဆေးသွားလာနေကြသော လှုပ်ရှားမှုတွေ မဟုတ်ကြတော့ဘဲ ခပ်သုတ်သုတ် တိုးတိုး ပြောဆိုနေကြသော လှုပ်ရှားမှုတွေအရ ...

"ကိုကောင်း .."

"ဟင်!... ဘာဖြစ်လို့လဲ .."

"ခင်ဗျားတို့ သားအဖက ဘယ်ပျောက်နေကြတာလဲ .."

သစ်လွင် မျက်နှာက မကျေနပ်တာလိုလို .. အံ့ဩတာလိုလို ..။

"စနေ ကရော .. မင်းကို ငါ.."

"ဟုတ်တယ် .. အိမ်ပေါ်မှာ ဘာတွေဖြစ်နေမှန်း မသိလို့ .."

"အေး .. မသိရင် မမေးနဲ့ ..၊ ကိုကြီးကောင်း လာဦး .."

ဦးကောင်းမြတ် ကို လက်ဆွဲခေါ်သွားတော့ စနေ သဘောတွေကျသွားသည်။

ဦးကောင်းမြတ် ကတော့ သား ကျန်ခဲ့တာကို အခန်းမှာ ပြန်နေဖို့ လက်ပြသွားခဲ့၏။

ဒီတစ်ခါ နားထောင်လိုက်ဖို့ စိတ်ကူးနှင့် စနေ ကလည်း ပြန်လာခဲ့တာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် …

"ဒီလောက် ခြံအကျယ်ကြီးကို ခဏလေးအတွင်းမှာ အပြင်ထိ ဘယ်လိုမှ ချက်ချင်း ရောက်သွားမှာ မဟုတ်ဘူး .."

"သူ့အဖေ လာသွားမှန်း သိသွားလို့လားမှ မသိတာ .. ကလေး သာသာဆိုတော့လည်း ဖအေနောက်ကို ပြန်လိုက်ချင်မှာပေါ့ .."

အနားက ဖြတ်သွားကြသည့် သူဌေးရဲ့လူတွေ ပြောသွားကြတာ သူ ကြားလိုက်သည်။

ဦးကြာညွန့် ဆိုတဲ့လူကြီး သေသွားပြီမှန်း ဒီလူတွေ မသိသေးပါလား ..၊

"စံနေမီး .. ဟေ့ .."

"ဟင်!..."

"နေဦး .. လာဦး ဒီကို .."

ခြံစောင့် ဦးလာဘ က သူ့ကို လက်ယပ်ခေါ်ကာ ကိုယ်တိုင်လည်း ဓာတ်မီးကြီး တကားကားနှင့် ရောက်လာပြီး …

"သူဌေးကြီးရဲ့ သတို့သမီး ထွက်ပြေးသွားလို့ တဲ့ .."

"အဲ့ဒါ ဘာဖြစ်လို့လဲ .."

"ခုထိ ဘယ်သူမှ ရှာမတွေ့သေးဘူးကွ .. မင်းက ကလေးဆိုတော့ သွက်သွက်လက်လက် ပြေးနိုင်လွှားနိုင်ပါတယ် .. ဝိုင်းရှာပေးစမ်းပါကွာ .."

"ဟာ .. ဘကြီးကလည်း .. ကျွန်တော့်ကို အဖေက အခန်းမှာ ပြန်နေဖို့ ခုပဲ ပြောလိုက်တာ .."

စနေ က စကားနည်းသလောက် ဒါဆိုမှ ဒါ ..၊

ပြောပြီးတာနှင့် လှည့်ထွက်လာခဲ့၏။





"ဒီကောင်ကွာ .. တကယ်ကို ပြောမကောင်း ဆိုမကောင်း .. အွတ်!..."

ဦးလာဘ ကျန်ခဲ့သော်လည်း နောက်ထပ်လူတွေ သူ့ရှေ့ ရောက်လာကာ …

"စနေ .. မင်း ဟိုဘက်ပိုင်းကို သွားပြေးရှာစမ်းပါ ..၊ ငါတို့က လူကြီးတွေဆိုတော့ မှောင်မှောင်မည်းမည်းနဲ့ ဘာမှ မတွေ့ဘူး .."

"ကြီးကြီးငယ်ငယ် မှောင်နေရင် ဓာတ်မီးထိုးမှ မြင်တာပါ .. ဦးကျော် တို့မှာ ဓာတ်မီးတွေ ပါတာပဲဟာ .."

"ဟာ!... စနေ ရ .. မင်း .."

"ကျွန်တော်က မြင်တောင် မမြင်ဖူးတဲ့ဥစ္စာ .."

ပြောပြီးတာနဲ့ ကျောခိုင်းပြီးသား ..၊

"မမြင်ဖူးလည်း ခြံထဲမှာ အဲဒီမိန်းကလေးမျိုး ပုံတူ ရှိကို မရှိနိုင်ဘူး .. သူ ရှိတဲ့နေရာမှာ ဓာတ်မီးထိုး မကြည့်ဘဲနဲ့တောင် လင်းချင်းနေမှာ .."

ဦးမြကျော် က ရွှဲပြီး လှမ်းအော်သည်။ စနေ က မဲ့ပြီး 'ပပဝတီ မို့လို့လား' ဆိုတဲ့ စကားကို ခပ်ကြိတ်ကြိတ် ပြော၏။

တစ်ခြံလုံး ဒီမိန်းမကို ရှာဖွေရေးကြောင့် အလုပ်ရှုပ်နေကြတာ သိရလေ သူ့ခြေလှမ်းတွေက တုံ့နှေးလာလေ ..၊

ဒါမျိုးဆို မဆိုင်သလို မနေတတ်သည့်အကျင့် ရှိပေမယ့် သူများက နိုင်းလိုက်ပြီဆို ငေါက်ခနဲ ထမလုပ်တတ်သည့်အကျင့် ရှိတာလည်း ဆိုးသည်။

ဒါကြောင့် ဦးကောင်းမြတ် သား စနေမီး က ဂျစ်ကန်ကန်ကောင် သို့ နာမည်ကြီးနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကိုယ်တိုင် နေရာပေး၍ တော်ရုံဆို အပြစ်မယူဘဲ နေတတ်တာမို့ ဘယ်သူကမှ ကျယ်ကျယ် မဝေဖန်ရဲသော်လည်း စနေမီး ဆိုသည့် သူ့ကိုတော့ ဘယ်သူ့နှုတ်ဖျားကမှ ချီးမွမ်းသံ မထွက်ခဲ့ဘူးတာ အမှန် ..၊

ဒါပေမယ့် သူ့အတွက်ကတော့ ကြွေးတင် ရှင်ဘုရင်ဆပ်ပဲ ..၊

ဘာတွေဖြစ်လာလာ အဖေရှင်း .. သူကတော့ နေတတ်သလို နေမည် .. ကိုယ့်အတွေးနဲ့ ကိုယ် ..၊

"အ!..."

"ဟာ!..."

ကိုယ့်အခန်းကို လှည့်အဝင်မှာ တံခါးတစ်ချပ်ကို နှစ်ယောက်ပူး ဝင်လိုက်သလို ဖြစ်သွား၏။

နှစ်ယောက်စလုံး တိုက်မိပြီး ဒယိမ်းဒယိုင်တွေ ဖြစ်ကုန်ကြကာ သူမက ပုံခနဲ လဲကျသွားသည်။

အမှောင်တစ်ဝက် အလင်းတစ်ဝက်ပေမယ့် နက်ခဲသောဆံနွယ် ရှည်တို့နှင့် ရွှေဝါရောင်ဝတ်စုံရယ် .. ဝင်းထိန်နေသော သူမတစ်ကိုယ် လုံးရယ်ကို ထင်းလင်းစွာ မြင်နေရသည်။

စနေ ပါးစပ်အဟောင်းသားပွင့်လျက် သူမကို တအံ့တသြကြီး ငုံ့ကြည့်နေမိသည်။

သူမက အတင်း ပြန်ကျုံးထကာ တံခါးကို တိုးတိုက်ပြီး ဖွတ်ဝင် သွား၏။

သူမက သတို့သမီး ဖဲ ..၊

ထွက်ပြေးသည်ဆိုသော သူဌေး ဦးဉာဏ်ကျယ် ရဲ့ သတို့သမီး ကိုယ့်ကို လိုက်ရှာပေးပါလို့ ခိုင်းထားခဲ့သေးသည်။





ခုတော့ သူမက ကိုယ့်အခန်းထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ..၊

အပြင်က လှုပ်ရှားသံတွေ ဒီဘက်ကို နီးလာသည်။

စနေ ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ဟိုကြည့်ဒီကြည့်နှင့် လည်ချောင်းတွေ ချက်ချင်းကြီး ခြောက်သွေ့လာခဲ့သည်။

"စနေ .. ဦးလေး ရှိလား .."

"မရှိဘူး .."

"လာရင် ငါ ခြံတောင်ဘက်မှာ .. လိုက်ခဲ့လို့ .."

"ဟုတ်ကဲ့ .."

စနေ ထံမှ ပျာပျာသလဲ ဟုတ်ကဲ့သံကြောင့် လွန်သွားသည့်မျက်နှာက အံ့သြသွားသလို ဖျတ်ခနဲ ပြန်ကြည့်၏။

စနေ က ဂရုမစိုက်ဘဲ အထဲကိုလှည့်ဝင်ပြီး တံခါးကို နောက်ပြန် ပိတ်လိုက်၏။

သူ ဟိုရှာ ဒီရှာနှင့် ဘယ်လိုမှ မတွေ့ကာမှ အိပ်ရာအောက်တွေ အပွဲအောက်တွေပါ လိုက်ငုံ့ကြည့်မိလျှင် ...

"ဟင်!..."

"ဟင့်အင်း .."

သူ ငုတ်တုတ်ထိုင်ချလိုက်ပြီး တစ်ခုခု ပြောဖို့ ပြင်လိုက်တာနှင့် သူမက ခေါင်းတခါခါနှင့် 'ဟင့်အင်း' လို့ တားဆီးတာ ဘာကိုမှန်း သိ ..၊

"အစ်မ အပြင်ကို ထွက်ခဲ့လေ .."

"ဟင့်အင်း .."

"ကျွန်တော်က သူတို့ကို မပြောပါဘူး .."

သူမ ဘာသံမှ ထွက်မလာဘဲ တုတ်တုတ်မှလည်း မလှုပ် ...



www.burmeseclassic.com

www.burmeseclassic.com



စားပွဲအောက်မှာ ဒူးနှစ်ဖက်ကို ပြန်ပိုက်ကာ ဒူးနဲ့မျက်နှာ အပ်ထား[illegible] သဖြင့် ဆံပင်တွေက သူမရဲ့ပခုံးနဲ့ ကျောပြင်တို့ကို ခြုံလွှာတစ်ခုသဖွယ်[illegible] ဖုံးလွှမ်းနေ၏။

ထိုပြင် ကြမ်းပြင်ပေါ်မှာ ပုံကျနေတာတွေကြောင့် လူနဲ့မကူ[illegible] အရုပ်တစ်ရုပ်နဲ့သာ တူ၏။

ခတ်မီးကောက်ယူထားပြီး မေ့နေခဲ့လျက် သူမ တိတ်ဆိတ်[illegible] ကာမှ ခတ်မီးနဲ့ လှမ်းထိုးမိ၏။

သူမက မျက်နှာကို ဒူးပေါ်မှာ အတင်းဖိကပ်ပစ်ကာ အဝတ်ထု[illegible] လေးလို လုံးနေ၏။

"ဒီစားပွဲအောက်မှာ အစ်မ မလုံဘူး .. အပြင်ကဝင်လာရင် မြ[illegible] သွားမှာပဲ .."

"ဟင်!..."

သူမ ဆတ်ခနဲ ခေါင်းထောင်လာ၏။

"လာပါ .. ကျွန်တော် အစ်မကို ဝှက်ထားပေးမယ် .."

အားကိုးသောမျက်ဝန်းလေးတွေ တလက်လက် ဖြစ်လာပြီး သူ[illegible] ကြည့်၏။

ခတ်မီးကို မျက်နှာကိုမထိုးဘဲ ဘေးလွှဲထားသဖြင့် လက်စွပ်[illegible] ကျစ်ညပ်နေသော သူမရဲ့ ဖြူနုသွယ်လျသည့် လက်ချောင်းလေးတွေ[illegible] ပြိုးပြက်လက်နေ၏။

ဒီည မင်္ဂလာဦးညလို့ သတ်မှတ်ချက်ထားကာ သူမကို သတို့သ[illegible] လို ဝတ်စား ပြင်ဆင်ပေးထားတာ ဖြစ်မည်။

"မင်း .. တကယ်လား ဟင် .."

"ဟုတ်ပါတယ် .. တကယ်ပါ .. ထွက်လာခဲ့ပါ .."





သူမ ငုတ်တုတ်လေးကနေ တိုးထွက်လာခဲ့၏။ ဝင်းထိန်သော [illegible]င်အောက်မှာ လုံးလုံးလျားလျားရောက်လာခဲ့လျှင် စနေ တကယ်ပဲ [illegible]က်ရှူမှားလေသည်။

အစွမ်းကုန်လှအောင် ပြင်ဆင်ထားတာလား .. လှကို လှတဲ့သူ [illegible] ..၊

ပါးလျသော ရွှေခြည်ထိုးဇာဝတ်စုံသည် သူ့မျက်လုံးထဲမှာတော့ [illegible]င်လျှားထားတာနဲ့ တူနေကာ ကိုယ်မှာ ပျော့ပျော့ကပ်ကပ်လေး [illegible]လျက် ခြေဖမိုးထက်မှာ ပုံကျနေပုံက တစ်ကိုယ်လုံးအလှကို တမင် [illegible]စ်ပြသထားတာနှင့် တူ၏။

ဒီလိုဝတ်စုံမျိုးမှာ ခြုံလွှာပါသေးသည်ဆိုတာလည်း စနေ မသိ..၊ [illegible]လည်တိုင်ကနေ ရင်ဘတ်တစ်ပြင်လုံးမှာ ရတနာတွေ ပြည့်နှက် [illegible]ာ ပခုံးစွန်းလေးတွေက ဒီတိုင်း ဝင်းနှစ် ရှန်းကြွနေ၏။

သူ ခံစားမိတဲ့အတိုင်း ဆိုရပါလျှင် တစ်ကိုယ်လုံး ပြိုးပြက်လက် [illegible]သော ရွှေအဆင်းနှင့် သူမသည် ပေါင်လယ်လောက်ထိ အုပ်ခဲဝဲဖြာ [illegible]သော ဆံနွယ်တို့နှင့် ခြုံငုံကြည့်လျှင် လူနှင့်မနီးစပ်သော နေရာဒေသ [illegible]ရောက်လာသလိုလို ..၊

ဒါမှမဟုတ် ရေသူမ လား .. ဥစ္စာစောင့် လား ..၊

သူ အထူးတဆန်းလို ငေးနေတော့ သူမက ဆံပင်တွေကို ဆွဲယူပြီး [illegible]ဘ်မှာ ပဝါလို သိုင်းပစ်လိုက်၏။

ပြီးတော့ ရှေ့တိုးလာကာ ...

"ငါ့ကို ကယ်ပါ .. ငါ့ကို ဒီမှာ ဝှက်ထားပေးပါ နော် .."

"အစ်မနာမည်က .."

သူမနာမည် မေးတာ မဆုံးလိုက်ပေ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ကြွေ!..."

တံခါး ရုပ်မနဲ့ ပွင့်သွားကာ လူရိပ်နှင့်အတူ ခေါ်သံက သူမနား
ကို ဖြေလိုက်ပြီးဖြစ်လျက် ...

"ကြွေ .. ဟာ!... မင်း .."

ဦးကောင်းမြတ် ကြွေ့ ကို မြင်လိုက်သဖြင့် မျက်လုံးမျက်
ပြူးသွားခဲ့၏။

ကိုယ့်သားနဲ့အတူ ဒီထဲမှာ မြင်လိုက်ရတော့ ပို၍ ပြူးကျယ်
တာ ကျွတ်ထွက်မတတ် ...၊

"မင်း!.. မင်း .. သူ့ကို .."

"ကျွန်တော် ခေါ်ထားတာ မဟုတ်ပါဘူး .."

"ကြွေ .. ညည်းကို သူတို့ တစ်ခြံလုံး မြေလှန်ရှာနေကြတာ

"ဟင့်အင်း .. ဟင့်အင်း ..."

ကြွေ က သူမထက် အသက်ငယ်ပေမယ့် သူမနဲ့ မတိမ်းမယိမ်း
လောက်ရှိနေသည့် စနေ့ နောက်ကို ဖျတ်ခနဲ ကွယ်ပစ်လိုက်ပြီး ခေါ
တခါခါ ...၊

"မဖြစ်ဘူး .. မဖြစ်ဘူး ...၊ အားလုံး သေကုန်လိမ့်မယ် .."

"ဟာ!... အဖေ ဒီလိုတော့ မလုပ်ပါနဲ့ .. သူ ကြောက်လို့ ပြေး
လာတာကို .."

"စနေ .. ဟိတ်ကောင် .."

ကြွေ့ လက်ကို ဆွဲ၍ အထဲဝင်ပြေးတော့ ဦးကောင်းမြတ် လိုက်
ပေမယ့် မမိလိုက် ...၊

"တောက်!... ကွာ .."

ဒီမိန်းကလေး ဘာဖြစ်လို့ ဒီထဲကိုမှ ဝင်ပြေးလာခဲ့တာလဲ ...





ဘာဖြစ်လို့များ စနေ နဲ့မှ ဟည့်တည့်တိုးသွားတာလဲ ...၊
အစတည်းက သူ့ဒွေးနဲ့ပတ်သက်တိုင်း ငြိုငြင်စကားတွေပဲ ပြော
တဲ့ ဒီကောင်လေးနဲ့တော့ ...၊

"ဦးကောင်းမြတ် .."

"ဟော .. လာပြီ .."

ကြွေ့ ကို သွားဆွဲထုတ်မလို့ ခြေလှမ်းကို ပြန်ရုပ်လိုက်ရသည်။
နေရာအတွင်းပိုင်းကနေ သူမကို ဆွဲထုတ်လိုက်တာ ဘယ်သူမှ
ဖြစ် ...၊

"ငါ ဘာလုပ်ရမှာလဲ ဟင် .."

"ခဏလေး .."

စနေ နဲ့ ကြွေ တို့ကလည်း နောက်ခန်းထဲမှာ အလုပ်ရှုပ်နေကြကာ
နေရာကြည့်ကြည့် သူမ မလုံခြုံနိုင်ဘူးဆိုတာ သိနေသဖြင့် စနေ
ရွေးနေတာ မပြီးနိုင် ...၊

"လာ .. ဒီဘက်ကို .."

နောက်ဆုံး အဖေ့အိပ်ခန်းကို ရွေးချယ်လိုက်ကာ ...

"ဒီထပ်ခိုးလေးပေါ်တက်ပြီး ပစ္စည်းဟောင်းတွေနောက်မှာ ပုကပ်
...."

သူ ခေါ်တဲ့နောက်ကို ကြွေ က တကောက်ကောက် လိုက်သည်။
နေရာကို ပြေးဝင်ကွယ်ဖို့ ဂါဝန်စလေး'မ'ထားပြီး ဟန်ပြင်

"ရှုတ် .. ငွမ်း .."

"ဟာကွာ!..."

သူမကို တက်ခိုင်းဖို့ ခုံနဲ့ သေတ္တာတွေ ဆင့်ကာမှ အပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ တန်းတစ်ချောင်း ပြုတ်ထွက်သွားသည်။

ပြီးတော့ အပေါ်က ကြိမ်သေတ္တာဟောင်းလေးနဲ့ စာအုပ်
ပြုတ်ကျလာ၏။

ခြေထောက်ပေါ်ကို ကျသဖြင့် အသမထာန် နာကျင်သွား
လည်း စနေ ဒဏ်ရာကို ဂရုမစိုက်မိပေ ...။

စာအုပ်ဖြစ်ဖြစ် ဘာတွေဖြစ်ဖြစ် ငရဲအိုးတွေလည်း ကြီးချင်
မတတ်နိုင် ...၊

ပြုတ်ကျ ပွင့်ထွက်ကုန်သမျှကို ခြေထောက်တစ်ဖက်နဲ့ ဖြစ်
သိမ်းကျုံးကန်ပစ်ကာ အဖေ့ခုတင်အောက်ရောက်အောင် ပို့ပစ်
သည်။

နောက်ဆုံး သေတ္တာနဲ့ စာအုပ်လက်ကျန်တွေကိုပါ ကန်ထု
လိုက်ပြီး ...

"လာ မမ.. ကျွန်တော့်ပခုံးပေါ်ကနေပဲ တက်လိုက်တော့.. အ
မှာတော့ နိုင်ပါတယ် .."

"အင်း .."

"ဟော့ .. မတက်ရဘူး .."

ဦးကောင်းမြတ် ပြေးလွှားရောက်လာကာ ကြွေ့ လက်
အမိအရ ဆွဲ၏။

"အားလုံး ညည်းကြောင့် ဒုက္ခရောက်ကုန်လိမ့်မယ် .."

"ဟင့်အင်း .."

"အဖေ့!... အဲလို မလုပ်ပါနဲ့ အဖေရာ .."

"ဟိတ်ကောင် .. မင်းပါးစပ် စပီကာကို ချက်ချင်းတိုးပြီး
လှမ်း တိုးမလာနဲ့ .."





"မောင်လေး... လုပ်ပါဦး .. ဟင့်အင်း .. မမကို ကယ်ပါဦး .."
ကြွေ က မိရာလှမ်းဆွဲတော့ စနေ ရဲ့ အပေါ်ထပ်ဝတ် ဂျင်းအင်္ကျီ
တစ်စကို ဆုပ်မိသည်။

ဦးကောင်းမြတ် က ထိုလက်လေးကို အလောတကြီး ဖြုတ်ချပစ်
ပြီး အတင်း ဆွဲခေါ်သွား၏။

စနေ ပြန်ဆွဲမထားခင် အပြင်ကို ခေါ်ထုတ်လာခဲ့ကာ ...

"တော်သေးတယ် .. ဘယ်သူမှ မရှိဘူး .."

အပြင်ရောက်မှ အပူတစ်ဝက် လျော့သွားခဲ့ပြီး ...

"ကိုကျော်ကြီး .."

"ဟင် .. ဟာ!... ဟိုမှာ .. ကောင်မလေး .."

"ကြွေ .. ဟိုမှာ ဟော့ .."

"ကိုကောင်း ပြန်မိလာပြီ ကြွေ့ ကို .."

"သူ့ဖွေးကို သတင်းသွားပို့ .. အမြန် .."

ညသည် အကျည်းတန်စွာ ရှုပ်ထွေးနေခဲ့လျက် ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅)

"ဖြန်း .. ဖြန်း ..."

"အား!..."

"ဝုန်း .. ဒုန်း .."

စနေ့ ခြေလှမ်းတွေ တုံ့သွားသည်။ တမင်တကာ ဒီရှေ့က

ဖြတ်ခဲ့မိတာ ဖြစ်သည်။

အခန်းထဲက အသံတွေက ဘယ်လိုမှ ကြားလို့ မကောင်း ..

"မင်းက အန်ဂေယ် ဟုတ်လား .. ငါ့ကို ရှုံတယ်ပေါ့ ..

ရှုံပြစမ်း .. ထပ်အန်ပြောက်စမ်းပါ .. ဟိတ် .. မိရကြွ .."

"အား!..."

"မအော်နဲ့ ပါး စပ်ပိတ်ထားစမ်း ..၊ ငါ့ကို ဘယ်ကောင်မမှ မ

ရဲကြဘူး .. မင်းကျမှ .. ဟွန်း .. ဒီလောက်လှပါးဝတဲ့ ကောင်မ ..

အသားကို ငါက တို့ထိဖို့ မကြိုးစားဘူး .. ငါ့ကိုပဲ နင်ကိုယ်တိုင်

မယ် .. လာခဲ့ .. ထ .. ထစမ်း .."





"ဝုန်း .."

"အား!..."

"ဟာကွာ .. ကိုင်ပေါက်လိုက်ရရင် သေတော့မယ် .. နင့်အဖေ

ကို တန်းလိုက်သွားချင်တယ် .. ဟုတ်လား .."

"ဖြန်း .."

"ဟော့.. မိသဲ လာစမ်း .. ဒီကောင်မ သတိလစ်သွားပြီ .. ရေပုံး

..၊ မျက်နှာ ဆွဲနှစ်စမ်း .."

စနေ ဘယ်လိုမှ ဒေါသထိန်းမရတော့ဘဲ နောက်ကို ပြန်လှည့်

လျှင် ...

"ကောင်လေး .."

တစ်စုံတစ်ယောက်က သူ့လက်ကို ဆွဲလိုက်ကာ...

"သွား .. မြန်မြန်သွား .. ဒီနားက .."

ဦးညဏ်ကျယ် ၏ ဇနီးတွေထဲက တစ်ယောက်ဖြစ်သော မမီ..၊

"ဟဲ့ .. သွားလေ စနေ .."

အခန်းထဲကနေ လှစ်ခနဲ ထွက်လာကာ စနေ့ ကို စိုးရိမ်စိတ်နှင့်

သွား၏။

"သွားတော့ .. သွား .. နင့်ကိုယ်နင် အကောင်လေး သေးသေးပဲ

တယ် ဘာများမှတ်လို့လဲဟင် .. မတူရင် မတုရဘူး ..၊ မနိုင်မှန်း

ရှောင်ရတယ် .. သေမယ်မှန်း သိရက်နဲ့ ဖွတ်တိုးဝင်တာ သတ္တိ

ဘူး နားလည်လား ..၊ အဲဒါ မိုက်ရူးရဲဆန်တာ .."

လူကို တွန်းထိုး ဆိတ်ဆွဲပြီး မချင့်မရဲ ပြောဆိုနေတာတွေက

နာတွေမှန်း သိသည်။

ဒါပေမယ့် မိန်းကလေးတစ်ယောက်ကို စော်ကားဖို့ ကြိုးစားနေ



www.burmeseclassic.com

www.burmeseclassic.com



သည့်ပြင် နှိပ်စက်ကလူ ပြုနေတာကို ဘယ်လိုမှ ရှောင်လွှဲမသွားနိုင်
လက်ထဲမှာ ဆုပ်ကိုင်ထားသည့် လောက်လေးခွနဲ့ လောက်
ကို လက်ပြောင်းကိုင်လိုက်၊ ပွတ်ချေနေမိလိုက်နှင့် သူ့ခြေလှမ်းတွေ
သာလှမ်းနေပေမယ့် ရှေ့မရောက်နိုင် ..၊

"စနေမီး .."

သူ့ဘေးမှာ ပုတိုတို ခပ်တုတ်တုတ်အရိပ်ကြီး ပူးကပ်ရောက်
ကာ ခေါ်သံက အေးစက်စက် ခက်ထန်မှုတွေနှင့် ...

"သူဌေးကြီး .."

"ဟုတ်တယ် .. မင်း ဒီကို ဘာလာလုပ်တာလဲ .."

"ဒါတွေ လာယူတာ .."

လောက်လေးခွကို မြှောက်ပြပေမယ့် ဦးညဏ်ကျယ် ၏ သိ
သည့်မျက်လုံးတွေက လောက်လေးဆီမှာ မရှိဘဲ မှုန်ကုတ်ကုတ်
လွှာချနေသည့် စနေ့ မျက်နှာပေါ်မှာ ..၊

"ဒါတွေ ဒီပေါ်မှာ ဘယ်တုန်းက ကျန်ခဲ့တာလဲ .."

"ကြာပြီ .."

လူငယ်လေးဖြစ်ပြီး ပြောပုံ ဖြေပုံက တုံးတိတိ ..၊

ဦးညဏ်ကျယ် က ခပ်လန့်လန့် နှုတ်ခမ်းတွေကို ပို၍ ကြည့်
သွားတဲ့အထိ မဲ့ပစ်လိုက်ပြီး ...

"ငါ့အိမ်ပေါ်မှာ မင်းက ငှက် လာပစ်တာပေါ့"

"မပစ်ပါဘူး .. ကျွန်တော် ကျိုးကန်းထုနေတုန်း အိမ်ပေါ်မှာ
ကျပါလို့ ခိုင်းတော့ ဒီတိုင်း ကိုင်လာခဲ့မိတာ .."

"ဒီအပေါ်ထိ .."

စနေ က ဦးညဏ်ကျယ် ထပ်မေးလိုက်ကာမှ မျက်နှာကို





ကြည့်ပြီး စုကျုံ့ထားသည့်မျက်ခုံးတို့ကိုလည်း မဖြေဘဲ ဆတ်ခနဲ ခေါင်း
ညိတ်၏။

"ဒီအိမ်မှာ ကျွန်တော် မသွားရတဲ့နေရာ ဘယ်နေရာရှိလို့လဲ ..၊
ဘယ်သူဖြစ်ဖြစ် ခေါ်ခိုင်းနေတာပဲ ဥစ္စာ .."

"ဟုတ်ပြီ ..၊ မင်းရဲ့သတ္တိကို ငါ ကြိုက်တယ် .."

ဖြေတာက တခြား ..၊ ကြိုက်သွားတာက တခြား ..၊

ဒါပေမယ့် ဦးညဏ်ကျယ် မျက်နှာမှာတော့ အဓိပ္ပာယ်တွေ ပြည့်
နှက်နေကာ ...

"တစ်ခုရှိတာက ပေးဆပ်သူတို့ နှလုံးသားတွေ ဘယ်နေရာမှာ
ကြီးကျယ့်မြင့်မြတ်နေသလဲ မသိဘူး .. သက်ဆိုးမရှည်တတ်ကြတာ
တော့ အတိအကျ မှန်တယ်နော် ကောင်လေး ..၊ လူသတ်ကုန်းမှာ လေ
ညင်းခံဖို့ လာတယ်ဆိုရင် သွေးညှီနံ့တွေရနေတာကို နှာခေါင်းမရှုံ့မိဖို့
သိတယ် .."

"ကျွန်တော်က အခု လူသတ်ကုန်းကို ရောက်နေတာလား .."

ဘယ်လိုနည်းတွေ သုံးနေမှန်း မသိပေမယ့် ခြိမ်းခြောက်နေတာ
မှန်း စနေ သိသည်။ ဒါပေမယ့် သူ့ရဲ့ကိုယ်တွင်းမှာ ကြောက်သွေး
ဘယ်နေရာမှာပါနေသလဲဆိုတာ မသိ ..။

"အဖေကတော့ ဒီမှာ လူဆိုးတွေ မရှိဘူး တဲ့ .."

"ဟုတ်လား ..၊ ဟွန်း .. မင်းက ဘယ်လိုမေးခွန်းမျိုး မေးလိုက်လို့
ဒီလိုဖြေတာလဲ .."

ညရဲ့အလှက ဦးညဏ်ကျယ် ၏ အမြဲတမ်း အဆီပြန်နေတတ်
သည့် မျက်နှာကြီးကြောင့် အကျည်းတန်နေ၏။ ပြုံးလိုက် မဲ့လိုက်တိုင်း
သူ၏အကျည်းတန်ခြင်းက ပို၍ နက်ရှိုင်းသွားတတ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို မင်းက လူဆိုးတွေလို့ ထင်နေပုံပဲ .."

"ရုပ်ရှင်ထဲမှာဆိုလည်း သူဌေးကြီးလိုပုံစံမျိုးနဲ့ တပည့်တွေ ဝိုင်းဝိုင်းလည် ခြံရံနေရင် လူဆိုးကြီးတွေပဲလေ .. မကောင်းမှုဒုစရိုက်အလုပ်တွေ လျှောက်လုပ်ပြီး ကိုယ့်ကို သူများချောင်းသတ်မှာစိုးလို့ လူတွေ ငှားထားရတာ .."

ဦးဉာဏ်ကျယ် မျက်နှာကြီးမှာ အပြုံးအရယ်တွေ ပျောက်ရှကုန်၏။ ချက်ချင်း နီရဲတင်းမာသွားကာ စနေ ရဲ့အင်္ကျီရင်ဘတ်စကို လက်ဖဝါးကြီးနဲ့ ဆုပ်မိသမျှ ဆောင့်ဆွဲလိုက်ပြီး ...

"ခွေးသူခိုးလေး .."

"သူဌေး .. သူဌေး ရယ် မလုပ်ပါနဲ့ .. ကလေးအမိုက်ပါ .."

ဦးကောင်းမြတ် ပြေးလာပြီး သား ရှေ့က ဝင်တာကွယ်ဖို့ အတင်းကြိုးစား၏။

ဆုပ်ကိုင်ထားသည့်လက်ကို တောင်းပန်ရင်း ဖြုတ်ချပစ်ကာ ရှေ့က ဝင်ရပ်၍ ...

"ဒီကလေးက သူဌေးလက်ပေါ်မှာ ကြီးခဲ့တာဆိုလည်း မှန်ပါတယ် .. သူ့စိတ်ကို သူဌေး နားလည်ပါတယ် သူဌေးရယ် .. နောက်ထပ် သူဌေး စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး ... ဒီတစ်ခါပဲ ခွင့်လွှတ်ပေးပါ .."

ဦးဉာဏ်ကျယ် အသက်ရှူတွေ ပြင်းနေကာ ခါးနှစ်ဖက် ဆတ်ခနဲ ထောက်၍ ...

"ကောင်းမြတ် .."

"ဟုတ်ကဲ့ .. အမိန့်ရှိပါ သူဌေး .."

"မင်းတို့သားအဖ သတိထားနေကြ .."





ပြောရင်း စနေ့ ကို ရူးရူးရဲရဲ ကြည့်ကာ...

"နောက်ထပ် ငါ့မျက်စိရှေ့ ရောက်လာရင် ကလေးအမိုက်ပါဆိုတဲ့ စကားနဲ့ တောင်းပန်ဖို့ စိတ်မကူးနဲ့ .. ဒီအရွယ် ကလေး မဟုတ်တော့ဘူး .."

ဒေါသကြောင့် စကားသံတွေက တုန်ခါနေလျက် ...

"ဒီရက်ပိုင်းမှာ ငါ ကြားထားတဲ့သတင်းတွေနဲ့ပဲ မင့်သားကို ငါ ရိုက်သတ်ပစ်လို့ ရနေပြီ .."

ဦးဉာဏ်ကျယ် ၏ မျက်လုံးတွေ စနေ့ ထံ ရောက်သွားလျှင် ကိုယ့်သားရဲ့ ထောင့်မကျိုးသောမျက်နှာနဲ့ မျက်လုံးတွေ မဆုံစည်းရအောင် ဦးကောင်းမြတ် ကိုယ်နဲ့ ကွယ်လိုက်မိ၏။

"ဟိတ်ကောင် .. မင်း အရွယ်မရောက်သေးဘူးဆိုပေမယ့် အားလုံးကို သိနေပြီ .. ယောကျ်ားတစ်ယောက်ရဲ့သည်းမခံနိုင်ဆုံးအရာက ဘာလဲဆိုတာ သေချာသိအောင် စဉ်းစားထား .."

ဦးဉာဏ်ကျယ် ချာခနဲ ပြန်လှည့်သွား၏။

ဦးကောင်းမြတ် မျက်နှာ စိုးရိမ်သောကတွေ မချင့်မရဲဒေါသတွေနှင့် ရောထွေးနေကာ ပြန်လှည့်ကြည့်လိုက်တော့ စနေ က လောက်လေးမှာ လောက်စာလုံးတပ်၍ အသေအချာ ချိန်နေ၏။

"ဟင်!..."

ကြည့်လိုက်တော့ လေ့ကားကြီးထိပ်က ဦးဉာဏ်ကျယ် ရဲ့ ပုံတူပန်းချီကားကြီးဆီကို ...၊

"စနေ!..."

စိတ်တိုတိုနှင့် လောက်လေးချိန်ထားသည့်လက်ကို နာသွားအောင် ပုတ်ချပစ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးညဏ်ကျယ် ထွက်သွားရာကိုလည်း အထိတ်တလန့် လှမ်းကြည့်မိကာ ...

"မင်း!... ငါ တယ် ..."

နားရင်းအုပ်လိုက်ဖို့ပါ လက်နဲ့ ရွယ်လိုက်မိရင် ...

"မင်း နော် မင်း .. ငါ လုပ်မိရင် သေတော့မယ် .."

"လုပ်ပေါ့ အဖေရာ .. အစက တကယ် မပစ်ရဲသေးပေမယ့် အဖေ ပုတ်ချလိုက်မှ လောက်စာလုံး လွတ်ထွက်သွားတော့ ပိုကောင်းတာပေါ့.."

ကြည့်စမ်း ...၊

ဘယ်ဝိဇ္ဇာနဲ့ ဘီလူးနဲ့ စပ်မွေးထားတဲ့ ကလေးလဲ...၊

ပြောလေ ကဲလေ .. အကြောက်တရား နည်းနည်းလေးမှ မပါတဲ့ ငနာလေး ...၊





## အခန်း (၆)

"တောက်!..."

ရိုက်နှက် ကန်ကျောက်ပစ်မိပြန်တော့ သတိလစ်သွားသည်။ အနားကပ်လိုက်တာနှင့် သင်းက အော့အန်နေ၏။

မိန်းမတစ်ယောက်ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အလွယ်တကူ သိမ်းပိုက်လို့ ရပေမယ့် သူမကျမှ ချော့လည်း မရ .. ခြောက်လည်း မရ ...၊

ရိုက်နှက်ပြန်တော့ သေလုမြောပါး ဖြစ်ပြသည်။

အခန်းထဲမှာ အရက်ထိုင်သောက်ရင်း ဦးညဏ်ကျယ် ရှုံ့မဲ့နေ၏။

သူ့မှာ ရှိသမျှ ရင့်ထော်ထော် ပုံဆိုးပန်းဆိုး .. မဆိုးတာတောင်မှ ရွက်ကြမ်းရေကျို လှုရုံလောက် မိန်းမတွေထဲမှာ သူမလေးကျမှ လှလိုက်တာလည်း ထိရက်စရာ မရှိ ...၊



www.burmeseclassic.com

www.burmeseclassic.com



ထိချင်လွန်းလို့ ထိကြည့်ချင်တော့လည်း မရ ..။

ထိုစဉ် ဖုန်းလာသဖြင့် ကြက်သားကြော်ကို ပန်းကန်ထဲ ပြန်ပစ်ထည့်ကာ ဖွင့်ကိုင်လိုက်၏။

"လွတ်လာပေ့စေ .. နေမညိုခင် ထောင်ထဲ ပြန်ရောက်အောင် ထည့်ပစ်လို့ ရတယ် ..၊ လိုရင်းကို ပြော .. ခု ဘာတွေ ဖြစ်နေလို့လဲ .."

"... ... ... ..."

"ရှာပေ့စေပေါ့ .. သူ့ဖအေ အလောင်းကို တွေ့ချင်ရင် သူပါ အလောင်းဖြစ်သွားမှ တွေ့မှာပဲ ..၊ ဒီကောင် ငါ့ခြံရှေ့ကို မလာရဲပါဘူး.. လာရင်လည်း သူ့အဖေနောက် လိုက်သွားရမှာပဲ .."

စိတ်တိုနေရသည့်အထဲ ဖုန်းထဲက အကုသိုလ်က တစ်မျိုး ..၊

ကြွေ ရဲ့ အစ်ကို အာမခံနဲ့ လွတ်လာသည် တဲ့ ..၊

ကိုယ်ကတော့ ဘာမှ လုပ်မပေးခဲ့ပါ ..၊

ဒီလိုအမှုမျိုးက အာမခံ မရဘူးလို့လည်း သေချာ သိထားပါလျက်နှင့် လွတ်လာသည်ဆိုတော့ ဂရုမစိုက်ပေမယ့် တွေးစရာတော့ ဖြစ်လာခဲ့တာ အမှန်ပင် ..။

ဒီကောင် ထောင်ကျအောင် သူ ဖန်တီးခဲ့တဲ့ လှည့်ကွက်တွေထဲမှာ လူသိသွားလို့လား ..၊

ဒါ ဘယ်လိုမှ မဖြစ်နိုင် ..၊

"ဟာကွာ!.. တောက် .."

"ဒုန်း .."

ဦးဉာဏ်ကျယ် ၏ ဒေါသတွေက မုန်ယိုနေသည့် ဆင်ရိုင်းနှင့် တူနေလျက် ...





"ငါ့ကို ဒေါသထွက်စရာတွေ ဘာမှ လာထပ်မပြောကြနဲ့ .. သွား.. သွားကြစမ်း .."

စားပွဲပေါ်က ပစ္စည်းတွေကို ဆွဲလွှဲကိုင်ပေါက်ရင်း စားပွဲတစ်ခုလုံးကိုပါ တွန်းကန် ချပစ်လိုက်၏။

ပြီးတော့ အကြည့်တွေက အတွင်းခန်းဆီ ရောက်သွားခဲ့ပြီး ...

"သွား .. ထွက်သွားကြစမ်း .."

အထဲကို ဝင်လိုက်တာနှင့် ကြည့်ရှုစောင့်ကြပ်နေသူတွေကို အကုန်လုံး နှင်ထုတ်ပစ်လိုက်ကာ ...

"ကြွေ .."

လူကို မြင်တာနှင့် ဘီလူးသရဲ မြင်လိုက်သလို သူမက လှဲနေရာမှ [illegible]နဲ့ ပင်ပန်းစွာ ရုန်းထနေ၏။

ပြီးတော့ ခွေဝိုက် ပုံကျနေသော ဆံပင်တွေ ခါးမကျိုးသေးခင် ခေါင်းရင်းကို ခြေကန်တိုးသည်။

ဆံနွယ်ရှည်တို့က သူမရဲ့ ရင်ဘတ်ပေါ်ကနေ ခေါင်းရင်းတိုးတဲ့အတိုင်း စောင်ဆွဲခြုံလိုက်သလို ပါသွားခဲ့ပြီး ခေါင်းရင်းတန်းမှာ [illegible]ကပ်မိတော့ ရင်ဘတ်ပေါ်မှာ တစ်ဝက် ..၊ အိပ်ရာထက်မှာ တစ်ဘက်..။

"ကြွေ .. နင့်ကို ငါ ခေါ်နေတာ .. ပြန်ထူးစမ်း ..၊ ထူးလို့ ပြောနေတယ် .."

"ဟင့် .. ဟင့် ..."

ဟင့်အင်းလို့ ပြောနေခြင်းပေမယ့် ခေါင်းခါခြင်းသာ ဖြစ်မြောက်နေခဲ့လျက် ..၊

'ဟင့်အင်း ..'သံက မပြည့်စုံဘဲ ထစ်ငေါ့နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်ရည်တွေ သွန်ကျလာခဲ့သည်။

ဦးညဏ်ကျယ် ဒေါသတွေ အတိုင်းအဆမဲ့သွားခဲ့ပြီး မျက်လုံးကြီး တွေ ပြူးထွက်လာ၏။

"နင့်ကို ငါက အလှထိုင်ကြည့်နေရုံနဲ့ ကျေနပ်ရမှာလား ... လာခဲ့ ..."

"ဟင့်အင်း .. မလုပ်ပါနဲ့ ...၊ မလာနဲ့ .. မလာပါနဲ့ .."

ခေါင်းအုံးနဲ့ မျက်နှာကို ကာကွယ်ပြီး ကြွေ ခိုက်ခိုက်တုန်နေ၏။

ညနေခင်းမို့ မှောင်ရီနေသော အိပ်ခန်းထဲမှာ ဦးညဏ်ကျယ် ၏ ရမ္မက်မီးတောက်က အားကောင်းနေခဲ့၏။

ဒေါသနှင့် ပူးပေါင်းကာ မွေ့ရာပေါ်ကို ခြေရင်းကနေ ဖွေ့ခဲ တက်လိုက်၏။

ပြီးတော့ ကြွေ့ ဆီကို လေးဖက် တွားသွားပုံက သတ္တဝါကြီးတစ် ကောင်ကောင်နှင့် တူနေကာ ...

"နင် ငါ့ကို အေးဆေး လက်ခံလိုက်တော့ .. မဟုတ်ရင် နင် န မှာနော် .. ကောင်းကောင်းပြောရင် နားထောင် .."

"ဟင့်အင်း .. ကယ်ကြပါဦး ...၊ သွား .. သွားပါ .. အဖေရေ အဖေ့ သမီးကို လာခေါ်ပါ .."

"ဟာ!... ဒီကောင်မ .."

ဦးညဏ်ကျယ် ချော့မော့ဖို့ ကြိုးစားနေရင်း စိတ်မရှည် ဖြစ်လာ ကာ သူမ ဆွဲလှဲ့ပတ်ခြုံထားသော စောင်တွေ မွေ့ရာခင်းတွေကို ဒေါ တကြီး ဆွဲဖယ်ပစ်၏။

ဆွဲရင်း ရုန်းရင်းနှင့် ကြွေ့ ကိုယ်လေး မွေ့ရာခင်းနဲ့ ရစ်ပတ်





ပေါ်ကို အထွေးလိုက်လေး ပါသွား၏။ ဦးညဏ်ကျယ် ကလည်း နဲ့ ခုန်အုပ်ချလေသည်။

ထိုမျက်နှာကြီး ကိုယ့်ရှေ့ ရောက်လာတာနှင့် ကြွေ စူးစူးဝါးဝါး ကာ ခေါင်းငုံ့ပစ်လိုက်လျှင် ...

"တောက်!... ကောင်မ .."

ဦးညဏ်ကျယ် ခေါင်းထဲမှာ ပူထူ မူးမိုက်သွား၏။

ကြွေ က ရုန်းကန်ဖို့ ကြိုးစားရင်း ဟိုက်ခိုက်မိသလို ဖြစ်သွားပေ တမင် တုံ့ပြန်လိုက်တာပဲလို့ ယူဆလိုက်သည့် ဦးညဏ်ကျယ် အကျယ် ပေါက်ကွဲတော့သည်။

ခေါင်းနဲ့ တိုက်မိပြီး သွေးတွေ ဖြာဆင်းလာသည့် ကိုယ့်နှာခေါင်း လက်နဲ့ ဖိလိုက်ပြီး ပြန်ကြည့်ကာ ...

"ငါ့ကို ပြန်ချတယ် ဟုတ်လား .. ကဲဟာ .."

"ဖြန်း .."

"အား!..."

"ကဲ .."

ဘယ်ပြန်ညာပြန် လွှဲရိုက်ပစ်လိုက်သဖြင့် ကြွေ အသံတစ်ချက်မှ နိုင်ဘဲ သတိလစ်သွားလေသည်။

"တွေ့မယ် .. နင့်ကို ခု သေသွားလည်း ခုချက်ချင်း ဆွဲချပစ်မယ်...၊ ဘာကောင် မှတ်နေလို့လဲ .."

ဦးညဏ်ကျယ် ရမ္မက်စိတ်တစ်ခုသာ ရှိတော့ကာ ဘာကိုမှ မဆင် ချင်ဘဲ ကြွေ့ ကိုယ်မှာ ရှိနေသမျှ စောင်တွေကို အကြမ်းပတမ်း ဖယ်ရှားပစ်သည့်ပြင် သူမကိုယ်ပေါ်က အဝတ်စားတို့ကိုပါ စုတ်တွေကဲ့သို့ စိတ်ရှိလက်ရှိ ဖြဲဆုတ်ခွာချပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အရာအားလုံးသည် သူ့ဆန္ဒရှိသည့်အတိုင်း ဖြစ်မ[...]ဘဲ ...

"ဒုန်း .."

"ဒုန်း .."

အခန်းတံခါးတို့သည် ပြင်းထန်စွာ ထုနှက်လိုက်သံကြောင့် [...]မြည်ဟီးသွားခဲ့ပြီး ...

"သူဌေး .. သူဌေးကြီး .. ဘုရားခန်းဘက်မှာ မီးတွေ လော[...]တယ် သူဌေး .. အမြန် ထွက်ပါ .."

"ဘာ!..."

ဦးဉာဏ်ကျယ် ကိုယ့်ကိုယ်ကိုယ် ဖရိုဖရဲ ဖြစ်နေသမျှကို [...]ကတန်း ပြင်ဆင်ပြီး တံခါး ပြေးဖွင့်လိုက်၏။

အပြင်မှာ မီးခိုးတွေ အူနေကာ အိမ်ထဲမှာ ရှိသမျှလူတွေ [...]ကိုယ်စီနှင့် ပြေးလွှား ဆူညံနေကြသည်။

ထိုစဉ် သူ မြင်လိုက်တာက ဘုရားခန်းတစ်ဖက်က အနီ[...]ကန့်လန့်ကာကြီး၏ နောက်ကနေ ပြေးထွက်လာသည့် စနေမီး [...]

"ဟိုကောင် .. မင်း!..."

"သူဌေး.. အောက်ကို မြန်မြန် ဆင်းပါ .. ပိုင်ယာကြိုးတွေ [...]ဖြစ်နေတာ .."

"ဟေ့ .. ရှော့ခ်ဖြစ်နေရင် မိန်း အရင်ပြေးချလေ .. ဘာ[...]ဘာလို့ မကျတာလဲ .."

"ဟုတ်တယ် .. မိန်း ပြေးချကြပါဟ .."

လျှပ်စစ်မီးကဖြစ်သည့် မီးမို့ ညှော်နံ့နှင့် မီးတောက်အားက [...]ထန်နေ၏။





ဒါပေမယ့် မိန်းချလိုက်တာနှင့် ရှော့ခ်ဖြစ်နေသည့် တောက်[...]ကက ငြိမ်းကျသွားပြီး အရာဝတ္ထုပစ္စည်းတွေမှာ စွဲလောင် ကျန်ရစ်[...]ကိုသာ ...၊

"ဝုန်း .."

"ဖျန်း .."

"ရေ .. ရေ ထပ်ယူခဲ့ .."

အသေးစား မီးလောင်မှုလေးသာ ဖြစ်ပေမယ့် ထိုပြဿနာနှင့် ပတ်[...]သက်၍ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"သူဌေးရယ် .. အားလုံး ဒီနေရာမှာပဲ မီးငြိမ်းဖို့ ပြေးလွှား စုရုံး
ကြတာပါ .. ကျွန်တော့်သားကျမှ ဒီနေရာမှာ ရှိနေတဲ့အတွက် အပြ
ပေးတယ် ဆိုတာ .."

"အပြစ်ရှိတယ် ထင်လို့ အပြစ်ပေးတာကွ .. ဉာဏ်ကျယ် ဆို
ကောင်က သူများထက် အလှမ်းကျယ်ပြီးသား .. ငါ့ကို ခါချဉ်လော
ဦးနှောက်လေးနဲ့ လှည့်စားဖို့ ကြိုးစားနေတာ မင့်သား .."

"သူဌေး .. သူဌေး ရယ် .. စဉ်းစားပါဦးဗျာ .. ဒီလောက် အစ
ကျဉ်းလေးထဲမှာ အစာ မစားဘဲ သုံးရက်တောင် နေရမယ်ဆို
ကလေးနဲ့ ဒီအပြစ်က .."

"ဟေ့ .. တိတ်စမ်း .."

ဦးဉာဏ်ကျယ် က စားပွဲကို ဖြန်းခနဲ ရိုက်ပစ်လိုက်ပြီး ထ
သည်။





"တစ်နေ့ကို သောက်ရေ တစ်ခွက်ပဲ ပေး .."

သူ့မျက်နှာရှေ့မှာ စံအိမ်ကြီးမှ ရှိသမျှ လူတွေကို ဝိုင်းပတ်စီတန်း
နေစေကာ အနားမှာ ခေါင်းငုံ့ရပ်နေသည့် ဦးကောင်းမြတ် ကို ရှုံ့မဲ့
ပြီးမှ အားလုံးဘက် ပြန်လှည့်၍ ...

"အဲ့ဒီအခန်းကို မပြတ် စောင့်နေဖို့ သစ်လွင် တို့ လင်မယား
တာဝန်ယူ .."

"ဟုတ်ကဲ့ပါ .."

"အေး .. ငါတို့နဲ့ ခင်တဲ့ ကောင်လေးဆိုပြီး ကျွေးမွေးတာ.. အခွင့်
အရေးပေးတာ တစ်ခုခု မင်းတို့ လုပ်ကြည့် ...၊ အားလုံးကို အရေခွံ
နွှာစ်မယ် .. နားလည်လား .."

သူဌေးရဲ့နောက်မှာ ရပ်နေကြသည့် လူမိုက်ပုံစံကြီးတွေနှင့် ကိုယ်ရံ
တော်တွေဆီ မျက်လုံးရောက်ကာ လင်မယားနှစ်ယောက်စလုံး ချက်
ချင်း ပြန်ငုံ့သွားကြသည်။

"အဲဒီကောင် ကြုံကြုံဖန်ဖန် ထိုးဖောက်ထွက်လာခဲ့ရင် တစ်ခါ
တည်း ရိုက်သတ်ပစ် .. ထွက်ပြေးသွားပြီဆိုရင် အဲဒီအခန်းက မင်းတို့
ချင်းပဲ .."

"သူဌေး .. ကျွန်တော် တစ်ခုလောက် မေးပါရစေ .."

သစ်လွင် က မရဲတရဲ ဝင်ပြောလာရင်း ...

"သူ အပေါ့အလေးကိစ္စတွေ ကျတော့ ဘယ်လို .."

"သုံးရက် မပြည့်မချင်း အဲ့ဒီထဲက မထွက်ရဘူး .. သူ့ဟာသူ
ချင်သလို ရှင်းလိမ့်မယ် .. ထွက်လာရင်လည်း အဲ့ဒီအခန်း သန့်ရှင်း
သူ့ဟာသူ ပြန်လုပ်ရမယ် ဒါပဲ .. သွားကြတော့ .."

သွားကြတော့ ဆိုပေမယ့် ဦးကောင်းမြတ် မသွားနိုင်ဘဲ ဇော်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ကျန်ခဲ့လေသည်။ ပြီးတော့ သူ့ကို စိုက်ကြည့်နေသ
ဦးဉာဏ်ကျယ် ၏ မျက်လုံးတွေနှင့် ဆုံကာ ...

"ကျွန်တော့်ကို .."

"ဒီမှာ ကောင်းမြတ် .."

ဘာမှ မပြောရသေးခင် ဦးဉာဏ်ကျယ် က သူ့နားကို ရောက်
ခဲ့ပြီး ...

"မင့်သား ဒီမိန်းကလေးကို ဝှက်ထားပေးခဲ့တယ် .."

ဟင်!...

ဦးကောင်းမြတ် မျက်နှာပျက်သွားတာကို ကြည့်ပြီး ရယ်သံသဲ
နှင့် မဲ့လိုက်ကာ ...

"ဒီမိန်းကလေး အိမ်ပေါ် ပြန်ရောက်လာတည်းက မင့်သား
အနီးအနားမှာ ယောင်လည်လည်နဲ့ အမြဲတမ်း ရှိနေခဲ့တာလည်း
သိတယ် .."

ဦးကောင်းမြတ် ခေါင်းခါမလို့ ဖျတ်ခနဲ မော့လိုက်တော့ ဦးဉာ
ကျယ် က လက်ကာလိုက်ပြီး ...

"ညနေက မီးကို မင့်သား ရှို့တာ .."

"ဟာ!... သူခွေး ဒါတော့ .."

"ငါ့အိမ်က မီးတွေ ဘယ်မှာပျက်ပျက် ချိုကြီး တို့ ညီအစ်
ပြင်တာ.. ဒါပေမယ့် မင့်သား အမြဲ ပါတယ် .. သူ တတ်ချင်ရင် တ
အောင် သင်တယ် .. လိုချင်ရင် ရအောင်ယူဖို့ လှည့်ပတ် ကြိုးစားတ
မင့်သား မတတ်တာ ဘာမှ မရှိဘူး .. မသိတာလည်း မရှိဘူး .."

"ဒါတွေက သူခွေးရယ် .. လူငယ်ပီပီ သူတို့ စိတ်ပါရာကိုပဲ
စိုက်ကြတာမျိုးပါ .. ခုလည်း သူခွေး ရိုက်နှက် ဆုံးမပြီးပြီပဲ .."





"ငါ ဆက်ပြီး သည်းမခံနိုင်တော့ဘူး ကောင်းမြတ် .. မင့်သားနဲ့
က်တိုင်း မင်း အမြဲတမ်း ဖုံးဖိ ကာကွယ်တယ် .. ဒါပေမယ့်
တော့ မင်းမျက်နှာနဲ့ သူ့ကို သည်းခံနေခဲ့တာ မဟုတ်ဘူး .."
အံ့ဩသွားသည့်မျက်နှာကို ကြည့်၍ ဦးဉာဏ်ကျယ် က မိန့်မိန့်
ပြုံးသည်။ ပြီးမှ ...

"သူ့အမေ မျက်နှာကြောင့် ..၊ သူ ဒီအရွယ်ထိ ငါ သဘောမကျ
တွေအပေါ်မှာ မျိုသိပ်ထားခဲ့တာ .."

ဒါ ဘာစကားလဲ ..၊

ဦးကောင်းမြတ် ဘာစကားမှ မပြောနိုင်ဘဲ မျက်ခုံးအစုံသာ ကုတ်ချိ
၏။

"သူ့အမေမျက်နှာ ကွက်ကွက်လေးကိုသာ ငါ မငဲ့ဘူးဆိုရင်
ကျယ် ဆိုတဲ့ ငါ့ရာဇဝင်မှာ သည်းခံခဲ့ဖူးတဲ့ ပြဿနာချက် ဘယ်
မှာမှ မရှိခဲ့သေးဘူး ကောင်းမြတ် .. ဒီလို ကောင်လေးမျိုးကို
သတ်ပစ်ခဲ့တာ ကြာပြီ .."

ဦးကောင်းမြတ် ငေးမောနေဆဲရှိလျှင် ဦးဉာဏ်ကျယ် က အနား
တိုးကာ ...

"ငါ လိုချင်တဲ့ .. ယူထားတဲ့ မိန်းမကိုတောင် ငါ အလိုမကျတဲ့
တ် ဘယ်လို ဒဏ်ခတ်ထားခဲ့သလဲ မင်း သိအောင် ပြလိုက်မယ်..
"–

တစ်လက်စတည်း သူ့ဘေးက လက်ရုံးတစ်ယောက်ကို မေးဆတ်
–

"ခေါ်သွားပြီး ပြလိုက်စမ်း .."

လူထွားကြီးတစ်ယောက်က ရှေ့ကို တိုးလာကာ ဦးကောင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com



ရေ့မှာ ခဏရပ်ပြီးမှ ဦးဆောင် ခေါ်သွား၏။

ဒဏ်ခတ်ထားတယ်ဆိုတော့ ခြံထဲမှာ အလုပ်တွေ တစ်ခုခု
ခိုင်းထားတာလား …၊ ဒါမှမဟုတ် ကျဉ်းကျုတ် ရှုပ်ပွနေသော အ
လွတ် တစ်ခုခုထဲမှာ စနေ့ လိုပဲ ထည့်ပိတ်ထားလိုက်ပြီးလား …၊

စိတ်တို့သည် ဒဏ်ခတ်ခံရသည့် အကြောင်းရင်းတို့အပေ
မခံချိ မခံသာ ရှုပ်ထွေးရင်း ကလေးနှစ်ယောက် အဖြစ်တွေကို တွေး
ခဲ့မိသည်။

စနေ့ ကို လှောင်ထားအောက် အခန်းကျဉ်းလေးထဲမှာ ထည့်
တော့ ကြွေ ဘယ်မှာလဲ …။

သို့သော် သူ ထင်သလို ခြံထဲကို ဆင်းတာလည်း မဟုတ် …၊ အ
တစ်ခုခုဆီကိုလည်း မသွားဘဲ အမြဲတမ်း ခမ်းနားစွာ ရှိနေခဲ့သည့် သူ
၏အိပ်ဆောင်ကိုသာ တည့်တည့်သွားနေခဲ့ပြီး …

"တံခါး တွန်းဖွင့်လိုက် .."

တံခါးက စေ့ထားသည်မို့ တွန်းဖွင့်ရုံပဲပေမယ့် ဒီတံခါးကို
လူယုံတွေကလွဲလျှင် ဘယ်သူမှ သွားခေါက်ဝံ့တာ မဟုတ် …၊ ဦးကော
မြတ် နားမလည်သလို မော့ကြည့်တော့ ထိုလူက မေးဆတ်၍ …

"ဖွင့်လိုက် .."

ဦးကောင်းမြတ် တံခါးကို တွန်းဖွင့်လိုက်သည်။

ပြီးတော့ မျက်လုံးက အခန်းထဲကို မရဲတရဲ လှမ်းကြည့်မိ
အကောင်းဆုံးခုတင်နှင့် ဓိမ်ခံပစ္စည်းတွေက အစုံ …၊

ဒါတွေ ခေါ်ပြတာတော့ မဖြစ်နိုင်ပါ …၊ ကြွေ့ ကို ဒဏ်ခတ်
သည်ဆိုတာ ဒီထဲမှာ ဆိုရင်တော့ …

"ဟင်!…"





ကြွေ!…

သူ့ဧည့်ရဲ့ သီးသန့် ဘားနံဘေးမှာ ကြွေ သည် …၊

"မင်း!… မင်းတို့ .. ကြွေ .."

ဦးကောင်းမြတ် တစ်ကိုယ်လုံး ခတ်လိုက်သလို နောက်တွန့်၍
တုန်ခါသွား၏။ တံခါးကို ကတုန်ကယင် ပြန်ဆွဲပိတ်လိုက်ရင်း …

"ဒီ .. ဒီလောက်ထိတောင် .."

"ခင်ဗျား မြင်ပြီမို့လား .. သွားတော့ .. စကား ရှည်မနေနဲ့ .."

မြင်ပါသည် …၊

မိန်းမပျိုလေးတစ်ယောက်ကို ဝတ်လစ်စလစ်ဖြင့် ကြိုးနဲ့ ကပ်တုပ်
ထား အရက်ဘားရဲ့ ဘေးမှာ …၊

"ကျွတ်!…"

ဦးကောင်းမြတ် ရင်တွေ တုန်နေဆဲ …၊

ကိုယ့်မှာ သမီး မွေးမထားပေမယ့် ကိုယ့်သမီး အရွယ်လေးမို့
ဘယ်လိုမှ ရင်ထဲ မကောင်းနိုင် …၊

ဖအေကိုလည်း သတ်ပစ်ခဲ့ပြီးပြီ …၊ အစ်ကိုတစ်ယောက်လုံးကို
ဆောင်တန်းကျသွားနိုင်သည့်အမှုမျိုး ဖွင့်ဆင်ပြီး အချုပ်ထဲလည်း ထည့်ခဲ့
ပြီသည်။

ဒီ မိန်းကလေးကို ဘာလို့ ထပ်ပြီး ဒုက္ခပေးနေသေးတာလဲ …၊

မိန်းကလေးတစ်ယောက်ဆီက ကာမဆန္ဒကို အရယူဖို့ အဓိကနဲ့
တရားသဖြင့် ရယူ သိမ်းပိုက်ထားခဲ့ပြီးမှ နောက်ထပ် ဘာတွေ ထပ်လို
ချင်တာလဲ …။

'ငါ အလိုမကျတဲ့အတွက် ဒဏ်ခတ်တာ..' လို့ ပြောခဲ့တာကို သတိ
ရတော့ အံကြိတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် ဒါမှမဟုတ် မိန်းမပျိုလေးတစ်ယောက်အပေါ်မှာ အစွမ်းကုန် ယုတ်မာရက်စက်တဲ့ နည်းတွေကို ခုကျမှပဲ မျက်ဝါးထင်ထင် တွေ့ရတော့သည်။

"ဒီလူကြီးကို ကျေးဇူးရှင်လို့ အဖေ ဘာဖြစ်လို့ သတ်မှတ်နေတာလဲ ..၊ စဉ်းစားလို့ မရဘူး .."

"ယုတ်မာတတ်သေးတယ် .."

"ဒီလူကြီးက လူဆိုးကြီးပါ .."

စနေ ပြောခဲ့သမျှကို ပြန်တွေးရင်း ကလေးကတောင် ဒါတွေကို ခံစားမိနေခဲ့ပါလျက်နဲ့ သူ ဘာမှ ဂရုမစိုက်ဘဲ နေခဲ့မိသည်။

မကောင်းတဲ့လူတစ်စု ဆိုတာ မသိလို့တော့ မဟုတ်ပါ ..၊ ဒါပေမယ့် ဒီလောက်ထိ ဆိုးရွားနေမယ်လို့ မထင်ခဲ့သလို ကိုယ့်အလုပ် ကိုယ်လုပ်တာ အကောင်းဆုံးပဲလို့ သတ်မှတ်ခဲ့မိ၏။

"သူ ကျွေးတာကို စားနေတော့ ငရဲတစ်ဝက် မျှယူနေသလိုပဲ" တဲ့။

ခုတော့ စနေ ပြောသလိုပဲ ဖြစ်လာတော့မှာလား ..၊

မဟုတ်ဘူး .. ငါ့သားကို ငါ ကယ်ရမယ် ..၊ ဒီ စတိုခန်းလေးထဲက လွတ်ဖို့ မဟုတ်ဘူး .. ဒီအင်ပါယာထဲကနေ ရုန်းထွက်နိုင်ဖို့ ..၊ ငါ့သား လွတ်မြောက်ဖို့ ကယ်ရမယ် ..။





အခန်း (၈)

"ဒါနဲ့ သူဌေးကို တဆိတ်လောက် မေးလို့ရမလား မသိဘူး .."

အခန်းကျဉ်းလေးရဲ့တံခါးကို ခြေထောက်နဲ့ တိုက်ဖွင့်ကာ မုဆိုးဆောက် ထိုင်လိုက်ပြီး အထဲကို ကြည့်နေမိစဉ် ပွဲစားရဲ့ ခြေအစုံက ... မလှမ်းမကမ်းကို ရောက်လာ၏။

ပြီးတော့ သူ့လိုပဲ ဘေးမှာ ခြေဖျားထောက်၍ ခပ်ကြွကြွ ထိုင်လိုက်သာ ..

"ဟွန်း .. ဒီလိုပါ .. ဒီကို ပထမ လာကြည့်တုန်းကလည်း သူဌေး ...ခန်းလေးကို စိတ်ဝင်တစား ကြည့်တယ်လေ .. ခုလည်း ကြည့်နေ ... တွေ့တော့ .."

ခပ်မဲ့မဲ့အပြုံးနှင့် သူ့မျက်နှာ လှည့်လာတော့ ပွဲစား စကားရှော ...သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အံ့ဩလို့ပါ .."

"ရတနာသိုက်များ ရှိနေသလားလို့ရော မတွေးမိဘူးလား .."

ကိုချစ်ဦး မျက်နှာ သူခိုး လူမိသွားသလို ခပ်အမ်းအမ်း ဖြစ်သွား သည်။

ပြီးမှ ရှက်ရယ် ရယ်လိုက်ပြီး ...

"တွေးလိုက်မိတာ အမှန်ပဲ .. ဒါပေမယ့် သူ့ဒွေးကို နောက်ချင်စိတ် ဖြစ်သွားတာပါ .. လူတစ်ကိုယ်တောင် ခြေဆန့်လှဲလို့မရတဲ့ ဒီလောက် ကျဉ်းကျဉ်းလေးကို ထင်စရာလားဗျာ .. နောက်တစ်ခုက .."

"ဆောရီး .."

သူ ထရပ်လိုက်ပြီး ရှေ့ဆက် မပြောနိုင်အောင် လက်ကာ တား လိုက်၏။

ကိုချစ်ဦး ကလည်း မတ်တတ်ရပ်လိုက်ကာ ...

"ကျွန်တော်က ဒီလိုပါ .. မရင်းနှီးကြလို့ မစပ်စုသင့်ဘူးဆိုတာ သိပါတယ် .. ဘာမှလည်း မမေးပါဘူး .. ဒါပေမယ့် ကိုမြင့် ကတော့ သူ့ဒွေးကို ဒီခြံကြီးနဲ့ ပတ်သက်နေတဲ့ မိသားစုဝင်ထဲက .."

"ခင်ဗျားရဲ့ စကားတွေကို ရှေ့ဆက်နေရင် ကျွန်တော်နဲ့ ခင်ဗျား တို့ အလုပ် ဆက်လုပ်ဖို့ မရှိတော့ဘူးဆိုတာ ဒီမှာ တစ်ထိုင်တည်း အဖြေ ပေးသွားလို့ ရတယ် နော် .."

"ဟာ!... မလုပ်ပါနဲ့ .. မပြောတော့ပါဘူး .."

"အိုခေ .. ကျုပ် ပြောထားတဲ့သတင်း ရလို့ ဖုန်းဆက်တာဆိုရင် ခု ပြောလို့ ရပြီ .."

မျက်နှာက တင်းနေသည်။

ပြောပုံက စီးကြောလွန်း၏။





ဒါပေမယ့် ပွဲစားဆိုတော့ သည်းခံရမည်မို့ ...

"သေချာကို ရခဲ့တာပါ .. ဒါပေမယ့် .."

"သူတို့ ဘယ်မှာလဲ .."

လူသတ်တော့မည့်မျက်နှာ ချက်ချင်း ဖြစ်သွားကာ 'လိုရင်းကိုပဲ ပြော ..' ဆိုသည့် ခြိမ်းခြောက်သံက အေးစက်စွာ ထွက်လာခဲ့၏။

ကိုချစ်ဦး ကလည်း ဒီလောက်တော့ သွေးနည်းသူ မဟုတ် ..။

"ပြောမှာပါ .. ဒါပေမယ့် ကျွန်တော်တို့ဘက်က မနည်းဘူး စိုက် ထုတ်ခဲ့ရတာ ..၊ ဒါက သွားရလာရတဲ့ စရိတ်စက ဒုက္ခတွေကိုချည်း ပြောတာ မဟုတ်ဘူး .. ခင်ဗျားက ဒီလူတွေနဲ့ မပတ်သက်ဘူးလို့ပဲ ပြောထားပြီး ပွင့်ပွင့်လင်းလင်း ပြောရရင် သူတို့လူစုက အရမ်း ကြောက်တယ်လို့ ပြောတယ် .. ကျွန်တော်တို့လူတွေ တော်တော် အန္တရာယ် များတာ .."

"အဲဒီတော့ ဘာဖြစ်ချင်တာလဲ .."

"ခင်ဗျား ပြောသလို ဒီခြံ အရောင်းအဝယ် တည့်ချင်တယ် .. ကျုပ်တို့ချင်း ယုံကြည်မှုနဲ့ လုပ်ခဲ့ကြတာဆိုတော့ ကျုပ်က ယုံပြီး စွန့် စားစား စုံစမ်းခဲ့တယ် .. ခင်ဗျားဘက်ကလည်း ယုံကြည်တယ်ဆိုရင် စရန်ပေးစာချုပ် ချုပ်ချင်တယ် .."

"ကျုပ် သိရပြီးမှ ချုပ်မယ် .."

"စကားကျွံရင် နုတ်မရဘူး .. စကားတစ်ခွန်း ပြောတယ်ဆိုတာ ပြီးသား တံတွေးကို ပြန်မျိုရတာထက် ခက်တယ် .."

"စာချုပ်စာတမ်းက ပိုခက်ခဲတာ မဟုတ်ဘူးလား .. စာတစ်လုံး ထပ်ရာ .."



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် .. ဒါပေမယ့် စာချုပ်မှာ နှစ်ဦးနှစ်ဖက် လက်မှ
ထိုးကြရုံပဲ .. ကျုပ်တို့ဆီက ခင်ဗျား လိုချင်တဲ့စကားကို ကြားပြီ
စာချုပ်နဲ့ ငွေကို အပ်ရုံပါပဲ .. ကျုပ်တို့က မယုံကြည်လို့ မဟုတ်ဘူး
ဒီနေ့ အလုပ်ဖြစ်ခဲ့တယ် .. ဒါပဲ လိုချင်တာ .."

"ဟွန်း .."

"ခင်ဗျားလည်း သူဌေးပဲဗျာ .. နာရီနဲ့အမျှ ငွေထွက်နေအော
ရှာနိုင်တဲ့လူပါ .. ကျုပ်တို့ ဒီအလုပ် တစ်ခုတည်းအတွက် ပေးဆပ်ထား
ခဲ့တဲ့ လုပ်အားတွေ .. အချိန်တွေက အရမ်းကို တန်ဖိုးရှိတယ်ဆို
ပြောပြဖို့တောင် မလိုပါဘူး .."

နောက်ဆုံးမှာ 'မင်းကြီးဂေဟာ'ကို သူ စရန်ပေးစာချုပ်ဖြင့်
ယူဖြစ်ခဲ့၏။

အသူရာလို နက်ရှိုင်းသိပ်သည်း၍ စိတ္တဇဆန်သော ဖြစ်ရပ်
နှင့် 'မင်းကြီးဂေဟာ'သည် သူ့အတွက်တော့ ခုချိန်ထိ ပူလောင်နေ
ဖြစ်သည်။

ကားထဲပြန်ရောက်ကာမှ စီးကရက် မီးညှိ၍ စတီယာရင်မှာ လ
တင်ရင်း အိမ်ကြီးဆီကို ကားပေါ်ကနေ ငေးကြည့်နေမိသည်။

မကြာ မကြာ ခြောက်လှန့်နေခဲ့သော မဆပ်နိုင်သေးသည့် အ
ကြွေးက အချစ်နဲ့ ပတ်သက်သမျှ ရင်ခုန်သံတွေကိုပါ ဖယ်ချ ခေါ
ထားစေခဲ့သည်။

ဒီလူ တစ်စုလုံးက သူ့ရန်သူတွေ ..။

ခေါင်းဆောင် .. အစွယ်အပွားတွေကအစ အားလုံးကို သူ
ခဲ့၏။

စနေမီး ဆိုသည့် ဘဝကနေ ဒီနေ့ မီးလျှံ ဖြစ်လာခဲ့ရ





သည် ..။

အတွေးတို့သည် ဖုန်းသံကြောင့် ပျက်ပြားခဲ့ရကာ ...

"ပြော .."

"... ... ... ..."

"အင်း .. အိတ်ချိန်းရုံးမှာ ဆုံမယ်လို့ ပြောလိုက် .."

"... ... ... ..."

"မနက်ဖြန်လုပ်မယ့် ကိစ္စကို မင်း မသွားနဲ့ ..။ ခဲတံ တို့ သုံး
ယောက်နဲ့ပဲ ရတယ် .."

"... ... ... ..."

"အေး .. ဆုံမှတ်က အဲ့ဒါပဲ .. လုံးဝ အစမကျန်စေနဲ့ ..။ အရင်း
ဖြစ်ဖြစ် .. အဖျားဖြစ်ဖြစ် .. ခလုတ်တိုက် လဲတဲ့ကောင်ရှိရင် ပြန်လှည့်
ထုနဲ့ .. ထုပေးတဲ့ကောင်ပါ ရှင်းပစ် .."

ကားသည် ခြံကြီးကို တစ်ပတ်ပတ်ပြီးမှ တံခါးမကြီးဆီ ဦးတည်
သွားခဲ့၏။

သူ မပြန်မချင်း စောင့်နေပေးနေရသည့် ပွဲစားတွေကတော့ ကား
ထွက်သွားမှ သက်ပြင်းချနိုင်ကြကာ ...

"ဒီကောင့်ပုံ ကြည့်ရတာ .. မင်း ကြားခဲ့တဲ့ ဦးဉာဏ်ကျယ် ထက်
ကျယ်မယ့်ပုံပဲ .. ဟုတ်ရဲ့လား .."

"ဘာလဲ .. မင်းဟာက .."

"အလုံး အရှုပ် အကုန်လုံးပဲ .."

"ဘယ်လို!..."

"သြော် .. မင်းက တစ်မျိုး ..။ စကားလုံး စကားရပ်ကို ပြောတာ
ဘူ .. ဒီကောင် လေလုံးထွားနေတာ မှန်းစရာ ကောင်းပေမယ့် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ ထွားတာလဲ ..၊ မပြောလို့တောင် ခက်နေတာ .. ဒီလိုလူ ကို လေလုံးထွားတဲ့လူလို့ မခေါ်ဘူး .. မှတ်ထား .."

"ဘာလို့ ခေါ်သလဲ .."

"မသိဘူး .. ဒါပေမယ့် ကြောက်စရာကောင်းတဲ့လူပဲ .. ဦးညာ ကျယ်ကြီး က တပည့်တပန်းတွေနဲ့ လုပ်စားနေတာ .. သူက တစ်ကိုယ် တော် .."

"မင်း ပြောတော့ မင်းကြီးဂေဟာ က လူကောင်းတွေ မဟုတ်ဘူး ဆို .."

"ငါလည်း သူများပြောတာ ကြားခဲ့တာပဲ.. မင်းကြီးဂေဟာဆိုတာ ဘာကြောင့် ခေါ်မှန်းတောင် မသိဘူး .. ဆေးနီသုတ်ပြီး နန်းတော်ကြီး လို လုပ်ထားလို့လား ..၊ ဒီလူကြီးကပဲ သူ့ကိုယ်သူ အထင်ကြီးလွန်းပြီ ရူးကြောင်မူးကြောင် မှည့်ထားတာလား ..၊ တစ်ခု သေချာတာက ! ကောင် မိသားစုကို မြင်ချင်လွန်းလို့ အလွမ်းပြေ လိုက်ရှာနေတာ မဖြ နိုင်ဘူး .."

"ဒီအိမ်ကြီးကိုတော့ တော်တော် ရင်းနှီးနေတာပဲ .."

"မတွေးနဲ့တော့ကွာ .. သူများကိစ္စ .."

"ဒါပေမယ့် စိတ်ဝင်စားဖို့ ကောင်းတယ်ကွ .. ရန်ငြိုးတွေ အ တွေ ဖြစ်နေရင် ငါတို့က သူများ ဒုက္ခရောက်အောင် လမ်းညွှန်လိုက် သလို မဖြစ်ဘူးလား .."

"မဖြစ်ပါဘူး .. လမ်းညွှန်တာက ငါတို့ မဟုတ်ဘူး .. အခု ပိုင်ရှင်တွေ ..၊ သူတို့ ပြောလို့ ငါတို့ သိတာ .."

"သိတာကို ပြောတာမှ မဟုတ်ဘဲ .. မင်းက ကိုယ်တိုင် လိုက်သွာ ပြီး ကြည့်သေးတာ .."





"ဟ .. ဒါကတော့ ဆယ့်လေးငါးပုံးလောက်နဲ့ လဲလှယ်ယူမယ့် မဟုတ်တာ .. ပြီးတော့ ဒီလူ့ပုံစံကို ကြည့်ပါဦး ..၊ ငါတို့ တစ်ချက် နဲ့ လည်ပင်း ထမညှစ်ဘူး ပြောနိုင်မလား .. သေချာမှ ဖြစ်မယ့် .."

"ဒါက လည်ပင်းညှစ်သတ်မယ့်လူမျိုး မဟုတ်ဘူး .. ဂရိတ်(တ်) သား .."

"ဟင်!..."

"မင်း ပြောတာတွေကို တွေးကြည့်လေ .. ဒါပဲ ရှိတာ .."

ကြက်သီးတော့ ထသွားမိသည်။

ဆိုး သူခိုးဆိုတာ ချိုပါတာ မဟုတ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"စုံစမ်းနိုင်းတဲ့ကိစ္စ ခုထိ အဆင်မပြေသေးတာ ငါ စိတ်မကော ပါဘူးကွာ .. ငါလည်း .."

"မင်းအပြစ် မဟုတ်ပါဘူး .."

ခွင့်လွှတ်တတ်တဲ့အကျင့် မရှိပေမယ့် ဒါက အပြစ်တစ်ခု မဟု ပေ ..။

ပြီးတော့ ကိုယ့်ရင်ထဲက လျှို့ဝှက်သည့် ခံစားချက် တစ်စုံတ ကို လူတိုင်းကို မသိစေချင် ..။

နန္ဒ ကတော့ အတွင်းရေးတွေ ပြောဆို တိုင်ပင်လို့ရတဲ့အထိ ရင် ခဲ့တဲ့ မိတ်ဆွေသူငယ်ချင်း ..။

ထို့ပြင် ကိုယ့်ရဲ့အကျိုးစီးပွားတွေ မှန်သမျှကို သူက ဦးစီး ကွယ်ပေးထားတဲ့ သူ ..။





"မင်း အဲ့ဒီခြံကို ပြန်ပြင်ဖို့အတွက် ဘယ်လိုလုပ်ချင်သလဲ ပြော ငါ့လူတွေနဲ့ အားလုံး လုပ်ခိုင်းလိုက်မယ် .."

"ထားလိုက်ပါဦးကွာ .. ငါ စိတ်ဝင်စားတာက ခြံကို မဟုတ်ပါ ."

"ဒါပေမယ့် လျှံ .. မင်း စိတ်ဝင်စားတာတွေကို တောက်လျှောက် ပြီးပြီပဲ .. စိတ်မဝင်စားခဲ့တာတွေကို တစ်ချက်လောက်တော့ ပြန် ဖို့ သင့်ပြီ ထင်တယ် .."

"ငါ လုပ်ခဲ့တာတွေက ခရီးတစ်ခုကို ဖြတ်သန်းနေတာပဲ နန္ဒ .. ဆုံးသေးဘူး .. ငါ့ရဲ့ခရီးလမ်းဆုံးမှာ ရွာတွေပြီး နားခိုခွင့် ရမှာ ရွာပျက်ကြီးကိုပဲ တွေ့ပြီး လမ်းပျောက်ဦးမှာလား ဆိုတာ .."

ဘားမဆုံးခင် မျက်နှုံးကို ခြစ်လိုက်ပြီး ပြုံးသည်။ ဟိုတယ်လ ဆုံးထပ်၏ ဝရန်တာမှာ အတူတူ ရှိနေတာမို့ နန္ဒ က မီးလျှံ ဘေါက အပြုံးကို စိုက်ကြည့်သည်။

ပြီးတော့ သူပါ ရောပြုံးမိကာ ...

"ငါ သိပြီ .. မင်းရဲ့ ခရီးလမ်းအဆုံးမှာ ရွာ ပျက်မပျက် ဆိုတာက မှာ မင်း တမ်းတရှာဖွေနေတဲ့ ရွာသူလေး ရှိနေမှ .."

"ဟွန်း .."

"တွေ့ .."

"ငါ သူ့ကို အရမ်း တွေ့ချင်တယ် .."

"ဟုတ်တယ်လေ .. တော်ရဲ့ စွဲလမ်းထုံစိတ်နဲ့ဆို မင်း ဒီလောက် ကြာတဲ့အထိ စွဲနေဘဲနဲ့ ဘယ်ရှာပါ့မလဲ .."

"ဒါပေမယ့်ကွာ .."

မီးလျှံ က အဆင်သင့် ရှိနေသည့်ခုံမှာ ထိုင်လိုက်ပြီး ကျောမှီမှာ



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက် ဆန့်တင်ကာ ...

"ငါ သူ့ကို ဘာဖြစ်လို့-စွဲလမ်းခဲ့သလဲဆိုတာ ကိုယ့်ကိုယ် နားလည်ချင်တယ် .. ကလေးအရွယ်လေး မဟုတ်တော့ပေမယ့် ငယ်ရွယ်စဉ်ဘဝက အရမ်း ဆိုးရွားခဲ့တယ် .. အဲ့ဒီဘဝမှာ ငါ အများကြီး အဖြစ်ဆိုးနေခဲ့တဲ့ မိန်းမတစ်ယောက်ကို ငါ သနားနေခဲ့ လား .. သူ့ရဲ့ အလှတွေကို .."

ဆက်မပြောနိုင်ဘဲ ကျွတ်ခနဲ ဖြစ်သွားခဲ့ပြီး ...

"မိန်းမတစ်ယောက်ရဲ့ အလှကို လှတာမြင်ရင် လှလိုက်တာ ငေးကြည့်မိရုံအပြင် တခြားစိတ်မျိုးနဲ့ ငါ မဖောက်ပြန်ခဲ့ဘူး .. အ အသက်ငယ်နေတာနဲ့ ဆိုင်ရင်လည်း ဆိုင်မယ် .. ငါ့စိတ်ကိုက ဟို တည်းက နူးညံ့တဲ့ဘက်မှာ အားနည်းခဲ့တာလည်း ဖြစ်နိုင်တယ် .. ဒ မယ့် ငါ သူ့ကို မရိုးသားစိတ်နဲ့ စွဲလမ်းခဲ့တာ မဟုတ်ဘူး .. အဲဒ သေချာတယ် .."

"မသေချာတာက ဘာလဲ .."

"အခု ငါ ဘယ်လိုလဲဆိုတာ မသေချာဘူး .."

"မင်း မသေချာပေမယ့် ငါကတော့ သေချာသိတယ် လျှံ .. သူ့ကို စွဲလမ်းနေတာ .."

"ငယ်စဉ်တည်းက မကြာမကြာ မက်ခဲ့တဲ့ အိပ်မက်ဆိုးတွေ စွဲလမ်းနေကြတာမျိုးလည်း ရှိတာပဲ .. အိပ်မက်ဆိုး မမက်တော့ တောင် မမက်တော့တာ ကြာပြီဆိုပြီး သတိရတတ်ကြတယ် - အဲဒီလို ဖြစ်နေတာလားလို့ တွေးနေမိတာ .."

ဟိုတယ်လ်က ဝန်ထမ်းနှစ်ယောက် စားသောက်စရာတွေ လာ ပြီး သေချာ ခင်းကျင်းပေးသွားတာကို တိတ်ဆိတ်စွာ ကြည့်နေပြီး





"ငါ့ရဲ့ ဆိုးရွားတဲ့ဘဝထဲမှာ သူ့ဘဝလည်း ဆိုးခဲ့တယ် .. မကောင်း ရဲ့ ငါတို့ တစ်နေရာစီ ဖြစ်သွားခဲ့ကြတယ် .. ငါက ယောကျ်ား ဖြစ်တဲ့အတွက် ငါ့ဘဝက ဆိုးခြင်းကောင်းခြင်း နှစ်ရပ်ထဲမှာ တ်သလို ရပ်တည်သွားရုံပဲ .. သူ့ဘဝ ဘာဖြစ်သွားသလဲဆိုတာ သိရဘူး .. ဒါကြောင့် ငါ ထင်နေတာက သူ့ကို ကူညီပေးချင်တဲ့ တွေနဲ့ သနားနေတာလား .."

"နောက်တစ်ခုက မင်း သူ့ကို ပထမဆုံး ရင်းနှီးခဲ့ဖူးတဲ့ မိန်းမမို့လို့ နေတာလား .. ဟုတ်တယ်မို့လား .."

မီးလျှံ က ခေါင်းညိတ်သည်။ နန္ဒ က ဘီယာတစ်ခွက် ထည့်ပြီး ကို တိုးပေးကာ ...

"ဘာကြောင့်ပဲဖြစ်ဖြစ် မင်း သူ့ကို မတွေ့တွေ့အောင် ရှာမှာပဲမို့ .."

မီးလျှံ က မဖြေ ..၊

"မင်းတောင်မှ စနေမီး ကနေ မီးလျှံ ဖြစ်လာခဲ့တယ် .. ငါက လို့ ခေါ်တော့ မင်းကို လျှံ လို့ပဲ သိထားတဲ့လူတွေလည်း ရှိတယ်.. ည်း ခုချိန်ထိ 'ကြွေ'ဆိုတာ ဖြစ်နေပါ့မလား ..၊ မင်း အာရုံထဲမှာ င်နေခဲ့တဲ့ ဒဏ္ဍာရီဆန်တဲ့ ဆံပင်ရှည်တွေကိုလည်း ဖြတ်ချပစ်လိုက် တာပဲ .."

"ငါ အဲ့ဒါတွေ ဖြစ်နေနိုင်တယ်လို့ တစ်ခါမှ မတွေးမိဘူး .."

"ဒါတွေ ဖြစ်မနေနိုင်ပါဘူးလို့ပဲ ပြောလိုက်စမ်းပါကွာ .. မင်း ည်ထားတဲ့ အရာအားလုံး မှန်တယ်ဆိုတာ မင်းရဲ့ သီအိုရီပဲ .."

"ဟုတ်တယ် .. ငါ ဒီတိုင်း တွက်ထားတယ် .. ဒါပေမယ့် .."

"နေဦး လျှံ .. ငါ -ပြောဦးမယ် .. အစတည်းက သူက သူမျိုး



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်ခံခဲ့ရတဲ့ အဖြစ်ဆိုးနဲ့ တိုးခဲ့ရတာ .. ခုချိန်မှာဆိုရင်ရော ဘယ်လိုဘ၀မျိုးမှာ ရှိနေမယ်လို့ မင်း ထင်လဲ ..''

''ထင်နေတာတွေ ငါ စိတ်မရှည်ဘူး .. အဲဒါကြောင့် ငါ တွေ့ တယ် .. သူ ဘယ်ဘ၀မျိုး ရောက်နေနေ ငါ သူ့ကို တွေ့လိုက်ရ စိတ် ဘယ်လို ခံစားရမလဲဆိုတာ သိချင်တယ် ..''

နှစ်ယောက်စလုံး ဘီယာခွက်ကို ကိုယ်စီကိုင်ကြပြီး ဘယ် မသောက်ဖြစ်သေးပေ ..။

နန္ဒ က သက်ပြင်းမောကြီး ချလိုက်ကာ ...

''မင်းဘ၀မှာ အားလုံး ပြည့်စုံနေပြီပဲ လျှံ .. ပြောရမယ်ဆို ငါတို့ကသာ သူများနှာခေါင်းနဲ့ အသက်ရှူနေရတဲ့လူတွေပါ .. မင်းကို ဒီ့ထက် ပြီးပြည့်စုံတဲ့ဘ၀မျိုးနဲ့ အေးဆေး နေစေချင်တ မင်းမိဘအတွက် ကလဲ့စားချေတယ်ဆိုရင်တောင် .. ဒီအတဲ့အလှ ကျေသင့်သလောက်တော့ ကျေနေပါပြီ ..''

''မင်းက ကြွေ့ အတွက် ကလဲ့စားချေဖို့ ဒီလူယုတ်မာကြ ငါ ရှာနေတယ် ထင်လို့လား ..''

''မဟုတ်ဘူးလို့ ငြင်းရင်တော့ မင်း ညာတာပဲ ..''

''ငါ မညာဘူး နန္ဒ .. တစ်ခုရှိတာက ဘယ်သူမှ မသိနိုင်တဲ့ ရင်ထဲက တချို့တလေပဲ ..၊ ဒါကို ငါ ဘယ်သူ့ကိုမှ ပြောဖို့ စိတ် မရှိဘူး .. ဒါကြောင့် မင်းလည်း ငါ့ကို နားလည်နိုင်မှာ မဟုတ်ဘ ငါ ထပ်ပြောနိုင်တာက ငါ့ဘ၀အတွက် ဒီလူကြီးဆီမှာ ပြန်ယူဖို့ ရှိသေးတယ် ဆိုတာပဲ ..''

ဦးညာဏ်ကျယ် ..၊

ခင်ဗျားကြီး အရှောင်ကောင်းတယ် ..၊





ါပေမယ့် နောက်ထပ် ဘယ်အချိန်ထိ ခင်ဗျား ရှောင်ပုန်းနေနိုင်

ခွက်ထဲမှာ ဘီယာတွေ မဟုတ်ဘဲ ဦးညာဏ်ကျယ် ရဲ့ အဆီပြန် ည့် မျက်နှာကြီးက နေရာယူနေသည်။

ာဖျစ်သည့် နှုတ်ခမ်းသားတို့ကို ဖိတော့မလို မဲ့တော့မလိုနှင့် စရာ လှုပ်လှုပ်ရှုရှု လုပ်ပြနေသေးသည်။

''ဗမ်း .. အဲ့ဒီ ခွေးသူခိုးလေးကို အမိဖမ်းစမ်း ..''

''ခင်းက မလောက်လေး မလောက်စားနဲ့ ငါ့မိန်းမကို ကြာကူလီ င်လို့ .. ကိုင်းကွာ ..''

''ချွတ် ..''

''ဟင်!...''

ခွက်ကို ကိုင်ထားရာကနေ ဖျစ်ပစ်လိုက်တာကို နန္ဒ မသိလိုက်

တွဲအက်သွားသံ ကြားလိုက်ရကာ ဘီယာတွေ ဖျောခနဲ ဖိတ်စဉ် ..

''လျှံ .. ဟာ!... မင်းလက် ..''

အမန်းကတန်း လှမ်းဆွဲတော့ မီးလျှံ က လက်ကို ရှောင်လိုက်ပြီး ါပြသည်။

''လျှံ ..''

''ဘာမှ မဖြစ်ဘူး ..''

ကွဲစတွေကို စက္ကူတစ်ချပ်ဂနေ သွန်ချလိုက်သလို စားပွဲပေါ် လိုက်သည်။

ပြီးတော့ လက်ကို နှစ်ချက်လောက် ခါပစ်လိုက်ပြီး တစ်ရှူးတော့



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်ကာ စိမ်ပြေနေပြေ သုတ်၏။

လက်ချောင်းထိပ်နေရာနဲ့ လက်ဖနောင့်မှာ သွေးစို့နေတာ

ပေမယ့် သွေးသံရဲရဲ ဘာမှ ဖြစ်မသွားပေ ..။

ဒါပေမယ့် ဖန်ခွက်ကတော့ ကွဲအက်သွားရုံမဟုတ်ဘဲ ကြေ

သွားတာမို့ ...

"မင်းလက်က အရေခွံ ထူနေတာလား ..၊ ဖန်ခွက်သားက

လားတော့ မသိဘူး .. ငါတော့ အံ့ရောပဲ .."

"ငါ့ဘဝမှာ ဒီ့ထက် အံ့ဩစရာတွေ ရှိသေးတယ် .."

"ဟင်!..."

"ဘဝခရီးက ကြမ်းလေ ကမ္ဘာမြေကြီးအကြောင်းကို နား

လေပဲ .. ကမ္ဘာမြေကြီးက လူတွေကို ဖန်ဆင်းတာ မဟုတ်ပေမယ့်

ဝါးမျိုသွားတာ .. တစ်ဘဝလုံး ပြေးလွှားရှန်းကန်ရင်း နေပူမှာ

မိုးရွာမှာလား ကြောင့်ကြရတယ် ..၊ ငုတ်ရှူးမလား .. ချောက်ထဲက

စိုးရိမ်ရတယ် .. မော့လည်း ကြည့်ရတယ် .. ငုံ့လည်း ကြည့်ရတ

ပြောပြရင်း နာကြည်းသော မဲ့ပြုံးက အေးစက် ခက်ထန်နေ

"အမြဲတမ်း ငုံ့ကြည့်နေတဲ့ ကောင်းကင်ရယ် .. သက်ရှိ

အဆိုးအကောင်း အားလုံးကို မငြူမစူ ထမ်းပိုးထားတဲ့ ကမ္ဘာ

ရယ် .. သူတို့နှစ်လွှာကြားမှာ နေပြီး သူတို့ကို နားလည်နေတာ င

လူတွေပဲ ..၊ ဒါပေမယ့် ပညာရှိလို့လည်း ဘယ်သူမှ မသတ်

လူတန်းစားတွေပေါ့ .."

ဘဝနဲ့ ပတ်သက်သည့်ဒဏ်ရာက သေးသေးလေး မဟုတ်ပါ

သူ စဉ်းစားနေမိတုန်း မီးလျှံ ၏ ပေါ့ပါးသော ရယ်မော

အကြည့်တို့ ရောက်လာကာ ...





"ငါ နားလည်ဆုံးကတော့ ကမ္ဘာမြေကြီး မဟုတ်ဘူးကွ.. ဦးဉာဏ်

ယ် ဆိုတဲ့လူကြီး ဘယ်လောက် ဉာဏ်ကျယ်သလဲ ဆိုတာတွေပဲ.."

ပြောပြီး ရယ်လိုက်သေးသည်။

"မင်း အခု ဒီလူကြီးနဲ့ ရှင်းတော့မှာလား .."

"မရှင်းပါဘူး .. ရှင်းလို့မှ မရသေးတာ .."

"ရှာလို့ တွေ့ပြီးမှ .."

"တစ်ခု လွဲနေသေးတယ် .."

နန္ဒ မျက်မှောင်ကုတ်သွားသည်။

ပြီးတော့မှ သတိရသွားသလို သူ ကိုင်ထားဆဲရှိသည့် ဖန်ခွက်ကို

လျှံ ဘက်ကို ချထားလိုက်ကာ ...

"သောက် .."

"နေပါစေတော့ .. ဘဲကင်နဲ့ ကညွတ်သုပ်ပဲ စားတော့မယ် .."

မီးလျှံ က သောက်ပြီဆိုလည်း ခြေလှမ်းမှားလောက်အောင် ဘယ်

တော့မှ မသောက်ပေ ..၊

တစ်ခါတလေ မှားသွားပြီဆိုတာမျိုးမှာတောင် ရုပ်မပျက်အောင်

န်းသိမ်းနိုင်သူ ဖြစ်သည်။

ထို့ကြောင့် သောက်ဖို့အတွက် နန္ဒ က မတိုက်တွန်းတော့ဘဲ ...

"ပြောပါဦး .. ဘာတွေ လွဲနေသေးတာလဲ .."

"ငါ့အလုပ်တွေ မင်း မသိချင်ပါနဲ့ .. မင်း လုပ်ရမှာ မင်း လုပ် ..

လုပ်စရာရှိတာ ငါ ပြီးဆုံးအောင် လုပ်မယ် .."

"အေးပါ .. မင်း မပြောချင်တာဆို ဘယ်လို မေးမေး ရမှာ မဟုတ်

ဆိုတာ ငါ သိပါတယ် .. တစ်ခုတော့ ရှိတာပေါ့ကွာ .. ဘာပဲလုပ်

င်း ဂရုစိုက်ပါ .. လူတစ်ယောက်က တော်လာရင် တော်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ မာနတော့ ရှိတာပဲ .. ကိုယ့်ကိုယ်ကိုယ် ယုံကြည်တာ ကောင်းပေ
မယ့် တစ်ယူသန်တာ မကောင်းဘူးကွ .. မင်းကို မာန်တက်နေတယ်လို့
ငါ ပြောတာ မဟုတ်ဘူး .. မမှားသောရှေ့နေ .. မသေသော ဆေးသမား
ဆိုတာ မရှိဘူး .."

အရာရာကို သတိထား ဆင်ခြင်နေတဲ့လူတွေရော မှန်နေကြတာမို့
လို့လား ..।

အမှန်တရားတိုင်းသာ အမြဲတမ်း ထိပ်ဆုံးမှာရှိနေမယ်ဆိုရင် မှန်
နေတဲ့လူတွေကို မြောင်းကြိုမြောင်ကြား .. အိမ်သာကြို အိမ်သာကြား
မှာ လိုက်ကောက်ရမယ့်အဖြစ်တွေ ရှိလာခဲ့မည် မထင် ..။

ကိုယ့်အတွေးနဲ့ ကိုယ် ခပ်မဲ့မဲ့ ပြုံးမိသည်။

ပြီးတော့ မှားခြင်း မှန်ခြင်းတွေကို ရွေးထုတ်မရခဲ့သော ဟိုအရင်
အချိန်က နေ့ .. နာရီများမှာ သူက စနေမီး ..।





အခန်း (၁၀)

မျက်ရည်စက်များနှင့် ခြေလှမ်းတိုင်းမှာ ကြားခဲ့သော စကားသံ
...တ ပါမြဲ ပါနေခဲ့သည်။

"ဒီကောင်လေးကိုတော့ ပြောမနေနဲ့တော့ သနားပေမယ့် သူက
...ည်း သူပဲ .. ကလေးက ကလေးလိုမှ မနေတာ .."

"ကလေးနဲ့လည်း မတူတော့ဘူးလေ .. လူပျိုပေါက်လေးဖြစ်နေပြီ
... - အဲဒါကြောင့် သူ့ဒွေးက ဒေါသတွေ ပိုကြီးနေတာပေါ့ .."

"ဒီကောင်လေးကို သူ့ဒွေး ဒေါသထွက်တာ ရာဇဝင်နဲ့ပါဟ ..
...ငယ်တည်းက ကိုင်ပေါက်တိုင်း ပြန်ထောင်တဲ့ ပစ်တိုင်းထောင်လို
... - သူ့ဒွေးလောက် ထုတာထောင်းတာ မရှိဘူး .. ကိုင်ပေါက်တာ
...င် ကျိုးတာပဲ့တာ တစ်ခါမှ မဖြစ်ခဲ့တဲ့ ဝိဇ္ဇာမိုရ်လေး .."



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းလည်း ခဏခဏ ကွဲတာပဲ .. သူ့ခေါင်းမှာ ဒဏ်ရာ အမာ ရွတ်ကြီးကြီး ထင်တာလည်း မရှိပါဘူး .. ဘယ်လိုကြီး မောင်းနေနေ ကြောက်သွား လန့်သွားတာလည်း မရှိဘူး .. ကလေးဖြစ်ပြီး ခြောက်လို့ မကြောက်တော့ ပိုနာတာပေါ့ ..''

စနေမီး ဆိုတဲ့ကောင်လေးအကြောင်း ပြောနေကြတာ သနားနေ ကြတာလား .. ကဲ့ရဲ့နေကြတာလားတော့ မသိ ..၊ ကူညီကယ်တင်မယ် ဆိုတာတော့ မပါခဲ့ပေ ..။

လှေကားပေါ်က ဒလိမ့်ခေါက်ကွေး ကျအောင် ကန်ချခံရတာ တောင် လှေကားရင်းကျတော့ ခေါင်းပေါက်ရုံနဲ့ ငုတ်တုတ် ထထိုင် သည်ဆိုသော ..၊

"မဖြစ်ဘူး.. မဖြစ်ဘူး.. သူ့ဒွေး မရှိလို့ ငါတို့က သနားလို့ ဝရန် တာ ခဏထွက်ခွင့်ပေးကြတာ .. ပြန်ဝင်ပါဟယ် ..''

"ကျွန်မ ဒါလေး ကျွေးရုံတင်ပါ .. ခဏလေးပါ ..''

"မဖြစ်ဘူးနော် ထား .. ခေါ်လာခဲ့ ..''

"ဒီမှာ ဆွဲခေါ်လို့မှ မရတာ ..''

"ဒုက္ခပါပဲ .. ကိုသစ် ကတော့ အပြစ်တင်တော့မှာပဲ ထား ရယ်..''

သူမ ထွက်လာတည်းကိုက ဒီမုန့်တွေကို စနေမီး ကို ကျွေးချင်လို့ ပါ ..။

ဒီကောင်လေး ဘယ်လိုကောင်လေးမျိုးပဲ ဖြစ်ပါစေ .. ကိုယ့်ကို ကယ်တင်ခဲ့တဲ့သူ ..။

"အချိန်ကိုက်ပြီး မီးလောင်အောင် ရှော့ခ်ရိုက်ပစ်တာ .. သိပ်လည် တဲ့ကောင် .. မှတ်လောက်အောင် လုပ်ပြမယ် ..'' တဲ့ ..။

ဦးညဏ်ကျယ် သူမ ရှေ့မှာပဲ ကြိမ်းဝါးနေခဲ့တာ ဖြစ်သည်။





ကိုယ့်ဘဝ ရေတိမ်နစ်ခါနီးမှာ ကယ်တင်ခဲ့တဲ့ ကောင်လေး ..၊ အကြောင်း မကောင်းခဲ့သမျှ မထူးစိတ်ပိုက်ရတော့မှာပေမယ့် ထိ သူမ အပျိုစင်ပဲ ရှိသေးသည်။

နောက်ကျမှ ဘယ်လိုဘဝမျိုးပဲ ရောက်သွားပါစေ ဒီနေ့ထိ ကူညီ သည့် စနေမီး ကို သူမ ကျေးဇူးဆပ်ရမည်။

"ဟင့်အင်း .. ကျွန်မကို ရိုက်ပါ .. ကြိုက်သလို လုပ်ပါ .. ဒီတံခါး ခဏလေးပဲ ဖွင့်ပေးရင် ကျေနပ်ပါပြီ ..''

အပြင်က စကားသံတွေကို စနေ အကုန်လုံး ကြားနေရသည်။

ဦးညဏ်ကျယ် မရှိဘူးဆိုသည့် စကားအရ ခရီးဝေးသွားတာလား.. ဒီနားလား မသိပေမယ့် သူ့အတွက် လကွယ်ညမှာ လထွက်ခြင်းပဲ ၊

ကိုယ့်အခန်းလေးထဲမှာတော့ မှောင်နဲ့မည်းမည်းမို့ နေ့လား ည လည်း မသိရပေ ..၊

ဖြစ်နိုင်တာကတော့ မိုးချုပ်သွားပြီ ဆိုတာပင် ..၊

"ကဲ .. ကဲ .. တံခါး နည်းနည်း ဟပေးလိုက် .. သူ ယူလာတဲ့ လေးတော့ ပေးပါစေတော့ ..''

ကိုသစ်လွင် အသံကို ကြားလိုက်ရသဖြင့် သူ့တံခါး ဖွင့်တော့မှာကို သိလိုက်သည်။

ဥပဒေနဲ့ မြို့ပြအိမ်ရာထဲမှာနေပြီး ဥပဒေမဲ့ နိုင်ငံတစ်ခုလို ထင်ရာ နေသည့် မင်းကြီးဂေဟာ ..၊

ကိုယ့်ဘာသာ မင်းလုပ် ..၊ ကိုယ့်ဥပဒေကို ပြဋ္ဌာန်းပြီး လက် တ်ယ်သား အလုပ်သမားတွေရဲ့ ဘဝတွေ .. အသက်တွေကို ထင် သို လုပ်လာခဲ့တာ ဘယ်လောက် ကြာခဲ့ပြီလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



စနေ အံတင်းတင်းကြိတ်၍ စောင့်နေလိုက်မိသည်။

ဦးညဏ်ကျယ်ကြီး .. ခင်ဗျားကို ကျူပ် မုန်းတီးလာတာ ခင်ဗျား
လို တဏှာရူးချင်တဲ့စိတ်တွေနဲ့ မဟုတ်ဘူးဗျ ..၊

ခင်ဗျားကြီး ကျူပ်မိသားစုကို ဘာတွေ မတရားလုပ်ထားသလဲ
တာ သိလာခဲ့လို့ ..၊

အဲ့ဒါကြောင့် ခင်ဗျားအိမ်ကို မီးနဲ့ ရှို့တာ ..၊ ကျူပ်တ မရင့်ကျက်
သေးလို့သာ မရဲတရဲ လုပ်မိပြီး ခင်ဗျားအိမ်ကြီး ပြာကျမသွားခဲ့တာ
မှတ် ..။

တစ်ယောက်တည်း အသက်ရှူတွေ ပြင်းနေကာ ရန်ကြွ ဖွင့်အံ
ချင်နေသည့် စကားသံတို့ကြောင့် ရင်ထဲမှာ ဖြောင်းဆန်နေခဲ့သည်။

အပြင်မှာ တံခါးဖွင့်သံကို ကြားနေရသည်။ စကားပြောသံတွေ
အရ ဦးသစ် ရယ် .. သူ့မိန်းမရယ် .. ပြီးတော့ ကြွေ့ ကို စောင့်ကြပ်နေ
ရသည့် အန်တီထား နဲ့ မသဲမာ ..။

နောက်ထပ် နားစွင့်နေမိပေမယ့် ယောကျ်ားသံ တစ်သံမှ ထွက်
မလာတော့ဘဲ ...

"တံခါးဖွင့်ပေးခိုင်းသွားပေမယ့် ကိုသစ် စိတ်တိုနေပြီ ငါ သိ
တယ် .. ထား နဲ့ မိသဲ တို့ နင်တို့လက်ထဲမှာ နော်.. ဖြစ်လာရင် မလွယ်
ဘူး .."

"ဒေါ်လေးပဲ တံခါးဟပြီး မုန့်တော့ ပေးပါစေဆို .. တံခါးဖွင့်ပေး
မှာမှ မဟုတ်တာ .."

"ဟုတ်ပါတယ် မမအေး ရယ် .. မမအေး ပဲ သော့ဖွင့်ရမှာ ..
သူ့မုန့်လေး လှမ်းထည့်ပေးရုံပါပဲ .."

"ဒါတွေ ယူလာတာကိုက မဟုတ်တာ.. နင်တို့ကိုတော့ ငါ မပြော





ရင်တော့ဘူး တကယ်ပဲ .."

"မမရယ်.. ကြွေ့ ဘာသာ ဝက်ပြီး ယူလာတာပါ.. ဒီတစ်ခါတည်း
ပါ နော် .. ပြီးရင် ကြွေ့ ကိုပဲ ဆူပါ .. သူတို့ ဘာမှ မသိပါဘူး .."

အရေးထဲ ဒီမိန်းကလေးက တစ်မျိုးပါလား ..၊

မျက်နှာလေးကို မြင်ရတော့လည်း နှိပ်စက်ခံထားရသည့် အညိုအမဲ
ဒဏ်ရာတွေ စွဲနေရှာတာ ပြောရက်စရာ မရှိ ..၊

"ငါက ပြောချင်လွန်းလို့ ပြောနေတာ မဟုတ်ဘူး .. စနေ့
အကြောင်းကို ငါတို့ လင်မယားလောက် နင်တို့ မသိပါဘူးဟယ် ..
ကောင်လေးက .."

စကားပြောရင်း သော့ဖွင့်တာမို့ သော့တံနဲ့ သော့ခလောက်က
အဆင်မပြေ ..၊

ထို့ကြောင့် သော့လှည့်ကြည့်လိုက် .. နောက်တစ်ချောင်း ပြောင်း
ကြည့်လိုက်နှင့် ...

"တစ်ခါ တစ်ခါများ ဒီကောင်လေးက ဝိဇ္ဇာ ဇော်ဂျီလေးလား
ထင်ရတယ် .. ထုတိုင်း မာ .. ရိုက်တိုင်း မထိ ..၊ သူ့ကို ကြည့်လိုက်
ရင် နာသွားသလား .. မနာဘူးလား .. ဘယ်လိုမှ အကဲဖမ်း မရဘူး ..
ကျင်က ပြုတ်ကျတိုင်း ခြေကျိုးလက်ကျိုး ဖြစ်သွားပါပြီဆိုတာလည်း
မရှိဘူး .."

ကိုယ်မှာ ကြီးမားသော ထိခိုက်မှု မရှိရခြင်းအကြောင်းကတော့
ကိုယ်သူ့ပါးစပ်မှာဖြစ်ဖြစ် ကြားနေရတာပါပဲ။

ဒီကောင်လေး ဘယ်လိုမှ ထောင့်မကျိုးခဲ့တာတွေ .. ဦးညဏ်
ကျယ် ကလည်း ဘယ်တုန်းကမှ မျက်နှာသာ မပေးခဲ့တာတွေ ..။

စနေ့ အကြောင်း သိကောင်းစရာတွေက မကုန်နိုင် ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီကောင်လေးကို ဒီနေ့ထိ ဦးညဏ်ကျယ် ဘာဖြစ်လို့ ဒီခြံဝင်းထဲမှာ ရှိနေခွင့် ပေးခဲ့သလဲဆိုတာကတော့ ...

"ခုလည်း ငါတို့ကသာ စိတ်မကောင်းဖြစ်နေကြတာ နော်.. တံခါး ဖွင့်လိုက်ရင် နင် သူ့မျက်နှာကို မြင်ဖူးအောင် ကြည့်သွားဦး .. လုံး [illegible] တစ်ပတ်မညှိုးဘူးဆိုတာ ငါ သေချာ ပြောရဲတယ် .."

ကြွေ့ ကို ကြည့်၍ သော့ဖွင့်လို့ ရသွားတာနှင့် ရောကာ ဒေါ်အေး [illegible] က အာမတွေ ခံနေသေးသည်။

"လာ.. ကြွေ.. နင် ရှေ့တိုး.. တံခါးကိုတော့ ဖွင့်လိုက်လို့ မရ.."

"ဒုန်း .."

"အောင်မယ်လေးတော့်!..."

"အား!..."

"ဟယ်!... စနေ .. စနေ ရယ်တော့ .."

တံခါးက လိုသလို ဟလိုက်တာ မဟုတ်ဘဲ ဒုန်းခနဲ ဆောင့်ဖွင့်သွား [illegible] သဖြင့် ဒေါ်အေး ရဲ့ တံခါးကို ကိုင်ထားဆဲလက်က ရိုက်ထုတ်ခံလိုက် [illegible] သလို လူပါ ဖွေ့ခနဲ လန်ကျသွား၏။

အားလုံး နောက်ဆုတ်မိကြ .. နောက်ပြန်လဲကြနှင့် ဝရုန်းသုန်း [illegible] ကား ဖြစ်သွားချိန်မှာ မုန့်တွေ လွှတ်ကျကာ ခွေခွေလေး လဲကျနေသည် [illegible] ကြွေ့ လက်တစ်ဖက်ကို ကောက်ဆွဲကာ ...

"ပြေးမယ် .. ထ .."

ကြွေ ကလည်း နှစ်ခါ မပြောရဘဲ အတင်း ကုန်းရုန်းထသည်။

"ဟဲ့ .. ဟဲ့ .. လုပ်ကြပါဦး .. ကိုသစ် ရေ .. ဗလကြီး တို့ .."

ဒေါ်အေး ရဲ့ အော်ဟစ်ခေါ်ငင်သံတွေ ဆူညံသွားသည်။ ပြေးလွှား [illegible] သံတွေနှင့် အိမ်ကြီးတစ်ဆောင်လုံး ဗုန်းဒိုင်းကြဲနေ၏။





[illegible]ခြေအနေတွေကို လှမ်းမြင်လိုက်တာနှင့် ကိုယ့်သား ပြဿနာရှာ [illegible]သိလိုက်က ဦးကောင်းမြတ် ပုဆိုးတိုတို ပြင်ဝတ်ကာ ချက် [illegible]ထွက်ခဲ့သည်။

"[illegible]သား ထွက်ပြေးတာလား .. ဘယ်မှာလဲ ..

[illegible]ခြံထဲမှာ မီးတိုင်တချို့ ရှိပေမယ့် သစ်ပင်တွေ အရုမ်းများ [illegible]စ်နေရာနဲ့ တစ်နေရာက လင်းလင်းချင်းချင်း မရှိပေ ..။

[illegible] ဘယ်ဘက်က ထွက်လာမလဲ လိုက်ရှာရင်း စိတ်ထဲမှာ နေရာ [illegible]လိုက်ပြီး ခြံမြောက်ဘက်ကို အလှည့် ..။

"[illegible]အော .."

"[illegible]သာ .. ငါ့သား .."

[illegible]ကို လှမ်းသော .. စိုးရိမ်၍ နာကျင်နေသော ရင်ထဲမှာ တုန်ခါ [illegible]ဦးကောင်းမြတ် စနေ့ အသံ ကြားရာ ပြေးသွားမိ၏။

"[illegible]င်!... မင်း .."

"[illegible]ကျွန်တော်တို့ ထွက်ပြေးရအောင် .."

"[illegible]ဘာ!..."

[illegible]ကြွေ့ ကို မြင်လိုက်တာနှင့် ဦးကောင်းမြတ် ဒီအခြေအနေကို ထိန်း [illegible]တော့မှန်း သိလိုက်၏။

[illegible]ပေမယ့် နောက်မှာ မီးရှိသမျှ အားလုံး လင်းထိန်လာခြင်းနှင့် [illegible]လိုက်လာကြသော ဆူညံသံများအရ စနေ့ ကို ဆူပူ အပြစ်တင် [illegible] မရှိတော့ပေ ..။

"[illegible] .. ပြေးကြ .. အဖေတို့ အခန်းနောက်ဖေးကနေ တည့်တည့်

"[illegible]ကျွန်တော် သိတယ် .. အဖေလည်း လိုက်ခဲ့လေ .. ဒီလူကြီးတ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို .."

"အဖေ လိုက်လို့ မဖြစ်သေးဘူး .."

ဒီသားလေး ဘယ်လိုပဲ ဆိုးနေနေ ပြောဆို ဆက်ဆံတိုင်း မကျိုးသမျှ ဆိုးလှပါတယ်ဆိုတဲ့ သူဌေးကြီးကပဲ အမြဲတမ်း သည်းခံလာခဲ့တာ ..။

ထို့ကြောင့် သူဌေးကို လူတွေ ဘယ်လိုပဲ ပြောကြပါစေ .. လည်း စိတ်ပျက်ခဲ့ရတာတွေ ရှိခဲ့ပေမယ့် သူ့ကျေးဇူးကို မှတ် ကိုယ့်ကျေးဇူးကိုတော့ မေ့ပစ်ရမည်သာ ..။

အရက်ချက်လုပ်ငန်းကြီးမှာ သူ ရုတ်တရက် မရှိလို့ မဖြ ကိုယ် တစ်ဦးတည်းကို ယုံကြည်စွာ လွှဲအပ်ထားခဲ့သည့်ကိစ္စမှာ ထပ် လူစားမရှိဘဲ ရုတ်တရက်ကြီး ပစ်မထားခဲ့နိုင် ..။

"မင်း ထင်ရာလုပ်လာကာမှတော့ ဘာမှ မထူးဘူး .. မှောက်အိပ်ပဲ သား .. ပြေးကြတော့ .."

"အဖေပါ လိုက်ခဲ့ပါဆို ဗျာ .."

"အဖေက ဘာမှမဖြစ်ဘူး .. မင်းကို ပြန်မိသွားရင်သာ ညာမှာ မဟုတ်ဘူး .. အဖေတို့ နောက်မှ ဆက်သွယ်မယ် .. ပြေ

ဦးကောင်းမြတ် က ကြွေ့ ကို ကြည့်တော့ မျက်နှာက ပေမယ့် ...

"မင်းတို့ လွတ်အောင် ပြေးဖို့တော့ မလွယ်ဘူး သား .. မြန်မြန်ပြေး .."

သူ့လက်သူကြွယ်မှာ စွပ်ထားသည့် လက်စွပ်ကို ချွတ် ပခုံးကိုပါ တွန်းလွှတ်သည်။

ပြီးတော့ ပြန်လှည့်ပြေးသွားသဖြင့် ...





"အဖေ .."

အဖေကိုလည်း မထားခဲ့နိုင်ဘဲ စနေ လှမ်းခေါ်မိသေးသည်။ ဒါပေ တ်မီးရောင်တွေ ဒီဘက်ရောက်လာပြီမို့ ကြွေ့ လက်ကို ဆွဲ၍ ပြီးသည့် လျှို့ဖုတ်လမ်းအတိုင်း ထွက်ပြေးလာခဲ့မိ၏။

"စနေ .."

"ဘာလဲ .."

"မင်း ငါ့ကြောင့် ပြေးရတာလား ဟင် .."

"ဟုတ်တယ်ဆိုတော့ ခင်ဗျား အခု ဘာလုပ်ချင်လို့လဲ .."

"ဟင့်အင်း .."

စ်ယောက် သစ်ပင်တွေကြားထဲ တိုးဝင်ကာ အလင်းရောင် လာခိုက် အမှောင်ဘက် ကပ်လိုက်နှင့် ...

"ငါ .. ငါ .. အရမ်း ကျေးဇူးတင်ပါတယ် .."

"ခင်ဗျား ဆံပင်ကြီးကို သိမ်းဦး .. ပဝါကြီး တန်းလန်းပါနေတာ ဘာပဲ .. တော်ကြာ နောက်က ဆောင့်ဆွဲထားလိုက်လို့ မြင်းဇက် ခံလိုက်ရတာထက် ဆိုးသွားလိမ့်မယ် .."

ဘာနဲ့ နှိုင်းပြီး ဘယ်လိုရိုင်းသွားပြီဆိုတာ စနေ ဂရုစိုက်မိပုံလည်း ပါ ..

ကြွေ ကလည်း ဆံပင်တွေကို ရှေ့ကို ဆွဲယူလိုက်ပြီး ခါးကနေ ကပ်ဖိပြီး ပြေး၏။

"ဒါက တောထဲရောက်လာတာလား .. ခြံထဲမှာပဲလား ဟင် .."

"တော ဖြစ်ရအောင် ဒီနားမှာ တောမှ မရှိတာ .."

"ဟင်!... ခြံကြီးက အဲ့လောက်တောင် ကျယ်တယ် .."

"မဟုတ်ပါဘူး .. ထွက်လို့ရတဲ့ ခြံစည်းရိုးနားကို တည့်တည့်



www.burmeseclassic.com

www.burmeseclassic.com



မသွားနိုင်လို့ ပတ်ပြေးနေရတာ ..”

လရောင်က မရှိ ..၊ အမှောင်ထုကနေ အလင်းရောင်ကို ကျ
မရသေးခင် ပြေးနေရသဖြင့် ကြွေ တစ်ယောက်တည်း ခလုတ်တွေ
လိုက် .. စနေ့ ပခုံးတစ်ဖက်ပေါ် ဟက်ထိုး လဲသွားလိုက် ...

“အား!... ကျွတ် .. ကျွတ် ..”

“ဘာဖြစ်သွားတာလဲ ..”

“ခြေထောက် .. အာ!...”

“ဆူးစူးမိတာလား ..”

“ဟင့်အင်း .. ရတယ် ..”

စနေ့ လက်မောင်းကို မလွှတ်တမ်း ပြန်ဖက်ကာ ခြေထော
တာကိုတော့ ခိုတွဲမိသလို ဖြစ်ပေမယ့် ကြွေ က ပြေးတာကိုလည်း
ပါ ..။

“ဟိုမှာ .. အဲ့ဒီ အုတ်ပုံဖြူဖြူကြီး သောမှာ ခွေးတိုးပေါက် ရှိ
လာ ..”

“အဲ့ဒါကို သူတို့ သိလား ဟင် ..”

“ဘယ်သူမှ မသိဘူး .. အဖေပဲ သိတာ ..၊ ကျွန်တော်က
တော့်ဘာသာ ရှာတွေ့တာ .. မြန်မြန်သွား ..”

သူတို့နှစ်ယောက် အုတ်ပုံကို အကာအကွယ်ယူကာ ဆူး
တွေ ခြစ်မိ ဆူးမိသမျှ အံကြိတ်ခံရင်း ခြံစပ်က ပတ်ဝင်လိုက်သ

ဓာတ်မီးရောင်တွေ နီးကပ်လာပေမယ့် ဒီနားထိ ရောက်မလာ
ရောက်လာတာကျတော့လည်း စနေ တို့က အုတ်ပုံရဲ့ဟိုဘက်
မမြင် ..၊

“ဟော့ စနေ ..”





ဆင်!...

သူတစ်ကိုယ်စာ ငုတ်တုတ် တိုးထွက်လို့ရအောင် အပေါက်ကြီး
ကာမှ ကြားလိုက်ရတာ ဦးညဏ်ကျယ်ကြီး ရဲ့ အသံ ..၊

“ဟို .. ဟိုလူကြီး ပြန်ရောက်လာပြီ ..”

“ဟုတ်တယ် .. မြန်မြန်ထွက် ..”

ကြွေ က ဆံပင်ရှည်တွေကို အဝတ်စလို လုံးထွေးပိုက်လိုက်ကာ
တ်ဝကျယ်ကြီးနားမှာ ဆတ်ခနဲ ထိုင်ချလိုက်၏။

“စနေမီး .. မင်း ပြန်မလာဘူး ဟုတ်လား .. မင်းလိုကောင် ခြံစပ်
ရာက ခွေးတိုးပေါက်ကနေ ထွက်ပြေးနိုင်မှန်း ငါ သိတယ်..
ယ့် မင်း ခု ရှိနေသေးတယ်ဆိုတာလည်း ငါ သိတယ် ဟေ့ ..
ချင်း ပြန်လှည့်လာပြီး ကြွေ့ ကို ငါ့ဆီ လာပို့ .. မင်းကို ငါ ခွင့်
သေးမယ် ..”

ပြောပြီး စနေ့ ဆီက တုံ့ပြန်သံကို ခဏ စောင့်၏။ ကြွေ လည်း
နိုင်ဘဲ ရှိနေကာ စနေ လည်း အသက်အောင့်၍ နားစွင့်နေမိ

ကြီး အပိုင်အနိုင် ခေါ်နေပုံအရ တစ်ခုခုတော့ နိုင်ကွက်ရှိပြီကို
ာ အဖေ့ မျက်နှာ ဖျတ်ခနဲ ပေါ်လာ၏။

“ဟော့ .. စနေမီး .. မင်း ထွက်သွားမှာပဲဆိုရင်တော့ မိနစ်မတစ်
ခဲ့ မင်းအဖေ အသက် နော် ..”

နေ့ ကိုယ် ဆတ်ခနဲ ဖြစ်သွားသဖြင့် ကြွေ က အလန့်တကြား
ည့်သည်။

တော့ စနေ လက်ကို လှမ်းဆွဲ၏။

“ဒါ လူကောင်းမဟုတ်ဘူးဆိုတာ မင်း သိပါတယ်ကွာ .. ဟော



www.burmeseclassic.com

www.burmeseclassic.com



ငါ့ခြံဝင်းထဲမှာ ငါ့စည်းကမ်း ငါ့ဥပဒေနဲ့ ငါ ထင်သလို လုပ်လို့ ရ ဒါကိုမှ မင်းက စမ်းချင်တယ်ဆိုရင် သွားလိုက်ပေါ့ .. ဟော့ .. အ ပြန်လှည့် .. ငါ့ပါးစပ်က အခွင့်အရေးပေးဖို့ စကားကို နှစ်ခါ မ ဘူး .."

နောက်ထပ် ဝေ့ဝဲနေသည့် မီးရောင်တွေ စကားသံတွေအရ မှာ လူတွေ မနည်းဘူးဆိုတာ သေချာသည်။

ထို့ပြင် တကယ် ပြန်လှည့်သွားကြပြီဆိုတာကိုလည်း ခံ နေ၏။

"မမကြွေ .."

"ဟင်!..."

သူမ ထူးလိုက်ပုံက အလန့်တကြား ရှိနေကာ ငုတ်တုတ် အတိုင်း အပေါက်ဝဘက်ကို ရှေ့ကုပ်နေလိုက်ပြီး ...

"ဒီနားထိ ရောက်လာပြီးမှ မမကို ပြန်မပို့လိုက်ပါနဲ့ မောင် ရယ် နော် .. မမ တောင်းပန်ပါတယ် .. မမကို သနားပါ .."

လက်အုပ်လေးပါ ချီပြီး ငိုချလိုက်သဖြင့် စနေ ခေါင်းကို ဖျင်း ကုတ်ပစ်ကာ ...

"မပို့ပါဘူးဗျာ .. ဒီမှာ ဘာမှတောင် မပြောရသေးဘူး .."

"ဒါ .. ဒါဆို ဘာလဲ ဟင် .."

"ခင်ဗျား ဒီကနေ ထွက်ပြေးတော့ .."

"ပြေးရမယ် .."

"ပြေးဖို့ ထွက်လာတာ မဟုတ်ဘူးလား .."

"ဟုတ်ပါတယ်.. ဒါပေမယ့် တို့ .. တို့ တစ်ယောက်တည် ရမှာလား .."





နှံတော် အဖေ့ကို ထားခဲ့လို့ မဖြစ်ဘူး .. ဒီလူကြီးက ယုတ်မာ

သူ ဘာမှမလုပ်ခင် မမတို့ ရဲကို သွားတိုင်မယ်လေ .."

ဘာအကြောင်းနဲ့လဲ .."

တို့ .."

ကြွေ ဘာပြောရမှန်း မသိ ..။

တိတ်ကောင်လေးတစ်ယောက်ကတောင် မချေရာတာတွေကို ခဲ့ပြီး သူမက ကလေးဆန်နေခဲ့၏။

ခင်ဗျား သွားတော့ .."

မောင်လေး .."

ကြွေ က သူ့လက်ကို ဆွဲထားကာ ထရပ်လိုက်ပြီး ...

မင်းကို ဦးက ပြေးခိုင်းလိုက်တာမို့လား မောင်လေး ရယ် .. သွားရင် ဒီလူကြီး မတရား နှိပ်စက်မှာ .. ပြန်မသွားပါနဲ့ .."

ဘာ!... ဗျ .."

တို့က ကိုယ်ချင်းမစာလို့ ပြောတာ မဟုတ်ပါဘူး .. ဒုစရိုက် သားတွေမှ မဟုတ်တာ .. သူ လုပ်ချင်တိုင်းလည်း .."

လုပ်လို့ ရတယ် .. သူလည်း ထင်တိုင်း လုပ်ခဲ့တာပဲ .. ကျွန်တော် ငြိုး လုပ်မှာ .."

တွင်းခံစွပ်ကျယ် ချိုင်းပြတ် အဖြူရောင်လေးနှင့် ဂျင်းဘောင်းဘီ ဒူးအောက်လောက်ထိ ခေါက်တင်ထားသော စနေ့ ပုံစံက ဆက် ပို၍ လူက ထွားနေသဖြင့် မှောင်ရိပ်ထဲမှာဆို ချာတိတ် ကောင်လေးလို့တောင် ထင်စရာ မရှိ ..။

ပြင် ပြောလိုက်သမျှ စကားလုံးတွေက ခပ်ရိုင်းရိုင်း ခက်ထန်နေ



www.burmeseclassic.com

www.burmeseclassic.com



ကာ ...

"ခင်ဗျားဘာသာ ကိုယ့်လမ်း ကိုယ် ကြည့်ပြီး ပြေးတော့ .. တော်ကလည်း ဒီလူကြီးရှေ့မှာ ပြေးဒူးထောက်ပြီး အဖေ့ကို ချ ပေးပါလို့ တောင်းပန်မှာ မဟုတ်ဘူး .."

"မောင်လေး .."

အိမ်ကြီးဆီမှ စိခနဲ ဆူညံသံတွေ ကြားလိုက်ရလျှင် ကြွေ ကို သည့်လက်ကို ဖယ်ချပစ်လိုက်ကာ ...

"တွေ့မယ် .. မြက်နုကြိုက်တဲ့ နွားအိုကြီး .. ဒီထဲမှာ လည်း ကိုယ့်မင်း ကိုယ့်ချင်း .. ကျုပ်ကလည်း ကိုယ်ထင်ရာ ကို ပဲ .."

နောက်ကို တစ်ချက်ပဲ ပြန်ငဲ့ကြည့်ကာ မှောင်ထဲကို ချ ရောက်သွား၏။ ကိုယ့်အနီးဝန်းကျင်ကိုတော့ နောက်ထပ်ရန်သူ မလာနိုင်တော့တာကို သိနေကာ ကြွေ ထိုနေရာကနေ တစ်လ မရွှေ့ဖြစ်ပေ ...။

ဘေးကို ခြေလှမ်း ငါးလှမ်းလောက် ထပ်ရွှေ့ကာ အုတ်ပုံး က ထွက်၍ အိမ်ကြီးဆီက မီးရောင်တချို့ဆီ လှမ်းကြည့်နေမိ

စနေမီး ပြန်ထွက်လာဦးမှာလား .. မလာတော့ဘူးလား ..

စိတ်ထဲမှာ တစ်ခုခု ဖြစ်တော့မှာကို သေချာကို သိနေသည် တစ်ခုခုဆိုတာကလည်း စနေမီး ဆိုတဲ့ ချာတိတ်လေးကပဲ ဖြစ် ခံစားမိနေသည်။

ဒီကောင်လေး ရမ်းကားသည် တဲ့ ...၊ ဒီကောင်လေး မိုက်ရိုင်း သည် ...၊ ဒီကောင်လေးမှာမှ မကြောက်ရွံ့ မလေးစားတတ်သော ဆိုးတွေ ရှိနေသည် တဲ့ ...။





စနေမီး သည် အထူးထူးသော နာမည်ဆိုးတို့ ရှိနေသော်လည်း ချာတိတ်လေးတစ်ယောက်အဖြစ်နဲ့ပဲ ဒီခြံဝင်းထဲကလူတွေကို ထိတ်လန့်စေနိုင်သူ ဖြစ်သည်။

စနေမီး ဆိုတဲ့နာမည် ကြားတာနှင့် ဒီကောင်လေး ဒါကို လုပ်နိုင်တယ် .. ဒီကောင်လေး လုပ်ကို လုပ်မှာ ...၊ ဒီလိုအလုပ်မျိုးကို လုပ်နိုင်တာ သူပဲ ...၊

စသဖြင့်သော စိတ်ပူပန်ခြင်းတို့သည် စနေမီး ကို ကြောက်ရွံ့နေကြခြင်းသာ ဖြစ်၏။

စနေမီး ဆိုသည့် နာမည်ကို ဘာကြောင့် ပေးခဲ့တာမှန်း မသိပေမယ့် ထိုမီးဟာ သူ့ကိုယ်သူ လောင်မြိုက်စေမယ့်မီး မဟုတ်တာတော့ သေချာပါသည်။

အဘယ်ကြောင့်ဆိုသော် ...၊

ကိုယ့်ကို ထိပါးလျှင် မခံတတ်သော စနေမီး ပြန်ဝင်သွားခဲ့ပြီးနောက် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဂျိမ်း .."

"ဝေါ .."

မျက်နှာပေါ်ကို လေပြင်းတစ်ရိုက်နှင့်အတူ အေးစက်သော မိုးစက်မှုန်များတွေ ပြေးစင်လာကြကာမှ မျက်လုံးတွေ ဖွင့်လိုက်မိသည်။

အပြင်မှာ မိုးမှောင်ကျနေလျက် .. မိုးသက်လေနဲ့အတူ မိုးစက်တွေ ရောပါလာကြ၏။

"ကြွေ .. သြော် .. နိုးပြီလား .. ထ .. ထ .. အိမ်ထဲ ဝင်တော့ .."

"ဒေါ်ဒေါ်လည်း အိပ်ရာက နိုးလာတာလား .."

ဒေါ်ပန်းနု က ဝရန်တာလေးပေါ် ထွက်လာပြီး ကြွေ စာပန်းထိုးထားသည့်ပစ္စည်းတွေနဲ့ စားပွဲပုလေးကိုပါ အကုန်လုံးပါအောင် မသယ်သွားသည်။





ထိုစဉ် သည်းမည်းရွာချလိုက်သည့်မိုးက သူမတို့ လွတ်ရုံလေး..၊

"ဘယ်သွားမလို့လဲ ကြွေ .."

"ဟင်!..."

"နေ့လယ်စာ အဆာပြေ ကော်ဖီလေးသောက်ပြီး ပေါင်မုန့်ကြော်လေး စားလေ .. အားလုံး လုပ်ပြီးပြီ .."

"သြော် .. အင်း .."

ကြွေ က ဟိုဘက်သွားမလို ဖြစ်လိုက် .. ရပ်နေလိုက်နှင့် ဘာကို စဉ်းစားနေမှန်း မသိ ..၊

ဒေါ်ပန်းနု က ကော်စားပွဲခုံလေးနဲ့ သိုးမွေးချည်လုံးတွေပါသည့် ခြင်းလေးကို နေရာချထားခဲ့ပြီး ...

"ဘာတွေ စဉ်းစားနေပြန်ပြီလဲ ကြွေ ရယ် .. အခု ညနေ သုံးနာရီ ထိုးပြီ .. နေ့လယ် အဆာပြေ စားရမှာလေ .."

"ဟုတ်ပါတယ် ဒေါ်ဒေါ် ရဲ့ .. ကြွေ သိပါတယ် .."

ဒေါ်ပန်းနု သက်ပြင်းချမိသည်။

ကြွေ က အအိပ်အနေ နည်းလွန်းသူပါ ..၊

ညညဆိုလည်း သူမ နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့လျှင် အလွန်ဆုံး နှစ်နာရီ ..၊

နိုးလာပြီဆို သူများတွေလို ဟိုလူးဒီလိမ့်နှင့် ပြန်အိပ်ပျော်ဖို့ ကြိုးစားတာ မဟုတ်ဘဲ ချက်ချင်း ထ မျက်နှာသစ် .. ခြေလက်ဆေးကာ လက်စ ပန်းထိုးသည့်အလုပ်ကို လုပ်ရင် လုပ် .. မဟုတ်လျှင် ဒိုင်ယာရီ ရေးသည်။

ဒါမှမဟုတ်လျှင် စာကြည့်ခန်းထဲ ဝင်ကာ တချောက်ချောက်နဲ့ စာအုပ်တွေ ဖွရှာလိုက် .. ထိုင်ဖတ်လိုက် ..၊



www.burmeseclassic.com

www.burmeseclassic.com



"စားမကောင်းဘူးလား .. ငါလည်း နို့မှုန့်လေး ဖျော်ထားတာ ညည်းကြိုက်မှန်း သိပါတယ် .. ဒါပေမယ့် ခရင်မ်မီက လမ်းထိပ် နီးနီးနားနားမှာ မရှိဘူး .."

"ရပါတယ် .."

ပေါင်မုန့်ကြော်ကို တစ်ဝက်တော့ ကျအောင် စားပြီး ချထားလိုက်၏။

အစားကြေးများပြီး ဘာညာတွေ မပြောတတ်ပေမယ့် သူမကိုပဲ အရိပ်လို ကြည့်နေရသည့် ဒေါ်ပန်းနု သက်ပြင်း တချချနှင့် ...

"နေ့လယ်ပိုင်း အိပ်စ မရှိဘဲနဲ့ အကြာကြီး အိပ်နေလို့ ဝမ်းတော့ သာပါတယ်.. ဒါပေမယ့် နိုးလာတာနဲ့ ဟိုဟာမေ့ .. ဒီဟာမေ့တွေ ဖြစ်မှာ သိနေတော့ စိတ်ပူရပြန်ရော .."

ကြွေ က ကော်ဖီကို ကုန်အောင် သောက်ပြီးမှ ပြန်ချကာ ...

"ဒီလိုဆို နေ့လယ်ပိုင်း မအိပ်မိအောင် နေရမှာလား .."

"မဟုတ်ဘူးလေ ကြွေ ရယ် .. လူကောင်းတွေတောင်မှ နေ့ခင်းဘက်ဆိုရင် အိပ်မက်တွေ ကယောက်ကယက် မက်တတ်ကြတာ .."

"ကြွေ က လူကောင်း မဟုတ်ဘူးလား .."

"ကြွေ ရယ် .."

ပြောရတာ ခက်လိုက်ပါဘိ ...

"ကျန်းမာရေး မကောင်းတာတော့ အမှန်ပဲလေ .. ဒါကြောင့် ခုချိန်ထိ ဆေးတွေ သောက်နေရတာပေါ့ .. ပြီးတော့ ညည်းကိုယ်ညည်းလည်း သိနေတာပဲ ကြွေ ရယ် .."

ကြွေ မျက်လွှာလေး ချပြီး မျက်နှာလေး ညှိုးသွားတော့လည်း စိတ်မကောင်း ...





"တစ်ခုခုကို သတိရရင် တစ်ခုကို မေ့တယ် .. ညည်း အမြဲတမ်း သတိရနေတာ တစ်ခုပဲ ရှိတယ် .."

လွှတ်ခနဲ ပြောမိပြီးမှ နောင်တရသွားသည်။ ဒါပေမယ့် ကြွေ လည်း သိနေတာပဲမို့ ...

"ဒါကိုတော့ သတိရမှာပေါ့ .. ညည်း အိပ်မက်တိုင်း ဒါတွေပဲ မက်နေတာကို .."

"ဒါတွေ မက်နေမှန်း ဒေါ်ဒေါ်က ဘယ့်လိုလုပ် သိလဲ ဟင် .. ကြွေ က ကယောင်ကတမ်းတွေ ပြောပြောနေလို့လား .."

"တစ်ခါတလေ ပြောတယ်လေ .. မပြောတဲ့အခါတွေမှာလည်း သိသာတာပဲ ကြွေ .. အဲဒီအိပ်မက်တွေနဲ့ အတူတူ အိပ်နေတိုင်း ညည်း ချောက်ချင်းမှ ပြန်မနိုးတာ .."

ကြွေ မငြင်းနိုင်ပါ ...၊ အိပ်မက်ဆိုးတွေပေမယ့် ထိုအိပ်မက်တွေကို သူမ မျှော်နေမိသည်။

အိပ်မက်တွေထဲမှာ ကြောက်ရွံ့ ချောက်ချားနေရတာကို နောက်မကြားလိုပေမယ့် အိပ်မက်က နိုးလာတဲ့အခါ ထိုပုံရိပ်တွေနဲ့ ဝေးသွားပြန်ပြီဆိုတဲ့ အသိက နှိပ်စက်ပြန်၏။

တကယ်တော့ သူမ အိပ်မက်တွေကို လိုလားတောင့်တနေမိတာ ...

အိပ်မက်ထဲက မော်ကြိမ်လုံးနဲ့ နှုတ်သားလေးကိုပဲ သတိရနေခဲ့တာ ဖြစ်၏။

ကိုယ့်အသက်နဲ့ဆို မောင်လေးအရွယ်ပါ ...၊

ဒါပေမယ့် မောင်လေးတစ်ယောက်လို တွယ်တာစိတ် ဖြစ်မိခဲ့သလို .. သူမ၏ တစ်သက်တာမှာ ဒီနေ့ထိ အထင်ကြီး အားကိုးစိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ခဲ့မိသော တစ်ယောက်တည်းသော ယောက်ျားဟာ စနေမီး ပဲ ဖြစ်လေသည်။

စနေမီး ရဲ့ စကားသံ ..၊ သူ့ရဲ့ ဟန်ပန် အမူအရာတွေ .. အားလုံးသည် သူမ၏ ကိုယ်စိတ်နှလုံးတို့ကို အချိန်ပြည့် လွှမ်းမိုးထားနေလျက် .. အမြဲတမ်း အထီးကျန်နေခဲ့ရသည့်ဘဝမှာ အိပ်မက်တွေ မက်လေမှသာ ..၊

"ကြွေ .."

"... ... ... ..."

"ကြွေ .. ဟဲ့ .."

"ရှင်!..."

ငိုင်ငေးနေပြီဆိုရင် ကြွေ့ ကို တစ်ခွန်းနဲ့ ဘယ်တော့မှ ခေါ်လို့ မရ ..။

"အဲ့ဒီလိုတွေ သတိချွတ်ယွင်းနေတာ .. ညည်းရဲ့ အတိတ်ဆိုးတွေကြောင့်တော့ မှန်ပါတယ် .. ဒါပေမယ့် ကော်ဖီတွေ သောက်တာလည်း မကောင်းဘူး .. နောက်နေ့က စပြီး .."

"ဟင့်အင်း .. ကြွေ ကော်ဖီပဲ ကြိုက်တယ် .. ဒေါ်ဒေါ် နို့တွေ သောက်ဖို့ ပြောမှာမို့လား .. မသောက်ချင်ဘူး .."

"ကျန်းမာရေးနဲ့ပတ်သက်လာရင် မစားချင်တာလည်း စားရတယ် .. စားချင်တာကိုလည်း ရှောင်ရတာပဲ .. ပြီးတော့ အိမ်ရှေ့ဝရံတာမှာ မတ်တတ်ထွက်ရပ်တာမျိုး ခဏ ခဏ မလုပ်ရဘူး .."

"ဟုတ်ကဲ့ပါ .."

"ပြီးတော့ ဘာကိုပဲ မေ့မေ့ .. ငါတို့ ဘယ်လိုနေထိုင်ရသလဲဆိုတာကို မမေ့နဲ့ .."





"ဟုတ် .."

"ပြီးတော့ .."

ဒေါ်ပန်းနု က ဆက်မပြောသေးဘဲ ကြွေ စားသောက်ထားသည့် ပန်းကန်တွေကို ဘေဇင်မှာ သွားထားလိုက်ပြီး လာပြန်ထိုင်ကာ ...

"ပြောပြန်ရင်လည်း ညည်းက မကြိုက် .."

"ဘာလဲ ဟင် .."

"ဒို့ နဲ့ ညည်း တစ်ယောက်တခြား နေကြလို့ မဖြစ်ဘူး ကြွေ .. အချိန်မှာ စားဝတ်နေရေးက အရေးကြီးသလို မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာ .."

"ဒေါ်ဒေါ်ရယ် .."

"ဟဲ့ .. ယောက်ျားလေးဆိုတာ မျက်စိကွယ်ရာမှာ စိတ်ချလက်ချထားလိုက်လို့ မရဘူး .. ငါတို့က ပျိုရာက အိုလို့ သချိုင်းကိုလည်း မျှော်လှမ်းနေပါပြီအေ .. ညည်းတို့ထက် အများကြီး သိပါတယ် .. ခုနေခါ သာ တခြားတစ်ယောက်ကို .."

"အဲဒါတွေ ဖြစ်လာမှာ မဟုတ်ဘူး .. ကြွေ ယုံတယ် .."

"ဖြစ်လာတာ ဖြစ်မလာတာက ဖြစ်လာပြီဆိုမှ သိရမှာလေ .. ညည်းဘဝကို တစ်ယောက်တည်း ရှက်လွှင့်ဖို့များ စိတ်ကူးယဉ်နေတာလား ကြွေ ရယ် ဟင် .."

ကြွေ က ခေါင်းခါရင်း မျက်နှာလေးက ညိုနေကာ ...

"ကြွေ လည်း တစ်ယောက်တည်းပဲ နေချင်တယ် .. သူ့ကိုလည်း .."

"ယောက်ျားလေးနဲ့ မာနပြိုင်မနေနဲ့ ကြွေ.. အများဆိုတာ လုပ်ကိုင်းကောင်းဘူး .. ယောက်ျားလေးက ဘာဖြစ်သွားသွား မှားရင် ... အိပ်

www.burmeseclassic.com



ရုံပဲ ..”

ကြွေ နေရာမှ ထရပ်လိုက်သည်။

ပဝါနဲ့စည်း၍ ရင်ဘတ်ပေါ်မှာ ဆွဲယူ တင်ထားသည့် ဆံနွယ်ရှည်တွေက ရှေ့ရင်မို့မို့မှာ ဖေးတင်၍ လှုပ်လီလှုပ်လဲ့ တန်းဆင်းနေကြ၏။

သေးနွဲ့သော ခါး၏အလှနှင့် တင်းပြည့်သည့် ကောက်ကွေ့ကြောင်းတို့သည် ဆံနွယ်ရှည်တို့ကြောင့် သူမတစ်ကိုယ်လုံးက ဂန္ထဝင်ဆန်နေသည်။

ဖြူနုသော အသားရောင်က ဆင်စွယ်လို ဝင်းနှစ်နေတာမျိုးမို့ ထူနက်သွယ်ကော့နေသည့် မျက်ခုံးအစုံက ထင်းနေ၏။

အရပ်လေးမျက်နှာ ဘယ်ကကြည့်နေနေ သူမက လှနေလေသည်။

သူမ ထရပ်လိုက်တဲ့အတိုင်း လိုက်မော့ရင်း ငေးကြည့်နေခဲ့သည့် ဒေါ်ပန်းနု ကို ကြွေ က ပြန်ငုံ့ကြည့်ကာ ...

“ကြွေ အလုပ်လုပ်တော့မယ် ..”

မကြိုက်တဲ့စကား ပါလာပြီဆို သူမ ဒီတိုင်း အမြဲလုပ်သည်။

သူမ ရင်ထဲမှာ ဘာတွေရှိနေသလဲ ...

အိပ်မက်တွေကို နှစ်သက် လက်ခံနေခဲ့လျက် .. လက်ရှိဘဝကို မပျော်မွေ့နိုင်တာ ဘာကြောင့်လဲ ...

နောက်ကနေ အသာလိုက်သွားပြီး ကြည့်တော့ ကြွေ က သူမ စာအုပ်လေးကို ဖွင့်၍ တစ်ခုခု ရေးမှတ်နေတာ တွေ့ရ၏။

“ဟင်း ..”

သက်ပြင်းရှည်ကြီး ချမိရင်း ပြန်လှည့်လာခဲ့ပေမယ့် သူမ ဘာရေးလိုက်တာလဲဆိုသည့် အတွေးကတော့ ပါလာခဲ့၏။





...တတ်လွန်းသည့် ကြွေ့ အဖြစ်က နောက်နေ့ မဖြစ်မနေ လုပ်ရ... .. ဒါမှမဟုတ် မနက်ကနေ ညနေမှာ မမေ့မလျော့ လုပ်ရမည့် ...တစ်ခုခု ရှိနေလျှင် စာအုပ်ထဲမှာ သေချာ ရေးမှတ်ထားရှာ

...စာအုပ်လေးကို သူမရဲ့ ပလတ်စတစ်ခြင်းလေးထဲက သိုးမွေး ...လေးတွေအောက်မှာ အမြဲ ထားရတာလည်း သနားစရာပါ ..။ ...န်းကလေး ဘယ်လိုသတ္တိတွေနဲ့များ တစ်ယောက်တည်း နေရ... တောနက်လှုပ်ခဲ့ရတာလဲ ...

...တွ ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

"မင်း!..."

"မီးလျှံ!..."

ချိုကိုမောင် ခေါ် ချိုကြီး ၏မျက်နှာမှာ ဒေါသနှင့် ထိတ်လ…
တွေကြောင့် မျက်လုံးတွေက လျှောင်ချိုင့်မိတဲ့ ကြွက်လို ဖြစ်နေ…
ကိုင်ထားသည့် ဝီစကီကို ပြန်ချကာ ပင့်သက်ရှိုက်၏။

"ခင်ဗျားကို ကျုပ် သေနတ်နဲ့ ထောက်ထားတာ မဟုတ်ပါ…
မော့ကြည့်လို့ ရပါတယ် ..."

ဟင်!...

ဒါဆို နားထင်မှာ ဘာလဲ ...၊

ချိုကြီး ဖျတ်ခနဲ မော့ကြည့်တော့ မီးလျှံ လက်ထဲမှာ ခေါက်…
ထားသည့် မျက်မှန်တစ်လက်ပဲ ရှိကာ ...





…ရှေ့ကို ငါ ဘာကြောင့် ရောက်လာတယ်ဆိုတာ မင်း သိ
… .."

…ဘူး .. ဘာလာလုပ်တာလဲ .."

…မော့မကြည့်တော့ပေမယ့် မှန်ထဲမှာ မြင်နေရသည့် မီးလျှံ ရဲ့
…တော့ ချိုကြီး မျက်တောင်မခတ်တမ်း ကြည့်နေခဲ့၏။

…ပေါ်မှာ ဒူးတစ်ဖက် ကွေးတင်ကာ ခြေတစ်ဖက်ထောက်
…ာ မီးလျှံ က ဂျာကင်အနက် လက်ပတ်အနက်နဲ့ ဖြစ်လျက်
…ကို ငုံ့မိုးကြည့်ရင်း မဲ့၏။

…ရင် ပြောပြမယ်ဆိုတဲ့စိတ်ကူးက ပါမလာဘူးကွ .. ဒီတော့
…ကိုပဲ မင်း ဖြေ .. ဦးတာဖဲ တို့ လူစုဆီက ပစ္စည်းနဲ့ ငွေတွေ
… .."

…"

… မျက်လုံးကြီး ပြူးသွား၏။

… ရောက်လေရာမှာ လောင်တတ်တာကို သိထားသဖြင့် ကိုယ့်
…သော ဒီအခန်းထဲမှာမို့ လန့်နေတာ ဖြစ်သည်။

…တာ သူနဲ့ ဘာဆိုင်လို့လဲ ...၊

…တာတွေ .. မရှိတာတွေ ထပ်မကြားချင်ဘူး ချိုကြီး .. ဒီလမ်း
…ကို မင်း စီစဉ်တာ .. မင်းက ဦးထိပ်ပြောင် ရဲ့ လူယုံတော်

…ာ မရှိဘူး မီးလျှံ .. ဒါပေမယ့် သိတယ် ...၊ နေပါဦး .. ဒီ
… အလုပ်လုပ်တာ မင်းနဲ့ ဘာမှ မပတ်သက်ဘဲနဲ့ .."

… .."

…ဲ .. ဦးတာဖဲ တို့က မင်းကို ငှားလိုက်တာလား .. အရင်း



www.burmeseclassic.com

www.burmeseclassic.com



မစိုက်ရတဲ့ ကြေးစား လူသတ် ဖြတ်စားလုပ်တော့ဖို့ ဆုံးဖြတ်လို
လား ..''

''ငါ ဘာတွေလုပ်လုပ် မင်း သိဖို့ မလိုပါဘူး .. အခု အ
လှည့်ထုတ်သွားတဲ့ပစ္စည်းတွေ ငါ လိုချင်တယ် ..''

''မင်းနဲ့မှ မဆိုင်ဘဲကွ ..''

''မင်းကို သက်ဆိုင်ကြောင်း လာပြောနေတာ မဟုတ်ဘူး..
တွေ ဘယ်မှာလဲ ..''

''မရှိဘူး .. ခုနတည်းက မရှိတော့ဘူးလို့ ငါ ထည့်ပြောလို
မင်း မကြားဘူးလား .. ငါတို့ သစ္စာဖောက် ခံလိုက်ရတယ် ..

မီးလျှံ က မျက်မှန်ကို စားပွဲနဲ့ ခေါက်နေရင်း နားထေ
၏။

ထိုလက်ကို ခိုးကြည့်မိတော့ အနက်ရောင်လက်ပတ်က
ထဲမှာ တန်းခနဲ ..၊

''ဒီကောင် လက်ပတ်နဲ့ ထွက်လာရင် အဲ့ဒါ လူသတ်ဖို့ပဲ
ကောက်ဝတ်မှာ အများသူငါလို ပတ်ထားပေမယ့် အဲ့ဒါက လ
လုပ်လိုက်လို့လည်း ရတယ် .. ကြိုးပျော့တစ်ချောင်းလည်း
တယ် .. လူတစ်ယောက်ကို အမျိုးမျိုး ဒုက္ခပေးလို့ရတဲ့ ကြိုးတ
ပေါ့ ..''

ဦးထိပ်ပြောင် ကတော့ မီးလျှံ နဲ့ တစ်ခါဆုံပြီးတည်းက
နဲ့ပတ်သက်သမျှ အားလုံးကို စုံစမ်းခဲ့တာလည်း သည်းကြီးမ
ပြီးတော့ နေထိုင်သည့် တည်နေရာကိုပါ တိတ်တဆိတ်
ပစ်လိုက်ကာ သူ မဆက်သွယ်ဘဲ ဘယ်သူမှ ဘာမှ သတင်း
မဆက်သွယ်ရဆိုသည့် အမိန့်တွေလည်း ပါလာ၏။





''ဒီကောင်က ဘာကောင်မို့လို့ ငါတို့သူဌေးက ရှောင်နေရတာ

ဘချို့ အဖွဲ့သားတွေ မသိပေမယ့် သူတို့ကတော့ ဒီအဖြစ်တွေကို
ဖြင့် နားမလည်နိုင်ကြပေ ..၊ ထို့ပြင် ...
မီးလျှံ က လုံးဝ အမှောင်ထဲက ကောင် ..၊
သူတို့တွေက အဖြူတစ်ဝက် အမည်းတစ်ဝက်မို့ လိုင်းပူးစရာ
ကြောင်းလည်း မရှိ ..၊
''မင်းက နယ်စပ်က အရောင်းအဝယ်ကိစ္စတွေမှာ ဖြတ်စားကောင်
ငါတို့ကို ဘာဖြစ်လို့ လာပူးတာလဲ ..''
သူ ထပ်မေးတော့လည်း မီးလျှံ က မဖြေ ..၊ ရှေ့မှာ မီးသတ်ထား
သိုကာစ စီးကရက်ကို ယူကာ ဒီတိုင်းရှိနေသည့် မီးခြစ်ကိုပဲ
ပြီး မီးရှို့ပစ်လိုက်၏။
''မင်း!...''
ကြီး မျက်နှာ မည်းမှောင်သွားသည်။
စီးကရက်ကို မီးညှိပြီး စားပွဲပေါ် ဒီတိုင်းပစ်ချလိုက်တော့ ပေါ်လစ်
ပြောင်လက်နေသော စားပွဲက ချက်ချင်း ရုပ်ပျက်ဆင်းပျက် ဖွန်း
သွားခဲ့ပြီး ...
''မင်း!...''
''ငြိမ်ငြိမ် ထိုင်နေ .. ငါ မင်းလိုကောင်လောက်ကို သတ်ပြီး ဒီည
ခံနိုင်ဘူး ..''
ကြီး ဖျတ်ခနဲ ထရပ်လိုက်တာနှင့် အကျီကုပ်ပိုးကို ပြန်ဆောင့်
ကာ ...
''မင်း စားပွဲခုံ ပျက်စီးလို့ နှမြောတာလား .. ဒီ စီးကရက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လား ..''

''အပိုတွေ ပြောမနေနဲ့ မီးလျှံ .. မင်း ဘာဖြစ်ချင်တာလဲ

''ငါ မေးနေတာ မင်း ဖြေ .. နောက်ထပ် မင်း အပိုမေးခွန်း
ထပ်ထွက်လာရင် သိမ်းထားတာတွေပါ ဆွဲထုတ်ပြီး မီးရှို့ပစ်
မင်းရှေ့က မီးလျှံ ဆိုတာ မမေ့နဲ့ ..''

''အပိုတွေ မပြောချင်ဘူးလေ .. ဒါပေမယ့် အခု ငါတို့အဖွဲ့
သစ္စာဖောက်ခံရတယ် .. ဒါ မင်းကို ညာနေတာ မဟုတ်ဘူး
အလုပ်လုပ်ကြတဲ့ အဖွဲ့ချင်း ဘယ်သူက ဘယ်သူ့အပေါ် ဘယ်
သွားသွား ဒါ ငါတို့အကန့်ပဲ.. မင်း ငါ့ရှေ့ကို ရောက်လာတာ
ရှုပ်သွားတာ .. အဲ့ဒီတော့ ငါ မေးတာ လွန်သလား မီးလျှံ .. ကိုယ်
ကိုယ် ရှိနေချိန်မှာ မင်း ရောက်လာတာ ဘာအတွက်လဲ ..။ ဦး
ထိန် အတွက်ဆိုရင်တော့ မကျေနပ်ရင် ဖဲဘုရင် နောက်ကို လို
ဒီကောင် ပစ္စည်းတွေနဲ့ လစ်သွားပြီလို့ ..''

''ဖဲဘုရင် ဆိုတာက ..''

''ငါတို့လည်း ဒါပဲ သိတာ.. တို့အဖွဲ့ထဲမှာ နာမည်ရင်း
ယောက်နဲ့တစ်ယောက် သိပ်သိကြတာ မရှိဘူး ..''

မီးလျှံ က ပခုံးတွေ တွန့်အောင် ရယ်လိုက်ပြီး မျက်မှန်
သည်။ ပြီးတော့ ကြမ်းပြင်မှာ ခြေချုံရပ်လိုက်ပြီး ဘောင်းဘီအိတ်
လက်ထည့်၍ ...

''မင်းတို့ဆရာ ထိပ်ပြောင် ရဲ့ နာမည်ရင်းရော သိချင်လ

ချိုကြီး က အံ့ဩသည့်မျက်နှာနှင့် လှည့်ကြည့်ကာ သူ
တတ်ရပ်လိုက်၏။

''မင်းက ဆရာ့နာမည်ကို သိတယ်လို့ ပြောချင်တာလား





မေးပြီး မီးလျှံ ကို သေချာ စိုက်ကြည့်တာ စုန်ချီဆန်ချီ ..။

''ဒီအဆင်နဲ့ ဟိုအဆင် မိတ်ဆွေ ရန်သူ တစ်ခုခု ဖြစ်ခဲ့ဖူးတာတော့
တ်နိုင်ပါဘူး ..''

''ဟွန်း ..''

မီးလျှံ က နှုတ်ခမ်းမဲ့လိုက်ပြီး ချိုကြီး ရဲ့ အိမ်ခန်းတစ်ခုလုံးကို
တစ်ပတ်လည်အောင် လိုက်ကြည့်သည်။ ပြီးတော့ မျက်လုံးတွေက
.. ပြောလာတာက တခြား ..။

''မိတ်ဆွေယောင်ဆောင်တဲ့ ရန်သူ ..''

''ဟုတ်လား .. အဲ့ဒါ မင်းပဲ ထင်တယ် ..''

''ဟား .. ဟား .. ဟား ...''

မီးလျှံ က မျက်နှာမော့ ရယ်သည်။

''အယောင်ဆောင်တဲ့လူက ပြေးတာပဲကွ .. မင်းဆရာ ခလုတ်
အောင် ခွေးပြေးပြေးနေတာ ဘာကြောင့်လဲလို့ မသိချင်ဘူးလား..''

ချိုကြီး ပါးစပ်ပိတ်သွားသည်။

''အစာနင်ပြီး လဲကျနေတဲ့ မြေခွေးကို မစားသောက်ရှာဘူးဆိုပြီး
နေနဲ့ .. အဲ့ဒီပါးစပ်ထဲမှာ ပျက်စီးကုန်ဆုံးခဲ့တဲ့ ဘဝတွေ အများ
..''

မီးလျှံ မျက်နှာက အပြုံးအရယ်တွေ အားလုံး ပျောက်ဆုံးသွားခဲ့
..

''အဲဒီ မြေခွေးအိုကြီးကို ပြောလိုက် .. သူ ဘယ်လောက်ထိ လုံ
ခြုံနေပါစေ ရှုရှိုက်တဲ့လေထဲကနေ ဗိုင်းရပ်စ်အဖြစ် ရောက်
လာမယ်လို့ ..''

မီးလျှံ ပြန်ထွက်သွားတဲ့အထိ ချိုကြီး ငုတ်တုတ်မေ့ ကျန်ရစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သတိဝင်လာသည့်အချိန်မှာ လက်က ဖုန်းဆီ ပြေးသွား
ကာ ...

"ကြွက်ကြီး .. မင်းတို့ ပစ္စည်းနောက် လိုက်တဲ့ သုံးယောက်
ဘာအကြောင်းထူးသလဲ .."

"... ... ... ..."

"အေး .. အဲဒါ လုံးဝ ရှော့ခ်အကြီးကြီးနော် .. မီးလျှံ ဆိုတဲ့
ဝင်ရှုပ်နေပြီကွ .."

"... ... ... ..."

"ဟုတ်တယ် .. ငါလည်း မသိတော့ဘူး .."

"... ... ... ..."

"ဘာလုပ်ရမှာလဲ .. ငါတို့ ခံလိုက်ရတဲ့အကြောင်း ပြော
တာပေါ့ .."

"... ... ... ..."

"မတတ်နိုင်ဘူးလေ .. ဒါကို ငါတို့လည်း မတရား ရယူခဲ့
လောလောဆယ် ဘယ်သူမှ ပိုင်တဲ့ပစ္စည်း မဟုတ်ဘူး .. တာ
တို့က ပစ္စည်းပါသွားပေမယ့် ခုထိ ငြိမ်နေသေးတယ် .. ဒါမှ
ငါတို့အဖွဲ့ ဘာမှမရတာ သိပြီး ဖဲဘုရင်နောက် လိုက်နေတာ
ဘာမှန်း မသိပေမယ့် ဒီကောင်ကတော့ တာခ်ကြီး တို့နဲ့ လုံးဝ
ဆိုင်ဘဲ ဝင်ငြိလာတာ သေချာတယ် .."

"... ... ... ..."

"မင်း သဘောပဲ .. ဆရာကြီးက မဆက်သွယ်ရှာဘူးဆို
ကတော့ ကိုယ့်ဘာသာ ရှင်းဖို့ပဲ စိတ်ကူးတာ .."

"... ... ... ..."





"မတတ်နိုင်ဘူး .. ငါတို့ လုပ်တာပေမယ့် ငါတို့ကို ကာဗာယူပြီး
ကောင်က အမြတ်ထုတ်သွားတာလေ.. ငါတို့ဘက်က ခုချိန်မှာ ရှင်း
တယ် .. အခု ဒီပစ္စည်းပေါ်မှာ လိုက်နေတာ လမ်းကြောင်းသုံးခု ဖြစ်သွား
ပြီ .. မီးလျှံ ဆိုတဲ့ကောင်က မရမက လိုက်ဖို့လည်း ကျိန်းသေတယ်.."

"... ... ... ..."

"မင်း မသိပါဘူး ကြွက်ကြီး ရာ .. ဒီကောင့်စကားတွေအရ ဆရာ
ကြီးနဲ့ ဒီကောင် အကြီးကြီး ငြိထားတာနော် .."

"... ... ... ..."

"မင်း သဘောပဲလေ .. အကြောင်းကြားသင့်တယ်ထင်ရင် မင်း
ကြိုးစားပေါ့ .. ငါကတော့ ဖီဆန်ပြီး မလုပ်ချင်ဘူး .."

ဖုန်းပြောရင်း စားပွဲပေါ်မှ မီးလောင်ရာ အမည်းကွက်ကြီးနှင့် ပြာပုံ
ကို မျက်လုံးရောက်သွားမိ၏။

ရင်ထဲမှာ နှမြော စိတ်တိုခြင်း များစွာဖြင့် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

နယ်စပ်မြို့လေးမှ သိပ်ကျယ်ပြန့်တာ မဟုတ်ဘဲ စည်ကားသည့် သူ့အတွက်ကလည်း အစည်ကားဆုံးအချိန်ကိုပဲ အားကိုးပြီး ထွက်ရ မှ ဆက်သွယ်စရာရှိတာတွေ အားလုံးကို ချိတ်ဆက်ပြောဆိုပြီး ရုပ်အ အနက်ကွက်နဲ့ ဘောင်းဘီအပြာကို မတောက်မမှိန် သေသပ်ရုံပဲ တွဲဖ ဝတ်သည်။

ပြီးတော့ ကျောပိုးအိတ်မည်းကြီးကို ပခုံးတစ်ဖက်မှာ ချိတ်၍ ရှ မားကက်က ဝယ်သော အိတ်တွေ အထုပ်တွေကို စုဆွဲလို့ရအောင် သေသေသပ်သပ် စီလိုက်သည်။

ပြီးတော့ သပ်သပ် ကြွပ်ကြွပ်အိတ်တစ်လုံး ...၊

လက်တစ်ဆွဲနဲ့ အကုန်ပါအောင် နေရာချပြီး စုကိုင်မလို့ ပြင်လိုက် ကာမှ ဖုန်းဝင်လာ၏။

ကြည့်လိုက်တော့ အိမ်ကဖုန်းမို့ မကိုင်လို့လည်း မဖြစ်သေ ...၊





ကျောပိုးအိတ်ကိုပါ ခဏပြန်ချပြီး ဖုန်းကို ကိုင်လိုက်တော့ လိုင်း ကျသွား၏။

"ကျွတ်!... အရေးထဲမှကွာ ..."

ဖုန်းပြန်ခေါ်ရင်း လိုင်းမိတဲ့နေရာ တိုးလျှောက်လာခဲ့တော့ ရှေ့ ရန်တာကို ရောက်လာခဲ့သည်။ ထိုစဉ် ...

"ဟာ!... သွားပြီ ..."

ခေါင်းနားပမ်းကြီးကာ နှုတ်မှ ဖွင့်ဟ၍ ရေရွတ်လိုက်မိ၏။

ထိပ်ပြောင်ကြီး ရဲ့လူတွေ ...၊

ပြေးစမ်း ဖဲဘုရင် ...၊

"ဟင်!..."

လမ်း ဟိုဘက်ထိပ်မှာ ရပ်သွားသည့်ကားက ဦးတာဇံ တို့ကား...၊

သေပြီ ...၊ မင်း လွတ်အောင် ပြေး .. မိလို့လည်း မဖြစ်ဘူး .. ဒါ တွေကိုလည်း ပြန်မပေးနိုင်ဘူး ...၊ မင်း ပြေးတော့ ...။

ကိုယ့်ကိုယ်ကိုယ် ဖိအားပေးရင်း နောက်ထဲ ပြန်ပြေးဝင်ကာ ည်းတွေကို ပါအောင် ဆွဲပြီး ဟိုတယ်လ်၏ နောက်ထွက်လှေကား နေ လှစ်လှစ်ပါအောင် ပြေးဆင်းခဲ့သည်။

သို့သော် ...

"ဟာ!..."

ဖြတ်လမ်းကနေ ကိုယ်ယောင်ဖျောက်ဖို့ စိတ်စောပြီး ဘေးတိုက် တ်ခနဲအလှည့်မှာ အရှိန်နဲ့ ဖြတ်တောက်လာသော ကားတစ်စီးကြောင့် တ်လုံးတွေ ပြာသွားသည်။

တိုက်မိပြီလို့ သိလိုက်သည့်အချိန်မှာ လူက ဆောင့်တွန်းခံလိုက်ရ သလို ပစ်စလက်ခတ် စဉ်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အား!..."

ကိုယ်တစ်ခြမ်းလုံး နာကျင်သွားတာ အရိုးတွေ ဆန်ကွဲစေတွေများ ဖြစ်ကုန်ပြီလား ထင်ရသည်။

"ကျွတ်!... ကျွတ်!..."

မြဲမြဲစွာ ဆုပ်ကိုင်ထားသည့် အိတ်တွေက လွတ်ထွက်မသွားခဲ့ဘဲ ဒါတွေကို ကိုင်လျက်နှင့် အတင်း ပြန်ကျူးထဖို့ ကြိုးစားမိသည်။

ထိုအခါ ကျောပိုးအိတ်က ပခုံးပေါ်က လျှောကျ၍ လက်တံတောင်ဆစ်ထိ ကျလာကာ အိတ်တွေ ဖရိုဖရဲ .. လူက ကြက်နာတစ်ကောင်နှင့် တူနေ၏။

"ဆောရီးဗျာ.. ကိုယ့်လမ်း ကိုယ်သွားနေကြတာပဲဆိုပြီး အေးဆေး မောင်းလာခဲ့တာ .. နေ .. နေ .. ကျွန်တော် ထူပေးပါ့မယ်.."

"ရ .. ရပါတယ် .. အား!... ခြေထောက် .."

"တစ်ခုခု ဖြစ်သွားပြီ ထင်တယ် .. ဘယ်သွားစရာ အရေးကြီး နေသေးလဲ .. ခင်ဗျား ဆေးခန်းပြမှ ဖြစ်မယ်ထင်တယ် .."

"ရတယ် .. ဆေးခန်းကို မသွားချင်ဘူး .. ကျွန်တော့်ကို နယ်စပ် နားထိ လိုက်ပို့ပေးပါလား .."

"ဟာ .. ရပါတယ် .. လာ .."

စေတနာနဲ့လား .. ဘာလားတော့ မသိ ..၊ အိတ်တွေကို ကူဆွဲ ပြင်တော့ 'ရတယ် ..' ပြောပြီး ခေါင်းခါပြမိသည်။

ပြီးတော့ မဟန်နိုင်သည့် ကိုယ်ခန္ဓာကတော့ သူ့ကို မှီကာ ကားထဲ ရောက်လာခဲ့ရ၏။

တံခါးပိတ်သံ ဂျိမ်းခနဲ ဆောင့်ပိတ်သံကိုရော .. အရှိန်ကြောင့် ကိုယ့်တစ်ကိုယ်လုံး တုန်သွားတာကိုပါ ဖဲဘုရင် သတိမထားမိပေ ..





ကားက စထွက်တည်းက ဘယ်ဘက်လမ်းကြောထဲကို ခေါက်ဝင်သွားလိုက်ပြီး အရှိန်လည်း မသတ် ..၊

"ဘယ်ကို လှည့်လိုက်တာလဲဗျ .. ဒီမှာ .."

"မင်းကို ဖဲဘုရင် မှန်း သိလို့ ကားနဲ့ တမင်လိုက်တိုက်ပြီး ခေါ်ဆောင်လာခဲ့တာ .. ဘယ်ကို မောင်းပို့ရဦးမှာလဲ .."

"ဘာ!... ဘယ်လို .. မင်းက .."

"မီးလျှံ .."

"မီး .. လျှံ ..."

ချောက်ချားစွာ ရေရွတ်ရင်း ပိုပြူးလာသည့် မျက်လုံးနှင့် ဆတ်ခနဲ ငြိန်ကြည့်သည်။

ကုပ်ပိုးနဲ့ နားသယ်စပ်တွေ စိမ်းနေတာတွေကို မြင်ရလောက်အောင် တိုတိုရှင်းရှင်း ဆံပင်တို့ကို အလယ်ခွဲ မကျတကျပုံနှင့် နောက်သို့ ဖြီးထား၏။

ပြီးတော့ အဖျားကျမှ ပို၍ထူသော ခပ်ပြားပြားမျက်ခုံးတို့က စိမ်းသို့နေသည်။ မျက်ဝန်းအိမ်ရှည်သလို မျက်နှာက မေးဖျားရှည်သောကြောင့် မျက်နှာရှည်ပုံစံ ဖြစ်၏။

ခြုံငုံကြည့်ပါလျှင် အသက်အရွယ်ကို ခန့်မှန်းရခက်လောက်တဲ့အထိ နုပျိုခြင်း ရင့်ရော်ခြင်း အားလုံးက မျက်နှာ၏ ခက်ထန်ခြင်းတစ်ခုတည်းမှာ ပျောက်ဆုံးနေခဲ့၏။

ကြားဖူးခဲ့သော မီးလျှံ ဆိုသူ သူ့ရှေ့ ရောက်နေပြီဆိုတာ သံသယရှိဖို့ပင် မလိုတော့ပါ ..၊ မကောင်းမှုလုပ်ငန်းတွေ အားလုံးထဲကနေ အတုံးပေါ်ထိပ်ကွက်ပြီး ကိုယ်ယောင်ဖျောက်တတ်သည့် ငရဲမီးလျှံ လို့သည်း သူတို့ အသိုင်းအဝိုင်းမှာ လူသိများသော ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆင်းလို့ ရပြီ .."

"ဘာ!... ကွ .."

ကားက လမ်းဘေးမှာ ဈေးစောင်းသည့်ပုံစံနှင့် ထိုးရပ်သွားသည်။ သူ့ စိုက်ကြည့်ရင်း စိတ်တွေ ယောက်ယက်ခတ်သွားစဉ် မီးလျှံ က ကားရပ်လိုက်ပြီး သူ့ဘက်ကို ငဲ့ကြည့်ကာ ...

"မင်း ဆွဲလာတဲ့အိတ်တွေကို ပြန်မကောက်ဘဲ .. လစ်တော့ .."

"ဘာ!... ပြောတယ် .. မင်းက .."

"ထပ်ပြောမယ် .. မင်း အယောင်ပြ သယ်လာတဲ့ အနည်းအကျဉ်းသော ပစ္စည်းတွေကို ထားခဲ့ပြီး မင်း ကားပေါ်က ဆင်း .."

"မင်း ဘာကောင်ဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး မီးလျှံ .. ဒီပစ္စည်းတွေက ငါ့ဘဝအတွက် အရမ်း အရေးကြီးတယ် .. ငါ သေသွားနိုင်တာကို သိရက်နဲ့ ဖြတ်စားလာခဲ့တာ .. မပေးနိုင်ဘူး .."

"ဟွန်း .."

အပြတ်ပြောလိုက်ပေမယ့် ပြတ်သားစွာ ဆင်းလို့ မရ ..၊ တံခါးကို ပခုံးနဲ့ တိုက်ပြီး ခြေထောက်နဲ့ ကန်ဖို့ ကြိုးစားလိုက်မိလျှင် ...

"ဒုတ် .."

"အား!..."

အသည်းခိုက်အောင် နာကျင်သွားကာ လူက ကုန်းကွသွားခဲ့၏။ ပြန်ကြည့်လိုက်တော့ မတည်မပြုံးကြည့်နေသော မီးလျှံ ရဲ့ မျက်နှာက သူ ဆင်းပြေးမှာ .. တုံ့ပြန် တိုက်ခိုက်မှာကို အနည်းငယ်မျှ စိုးရိမ်ပုံ မရှိသော အေးစက်ခြင်းတို့နှင့် ...

"မီး .. အား!... မီးလျှံ .. မင်း ငါ့ကို နောက်ကျောက ဓားနဲ့ ထိုးသလို လုပ်ကြံခဲ့တာ နော် .. ဒဏ်ရာရနေတဲ့ ငါ့ကို မင်း နိုင်တော့





လောက် ဂုဏ်ရှိသွားမှာလဲ .."

"မင်းရဲ့အိတ်ကိုပဲ ငါ အလိုရှိတာ .. ဂုဏ်တွေ မင်း ပြန်ယူသွားလို့ ရတယ် .."

"ငါက မင့်ကားထဲ ရောက်နေပြီပဲ .."

"ဟုတ်တယ် .. ခုနချ သေချင်ပါတယ်ဆိုရင်လည်း မရဘူး .. မင်းရဲ့ သေခြင်း ရှင်ခြင်းကလည်း ငါ့ကားပေါ်မှာပဲ .."

"ဟုတ်ပါတယ် .. ငါ ဘာမှလည်း မခုခံနိုင်ပါဘူး .. မင်း အရမ်းတော်ပါတယ် .. ဒါပေမယ့် ပစ္စည်းက ဒီမှာ အစွန်အဖျားပဲ ပါတာပါ.. အားလုံးကို ငါ ပေးမှ .."

"မင်းရဲ့လက်စွဲတော် .. မိုးသကြား ဆိုတဲ့ကောင်ဆီမှာ ရှိတယ်.. အဲဒီဘက်ဆို ငါ့ကောင်တွေလက်ထဲ ရောက်နေလောက်ပါပြီ .."

"ဟင်!... ဘာ!..."

"သုံးထိ ရေမယ် .. မဆင်းရင် .."

"နေပါဦး .. ခဏလေးပါ ..၊ ငါ တောင်းပန်ပါတယ် မီးလျှံ .. ငါ့ဘက်မှာ မမှန်တာ ဒီတစ်ခါပဲ လုပ်ဖူးတာပါ .. မကောင်းမှုတွေ လုပ်ခဲ့ပေမယ့် သူများခိုင်းတဲ့အောက်မှာ ပေးတာယူပြီး ကျေနပ်ခဲ့တာ .. အားလုံးကို ဆန့်ကျင်ပြီး အသေခံလိုက်ဖို့ ကြိုးစားတာ ဒါ ပထမဆုံးပဲ .."

မီးလျှံ က ရှေ့ကိုပဲ ကြည့်၍ တိတ်ဆိတ်စွာ နေသည်မို့ ...

"ငါ သေလုမြောပါး ပြေးလာခဲ့ရတာ .. ခု ဆင်းနေခဲ့ရင် ဘယ်လို ပြေးရမလဲ .."

ပြောနေရင်း လျှပ်တစ်ပြက် မောင်းပြန်ဓားလေး လက်ခနဲ ပွင့်လာပြီး တို့ ထေးနေသည့် မီးလျှံ ၏ နံကြားထဲကို ဆောင့်ထိုးပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီးနီးကပ်ကပ်လေးမို့ မီးလျှံ ဘယ်လိုမှ ရှောင်နိုင်မှာ မဟုတ်… ထင်ထားသည့် ဓားချက်သည် ...၊

"အား!..."

ကိုယ့်ပေါင်ကို ထိုးစိုက်ပစ်လိုက်သလို အဖြစ်အပျက်တို့က မြ… ဆန်လျက် ...

"ဒေါက် .."

တံခါးလော့ခ်တွေ ပြုတ်ထွက်သွားသံက ကျယ်လောင်စွာ ...

"သွားလိုက်တော့ .."

"အ!... မင်း .. မလုပ် .. အား!..."

တံခါးဖွင့်သွားခြင်း .. မီးလျှံ ၏ ခြေထောက်တစ်ဖက် ဆော… ထွက်လာခြင်းနှင့်အတူ ဖဲဘုရင် ၏ကိုယ်ကြီး ကားအပြင်သို့ ဒယ်… ခေါက်ကွေး ထွက်ကျသွား၏။

ရာသီဥတုကြောင့် ပတ်ဝန်းကျင်တစ်ခွင်မှာ မှုန်မှိုင်းနေပေမ… ညခင်းကာလလည်း မဟုတ်ပေ ...၊ ဒါပေမယ့် ကားရှင်းသော လမ်း… မှာ သူ့အဖြစ်ကို ဘယ်သူမှ မမြင်လိုက်ကြရင်တောင် မြွေတစ်ကော… ပြေးသလို ဝေ့ခနဲ ကော့ခနဲ ဝိုက်ခါသွားသည့် ကားကိုတော့ သူ သေ… မြင်လိုက်ရသေးသည်။

ကားကို မကြောက်မရွံ့ အသားကုန် ခါပစ်၍ တံခါးကို ပြန်ပိ… သွားအောင် သင်းပဲ တတ်နိုင်သည်။ ပြီးတော့ သူ့ရဲ့ ရည်ရွယ်ချက်… မျှော်လင့်ချက်တွေ အားလုံးသည်လည်း ထိုကားနဲ့အတူ ပါသွားခဲ့ပြီ… ကာ ...

"မင်း!... မင်း .. တောက်!..."

နာကျင်သည့် ဝေဒနာတို့ကြောင့် လူသည် အကြောဆွဲနေသ…





…ဆတ်လူးနေလျက် ...၊ ဒေါသနှင့် မခံချင်စိတ်တွေက ထပ်၍ ဖိစီး …ဘက်ခေါက်မိသည်။

…ခုံးက မဖြုတ်ဘဲ ထားခဲ့သည့် ကျောပိုးအိတ်က ကိုယ်နဲ့အတူ …တ်ခံလိုက်ရလို့ ပါလာပေမယ့် တကယ့်ပစ္စည်းတွေပါသည့် အိတ် …တော့ ဆုံးရှုံးလိုက်ရပြီ ဖြစ်သည်။

"…မင်း ဆွဲလာတဲ့ အိတ်တွေကို ပြန်မကောက်ဘဲ လစ်တော့ .."

…ပြောသည့်စကားသံကို ပြန်တွေးမိခဲ့၏။ ဘယ်သူမှ မထင်မှတ်.. …အောင် ကျောပိုးအိတ်ကြီးကိုသာ ဟန်ပြအဖြစ် လှလှပပ ထုပ်ပိုး …ယ်လာခဲ့ပေမယ့် မီးလျှံ ကတော့ ဒီအိတ်ငယ်လေးတွေထဲမှာပဲ …နေတာမှန်း သိနေသည်။

…ဘာကြောင့်လဲ ...၊

…မီးလျှံ ဆိုတာက တကယ့်ငရဲက မီးလျှံ မဟုတ်ပေ ...၊ ပစ္စည်း … ဘယ်မှာ ချန်ထားခဲ့တာကအစ သိနေသေးတာ ဘာကြောင့်

…တစ်နာပေါ် တစ်နာဆင့်ကာ အထပ်ထပ် နာကျင်နေရသည့် ကိုယ် …ာ သူ့ရဲ့ ခံပြင်း နာကြည်းမှုတွေကို ကြာကြာ စဉ်းစား အံကြိတ် …ပေးခဲ့ပေ ...။

"…!..."

…ကျုံးထဖို့ ကြိုးစားရင်း ပြန်လဲကျကာ ခေါင်းက သွေးတွေ …ီ စီးကျလာတာကို သိနေသည်။

…တော့ ခြေသလုံးကနေ ခြေခုံပေါ်သို့ စီးဆင်းလာသည့် သွေး …၊

…တော့ လက်တံတောင်ဆစ်က ကွေးလျက် ထောက်ထား…



www.burmeseclassic.com

www.burmeseclassic.com



ကနေ မဆန့်နိုင်တော့ဘဲ သွေးတွေ စီးနေပြန်၏။ နောက်ထပ် နာ
နေသမျှ နေရာတိုင်းက သွေးစိမ်းရှင်ရှင် စီးနေလျက် မျက်လုံးတွေ
ဝေလာ၏။

သူ ပြေးမှ ဖြစ်မည် ..၊ ပစ္စည်းတွေ မရှိတော့ဘဲ ချိုကြီး တို့
မိသွားခဲ့ရင် သူ့အတွက် မနက်ဖြန်ဆိုတာ ရှိနိုင်တော့မှာ မဟုတ်
ထို့ပြင် ...

ဦးတာဖံ တို့လူစုနဲ့ မိရင်လည်း ကိုယ့်အဖြစ်ကို တွေးရဲစရာ
မရှိ ..။

တရားခံဟာ ကိုယ်ပဲဆိုတာ အားလုံးသိပြီး အုန်းအုန်းကျွက်
လိုက်လာကြကာမှ ဘယ်တုန်းကမှ မသက်ဆိုင်ခဲ့တဲ့ တစ်စုံတစ်ယော
က အသားလေး လက်လျှို ယူသွားပါပြီဆိုရင် ဘယ်သူ ယုံမှာလဲ

ကိုယ့်အသက်လေးကိုတော့ ကြံဖန် မွေးမြူဖို့ လိုသည်။ ထို့
ဘာမှ အရေးတကြီး မပါသည့် အိတ်ကြီးကို လမ်းဘေး ချုံကြား
ကြား တစ်နေရာမှာ လွှင့်ပစ်ထားခဲ့ပြီး ကိုယ်လွတ်ရန်းပြေးဖို့အ
ရှိသမျှ ခွန်အားတို့ကို စုစည်းသည်။

နေရာမှ ပြေးခွာဖို့ ခြေထောက်တွေကို အပြင်းအထန် အလု
နေမိဆဲ .. ကားတစ်စီး၏ စက်သံကြမ်းကြမ်းကို ကြားလိုက်ရ

ဒီကား ကိုယ်နဲ့ မသက်ဆိုင်သူ တစ်ဦးဦး၏ ကား ဖြစ်ပါ
ဆုတောင်းရင်း အကူအညီ ရမှာလား .. အသက်ပေးရတော့မှာလ
တာ သက်ပြင်းတစ်ရှိုက်မှာ ဆုံးဖြတ်နိုင်သည့် စီရင်ထုံးကို စောင့်
သော်လည်း ...

"ဟိုမှာ ဟိုကောင် .."

"ဘာဖြစ်နေတာလဲ ဒီကောင်က .."





ားတစ်စီး ထိုးရပ်သွားခြင်း၊ ကားပေါ်ကလူတွေ သူ့ဆီ ပြေးလာ
းကို မြင်လိုက်ရကာ ဖဲဘုရင် ၏ တစ်ကိုယ်လုံးက အရုပ်ကြိုး
သလို ခွေခနဲ ပြန်ပုံကျသွားခဲ့၏။

"ကားတက်ကြိတ်သွားသလားမှ မသိတာ .."

"ယော့ စကားများမနေနဲ့ .. အိတ်ရော လူပါ ဆွဲတင်ကြစမ်း .."

ဘုရင် သည် ကိုယ့်ကိုယ်ကိုယ် လူလား .. အဝတ်ထုပ်တစ်ထုပ်
ောင် မသိတော့ဘဲ အကြမ်းပတမ်း ဆွဲလွဲ တွန်းထိုးနေကြသည့်
ထဲမှာ အလုံးလိုက် အပုံလိုက် ..၊

ါမှမဟုတ် နှစ်ဖက်အသင်းတို့၏ လက်ကြားထဲမှာ သူ့ဘဝက
း တစ်လုံးလား ..၊

ါဆို နောက်ထပ် မဆီမဆိုင် ဝင်ပုတ်သွားတဲ့ လက်တစ်ဖက်ထဲ
သူက ဘာဖြစ်မလဲ ..။

ခဲ့မီးလျှံ .. ငါ .. မင်းကြောင့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ဖုန်းမြည်နေလို့ ကြည့်လိုက်တော့ နံပါတ် မပေါ် ...၊

မီးလျှံ မျက်မှောင်ကုတ်သွားပေမယ့် ဖွင့်နားထောင်လိုက်[illegible] ပြီးတော့ ခပ်မဲ့မဲ့ ပြုံး၏။

ထို့နောက် သွားတွေပေါ်အောင် ရယ်ကာ ...

"ကျုပ် ထင်သားပဲ ဦးထိပ်ပြောင် .. ဟား .. ဟား .. ဟား[illegible] ပေမယ့် ခံတွင်းချဉ်နေလို့ ခဏ စောင့်ဦး .."

မီးလျှံ တကယ်ပဲ စီးကရက် မီးညှိ၍ မီးခိုးလုံးတွေ မှုတ်[illegible] အထိ အေးဆေး ဖွာရှိုက်နေသေးသည်။

ပြီးမှ ...

"ပြော .."

"ငါ့ပစ္စည်းတွေ လိုချင်တယ် .."





"ဘယ်ဟာက ခင်ဗျား ပစ္စည်းလဲ .."

"မီးလျှံ .."

"စနေမီး ပဲ လုပ်ပါ .. ကျုပ်တို့ချင်း မသိတဲ့လူတွေမှ မဟုတ် .."

[illegible]တစ်ဖက်က အသံတိတ်သွားတော့ မီးလျှံ က မဲ့လိုက်ကာ ...

"ခင်ဗျား ဘယ်သူလဲဆိုတာကို ဆယ်နှစ်ကျော်ကာလရဲ့နောက်မှာ [illegible]သူ ဘယ်သူမှ မရှိတော့ဘူး ထင်နေလို့လား .."

"အပိုတွေ ပြောမနေနဲ့ စနေမီး .. ငါ့ကို ဘယ်သူ သိသိမသိသိ [illegible]ဖုံးဖိထားစရာအကြောင်း ဘာမှ မရှိဘူး .."

"ဒါဆို ခင်ဗျား ဦးထိပ်ပြောင် ဖြစ်နေရတဲ့အကြောင်းက .."

"ခင်းနဲ့ မဆိုင်ပါဘူး .."

"ဒါဆို အခု ထွက်လာခဲ့လေ .."

"ခင်းက ငါ ထွက်လာအောင် ပစ္စည်းနဲ့ မျှားတာပေါ့ .."

"[illegible]ဟား .. ဟား .. ဟား ..."

[illegible]ကိုရှိုင်းချင်ပေမယ့် ရှိုင်းချင်အောင် စကားတွေ စလာတော့ [illegible]ရ ရယ်ပစ်လိုက်မိသည်။

[illegible]တော့ စီးကရက်ညှပ်ထားသည့် လက်နဲ့ပဲ ဝီစကီထည့်လိုက်ပြီး [illegible] ယူ၍ အခန်းထဲက ထွက်ခဲ့သည်။

[illegible]ထဲကနေ ဦးညာဏ်ကျယ် ၏ တက်ခေါက်သံကြီး ထွက်လာ

"[illegible]ပြပြီး မျှားခေါ်လို့ ရတယ် ဆိုတာက .."

"[illegible] .."

"[illegible] .. ဟား .. ဟား .. ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် မိုက်ရိုင်းတဲ့ ခွေးမသားလေး .."

"အဲ့ဒါ ခင်ဗျား သိမှာပေါ့ ဦးညဏ်ကျယ် .. အဲ့ဒီ မိန်းမသား ယောက်ကို လူဖြစ်ပြီး အမြီးထွက် ချို့ပေါက်နေတဲ့ သတ္တဝါက ခွေး ခွေးကြဲ ကြဲခဲ့တာပဲ .."

ဦးညဏ်ကျယ် အသံတိတ်ကျသွားခဲ့သည်။

မီးလျှံ ၏ ဖုန်းကိုင်သည့်လက်တစ်ဖက် တွဲလွဲကျသွားခဲ့ပြီး ထားသည့် ဝီစကီကို ကုန်စင်အောင် မော့ပစ်လိုက်သေးသည်။

ထို့နောက် နံရံဆီ ခွမ်းခနဲ လွှဲပေါက်ပစ်လိုက်ရင်း ...

"ဦးညဏ်ကျယ် .."

ဖုန်းကို ပြန်ကပ်ပြီး အံကြိတ်ခေါ်လိုက်ကာ ...

"ခင်ဗျား ဘယ်အရပ် ဘယ်တွင်းထဲမှာ အောင်းနေသလဲဆို ကျုပ် သိတယ် .. ခင်ဗျား ရှိတဲ့နေရာကို ခု လာရင် ခု ရတယ် လည်း မယုံမရှိနဲ့ ..၊ ဒါပေမယ့် မလာသေးဘူး .. ခင်ဗျားကြီးကို ကစပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် တတိတိ နှိပ်စက် မီးလျှံ ဆိုတဲ့အသံ ကြားလိုက်တာနဲ့ အမြီးကုပ်ပြီး တွင်းထဲ ပြေး နေရတဲ့ဘဝနဲ့ ခင်ဗျား အသက်ရှည်ရဦးမှာ .."

ပြောရင်း ဖုန်းထဲကအသံ လုံးဝ တိတ်နေတာ နားထောင် လိုက်မိ၏။

"ခင်ဗျားနဲ့ ကျုပ် မျက်နှာချင်းဆိုင် ဆုံမိကြတဲ့နေ့ဟာ ခင် သေနေ့စေ့တဲ့ နေ့ပဲ .."

"မင်း သေမယ့်နေ့ရော မဖြစ်နိုင်ဘူးလား .."

"ဖြစ်နိုင်တာ မဖြစ်နိုင်တာတွေကို ခု သိချင်ရင် ခင်ဗျား ထွ လိုက်ပါလား .. ကိုယ်စောင့်နတ်က ရှုံ့ရှာပြီး စွန့်ခွာခံခဲ့ရတဲ့ ခေဒ





.. ခင်ဗျား အဲ့ဒီတွင်းထဲက ထွက်လိုက်တာနဲ့ ကျူးလွန် မှောက်မှားခဲ့ အကုသိုလ်တွေကြောင့် မဟာပထဝီမြေကြီး ဟက်တက်ကွဲပြီး မြေမျို င်တယ် .."

"မြေမမျိုခင် မင်းကို သတ်သွားနိုင်သေးတယ် ဆိုရင် .."

"ခင်ဗျား မြေမျိုခံရတဲ့နေ့ကျမှ ကြည့်ပေါ့ .."

ပြောပြီး မဲ့လိုက်တော့ ဟွန့်ခနဲ အသံကြောင့် ဦးညဏ်ကျယ် ဘက် နောက်ထပ် တက်ခေါက်ခြင်းကို ကြားရကာ ...

"မင်းကို မသတ်နိုင်ရင် ညဏ်ကျယ် ဆိုတဲ့ နာမည်ကို ပြောင်းပစ် မယ် စနေမီး .."

"ထိပ်ပြောင်ကြီး လို့ ပြောင်းပြီးသားပဲ မဟုတ်ဘူးလား .. ဘာလဲ ာင်ကတမ်းတွေ ဖြစ်နေပြီလား .. ညဏ်ကျယ် ဆိုတာ မယားနိုး သမား အမြတ်ကြီးစားခဲ့တဲ့ မကောင်းမှုတွေထဲမှာ ပြီးသွားပြီ ..၊ င်ဗျားက ထိပ်ပြောင် .."

"မမိုက်ရိုင်းနဲ့ ဟိတ်ကောင် .."

"ခင်ဗျား နာမည်ပြောင်းပြီး တွင်းအောင်းနေပေမယ့် ငရဲမီးစားနေ င်ဗျားရဲ့ ဆံပင်တွေ အခု ခေါင်းပေါ်မှာ မရှိတော့ဘူး .."

"မီးလျှံ .."

"ဟွန်း .. စနေမီး လို့ ခေါ်ရင် ခင်ဗျား ပြေးချိန်ရဦးမယ် .. မီးလျှံ ခေါ်မိရင်တော့ သတိထားဖို့ လိုတယ် .."

"လူတကာဆီက သူခိုးကျင့် သူခိုးကြံနဲ့ ချောင်းမြောင်း ဖြတ်စား ခဲ့ကြောင့် ကြီးပွားနေတာ .. သိပ် မာန်တက်မနေနဲ့ မီးလျှံ .. ငါ ပြဿနာတက်ရတာက ပစ္စည်းချင်းလဲရင်း သူညစ်လို့ ကိုယ်ပတ် ဒါကို ဟိုကောင် ထပ်ပြီး သစ္စာဖောက်သွားလို့ .. တောက်!.."



www.burmeseclassic.com

www.burmeseclassic.com



"ခိုးယူတာဆိုတော့ ခိုးတတ်တဲ့လူတိုင်း ပိုင်ဆိုင်ခွင့်ရှိတာ
လို့ နေမှာပေါ့ .. အဲ့ဒီပစ္စည်းကိုစွ ခင်ဗျား မေ့လိုက်ပြီး ရှိတာလေး
နေ့မအိပ် ညမအိပ် ငုတ်တုတ်ထိုင်စောင့်ပေတော့ ထိပ်ပြောင် .. ကျ
ခိုးရာပါပစ္စည်းတွေကို မျက်စိကျတတ်တယ် .."

ပြောချင်တာ ပြောပြီး ဖုန်းကို ပိတ်ထားလိုက်သည်။ ပြီး
မီးသေနေသည့် စီးကရက်ကို နံ့ရုံနဲ့ ဖိချေပစ်ကာ ...

ခင်ဗျား ထုပ်ပိုးပြီး ပြေးဦးမယ်ဆို ပြေးစမ်း ဦးညဏ်ကျ
ကျုပ် ခင်ဗျားကို တမင် ပြေးခွင့်ပေးထားခဲ့တာ ...၊

သမင် ဆယ်လှမ်း .. ကျားတစ်လှမ်း ...။





## အခန်း (၁၅)

"မင်း ဒီနေရာထိ ရောက်လာရဲတယ်ဆိုတည်းက မီးလျှံ နာမည်
ကြီးနေတာ အလကား မဟုတ်မှန်း ငါ သိပါတယ် .. ဒါပေမယ့် လက်
ဆွဲဆိုတာ စိတ်ကူးတွေလောက် မလွယ်ဘူး မီးလျှံ .."

"ခင်ဗျားနဲ့ ကျုပ် စိတ်ကူးထဲမှာ တွေ့နေတာလို့ ထင်လို့လား.."

ဦးတာခံ က မပြုံးမတည်သော မျက်နှာနှင့် ကြည့်နေပြီး ခေါင်း
ညည်း မညိတ် .. ခေါင်းခါခြင်းလည်း မပြု ...၊ သို့သော် လေးထောင့်စပ်
မ် မေးရိုးနှစ်ဖက်မှာ လှုပ်ခတ်နေခြင်းက အံကြိတ်နေခြင်းသာဖြစ်
ကျက် ...

"မထင်ပါဘူး .. ဒါပေမယ့် မင်း ထင်နေမှာစိုးလို့ သတိပေးတာ..
မင်း ပြောခဲ့သလိုပေါ့ .. ငါတို့ နှစ်ဖွဲ့ မရိုးသားမှုတွေနဲ့ ငြိခဲ့တယ် ..
ဒါပေမယ့် နှစ်ဖက်စလုံး ဆုံးရှုံးသွားခဲ့ပြီး မင်းက အမြတ်ထုတ်သွား
တယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်သည့်မျက်နှာနှင့် မီးလျှံ က ပြုံးလိုက်ကာ ဦးတာခံ ရှေ့ နီးတဲ့အထိ တစ်လှမ်းချင်း လျှောက်သွားခဲ့သည်။ ပြီးမှ ...

"အဲ့ဒါတွေပဲ ကြားနေရတာ ပျင်းဖို့ ကောင်းတယ် ဦးတာခံ .. လိုရင်းကိုပဲ ပြောရအောင် .."

ဦးတာခံ က ခေါင်းမညိတ်ပေ ..၊ မီးလျှံ သူ့ဆီ ရောက်လာရခြင်း အကြောင်းကို သိနေသည်။

ရဲတင်း မောက်မာလွန်းသည့် ခြေလှမ်းတွေကြောင့် ဒီခြေထောက် တွေကို ရိုက်ချိုးချင်စိတ်တွေလည်း ဖြစ်နေခဲ့၏။

သို့သော် သူပြောတဲ့ စကားသံတို့က ဒေါသလား .. မတုန်လှုပ်တာ လား .. အကဲခတ်ရ မလွယ်လောက်အောင် တည်ငြိမ်နေကာ ...

"ဟုတ်ပြီ .. လိုရင်းကို မင်း ကြားချင်ရင် ငါက စ ပြောမယ် .. အခု မင်း လာရတဲ့ ရည်ရွယ်ချက် ပျက်ပြီ .."

"ဘာဖြစ်လို့လဲ .."

"မင်းလူကို ငါတို့ သတ်ပစ်လိုက်ပြီ .."

ဦးတာခံ ပြောပုံက ခံစားချက်မဲ့နေကာ တွန့်ချိုးသွားသည့် မီးလျှံ ရဲ့ မျက်ခုံးတန်းတွေပေါ်မှာပဲ စူးစိုက်နေလျက် ...

"ဖဲဘုရင် က ငါတို့ဆီ ရောက်တာနဲ့ သေသွားတာ .. မိုးသိကြား ဆိုတဲ့ကောင်ဆီမှာ ပစ္စည်းတွေရှိမှန်း ကြားလိုက်ရတော့ မင်းက လက်ဦး သွားပြီ .."

ဦးတာခံ က ထိုင်နေရင်းကနေ ထလာပြီး မီးလျှံ နဲ့ မလှမ်းမကမ်း ထိ လျှောက်လာခဲ့၏။

"ငှက်သိုက် ဆိုတာ မင်းကောင်မှန်း သိလိုက်တည်းက သူ့ကို မေးဖို့ရော .. ဒီပစ္စည်းတွေကို ပြန်ရဖို့ရော ငါ ဘာမှ ခေါင်းထဲ မထည့်





ဘူး .. မီးလျှံ ဆိုတာကို ငါတို့လောကမှာ ခွေးရူးကို လူတွေ ကြောက်သလိုမျိုး ရှောင်ကြတာလေ .."

ပြောနေရင်း မျက်နှာကို စိုက်ကြည့်ကာ ...

"ကိုယ့်ကို လူတွေ ကြောက်ကြပါလားဆိုပြီး မင်း ဂုဏ်ယူနေမှာ ပဲ .. ယူပေါ့ ..၊ ငါတို့ကလည်း မင်းနဲ့ မထိစပ်မိမှာ မပတ်သက်ဖို့ ကြိုးစားတယ် .. ခုလိုမျိုး ဖြစ်လာရင်တော့ ပစ္စည်းတန်ဖိုးနဲ့ ကိုယ့်တန်ဖိုး ချိန်ထိုးရတာပေါ့ .."

"ဒီတော့ ဘာက တန်ဖိုးကြီးသွားသလဲ .."

"တန်ဖိုးကြီးတာကို ချန်ပြီး တန်ဖိုးမရှိတာကို ဖြတ်ထုတ်ပစ်လိုက်တာလေ .. အဲ့ဒါက မင်းလက်ထဲ ရောက်သွားတဲ့ ငါ့ပစ္စည်းတွေပေါ့ .. မင်းကောင်ကို သတ်ပစ်လိုက်ပြီးဆိုတည်းက မင်း သဘောမပေါက်ဘူး လား .."

"ပေါက်တယ် .. ဒါပေမယ့် ခင်ဗျား သဘောမပေါက်တာ ရှိသေး တယ် .."

"ပြောပါဦး .."

မီးလျှံ ရဲ့ မျက်နှာပြင်နှင့် မျက်လုံးတွေ အနီရောင် သမ်းလျက် ရဲရဲ ဖြစ်လာသည်။ ဒါကို သတိထားမိကာ ဦးတာခံ မျက်နှာ ပျက် သွား၏။

ထိုပြင် ခွေးရူးနှင့်နှိုင်းခဲ့မိသော ကိုယ့်စကားကို သတိရကာ ခွေးရူး တစ်ကောင်ကို ရင်ဆိုင်မိတာမျိုးနှင့် လုံးဝ မတူသော သူ့ရင်ထဲက တုန် လှုပ်ခြင်းကိုပါ နှိုင်းယှဉ်ကြည့်မိ၏။

မီးလျှံ က၊ သူ့ရှေ့ကို တစ်လှမ်းချင်း တိုးလျှောက်လာကာ ...

"အဲဒီမှာ ရပ်နေလိုက် .."



www.burmeseclassic.com

www.burmeseclassic.com



သူ့လူနှစ်ယောက် ဘယ်ညာနှစ်ဖက်ကနေ ရောက်လာပြီး တား လိုက်မှ ခြေလှမ်းရပ်၍ ...

"ကျုပ်လာတာ ခင်ဗျားနဲ့ အလဲအလှယ်လုပ်ဖို့ လာတာ မဟုတ် မှန်းတော့ ခင်ဗျား သိမှာပါ .."

"အင်း .. သိတာပေါ့ .. မင်းက ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီး နေတဲ့ကောင်ပဲ .. ခုလို သူများပိုင်နက်ထဲ ဝင်လာပြီး အကြမ်းဖက် သောင်းကျန်းမှုတွေ လုပ်ဖို့လည်း ဝန်မလေးတတ်တာ .."

"ဟုတ်တယ် .. ခင်ဗျား နောက်ထပ်တစ်ခု စဉ်းစားမိဖို့က ကျုပ် က နွားကို တောထဲမှာ ချောင်းပြီးဆွဲတာ မဟုတ်ဘူး .. သိမ်းဆည်းထား တဲ့လူတွေရဲ့ ခြံဝင်းထဲကို ကျူးကျော်ဆွဲတာ .."

"ဟား .. ဟား .. ဟား ..."

ဦးတာခံ က လူယုံတော်တွေ ဘယ်ညာတစ်ဖက်စီ ခြံရံလျက် အားပါးတရကြီး ရယ်နေပြီးမှ ...

"မင်းက ကိုယ့်ဂုဏ်ပုဒ်တွေကိုတော့ သိနေသားပဲကွ .."

"ခင်ဗျားက ပိုသိမှာပါ ဦးတာခံ .. မီးလျှံ ဆိုတဲ့ကောင် ဘာတွေကို ဂရုမစိုက်ဘူးလဲဆိုတာ လူပြောများတဲ့ စကားတွေ ခင်ဗျား အများကြီး သိထားပါသေးတယ် .. ကျုပ်က လူကောင်း မဟုတ်ပေမယ့် မကောင်းမှု တွေကို မုန်းတဲ့ လူဆိုး .."

"ဟား .. ဟား .. ဟား .. လုပ်ပြန်ပြီ မီးလျှံ ရာ .."

"ငွေထက် ကိုယ့်ရဲ့ ရဲဘော်ရဲဘက်တွေကို ပိုတန်ဖိုးထားတယ်ဆို တာလည်း ရှိသေးတယ် .."

"အဲဒီတော့ .. မင့်ကောင်ကို ငါ သတ်ပစ်တဲ့အတွက် မင်းက.."

"သူ့အတွက် ခင်ဗျားကိုပါ အဖော်ထည့်ပေးလိုက်မှာ .."





အပြောနဲ့ လက်က တစ်ထပ်တည်း ကျ၏။

ညာဘက်ဘေးမှာ ဓားတကိုင်ကိုင်နဲ့ ဟန်ရေးပြနေသူ၏ လက်ကို ခြေထောက်နဲ့ လွှဲကန်ပစ်လိုက်ကာ သူ့ခန္ဓာကိုယ်က ထိုလူ၏ နောက်ကို ရောက်သွား၏။

ဘယ်လက်ရုံးလူ ဓားကိုင်ရင်း ဘယ်သူ့ကို ပစ်ရမှန်း မသိ ဖြစ်နေ စဉ် ဦးတာခံ တဖြည်းဖြည်း နောက်ဆုတ်ရင်း ...

"ဘာလုပ်နေတာလဲ ဟိုကောင် .. ပစ် .. ဒီကောင့် ခြေထောက်ကို ချိန်ပစ် ဖမ်း .."

အမိန့်သံ အဆုံးမှာ ဓားရောင် လက်ခနဲ ပြေးသွား၏။

သို့သော် ...

"အား!..."

အော်သံက ညာလက်ရုံး၏ အော်သံ ဖြစ်နေကာ ...

"ဝုန်း .. ဒုန်း .."

"ချလွမ် .."

"ဟာ!... မင်း!..."

တစ်ခန်းလုံး မထင်မှတ်သည့် ခဏလေးအတွင်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့ပြီး ...

"အ!..."

ဦးတာခံ သည် မီးလျှံ လက်ထဲမှာ မျက်နှာမော့ ခါးကော့လျက် သွားကိုလည်း ကြိတ်ထား၏။

မီးလျှံ ကို သူ ဒီတစ်ခါပဲ ရင်ဆိုင်တွေ့ဖူးခဲ့တာဖြစ်ကာ သူ ထင် [illegible]ခဲ့သလို အသက်လေးဆယ်လောက် ခပ်ကြမ်းကြမ်း ဖိုက်တာကြီး [illegible]နဲ့ မဟုတ်ဘဲ တွေ့လိုက်ရတော့ တစ်ထစ်လျှော့ တွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အ!..."

"ခင်ဗျား ငြိမ်ငြိမ်နေရင် ပိုသက်သာမယ် ဦးတာဓံ .."

"ဒုန်း .."

သူ ထလာသည့်ခုံမှာပဲ ထိုင်သည့်ပုံစံမျိုး အကြမ်းပတမ်း ပစ်ချလိုက်ကာ ပြန်ကုန်းထနေသည့် ညာလက်ရုံး၏မေးဖျားကို ခြေထောက်နဲ့ ဝိုက်ကန်ပစ်လိုက်သည်။

ခေည့်ခန်းထဲမှာ သူ့လူသုံးယောက် အတုံးအရုန်း လဲကျနေတာကို ကြည့်၍ ...

"ငါ့မှာ အင်အားနည်းနေတာ မင်း အရင် သိပြီးမှ ရောက်လာတာပဲ မီးလျှံ .. ဒီလိုနေရာတွေမှာ ကြိုသိပြီး ရှောင်ရှားတတ်လို့ မင်း နာမည်ကြီးနေတာပါ .."

"ခင်ဗျားကိုယ် ခင်ဗျား အင်အားအပြည့်နဲ့မှ ရပ်တည်နိုင်စွမ်းရှိတဲ့ သူဆိုတာ နားလည်ရင်လည်း အိပ်နေတဲ့ ကျားကို ထိပ်ပုတ် မနှိုးသင့်ဘူးဆိုတာတော့ သိရမှာပေါ့ .. ဒီမှာ ခင်ဗျား သိထားဖို့က ရင်ဆိုင် ယှဉ်ပြိုင်ပြီဆိုရင် ပရိယာယ်ဆိုတာလည်း လက်နက်တစ်ခုပဲ .. သူများရဲ့ နည်းပရိယာယ်တွေကို ရွတ်ပြနေတာ ခင်ဗျား ဘယ်လောက် ညံ့သလဲဆိုတာကို ဖော်ပြနေတာပဲ .."

"ငါ ညံ့တာ မဟုတ်ဘူး .. မင်း ယုတ်မာတာ .. မင်းလိုကောင်က မိုက်ရိုင်းသလို မျက်နှာလည်း ပြောင်တယ် .."

ဒေါသကြောင့် အသံတွေပါ တုန်ယင်နေသည့် ဦးတာဓံ က ကိုယ့်အိမ်ရာထဲထိ လာပြီး စော်ကားခံနေရသည့်အဖြစ်ကို ဘယ်လိုမှ မချေချမ်းနိုင်သော အကြည့်စိမ်းတို့ဖြင့် ...

"ဟေ့ .. သွားကြ နောက်ကို .."





အင်နဲ့အားနဲ့ ဝိုင်းတက်လာကြသည့် ကိုယ့်လူတွေကိုပဲ မဲသဲအော်ထုတ်မိကာ ...

"မင်း သူများပစ္စည်းကို မတရား ဖြတ်ယူရုံသာမက ငါ့ရှေ့ထိလာပြီး ငါ ဖမ်းထားတဲ့လူကို ပြန်တောင်းဖို့ ကြိုးစားတယ် .."

"ကျုပ် ရောက်လာမှာပဲဆိုတာ ခင်ဗျား သိနေရက်နဲ့ သတ်ပစ်လိုက်တာပဲ ဦးတာဓံ .. ကျုပ်ကို ရန်စလာရင် လက်ဆို လက်ချင်း .. ဓားနဲ့ဆို ဓားချင်းပဲ .. သတ်တာဖြတ်တာတွေ ခင်ဗျားကစပြီး ဖဲ့ကြိုးဖြတ်တာ .."

"အေး မင်းလည်း လုပ်လေ .. မင်း အခု ငါ့ကို မသတ်ရင် နောက်ထပ် ကံကောင်းမယ့်နေ့တွေ ရှိလာဖို့ မင်းအတွက် မျှော်လင့်ချက် မရှိဘူး .."

"ကျုပ်က လူသတ်သမားမှ မဟုတ်တာ .."

"အများကြီး ပိုယုတ်မာတဲ့ ကောင်ပဲ .."

"ထားလိုက်စမ်းပါ .. ချောင်ပိတ်ခံရတိုင်း ပြန်ဟောင်တဲ့အသံတွေ ကျုပ် ဂရုမစိုက်ဘူး .."

ပြောနေရင်း ဦးတာဓံ ထိုင်နေသည့် ဆိုဖာခုံမှာ ခြေထောက်တစ်ဖက် လှမ်းတင်ပြီး ...

"ကျုပ် ပါမလာခဲ့တဲ့ အစီအစဉ်နဲ့ ခင်ဗျားရဲ့လုပ်ရပ်အတွက် ကျုပ်တောင်းပန်ရမယ် .."

"ဘာ!..."

"ခင်ဗျားကို သတ်ပစ်လိုက်တာထက် အရသာရှိတဲ့ နည်းနဲ့ .."

ဦးတာဓံ မျက်နှာပျက်သွားသည်။ ထိတ်လန့်သွားသည့် မျက်လုံးများ ဖုံးဖိမရဖြစ်ကာ ဖျတ်ခနဲ မော့ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သိပါတယ် .. ကျုပ်က မှောင်ခိုရာဇာ မဟုတ်ဘူး .. အဲ့ဒီလိုလူတွေလက်ထဲက လုယူ ဖြတ်စားနေတဲ့ကောင် .. ပြောချင်တာ က ကျုပ်တို့ချင်း ရောင်းသူဝယ်သူပဲ .. လိုင်းပူးဖို့ မရှိဘူး .."

"ဟိတ်ကောင် .. ရှင်းရှင်း ပြော .."

"ခင်ဗျား တစ်သက်လုံး ထောင်ထဲမှာ နေသွားရတော့မယ် တာ .."

"ဘာ!... မင်း .. မင်း .. ဘာပြောတယ် .."

မီးလျှံ က ထပ်မပြောဘဲ ဖုန်းထုတ်ယူလိုက်ပြီး မိုးတိုးမတ်တ ရပ်နေသူတွေကို တစ်ယောက်ချင်း လှည့်ကြည့်သည်။ ပုံစံတွေ ကျ ကျားလျားလျားနှင့် လက်ထဲမှာ တုတ်တွေ .. ဓားတွေ ကိုင်ထား သည်။

ခုနတုန်းကတော့ ဆရာဖြစ်သူက တားနေလို့သာ ရှေ့မတိုးရ မယ့် လက်တယားယား ဖြစ်နေတာမျိုး တုတ်တပြင်ပြင် .. ဓားတဆ နှင့် ...

'ထောင် ..'ဆိုသည့်အသံ ကြားလိုက်ပြီးသည်နှင့် မီးလျှံ လှည့်ကြ လိုက်တာနှင့် ကိုင်ထားသည့်လက်နက်တွေကို လွှတ်ချတော့မလိုလို .. ဝှက်ထားတော့မလိုလို ..၊

"ဟွန်း .."

လက်ရုံးနှစ်ယောက်ဆီကို မီးလျှံ က ပြန်ငုံ့ကြည့်ကာ ...

"လက်ရုံးဆိုတော့ မင်းတို့က သစ္စာခံတွေအဆင့် ရှိတယ် .. တော့ မင်းတို့လိုလူတွေကိုတော့ မလွှတ်ထိုက်ဘူး .."

"မင်း!..."

ဦးတာဖံ ဝုန်းခနဲ ရုန်းထလိုက်တာနှင့် လည်ကုပ်ကို ပြန်ဆောင့်





သက်ရန်းနဲ့ လက်ကို ခြေထောက်နဲ့ ဖိနင်းထားလိုက်သည်။

လက်ရုံးနှစ်ယောက်သည် တစ်ယောက်က ပေါင်မှာ ဓားထိထား တစ်ယောက်က ခါးဆစ်လွဲသွားသဖြင့် ငုတ်တုတ်ပင် ကောင်း မထိုင်နိုင်ဘဲ ထပြေးချင်တာလား .. သူတို့ဆရာကို ကူညီချင်တာ ဘာမှန်း မသိ ..။

လှုပ်လှုပ်ရွရွတော့ ဖြစ်နေကြလေသည်။

"တောက်!..."

ဦးတာဖံ လက်သီးဆုပ်ကြီး တုန်ခါနေအောင် အံကြိတ်၏။ မှဆိုး သားကောင်ဖြစ်ခဲ့ရသည့်အဖြစ်ကို ဘယ်လိုမှ မခံစားနိုင် ..၊

ဘာကြီး ဆိုသည့် ငယ်နာမည်ဖြင့် ဟိုတုန်းတည်းက ခါးပိုက်နှိုက် ဖြစ်လာခဲ့တာ သူပဲ ဖြစ်သည်။ ဆိုးသွမ်းလူငယ်လေးတွေ စုဖွဲ့ နှိုက်ပြီး ဆရာ့လက်အောက်မှာ ရပ်တည်နေခဲ့ကြသည့်ဘဝမျိုး..၊ ဒီဘဝထဲကနေ ခုလို ရပ်တည်ပြီး ချမ်းသာကြီးပွားအောင် ကြိုးစား အဆင့်ဆင့်ကို ဖြတ်သန်း အောင်မြင်ခဲ့၍ ဖြစ်သည်။

ဒီနေ့ ဆိုးရွားနေသည့်အခြေအနေတစ်ရပ်ကို ဖြေရှင်းဖို့ သူ့ရဲ့ ညာ ကို ထည့်ကာ အတော်ဆုံးလူတွေ ရွေးထုတ်ပြီး အပြင်ကို လွှတ် သည်။

မီးလျှံ ဆိုတဲ့ကောင် ဒီအချိန်မျိုးမှာမှ ရောက်လာခဲ့သည်။ ဒီကောင် ထိ တော်နေတာလား ..၊ သူ့အတွက် တိုက်ဆိုင်မှုတွေက အရေးတွေ ရသွားခဲ့တာလား ..။

ဤသို့သော အခြေအနေတွေကို ဖန်တီးသိမြင်နိုင်သူအဖြစ် နာမည် ခဲ့တာက အမှန်ပင် ..၊

ဒါဆို ငှက်သိုက် ကို သတ်ပစ်လိုက်မိတာ သူ မှားတာလား ..



www.burmeseclassic.com

www.burmeseclassic.com



သတ်ပစ်လိုက်တာကို ပြောလိုက်မိတာ မှားသွားတာလား ..။

ကိုယ့်အရိပ်ထဲ ဝင်လာသည့် သားကောင်အဖြစ် အငြိုးအတေး[..] နဲ့ အားပါးတရ ရှိနေတုန်း ချက်ချင်း ဝုန်းဒိုင်း ထကြွပစ်လိုက်[..] အသက်ရှူချိန်တောင် မရလိုက်ပေ ..။

ခုတော့ အသုံးမကျသည့် တပည့်တပန်းတွေ ရှိနေပေမယ့်လ[..] သူ့အတွက် အကူအညီရဖို့ လမ်းမမြင်သည့်ပြင် ...

"မင်းတို့ ထောင်မကျချင်ရင် ခု ထွက်သွားလို့ ရတယ် .. မသွား[..] ရင်လည်း ရတယ် .. ဒါပေမယ့် အသက်ပြင်းပြင်း မရှူနဲ့ .. ယာ[..] မကုတ်နဲ့ .. ငါ့လက်က ယင်တစ်ကောင် ပျံသွားတာတောင် အ[..] ပေးချင်တာ မဟုတ်ဘူး .."

ဖိနပ်ကြားထဲမှာ ထည့်ထားသည့် ဓားပါးလေးတစ်ချောင်[..] ထုတ်ကာ ဦးတာခံ ၏ ဆံပင်တွေနဲ့ ပွတ်သုတ်ပြလိုက်ပြီး ...

"ခင်ဗျားလည်း ငြိမ်ငြိမ်နေ .. ထပြေးဖို့ ကြိုးစားရင် သေ[..] မသတ်ဘဲ နောက်ထပ် မပြေးရဲတော့အောင် လုပ်ဖို့ နည်းတွေ [..] သုံးတော့မယ် .."

ထိုစဉ် သူ ရဲစခန်းကို ဖုန်းဆက်နေလိုက်လျှင် ...

"မီးလျှံ .. မင်း .. မင်း .. ခု ရပ် .. ဖုန်းချလိုက်ပါ .."

ဦးတာခံ ကတုန်ကယင် တားဆီးကာ ...

"မင်း ဒီလောကသားတွေကြောင့် အသက်ရှည် ဘုန်းကြီး[..] ကို ကျေးဇူးမမေ့နဲ့ .. ငါ့ဆီက မင်း လိုချင်တာ ထပ်ယူ .. ဘာလ[..] လဲ .."

ဖုန်းကိုင်သည့်လက်ကို နောက်ပို့ထားပြီး မီးလျှံ က မဲ့သ[..]

"ထောင်ကျစေချင်ဝ,ယ် .."





[..]အားစက်စက် ပြောပြီးမှ ...

"ခင်ဗျားတို့ရဲ့ ရောင်းဝယ်သမျှ အားလုံးနီးပါးနဲ့ ဆက်သွယ်ရေး [..]ပ်လက်ထဲမှာ သက်သေရှိတယ် .. ဒီလိုလောကမှာ မီးလျှံ ကို [..]လို့ မဟုတ်ဘဲ ပြန်မလှန်ရဲကြတာ အဲ့ဒါတွေကြောင့် .."

"ဘာဖြစ်ဖြစ် မင်းက လူယုတ်မာပဲ .. အရိပ်နေပြီး အခက်ချိုး

"ဟား .. ဟား .. ဟား .. ဟား ... ရွှံ့စရာတွေ ပြောနေပြန်ပြီ .. [..]တော့ .. ဒီမှာ ဦးတာခံ .. မီးလျှံ လူဆိုးပေမယ့် ရဲစခန်းထဲမှာ [..]ကော်ဖီ ထိုင်သောက်ဖူးတယ် .. လမ်းဘေးမှာ .. သရိုင်းမှာ .. [..]ဖြစ်ဖြစ် စီးကရက်တို တစ်တိုကို သုံးယောက်လေးယောက် [..]ငင်းကပ် မှုသောက်ပြီး ဘယ်သူက ဂိုဏ်းစတားကြီးနဲ့ တူသလဲ [..]ငယ်မောခဲ့ကြဖူးတယ် .."

[..]န်းကို ပြန်ပိတ်လိုက်တော့ ဦးတာခံ က ထိုလက်ကို ဝမ်းသာ [..]ဆိုက်ကြည့်၏။

"အလွှာစုံ .. နေရာစုံမှာ ကျုပ်ရဲ့ ဘော်ဒါကဗ္ဗတွေ ရှိတယ် .."

[..]ထိုစဉ် ညာလက်ရုံး အမည်ခံထားသူသည် ဒဏ်ရာနဲ့ ခြေထောက် [..]ရင်း ခြေတရွတ်ဆွဲမတတ်ပုံစံနှင့် ထရပ်၏။

[..]ဦးတော့ ...

"ငါ .. ငါက ညာလက်ရုံး မဟုတ်ပါဘူး.. အဆင့်သုံးထဲက တစ် [..]ပါ .. ငါ့ကို သွားခွင့်ပြုပါ .."

"တိတ်ကောင် .. သစ္စာဖောက် .."

ဦးတာခံ အသံကြီး ဟိန်းထွက်လာ၏။ မီးလျှံ က ရယ်ကာ [..]မှာ တရှေ့ရှေ့ ဆုတ်ဖို့ ပြင်နေကြသူတွေထံ ပြန်ငဲ့ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါပဲ ဦးတာဖ် .. အခြေအရံဆိုတာ ခြေနိုင်မှ ရှိတာ ..
ခြေချမပေးနိုင်တော့ရင် ခင်ဗျားရဲ့ဘေးမှာ ရှိပေးမယ့်သူလည်း ရှိ
မှာ မဟုတ်ဘူး .. ကျုပ်ရဲ့လူတွေက အခြေအရံတွေ မဟုတ်ဘူး ..
ရဲဘက်ကောင်းတွေ ..၊ ငှက်သိုက် ဆီက ခင်ဗျား ဘာသတင်းမှ မ
မို့လား .. သူ သိမ်းယူသွားတဲ့ပစ္စည်းတွေ ကျုပ်လက်ထဲတောင် မ
သေးဘူး .. ဒါပေမယ့် ခင်ဗျားကို မပြောဘဲ အသေခံသွားတာ ..

တကယ်ကို သူ ဒေါသမထိန်းနိုင်အောင် ဖြစ်ခဲ့တာပါ ..၊
ဆုံး သတ်ပစ်ခဲ့တဲ့အထိဖြစ်တော့ တကယ် မသိလို့ မပြောနိုင်ခဲ့တာ
ထင်ခဲ့သည်။

ခုကျမှ မီးလျှံ ပြောတာတွေကို ကြားကာ ဦးတာဖ် ကိုယ့်အ
ခဏ မေ့သွားမိတဲ့အထိ အံ့သြသွားခဲ့၏။

ပြီးတော့ ကိုယ့်ရဲ့ လက်အောက်ငယ်သားတွေ ခြေလှမ်း
ကြတာကို ယှဉ်ကြည့်ကာ နာကျင်သွားခဲ့သည့်စိတ်နှင့် တံတွေး
သည်။

ဒီကောင်တွေ မကြင်နာရက်လေခြင်းဆိုတဲ့ နာကျင်မှု မ
မီးလျှံ လိုကောင်က ကိုယ့်ကို အမှားထောက်နေသည့်အဖြစ်
ရှက်မိ၏။ ဒါပေမယ့် သူလည်း ဒီတိုင်းပဲ ဖြစ်နေခဲ့ရာ ...

"ဒုန်း .. ဒုန်း .. ဒုန်း ..."

အပေါ်ထပ်ကနေ ပြေးလွှားဆင်းလာသည့် ခြေသံနှင့်အ

"သူခိုး .. သူခိုး ..."

အသက်သုံးဆယ်လောက် အမျိုးသမီးတစ်ယောက်သည်

"ကြွေ ဆိုတဲ့ မိန်းကလေးက သူ့အစ်ကိုကို ပေးမတွေ့
ကိုယ်ကိုယ် အဆုံးစီရင်မယ် ဆိုပြီး .."





"ဟိတ် .. တိတ်စမ်း .."

ဦးတာဖ် ခေါင်းပါ ခါပစ်ပြီး အော်ထုတ်၏။ အမျိုးသမီး လှေကား
တ်လောက်ကနေ နောက်ပြန်ဆုတ်ရင်း ပြန်တက်၏။

"သူ့အစ်ကို သေပြီလို့ ပြောလိုက် .. သတ်သတ် .. သေသေ .."

"နေဦး .."

မီးလျှံ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ကိုယ်ကို မတ်မတ်ပြန်ရပ်
သည်။ ရုတ်တရက် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းတောင်
ိုက် ..၊

"ကြွေ .."

ဒီနာမည်မျိုး ဘယ်နှစ်ယောက် ရှိနေနိုင်သလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

BURMESE CLASSIC

"ကားရပ်ပြီး ဘာလုပ်မလို့လဲ ..၊ ကျွန်မအစ်ကိုဆီ ခေါ်ဆို .."

ကားရပ်လိုက်တာက သချိုင်းကုန်း ..၊

နယ်စပ်ဒေသဆိုတာ တစ်ခါမှ မရောက်ဖူးသည့်ပြင် ဆန်ဆန် ခေါင်ဖျားသော ရွာမ်းကျဉ်းလေးထဲကို ရောက်လာသ မျက်နှာလေးက စိုးရိမ်စိတ်တို့နှင့် ...

"ဟင်!..."

ဟိုကြည့်ဒီကြည့် ဖြစ်နေတုန်း ဘေးကတံခါး ဖွင့်သွား မှန်နက်နှင့်လူ၏ မျက်နှာ ဘွားခနဲ ပေါ်လာသဖြင့် ...

"ကျွန်မ အစ်ကိုက ဒီမှာလား .."

မီးလျှံ က မဖြေဘဲ စီးကရက်ထုတ်ယူရင်း သူမ မျက်နှာ စိုက်ကြည့်၏။





မီးညှိနေတော့လည်း မျက်လုံး မလွှဲပေ ..၊ မျက်မှန်နဲ့မို့ မျက်လုံး မဆုံတာကိုပဲ ကျေးဇူးတင်ရဦးမည်။

ဒါပေမယ့် ကိုယ့်ကို ကြည့်နေမှန်း သိသည့်အဖြစ်က တော်တော် ခက်နေခဲ့လျက် ..၊ ကြွေ့ ပါးပြင်လေးတွေ တစ်စစ ရဲတက်လာ

လူသူကင်းရှင်းနေသော ပုတ်ဝန်းကျင်၏ တိတ်ဆိတ်ခြင်းတို့သည် မြင်နေရသည့် တစပြင်၏ပြဋ္ဌာန်းချက်ကြောင့် ချောက်ချားဖို့လည်း င်း၏။

သူမရဲ့ ဟိုအစတည်းက ဆိုးရွားခဲ့သောဘဝဟာ ခု ထပ်ပြီး အစ်ကို သူအတွက် စတေးဖို့အထိ အဆင်သင့် ရှိနေခဲ့၏။

ဒါပေမယ့် စွန့်လွှတ်ပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့ရတာက သပ်သပ် .. ကြာက်လန့်စရာ ကြုံလာရင်တော့ မိန်းမသားဆိုသည့် အသိစိတ်က သိက္ခာကို ကာကွယ်ဖို့သာ အဓိက ဖြစ်နေခဲ့ပြီး ...

"ရှင်တို့ ကျွန်မကို ညာနေကြတာမို့လား .."

စိုးရိမ်ခြင်းနှင့် အရှက်တရားကြောင့် တံခါးကို ပြန်ပိတ်ဖို့ လက် မ်းလိုက်လျှင် မီးလျှံ က သူမလက်ကို ပုတ်ချပစ်လိုက်ပြီး ...

"တစ်လောကလုံး ဝိုင်းညာနေကြတာကိုတော့ ကျေနပ်နေခဲ့ပြီး တော့်ကျမှ အညာမခံနိုင်တာလား .."

"ဘာ!..."

ကြွေ့ မျက်နှာလေး တစ်မျိုးဖြစ်သွားသည်။ ပြီးတော့ သူ့မျက်နှာ မျက်မှန်ထဲထိ မြင်ရအောင် စူးစိုက်ကြည့်လာ၏။

ပြေပြစ်သော မဟာနဖူးကျယ်လေးကို တစ်ပြင်လုံး ထင်းနေအောင် င်တွေကို သိမ်းလှန်ယူထားသည့် မျက်နှာလေးက ခုချိန်ထိ ဖြူဖြူနုနု



www.burmeseclassic.com

www.burmeseclassic.com



မသွယ်မပိုင်းလေး ...

သူမက စူးစမ်းနေပေမယ့် သူကတော့ သေချာကို ကြည့်နေ
ဖြစ်သည်။

ကြွေ ဆိုတာ သူမမှန်း သေချာ သိလိုက်တည်းက အံ့သြ
ထွက်သွားသည့်စိတ်က ဝမ်းသာဖို့လည်း သတိမရ ...

"သေချာကြည့်ပါ ... ခင်ဗျားကို ညာနေခဲ့ကြတဲ့ လူယုတ်
ထဲက တစ်ယောက်ယောက်နဲ့ တူနေလား ..."

"အင်း ... တူတယ် ..."

"ဘာ!... ဗျ ..."

စီးကရက်က မီးညိုကာစမှာပဲ မြေပြင်ထက်သို့ အရှိန်နှင့်
ပေါက်ခြင်း ခံရကာ ဖိနင်းပစ်လိုက်ခြင်းက ထပ်ဆင့် ဒေါသတွေ
များလာခြင်းပဲ ဖြစ်လျက် ...

"ကြွေ ..."

"အို!..."

သူ ကားထဲကို မျက်နှာဝင်မတတ် ကပ်လိုက်တော့ ကြွေ
ပြန်ဆုတ်သွား၏။

"ခင်ဗျားကို မြင်လိုက်ရတိုင်း ဒီလိုဘဝမျိုးနဲ့ချည်းပဲ ဘာ
ဖြစ်နေရတာလဲ ..."

ကြွေ ကြောင်ငေးငေးလေး ဖြစ်သွားသည်။

ဒီလိုပုံစံ ကြမ်းတမ်းခက်ထန်နေသည့် လူဆိုးတစ်ယောက်
ကို တရင်းတနှီး ခေါ်နေသည်။

ပြီးတော့ သူ့ကိုယ်သူ 'ကျွန်တော်'လို့ ပြောနေပုံက အစက
တနီး သိခဲ့လို့လား ...





ဟိုအိမ်ပေါ်မှာ 'ခင်ဗျားအစ်ကိုနဲ့ တွေ့ချင် လိုက်ခဲ့ ...'လို့ ပြောပြီး
တံခါးတစ်ဖက်ကို ဆွဲခေါ် ထွက်လာတော့လည်း လူဆိုးတွေထဲကပေမယ့်
သူမ ထလိုက်လာခဲ့တာ ကြောက်လန့်ဖို့ကို သတိမရ ...

"မေးနေတာ ပြောစမ်းပါ ... ဒီမှာ ဒီမျက်နှာကို ကြည့်ဦး ..."

"အို ... မကိုင်ပါနဲ့ ..."

လက်မောင်းကို တစ်ဖက်က ဆောင့်ခါပစ်ကာ တစ်ဖက်က မျက်
နှာကို ချုတ်ပစ်လိုက်၏။

"ခင်ဗျား မေ့သွားပြီလား ..."

ကြွေ့ မျက်လုံးတွေ ဝိုင်းသွားသည်။ သူမ တစ်စုံတစ်ရာကို သိမ့်ခနဲ
အောက်မိလိုက်သည်။

သို့သော် ...

"ရှင်!..."

"ဒီမှာ ..."

သူက နှာတံရင်းမှာ လက်သည်းခွံသဏ္ဍာန် အမာရွတ်လေးကို
လက်ညှိုးနဲ့ တစ်ချက် ပွတ်ပြပြီး ...

"ခင်ဗျားက မေ့သွားပြီကိုး ..."

"ကျွန်မ ..."

မဟုတ်ဘူး ...၊ 'မမ ... မောင်လေး'ဆိုတဲ့ စကားတွေနဲ့ ခင်ဗျား
ပြောခဲ့တာ ...၊

ခပ်မဲ့မဲ့ နှုတ်ခမ်းတို့မှာ နာကျင်ရိပ်တို့ စွန်းထင်းနေခဲ့လျက် ...

"ရပြီ ... အဲဒါ ထားလိုက်တော့ ...၊ ခင်ဗျား အဲဒီအိမ်ကို ဘာသွား
လုပ်တာလဲဆိုတာ ပြော ..."

"ဘယ်အိမ်လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဦးတာခံ .."

"ဦးတာခံ ဆိုတာ ဘယ်သူမို့လို့လဲ .. ကျွန်မက အစ်ကို့ကို
ထားတယ်ဆိုလို့ သွားတာ .."

"ဘယ်သူ ပြောတာလဲ .."

"အစ်ကိုက ဥပဒေနဲ့မကင်းတဲ့ အလုပ်တွေ လုပ်နေတဲ့သူ .."

ကြွေ က ခါးနောက်ကနေ ဆွဲယူထားသည့် ဆံနွယ်တွေကို
လေး တွေးဆုပ်ကိုင်နေရင်း ...

"အစ်ကို့ကို တစ်နေ့နေ့ ဒုက္ခရောက်မှာပဲလို့ ကျွန်မ တွက်
တာပါ .. အဲ့ဒါကြောင့် အစ်ကို့ကို လူဆိုးတွေ ဖမ်းထားတယ်ဆို
ကျွန်မ တန်းလိုက်လာခဲ့တာ .."

"ဘာလဲ .. လူဆိုးတွေကို ချေမှုန်းပြီး ခင်ဗျားအစ်ကိုကို ကယ်
သွားဖို့လား .."

ကြွေ က မျက်ခုံးတန်းလေးတွေ ကုတ်သွားပြီးမှ သူ့ကို မ
သလိုလေး ပြန်ကြည့်၏။

"ရှင် လူကို မဟုတ်တာတွေ မေးမနေပါနဲ့ .. ကျွန်မအစ်ကို
မှာလဲ .."

"ဟိုမှာ .."

ကြွေ က အားတက်သရော လှည့်ကြည့်သည်။

ဒါပေမယ့် လမ်းကျဉ်းရဲ့တစ်ဖက်က ကုန်းမို့လေးမှာ ရှိ
က သချိုင်းပဲ ဖြစ်၏။

"ဘယ်မှာလဲ .."

"အဲ့ဒီမှာလေ .. သချိုင်း မမြင်ဘူးလား .."

"ဘယ်လို!..."





"ခင်ဗျားအစ်ကို မြေကြီးထဲတော့ မရောက်သေးဘူး .. ဒါပေမယ့်
သေပြီ .."

"မဟုတ်တာ မပြောနဲ့ .."

"မပြောနဲ့လို့ တားမယ့်အစား မဟုတ်တာတွေ ပြောနေသလား
ဆိုတာ အကဲခတ်နိုင်ဖို့ အရင် ကြိုးစားဦး .. ဘယ်သူတွေ ဘာတွေဖြစ်
နေသလဲဆိုတာ ဘယ်လိုလူ ဘယ်လိုပုံ ရှိသလဲဆိုတာတွေ .. အဲ့ဒါတွေ
ခင်ဗျား ဘာမှ မသိဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ဗုံးပေါလအော ချကျွေးဖို့ပဲ
အမြဲ အဆင်သင့် ဖြစ်နေတာ .."

"မိုက်ရိုင်းလိုက်တာ .."

ရှက်စိတ်မွှန်ကာ မီးလျှံ ရင်ဘတ်ကို အားကုန် တွန်းပစ်လိုက်မိ
သည်။

သူမလက်ကို ဖမ်းဆုပ်မိပြီးမှ နောက်ဆုတ်ယိုင်သွားတော့ ကြွေ့
ကိုယ်လေး ကားပေါ်ကနေ ဒလိမ့်ခေါက်ကွေး ကျ၏။

"ရှင် .. မိန်းကလေးတစ်ယောက်ကို ယုတ်ယုတ်မာမာ ပြောရက်
တယ် .. ကျွန်မ!.. ကျွန်မ .. အဲဒီလို မိန်းကလေး မဟုတ်ဘူး .."

မြေပြင်မှာ ဒူးတုပ်လေး ခွေကျသွားသည့်အတိုင်း ပြန်မထဘဲ ကြွေ
မျက်ရည်တွေ တလိမ့်လိမ့် ကျ၏။ ပြီးတော့ နှုတ်ခမ်းလေးမှာ လက်ခုံ
လေးနဲ့ ဖိကပ်ထားပြီး ငို၏။

"အစ်ကိုက ကျွန်မကို နေမလောင် မိုးမခအောင် ထားပြီး သူ့ဘဝ
ကို စတေးခဲ့တာ .. ငွေကို များများ ရချင်တယ် .. ကျွန်မဘဝကို အထပ်
ထပ် ကာရံပေးထားချင်တယ် .. အဲ့ဒါတွေကြောင့် ဘယ်သူ တားတား
မရဘူး .. မကောင်းတာတွေ လုပ်ပြီး ကျွန်မဆီကို ငွေတွေ ပို့တယ်.."

မိန်းမလှလေးတစ်ယောက်ရဲ့မျက်ရည်တွေကို မမြင်လိုသည့် ခံစား



www.burmeseclassic.com

www.burmeseclassic.com



ချက်တွေက လူကို ကျောခိုင်းနေမိလျက်သား ဖြစ်ကာ ကိုယ် ပုံချလိုက်တဲ့အတိုင်း ထိုင်ရာမထ ငိုနေသော သူမကို ပြန်လည်း မထူဖြစ် .. ပြောချင်တာတွေ ဆက်ပြောဖို့လည်း နောက်ထပ် ပါးစပ်က မထွက်တော့..

“ရှင်က ဘယ်လောက် သိနေလို့ ကျွန်မကို ဝေဖန်ရတာလဲ .. ဘာမို့လို့လဲ ..၊ ကျွန်မ ပေးဆပ်ဖို့ ကြိုးစားခဲ့သမျှတွေက ကျွန်မရဲ့ ကျေးဇူးရှင်တွေအတွက် ..”

“ဟား!...”

စိတ်ပျက်ခြင်းတွေက သူမရဲ့ ရှိုက်သံရောထွေးသော စကားသံတွေကြောင့်ပဲ ဖြစ်ကာ ...

“ကျေးဇူးစကားကို ကြားတာနဲ့ ခင်ဗျားဘက်က ဘာဖြစ်ဖြစ် ပေးမှာပဲ ဖြစ်နေတာကို ပြန်တွေး .. အဲ့ဒါကစပြီး နေရာမကျခဲ့တာ..၊ ပေးမိ ယူမိတာတွေကြောင့် ကျေးဇူးဆိုတာ ဖြစ်လာခဲ့ရင်တောင် အဲဒီ အပေးအယူတွေက ရိုးသားမှု ရှိရဲ့လားဆိုတာ ခင်ဗျား သေချာသိဖို့ မလိုဘူးလား ..”

ကြွေ က မျက်ရည်တွေ သုတ်ပြီး မော့ကြည့်၏။

ဆံပင်တွေကို မြေပေါ်မကျအောင် ရင်ဘတ်ပေါ်ကနေ ဆွဲယူထားသည့် သူမ၏ပုံစံသည် ဘုရားစေတီရှေ့မှာ ပန်းပေါ် တဘက်တင်ပြီး ရှိကျိုးစွာ ထိုင်နေတာနှင့် တူ၏။

စိတ်တို့သည် သူမ မော့ငေးနေရသည့်အဖြစ်ကို မလိုလားစွာ ညှိသက်ခဲ့ရင်း သူမရှေ့မှာ ခြေဖျားထောက် ထိုင်လိုက်မိရင်း ...

“ခင်ဗျားအဖေကို ကြွေးတွေနဲ့ ရစ်ပတ်ပြီး ခင်ဗျား ပါလာအောင် လှည့်ပတ် လိမ်ညာခဲ့တယ် .. ခုလည်း အစ်ကိုနဲ့ ငါးစာချပြီး ခင်ဗျားကို မျှားခေါ်တယ် .. ခင်ဗျား ကျေးဇူးဆပ်ချင်တဲ့လူတွေ အခု ရှိကြသေး





လား .. ခင်ဗျားအဖေလည်း အသတ်ခံရတယ် .. ဖဲဘုရင် ခေါ် ဖွဲ့ ဆိုတဲ့ သူလည်း သေပြီ ..”

ငေးနေသည့် မျက်ဝန်းတွေမှာ မျက်ရည်တွေ ပြည့်လျှံ တုန်ခါနေခဲ့လျက် .. နှုတ်ခမ်းသားလေးတွေကို ဖိကိုက်ထားရှာသည်။ မီးလျှံ က စိုက်ကြည့်နေကာ ...

“ခင်ဗျား ပေးဆပ်ဖို့ ပြင်ဆင်နေတိုင်းပဲ ကျုပ်က ခင်ဗျားရဲ့ အနီးအနားမှာပဲ ရှိနေခဲ့ရတာကရော .. ကျုပ်က ဘယ်သူ့ကျေးဇူးကို ဆပ်ရဖို့ ရှိနေလို့လဲ ..”

“မင်း!...”

သူမ၏ ကြွေကွဲသည့်မျက်ဝန်းတို့က အံ့သြခြင်းနှင့် တလက်လက် ဖြစ်လာခဲ့၏။

“မင်း .. စ .. စနေမီး ..”

“သိသွားပြီလား ..”

သူ ခပ်မဲ့မဲ့ ခေါင်းညိတ်ပြီး ထရပ်လိုက်ကာ ...

“မမေ့သေးဘူးဆိုတော့ ကျေးဇူးတင်ပါတယ် ..”

“စနေ ..”

ကြွေ က နေရာမှ ကမန်းကတန်း ထရပ်လိုက်ပြီး စိတ်က အံ့သြဝမ်းသာသလောက် ခေါ်သံလေးကတော့ တိုးလျနေခဲ့ရှာသည်။

“ငါ .. ငါ .. မင်းကို မမှတ်မိတာ တောင်းပန်ပါတယ် .. မင်း ပုံစံကလည်းလေ ..”

“မလိုပါဘူး .. ခင်ဗျားနဲ့ ကျွန်တော် ဆုံခဲ့ကြတာကလည်း လွမ်းဆောက်စရာမှ မရှိခဲ့တာ ..”

“မဟုတ်ပါဘူး .. ငါ့ကို မင်း အများကြီး ကူညီ ..”



www.burmeseclassic.com

www.burmeseclassic.com



"အမြင်မတော်လို့ ဝင်ပါခဲ့တာ .. ကျေးဇူးဆပ်တာ မဟုတ်ဘူး.."

ကြေ့ မျက်နှာလေး ညို့ခနဲ ဖြစ်သွားသည်။

မီးလျှံ ရင်ထဲက ခက်ထန်မာကျောခြင်းကို သတိထားမိကာမှ ဟိုတုန်းက ဂျစ်ကန်ကန် ခပ်ရိုင်းရိုင်းကောင်လေးနှင့် ယှဉ်တွဲကြည့်မိသည်။

ထိုအခါ စနေ့ အပေါ်မှာ နားလည်သွားခဲ့ခြင်းနှင့်အတူ ...

"ဟုတ်ပါတယ် .. မင်းက အားလုံးကို တတ်သိ နားလည်နေတဲ့ သူပါ .. တို့ကတော့ မသိဘူး ...၊ အဖေရယ် .. အစ်ကိုရယ် .. သူတို့က ငါ့ကျေးဇူးရှင်တွေပဲ .. သူတို့ကျေးဇူးကို သိတတ်ဖို့ပဲ ငါ သိတယ် .. နောက်ထပ် လိုလားချက်တွေနဲ့ ကြဲစည်သူတွေကို ဘာမှ မသိဘူး .. ဒါပေမယ့် အဲ့ဒီလို သုံးဖက်စာ မမြင်တတ်တဲ့အတွက် ငါ့ကိုယ်ငါ နောင်တမရဘူး စနေ .. မင်းလောက် မတော်ခဲ့တာအတွက်လည်း ဝမ်းမနည်းဘူး .."

မျက်ရည်တွေကို ကုန်စင်အောင် သုတ်ပစ်လိုက်ပြီး သချိုင်းဆီကို ထပ်ကြည့်မိပြန်သည်။

အချိန်သည် ညနေဆည်းဆာ ဖြစ်သော်ငြားလည်း အုံ့ပျက်ပျက် ရာသီဆိုးကြောင့် ဘယ်ကိုကြည့်ကြည့် မလှပနိုင် ...။

သို့တည်းမဟုတ် သူမဘဝတစ်ခုလုံး အလှအပမှန်သမျှ ဆိတ်သုဉ်းခဲ့ပြီဆိုတာကို ဖော်ကျူးနေခဲ့တာလား ...၊

ဖုန်းမြည်လာသည့်အသံသည် အရာအားလုံးကို အနာဂတ် မျှင်းသားလိုက်သလို ရှိကာ ...

"ဟလို .."

ဖွင့်လိုက်ပြီးမှ လိုင်းသိပ်မမိသဖြင့် သူမကို တစ်ချက်ကြည့်ပြီး





သျှံ လမ်းလျှောက်နေမိသည်။

"ဟလို .. အိုခေ .. ကြားရပြီ .."

"... .. ... ..."

"ကျွန်တော် မြစ်ကမ်းပါးနားမှာ .."

ပြောနေလိုက် ပြတ်တောက်သွားလိုက်နှင့် လိုင်းမိတဲ့နေရာ လိုက်ရင်း မိုးဖွားလေးတွေ ကျလာတော့ ဖုန်းပြောခြင်းကို လက်လျှော့လိုက်သည်။

အနည်းအကျဉ်း သိလိုက်ရတာက ကြေ ဆိုသည့် မိန်းမအတွက် သတင်းကောင်းတစ်ခု မဟုတ် ...၊

ကားဆီ ပြန်လျှောက်ခဲ့ရင်း မိုးစက်တွေ စိပ်ကျလာတော့ ကားထဲ ပြေးဝင်လိုက်၏။

ကြည့်လိုက်တော့ ကြေ က ကူရှင်မှာ မျက်နှာလေး ငိုက်ကျလျက် အိပ်ပျော်နေခဲ့၏။

တံခါးဘက်မှာမို့ ကားထွက်လိုက်တာနှင့် သူမ နဖူး ဆောင့်မိတော့မှာပါ ...။

သူဝတ်ထားသည့် ကုတ်အင်္ကျီကို ချွတ်၍ သူမဘက်ကို တိုးရင်း ခေါင်းလေးနဲ့ တံခါးကြားမှာ အင်္ကျီခေါက်နဲ့ ခံပေးထားသည်။

မျက်ရည်စိုနေသော မျက်တောင်ဖျားလေးတွေကို ငေးကြည့်မိတော့ သူမ မျက်နှာလေးနဲ့ နီးနီးလေးမှာ သူ့မျက်နှာ ရပ်တန့်သွားမိသေးသည်။

ဒါပေမယ့် မီးလျှံ မျက်နှာလွှဲ၍ နေရာမှ ပြန်ထိုင်ပြီး စက်နှိုးလိုက်သည်။

ဒါလည်း သူမကတော့ တုတ်တုတ်မှ မလှုပ် ...၊



www.burmeseclassic.com

www.burmeseclassic.com



မိုးတွေ အောချလာတာတောင် သူမက အိပ်လို့ ကောင်းနေသေ
သည်။

ကားကို ဘက်ခ်ပြန်ဆုတ်၍ မောင်းထွက်ခဲ့ရင်း ပြုံးလိုက်မိသည်
နန္ဒ ..။

မင်း ပြောတာတွေ သူ တစ်ခုမှ မဖြစ်ခဲ့ဘူးဆိုတာ သေချာ
ပြီ ..။

သူ့ အရမ်းလှနေတာ တစ်ခုကလွဲရင် အားလုံး အရင်တုန်း
အတိုင်းပဲ ..။

ဆိုတော့ .. ဘာဆက်ဖြစ်နိုင်မလဲ ..။



အခန်း (၁၇)

"မဖြစ်ပါဘူး ဒေါ်ဒေါ် ရယ် .. သူက ကြွေ နဲ့ ဘာမှလည်း တော်
ဟုတ်ဘူး .."

"ဘာမှမတော်ပေမယ့် အခု ညည်းမှာ အရင်းနီးဆုံး ယုံကြည်
လို့ရတဲ့လူဆိုလို့ သူပဲ ရှိတော့တာ မဟုတ်ဘူးလား ကြွေ ရယ်.."

ဒေါ်ပန်းနု ခမျာလည်း ဒဏ်ရာတွေ ဗလပွနှင့် ဆေးရုံက ဆင်းခွင့်
မရသေးတဲ့သူပါ ..။ ဖွဲ နဲ့ ပတ်သက်ပြီး အဖျားခတ် မွှေနှောက်
ခဲ့လူတွေက အိမ်ကိုလည်း မီးရှို့သွားသည်။ ငွေသားနဲ့ တန်ဖိုးရှိ
ပစ္စည်းတွေကိုလည်း ယူသွားခဲ့ကြ၏။

ဒီကိစ္စကို ဦးတာဖဲ ဘက်က လွတ်နေသေးတဲ့လူတွေ လုပ်သွား
..။ ဦးညဏ်ကျယ် တို့အဖွဲ့လား ဆိုတာတော့ မသေချာသေး
..

မီးရှို့ခံခဲ့ရသည့် အိမ်ထဲမှာ ပိတ်မိခဲ့သော ဒေါ်ပန်းနု အတွက်က
..။





www.burmeseclassic.com

www.burmeseclassic.com



"ဒီအဖြစ်တွေကို ငါတော့ ဘယ်လိုမှကို မမေ့နိုင်တော့ဘူး ...

"ဒေါ်ဒေါ် ရယ် .."

"ဟုတ်တယ် .. ညည်းက ဖွဲ နောက် လိုက်သွားတော့ ကြုံ... တာ မဟုတ်ဘူး .."

ပြောပြရင်း မျက်ရည်တွေ ဝေ့တက်လာကာ ခေါင်းအုံးတွေ... ပြီး ခပ်လျော့လျော့ မှိနေသည့် မျက်နှာမှ မျက်ရည်စက်တို့ ပါ... ဆင်းကျလာကြ၏။

"ငါ ဒီအသက်အရွယ် ရှိခဲ့ပြီ .. ကိုယ့်ကိုယ်ကိုလည်း မီ... သေ..ပယ်ကံဇာတာ ပါလာလိမ့်မယ် မထင်ခဲ့ဘူး .. ဒီလောက်... မီးတောက်ဘဲ ကြားထဲမှာလည်း .."

"မငိုပါနဲ့ ဒေါ်ဒေါ်ရယ် .. ဒေါ်ဒေါ် အဲ့ဒီလို ဖြစ်ရမယ့်လူ... လို့ ကယ်မယ့်သူ တွေ့ခဲ့တာပဲ မို့လား .."

"ငါ ကြောက်လို့ မဟုတ်ဘူး ကြွေ .. မီးတွေကို ထိတ်... အောင်ငိုနေရမယ့်အရွယ်လည်း မဟုတ်ဘူး .. ရှေ့လျှောက် တစ်... တည်း ခရီးဆက်ရမယ့် ညည်းဘဝအတွက် တွေးကြည့်ပြီး ဘ... မတတ်နိုင်တော့တာကို တွေးမိလို့ စိတ်မကောင်းတာ .."

ဒေါ်ပန်းနု က မျက်ရည်ကို သုတ်၍ ကိုယ်ကို မတ်မတ်... သည်။

"အကယ်၍ ငါ မီးလောင်ပြီး သေသွားခဲ့ရင် ညည်း ဘယ်... မလဲ .."

ကြွေ က ဘ... ခဖြေ ..၊

"ခုလည်း ...တွေ ဒီ လောဘ မောဟတွေကို ကြော... တရားရိပ်မှာ ခေ...သွားတော့မယ့်စိတ်တွေ ပေါက်နေပြီ .. အဲ...





...ယ်ဖြစ်လာရင် ညည်း ဘယ်လိုလုပ်မလဲ ကြွေ .."

"ဒေါ်ဒေါ်က အဲ့ဒီလို တကယ် လုပ်တော့မလို့လား .."

ဒေါ်ပန်းနု မျက်နှာမသာမယာနှင့် တစ်ဖက်လှည့်သွား၏။

ခေါင်းမှာ ပတ်တီးအပြင် နားခေါင်းရိုးပေါ်မှာလည်း ပလတ်စတာ ...ထားရသည်။ လက်တစ်ဖက်မှာလည်း ကျောက်ပတ်တီးနဲ့ နေရတာ ...သည်။

လမ်းလျှောက်တော့လည်း ထော့နင်းဖြစ်နေဦးမှာ သေချာနေရ...

"ငါတို့မှာ ဆောင်တစ်ထည် ဖျာတစ်ချပ်တောင်မှ မကျန်တော့တာ ...ာ မဖြစ်နိုင်ဘူးလို့ ပြောနေတုန်း .."

...ပြောနေသည့် စကားက အစကို ပြန်ရောက်သွားခဲ့၏။

"ငါတောင်မှ အရူးတစ်ယောက်က သက်...နှံ့ဆံဖျား ဝင်ကယ်လို့ ...င် မသေခဲ့ရတာ ..၊ ညည်းဘဝ ရေတိမ်မနစ်ခဲ့ရတာလည်း ညည်း ...မီး ကြောင့်ပဲ .."

ညည်းရဲ့ စနေမီး' လို့ ဒေါ်ပန်းနု သုံးနှုန်းလိုက်သည်က ကူညီခဲ့ ...သော ဤလူငယ်ဟာ စနေမီး ဆိုတာ သိလိုက်သည်နှင့် အိပ်မက် ...င်း ကြွေ မကြာမကြာ ယောင်ခေါ်တတ်သော 'စနေ'ဆိုသည့် ...တစ်ခုကို သတိရသွားခဲ့သည်။

...တော့ အိပ်မက်တွေနဲ့ နေထိုင်ရခြင်းမှာ မငြီးငွေ့နိုင်ခဲ့သော ...င်ထဲက စွဲလမ်းမှုကို သူမ သတိထားမိနေခဲ့တာ ကြာပြီမို့ ...

"ငါ ပြောချင်တာက ညည်းတို့ သွေးသားမတော်ပေမယ့် သူက ...သံယောဇဉ်ရှိနေသေးတယ် .. ညည်းကိုယ်တိုင်လည်း .."

"အဲဒါတွေကို ဒေါ်ဒေါ် ကို ပြောပြီးပြီပဲ ဒေါ်ဒေါ် .. မထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကူညီရိုင်းပင်းခဲ့တာတွေပါ .. သူနဲ့ ဒီလောက်ထိ ရင်းနှီးခဲ့တာ
ဘူး .. ပြီးတော့ သူက ကြွေ့ထက် သုံးလေးနှစ်လောက် ငယ်
စိတ်ဓာတ်က ကြမ်းတယ် .. အပြောရိုင်းတယ် ..”

ကိုယ့်ကို ပြောခဲ့တဲ့ မကြားဝံ့ မနာသာ စကားတွေကို ဘ
မမေ့နိုင် ..၊

“ဘာဖြစ်ဖြစ် ဒေါ်ဒေါ် ရယ် .. လူရယ်လို့ ဖြစ်လာတည်း
ရပ်တည်နိုင်ဖို့ တစ်ခုခုတော့ သူ့နေရာနဲ့သူ ရှိလာမှာပါ ..”

“ဒါဆို အခု ညည်းလက်ထဲမှာ ချိုးတစ်ပြား ရှိသလား ..
ထပြန်သွားရင် ဘယ်မှာသွားပြီး အမောပြေ ကျောခင်းစရာ ရှိ

“အန်...ာ ဒေါ်ပန်းနု လား ခင်ဗျာ ..”

စကား ပြောနေကြတုန်း လူငယ်နှစ်ယောက် ရောက်လာ

“ကျွန်တော်တို့ကို အစ်ကို မီးလျှံ က လွှတ်လိုက်တာပါ

ကြွေ့ အတွက် နေရေးထိုင်ရေး အစစ စီစဉ်ပေးမယ့်အ
မီးလျှံ ပြောသွားတုန်းက ဒီကောင်လေးထဲက တစ်ယောက်
သည်မို့ ...

“အေး .. ခဏကွယ် ..”

“ဟုတ်ကဲ့ပါ ..”

တူဝရီးနှစ်ယောက် မျက်လုံးချင်း ဆုံသွားကြ၏။ ကြွေ့မ
လေးတွေထဲက နာခံလိုခြင်းမရှိသည့် အကြည့်တွေကြောင့်
မသိကျိုးနွံပြု၍ မျက်နှာလွှဲလိုက်မိကာ ...

“ငါ့ကို နောက်ထပ် စိတ်သောကရောက်အောင် မလုပ်
ငါ ဒါကို ခေါင်းညိတ်စေချင်တာလည်း ညည်းအတွက်ပါ ..”

ကြွေ့ ရင်ထဲမှာ စူးနင့်သွားခဲ့သည်။





“ကျေးဇူးတရားတွေ ပြောလိုက်တာနဲ့ ခင်ဗျားဘက်က ဘာဖြစ်
ချပေးလိုက်ဖို့ အဆင်သင့် ဖြစ်နေတာပဲ ..”

“ခင်ဗျား ပေးဆပ်ဖို့ ပြင်ဆင်နေတိုင်းပဲ ကျုပ်က ခင်ဗျားရဲ့အနီး
မှာပဲ ရှိနေခဲ့ရတာကရော ကျုပ်က ဘယ်သူ့ကျေးဇူးကို ဆပ်ရဖို့
လဲ ..”

“အမြင်မတော်လို့ ဝင်ပါခဲ့တာ ..”

ပြောသွားခဲ့တာတော့ အများကြီးပါ ..၊

တကာ လိမ်ညာ ကောက်ကျစ်ကြတာကို ခံရပါစေ .. ဘယ်သူ
ဆင်သေးသေး .. သူမ ဂရုမစိုက်ဘဲ ကိုယ့်စိတ်ကို ချမ်းသာစွာ
တ်အောင် မွေးမြူနိုင်သည်။

ဆိုသို့သော အခြင်းအရာအားလုံးအပေါ်မှာ စုပေါင်း သုံးသပ်ပြီး
းစပ်က မှိုချိုးမျှစ်ချိုး ကဲ့ရဲ့လာတဲ့ စကားတစ်ခွန်းကြောင့် သူမ
ပြုမတတ် ကြေကွဲခဲ့ရ၏။

ါကို ခု ထပ်ပြီး ဘယ်လိုပုံစံနဲ့ မှီခိုရမလဲ ..၊

ကျေးဇူးတရားတွေနဲ့ ကပ်ငြိမိတဲ့အခါ ဘယ်လို စကားလုံးကြမ်း
ဆိုးနက်ဦးမှာလဲ ..။

ချိန်ထိ ကိုယ့်အတွက် ရွေးချယ်ခွင့် မရှိခဲ့သော သူမဘဝသည်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

တိုက်အိမ်လေးပေမယ့် ခြံလေးလည်း အတော်အသင့် ကျ…
သည်။

နှစ်ထပ် အဆောက်အဦးလေးမို့ အိပ်ခန်းတွေနဲ့ ဧည့်ခန်း…
တွေ သေသပ်ကာ တူဝရီးနှစ်ယောက်အတွက်တော့ လုံလောက်…
နေရာထိုင်ခင်းလေးပဲ ဖြစ်၏။

"ဟဲ့ .. ထားလိုက်လေ ကြွေ ရယ် .. ထမင်းစားရအောင် ဆို…
ရေမိုးချိုးနေပြီ မှတ်တာ .."

"မဟောသေးဘူး ဒေါ်ဒေါ်ရယ် .. ဒေါ်ဒေါ်ပဲ စားနှင့်တော့ …
ဒီအိမ်ရှေ့တစ်ခန်းတော့ ပြီးအောင် တိုက်လိုက်ဦးမယ် .."

"ကြွေ ရယ် .. ညည်းကိုတော့ .."





"မပြောပါနဲ့ ဒေါ်ဒေါ်ရယ် .. ကိုယ်နေတဲ့ အိမ်ကို သန့်ရှင်းရတာ
…ဘာမှ မဖြစ်ပါဘူး .. ပြီးတော့ ကြွေပြားတွေကို တိုက်တာ ပင်ပန်း
…မဟုတ်ဘဲ .."

…ပြောပါနဲ့ ဆိုပေမယ့် ပြောရမှာပါ ..။

…ဒါပန်းနု စိတ်မသက်သာသည့်မျက်နှာနှင့် ဆိုဖာမှာ ထိုင်လိုက်
…

"ထမင်းစားချိန်ဆို တို့တို့ဆိတ်ဆိတ်လေးနဲ့ ဟိုလိုလို ဒီလိုလို လုပ်
…တ်သွားတယ် .. အလုပ်လုပ်နေရမယ်ဆိုရင် ခေါင်းမဖော်ဘူး ..
…ဘယ်လိုစိတ်ကူးတွေနဲ့ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေတာလဲ ..
…ယ် .. ဟင် .."

"ဟင့်အင်း .. ဘာမှ မဟုတ်ပါဘူး .."

…ကြွေ့ မျက်နှာလေးက တည်ငြိမ်လို့ပါ ..။ သူမ မျက်ဝန်းမှာ မျက်
…နေတာလည်း သိပ်မရှိတော့ဘဲ ကြေကွဲ ငေးငိုင်နေတာမျိုးလည်း
…

…လိုမျိုး မေးလိုက်တိုင်းလည်း ဟိုတုန်းကလို စကားလုံးတွေ စီကာ
…နဲ့ ရှင်းမပြတော့တာ သိသာနေခဲ့ပြီး ...

"မြဲဆိအိတ်တွေ မှာထားတာ စောင့်ရဦးမှာမို့လို့ပါ .. အလုပ်လုပ်
…င့်လိုက်ချင်လို့ .."

…ပဲ ထပ်ပြောပြီး ရှေ့သုစ်ထားသည့် အဝတ်စကို ကိုင်၍ ရေချိုး
…တ် ထွက်သွား၏။

…ဒါပန်းနု က နောက်က ထလိုက်လာခဲ့ပြီး ...

"…ဲ့ .. ထားခဲ့ပါအေ .. ငါ လျှော်ပါ့မယ် .. ဟိုမှာ အခြောက်ပြန်
…ဦးမှာမို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ ဒေါ်ဒေါ်ကလည်း .. ကြမ်းတိုက်ထားတဲ့ အခ
ကို .."

"ယော .."

စကားပြောနေတုန်း ဖုန်းသံကြောင့် ဒေါ်ပန်းနု ချက်ချင်း ပြန်ထ
သွား၏။ သိပ်မကြာလိုက်ခင် ပြန်ရောက်လာကာ ...

"စနေ ရယ် ...၊ ကြွေ .. ညည်းနဲ့ ပြောချင်လို့တဲ့ .."

အဝတ်စုတ်ကို ရေညှစ်ပြီး ထရပ်လိုက်ကာမှ ကြွေ့ မျက်နှာ
စိတ်ညစ်သည့်အမူအရာတွေ ပေါ်လွင်သွားလျက် ...

"ကြွေ တစ်ခုခု လုပ်နေတယ် ပြောလိုက်ရင် ပြီးတာပဲ ဒေါ်
ရယ် .."

ဖြစ်ရလေ .. လို့ ညြချရင်း ဒေါ်ပန်းနု ငေးမော ကျန်ရစ်၏။

"ဟလို .."

"ကြွေ .. အခု ခင်ဗျား ဘာလုပ်နေသလဲ .."

"ဘာမှ မလုပ်ဘူး .. ဘာခိုင်းစရာ ရှိလို့လဲ .."

"ဘာ!..."

စကားမပြောရသေးခင် ဒေါသသံက ဆောင့်ခုန်ထွက်၏။

"ကြွေ .."

နောက်ထပ် ဆောင့်အောင့်ခေါ်သံက 'ကြွေ' နာမည်သည် 'ကြွေ
ဖြစ်သွားခဲ့ရတဲ့အထိ ..၊

"ခင်ဗျား မနက်က ညွှန်သည်အမျိုးသမီးကို ဘာပြောလိုက်
လဲ .."

"မင်း ဘာကို မေးတာလဲ .."

"ကျွတ်!..."





အစစအရာရာ သူ့ဘက်မှာ စိတ်ပျက်ဖွယ်တွေပဲ ဖြစ်နေခဲ့ပုံ ရှိ
တာ ...

"မင်းရဲ့ အိမ်အကူက ဆံပင်တွေ အရှည်ကြီးနဲ့ နဖတ်နေတာပဲ..
ဆင်ဘုရင် ခွေးမောင်းခိုင်းသလို ဖြစ်နေဦးမယ် တဲ့ .. အလုပ်သမားထား
တာ သတိထား တဲ့ .."

"အဲ့ဒါ ဘာဖြစ်လို့လဲ .."

"ခင်ဗျားကို သူက ဘာတွေမေးလို့ ကိုယ့်ကိုယ်ကိုယ် အိမ်ဖော်ပါ
လို့ ပြောလိုက်တာလဲ .."

"သူက လက်ဆောင်ပစ္စည်းတွေ သယ်ဖို့ တစ်ယောက်လာပါ ဆို
လို့လေ .."

"အဲဒါနဲ့ ခင်ဗျားက ကျွန်မ အလုပ်သမားပါလို့ ပြောလိုက်ရော
လား .."

ကြွေ က ဘာမှမဖြေဘဲ ပါးစပ်ပိတ်နေ၏။ မီးလျှံ ဘက်ကလည်း
ခဏတော့ တိတ်သွားခဲ့၏။ ပြီးမှ ခပ်ကြိတ်ကြိတ် တက်ခေါက်ကာ...

"ခင်ဗျားနဲ့ ကျွန်တော် ဘော်ဒါကဗ္ဗာနဲ့ ခရီးဆက်ကြမှာ ကြွေ..
မှန်အတိုင်း နေတတ်အောင် ကြိုးစားပါ .. ခင်ဗျားရဲ့ တစ်နေ့တာမှာ
ဘောင် မနက်စာတစ်မျိုး .. ညစာတစ်မျိုးနဲ့ စားသောက်နေရသေးတာ..
နေ့ကဘဝမှာ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ .. ဒီနေ့ ဖြစ်နေတာကိုပဲ အမိက
ထားလိုက် .."

"မင်းက ငါ ဘာဖြစ်နေတယ် ထင်လို့လဲ .."

"အိုဗာတွေ ဖြစ်နေတယ် .. ဘဝကို အနုစိတ် ခွဲခြမ်းကြည့်နေ
တယ် .. ခင်ဗျားရင်ထဲမှာ အတိတ်က တခမ်းတနား ရှိနေသရွေ့ ခင်ဗျား
နဲ့ ကျွန်တော် မပြေလည်တာတွေ အမြဲ ပြောနေရမှာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းနဲ့ ပြေလည်ဖို့ ကြိုးစားနေတာ မဟုတ်ဘူး စနေ .. ငါ စားသောက်နေထိုင်တဲ့ စရိတ်စကအတွက် ငါ့လုပ်အားနဲ့ .."

"တော်တော့ .. ခင်ဗျား .."

ဖုန်းချသွားတာ တိခနဲ ပြတ်ကျသွား၏။

ကြေ့ ကတော့ ဒီတိုင်းပဲ ကျန်ခဲ့ပြီးမှ ဖုန်းကို အသာလေး ပြန်ချကာ နောက်လှည့်လိုက်လျှင် ...

"ညည်းလည်း တော်တော် တစ်ယူသန်ပါလား ကြေ့ ရယ် .."

သူမ နောက်မှာ ရပ်ကြည့်နေသည့် ဒေါ်ပန်းနု မျက်နှာမှာ ရိုဝေ မှုန်မှိုင်းနေခဲ့ပြီး ...





## အခန်း (၁၉)

မနက်ဖြန်လည်း ဒီနေ့အတိုင်း မနက်လေးနာရီ ထရမည်၊ ထမင်း တင်း [...]ပြီး ဆွမ်းတော် ကပ်ရမည် ..။

ပြီးရင် .. သိုးမွေးထည်တွေ ထိုးမည်။

ပြီးရင် .. နေ့လယ်စာအတွက် ဟင်းကို နွှေး၍ ဒေါ်ဒေါ် စားဖို့ ပြင်ဆင်ပေးမည်။ ပန်းကန်ခွက်ယောက်တွေ ဆေးရမည်။

ပြီးရင် .. အဝတ်တွေ စိမ်ထားမည် ..၊ ကြမ်းတိုက်ပြီးတာနှင့် လျှော်မည်။

ပြီးရင် .. ရေချိုး သနပ်ခါးလိမ်းပြီးတာနှင့် သိုးမွေးထိုးမည်။

ပြီးရင် ...

မနက်ဖြန်လည်း ဒီနေ့လို အစီအစဉ်တကျ လုပ်ရမည်။ ဒါပေမယ့် ဥယျာဉ် [...]တို့ ပေါင်းနုတ် .. ရေလောင်း ပြင်ဆင်ဖို့ ရှိသေးသည်။

ပြီးရင် .. မနက် ကိုးနာရီမှာ ဘုရားပန်းလဲပြီး ပုတီးစိပ်ရမည်။

နောက်ထပ် မနက်ဖြန်ခေါင်းစဉ်နှင့် စာရွက်တွေကို တစ်ရွက်ပြီး [...]စ်ရွက် လှည့်ကြည့်ကာ စနေ ကျွတ်ခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာမှာ စိတ်ပျက်စွာ မှီ၏။

စိတ်မရှည်တတ်သည့်အကျင့်ကိုက ထစ်ခနဲရှိတာနှင့် 'ဘာဖြစ်ချင်တာလဲ ..' ကောက်မေးပစ်ချင်၏။

"ထမင်းစားချိန် နားချိန်ကျတော့ မပါဘူး .. ဒါတွေ သူ ဘာလုပ်တာလဲ .."

"သူ့ကို နားလည်ပေးပါ လူလေးရယ် .. စာနဲ့ ပေနဲ့ မှတ်ထားတာက ခုနောက်ပိုင်းမှာ မေ့တတ်လွန်းလို့ ဖြစ်လာခဲ့ရတာတွေပါ .. ဒီအိမ်ကို ပြောင်းလာမှ ဖြစ်နေတာ မဟုတ်ပါဘူး .."

ပြဿနာ၏ အရင်းအမြစ်ကို ကိုယ်လည်း မရှာတတ်တော့သည့် အဆုံးမှာ ပလတ်စတစ်ခြင်းလေးထဲမှာ အမြဲဆောင်ထားခဲ့သော ကြွေ့ရဲ့ ဒိုင်ယာရီစာအုပ်လေးကို ထုတ်ပြလိုက်မိသည်။

ဒီအိမ်ကို ပြောင်းလာရကတည်းက စနေ က ခုမှ ရောက်လာခဲ့ပေမယ့် ကြွေ ကတော့ သူမကိုယ်သူမ အိမ်အကူတစ်ယောက်လို နေနေရှာ ကျေနပ်မည့်ပုံ ..၊

"ကျွန်တော် မလာတာက သူ့အတွက် အန္တရာယ်ဖြစ်မှာ စိုးလို့ပါ.. ဒါကြောင့် ကျွန်တော် နေတဲ့အိမ်မှာ မထားဘဲ ဘယ်သူမှ မရိပ်မိလောက်တဲ့ နေရာမှာ လာထားပေးတာ .."

ဒေါ်ပန်းနု ဆေးရုံတင်ထားရသည် ကြားတည်းက ရန်ကုန်ကို အားချင်း ပြန်လာခဲ့ပြီး ကြွေ့အတွက် နေထိုင်ဖို့ကို အမြန်ဆုံး လှုပ်ရှားခဲ့ရသည်။

ဒေါ်ပန်းနု သီလရှင် ဝတ်ချင်ပါသည် ..၊ စိတ်ညစ်လှပါပြီ ပြောနေတာတောင် သူမအတွက် မရှိမဖြစ်တာကို ပြောပြီး အတူနေပေးဖို့ သူပဲ ပြောခဲ့တာ ..၊





သူ့ဘက်က ဘာတွေ လွန်ကျူးထားခဲ့မိသလဲ ..၊ ကိုယ်အမှုအရာ.. နှုတ်အမှုအရာနဲ့လား .. ဘာနဲ့လဲ ..၊

"တောက်!..."

အရိုင်းဆန်သည့်စိတ်က တွေးမရသည့် ပဟေဠိမျိုးကို ကြာကြာ လက်ခံပြီး အုံဖွဲ့မနေတတ် ..၊

"ဘယ်လိုမှကို တည့်အောင် ကြိုးစားချင်စိတ် မရှိတာ .."

နေရာမှ ထရပ်မိကာ တက်ခေါက်ပြီးမှ ဒေါ်ပန်းနု ကို အားနာစိတ်လေး အနည်းငယ် ဖြစ်၏။

"စနေ ရယ် .. ကြွေ့ ဘဝလေးက သူ့အဖေလက်ထဲမှာ အရမ်းကို အေးချမ်းခဲ့တာပါ .. ဟိုအရင်တည်းက အမိမဲ့ခဲ့တာကလွဲရင် မပြည့်စုံတာ ဘာမှမရှိခဲ့ပါဘူး .. ငါ့အစ်ကို ပက်ပက်စက်စက် ဖြစ်သွားပြီ အသံကြားရကာမှ အဲ့ဒီ ကြွေးဆိုတာကြီးကို ကြားပြီး ယုံတောင် မယုံနိုင်ပါဘူး.."

ဒေါ်ပန်းနု က ဘာကို ပြောချင်မှန်း မသိဘဲ ရှင်းပြနေ၏။

"ရွှေဆိုင်နဲ့ မိဘ အရိပ်အာဝါသနဲ့ အားလုံး လုံခြုံနွေးထွေးခဲ့ရတဲ့ မိန်းကလေးက တော်ရုံမိန်းကလေးတွေ ရင်မဆိုင်ရဲကြတဲ့ အဖြစ်ဆိုးတွေနဲ့ ဆက်တိုက် ကြုံခဲ့ရတယ်လေ .."

"အတူတူပဲ အန်တီ .. သူ့ဘဝ ကျွန်တော့်ဘဝ ဘာမှ မကွာခြားဘူး .. လိမ်ညာချုပ်ကိုင်မှုတစ်ခုရဲ့အောက်မှာ နစ်မွန်းနေခဲ့ကြတယ် .. အဲဒီကနေ ရုန်းထွက်ဖို့ လက်တွဲ ပြေးလွှားခဲ့ကြတယ် .. အဲ့ဒီ ဆိုးရွားမှုတွေကို မိန်းကလေးတစ်ယောက်အတွက် စာနာစိတ်နဲ့ ကျွန်တော် ကူညီခဲ့တာ .."

"အဲ့ဒါ အခု ငါ့ဘက်က ကျေးဇူးကန်းဖွယ် ရှိနေလို့လား စနေ.."



www.burmeseclassic.com

www.burmeseclassic.com



အသံကြောင့် မီးလျှံ ချာခနဲ လှည့်ကြည့်သည်။

အိမ်တံခါးကနေ လှမ်းဝင်လာပြီးမှ ကြွေ က ခြေလှမ်းတုံ့သွား ကာ ...

"ကျေးဇူးတွေ ရှိလာတိုင်း ဖုံးပေါလအော ပုံချပေးတတ်တဲ့အက ရှိတော့ ကျေးဇူးတင်ရမှာ ငါ ကြောက်တယ် .."

"ဩော် .. ကျုပ်ကျမှလား .."

နှစ်ယောက် မျက်နှာချင်းဆိုင် ဖြစ်သွားကြတာနှင့် ဒေါ်ပန်းနု ဧ ခြံယဲကို ဆင်းထွက်သွားလေသည်။

"ဟုတ်လား ကြွေ .. ကျုပ်က ခင်ဗျားဆီက ကျေးဇူးတုံ့ပြန်တာ မမျှော်ကိုးဘူး.. ခင်ဗျား နားဝင်ချိုမယ့်စကားတွေ သုံးပြီး ဘာနဲ့မှ မရ တုပ်ဘူး .. အဲ့ဒါတွေကြောင့်လား .."

မေးနေရင်း မျက်နှာချင်းဆိုင် နီးကပ်သွားကာ ...

"ကျုပ်ကိုကျမှ ကျေးဇူးတင်ရမှာ ကြောက်တတ်သွားတာပေါ့ - ဒါဆို ကျုပ်က မဆိုးဘူးပဲ .. ခင်ဗျားကို ဆေးစားမှန်အောင် စွမ်းဆော နိုင်တယ် .."

"မင်းက ကျေးဇူးတင်တာကို ကြိုက်လို့လား .."

"ဘာ!... ပြောတယ် ခင်ဗျား .."

ကြွေ က စူးလက်သည့် မျက်ဝန်းလေးတွေနှင့် ကြည့်ပြီး သူ ရှောင်ထွက်သွားသည်။

ကိုင်လာသည့်အိတ်လေးကို ရှိုးကေ့စ်၏ အစွန်းနားမှာပဲ တင်ထာ လိုက်ပြီးမှ ပြန်လှည့်ကြည့်၍ ...

"ကျေးဇူးတင်ထိုက်သူကို တင်ရမှာ ငါ မကြောက်ဘူး စနေ - ဒါပေမယ့် ကျေးဇူးတင်နေရတဲ့လူကို စော်ကား ပြောဆိုခံရမှာ ငါ မပြ





ချင်ဘူး .. အထူးသဖြင့် မင်းရဲ့ကျေးဇူးကို မတင်ချင်ဘူး .. မင်းနဲ့ ငါ ကြုံခဲ့ဆုံခဲ့ဖူးလို့ ကူညီထားတယ်ဆိုရင် ငါ့ဘက်က အလုပ်တစ်ခု ရ တယ်လို့ သတ်မှတ်ခဲ့တဲ့အတွက် မင်း ထပ်ပြီး မကဲ့ရဲ့ပါနဲ့ .."

"ဒါ အိမ်ဖော်လုပ်ရခြင်း အကြောင်းပေါ့ .."

"ဟုတ်တယ် .. ငါ ဒီအိမ်မှာ နေရတာနဲ့ တန်အောင် အလုပ်လုပ် မှ ဖြစ်မယ် .. မင်း ငါ့ကို မင်းရဲ့ အိမ်အကူတစ်ယောက်လို့ သတ်မှတ် ဆေးပါ .."

"သတ်မှတ်တော့ .."

"ငါ စားရဲသောက်ရဲအောင်ပေါ့ .."

"သနားစရာပဲ .."

ကြွေ က ဘာမှမပြောဘဲ ရပ်နေ၏။ ပြီးမှ အထဲဝင်ဖို့ ပြန်လှည့် လိုက်လျှင် ...

"ကြွေ .. နေဦး .."

တားဆီးသံနှင့်အတူ သူမ ရှေ့ကို ရောက်လာကာ ...

"ခင်ဗျားရဲ့ ခံယူချက် .. ခင်ဗျား ပြောဆိုပုံတွေက အရင်တုန်းကနဲ့ ဘာမှ မဆိုင်ပါလား ကြွေ .."

ကြွေ က သူ့မျက်နှာကို မျက်လွှာပင့်ကြည့်ပြီးမှ လွှဲကာ ...

"ငါ့ကိုယ်ငါတောင် မသိဘူး .."

"ကျွန်တော်ကတော့ သိတယ် .."

'ကျွန်တော်' ဖြစ်သွားပြန်သည့် သူ့စကားသံကြောင့် ကြွေ့ နှုတ်ခမ်း ဆေး မဲ့တော့မလို ဖြစ်သွားသည်။

"ခင်ဗျားအစ်ကို ကျွန်တော့်ကြောင့် သေသွားရတဲ့အတွက် ဖြင်း တာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ မြင်ရတာ မဟုတ်တဲ့ အကြောင်းအရာတစ်ခုကို လူတစ်
က ပြောရင် အဖြစ်တစ်မျိုးစီ ကြားရမှာပဲ .. သေရင် သေတယ်ပေါ့
ငါ ဖြေသိမ့်လို့ ရတယ် .."

"သူတို့ ပြောကြတဲ့အတိုင်း တကယ် ဟုတ်နေတယ် ဆိုရင်ရော-

ကြွေ က သူ့ကို ပြန်မော့ကြည့်၏။ မီးလျှံ က မျက်နှာ ခပ်လွှဲလွှဲ
ခေါင်းညိတ်ကာ ...

"အဲ့ဒါ တကယ်ပဲ ကြွေ .. ခင်ဗျားအစ်ကိုကို တမင် သတ်ပ
မဟုတ်ပေမယ့် ကျွန်တော့်ကြောင့် သေခဲ့ရတာ .."

ကြွေ့ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်တက်လာသည်။ ဒါပေ
ပါးပြင်ထက်သို့ ပြေလျှော့ကျခွင့် မပြုသောအခါ အံကြိတ်ထားသ
မျက်ရည်တို့က လှုပ်လီလှုပ်လဲ့ ဟန်ပြင်နေဆဲနှင့် ...

"ငါက .. ဘာလုပ်စေချင်တာလဲ ..၊ ဘာမှ မတတ်နိုင်ပါဘူးဆို
လူကို မင်းက .."

"ရှင်းအောင် ပြောထားတာ .. ခင်ဗျား ထင်ရာတွေ လျှောက်
မနေနဲ့ .. ခင်ဗျားရဲ့အစ်ကိုဆိုတာ ကျွန်တော် မြင်ဖူးခဲ့တာလည်း မဟု
ဘူး .. အဲ့ဒီအချိန်ထိလည်း ဘာမှ မသိခဲ့ဘူး .. လိုချင်တာက သူ့လက်
က ဦးဉာဏ်ကျယ် ရဲ့ပစ္စည်းတွေပဲ .."

"ဘာ!..."

"ခင်ဗျားအစ်ကိုက ဦးဉာဏ်ကျယ် ဆီမှာ အမှုထမ်းနေတာ -

"မဖြစ်နိုင်တာ .."

"ဟွန်း -"

မီးလျှံ က ခပ်မဲ့မဲ့မျက်နှာနှင့် ခြေနှစ်လှမ်းလောက် လျှောက်သ
သည်။ ပြီးမှ ပြန်လှည့်လာကာ ...





"ဦးဉာဏ်ကျယ် က အခု ဦးထိပ်ပြောင် နာမည်နဲ့ သတင်းကြီးနေ
ခင်ဗျားအစ်ကို မပြောနဲ့ သူ့ကို လူယုတ်မာလက်ဟောင်းကြီးမှန်း
သူမှ မသိကြဘူး ..၊ ကျွန်တော့်ကားဂိတ်က သူ့ရဲ့ စီးပွားရေးတွေ
ထဲမှာမှ ခင်ဗျားအစ်ကိုက ဝင်ရှုပ်တော့ .."

ဆက်မပြောပေမယ့် အကြောင်းအရာက ဒီမှာပဲ ပြီးဆုံးခဲ့ပြီ ဖြစ်

သူတို့နှစ်ယောက်ကြားမှာ စကားသံတို့ ခေတ္တ ပျောက်ဆုံးသွား

"အရာရာတိုင်းမှာ ငါ အမြဲ ရှုံးခဲ့တာပါ .."

ကြွေ့ အသံလေးက တုန်ခါနေသည်။

"ဘယ်တော့မှ အနိုင်ပိုင်းခွင့် မပေးခဲ့ပေမယ့် ကံကြမ္မာအပေါ်မှာ
ခွင့်မှ မရှိတာ .. တစ်လောကလုံးက အ[illegible]တမ်း မှန်နေပြီး ငါ
ာက်သာ အမြဲတမ်း မှားနေခဲ့တာ .."

အရားနဲ့ ဖြေနေပါသည် ဆိုပေမယ့် ဒါက နာကြည်းသောဝေဒနာ
အခဲတွေပဲ ဖြစ်၏။

မီးလျှံ က စိုက်ကြည့်နေပြီး ...

"ရှင်းရှင်း ပြောလိုက်စမ်းပါ .. အဲ့ဒီလို ဖြစ်ခဲ့တဲ့အတွက် ကျွန်တော့်
ဘာလုပ်ပေးရမလဲ .. ခင်ဗျား ဘာဖြစ်စေချင်တာလဲ .."

"အဲဒီလို ခဏ ခဏ မမေးဖို့ ငါ တောင်းပန်နေတာ စနေ .."

"နေဦး..."

သူမက ရှောင်ဖယ်ထွက်သည်။ မီးလျှံ က လိုက်ပိတ်ထား၏။

"ခင်ဗျားနဲ့ ကျွန်တော် ဒီပုံစံနဲ့ ရှေ့ဆက်သွားလို့တော့ မဖြစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပုံစံမျိုးနဲ့မှဆိုတာ မင်း ဆုံးဖြတ်ပါ .. တို့မှာ ဘာ ဘူး .."

"ဘာ မရှိတာလဲ .."

"ဘာမှမရှိတော့ ဘာမရှိဘူးဆိုတာလည်း ပြစရာ မရှိဘူး .. သဘောပဲ .."

မီးလျှံ က သူမရှေ့က ဖယ်ပေးလိုက်ပြီး မဲ့သည်။

"အိုကေ .. ခင်ဗျား ကျေနပ်ဖို့ပဲ လိုတာ .."

ခြေလှမ်းပြင်ပြီးမှ တုံ့ခနဲ ဖြစ်သွားမိသည်။ ဒါပေမယ့် ကြွေ မပြုံ့ယ်ကော့ဘဲ ဆက်ထွက်လာခဲ့၏။

ကိုယ် ကျေနပ်စရာတွေကို ရွေးချယ်ခွင့်ရော ရှိလို့လား ..

❦ ❦ ❦





## အခန်း (၂၀)

ပ်ချင်လာတာရော .. ဇက်ကြောတွေ တက်လာတာနှင့် ဘယ်လို ထိုင်လို့ မရတော့ပေ ..၊

ကြောင့် အပြင်ထွက်လာခဲ့ပြီး ရေချိုးခန်းထဲ ဝင်ကာ မျက်နှာ လိုက်မိသည်။ လည်ကုပ်တွေ .. ခြေလက်တွေပါ ပွတ်သပ် ဆေး စိတ်ကို လန်းဆန်းလာအောင် အမျိုးမျိုး ကြိုးစားကြည့်မိ၏။

အချိန်က ညဥ့် တစ်နာရီခွဲပြီဖြစ်ကာ ပတ်ဝန်းကျင်က ညဥ့်၏ တ်ခြင်းကို အစွမ်းကုန် ဖော်ကျူးနေခဲ့၏။ လူတိုင်း နှစ်မြိုက်စွာ နေကြပြီပေမယ့် သူမအတွက်က အချိန်တိုင်းမှာ အနားယူဖို့ စက်ခြင်းတွေထဲက ဖွဲထုတ်ခွာရင်း လူတကာကို ခေါင်းထောင် ဖို့လည်း အချိန် မရှိပါ ..။

က်ပြန် အပ်ရမည့် သိုးမွေးများအတွက် အချိန်မီ လက်စသတ်ရ ကြောင့် အခန်းထဲ ပြန်ထိုင်ကာ ထိုးလက်စကို ပြန်ကောက်ကိုင် ။ ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ တော်တော် အရေးကြီးနေလို့လား ..”

ခပ်ဟဟ တံခါးက ပွင့်သွားကာ တံခါးဘောင်မှာ ပခုံးတ
မှီရပ်နေသည့် မီးလျှံ မျက်နှာက မြင်နေကျအတိုင်း နူးညံ့ချိုသ
တစ်စက်မှ မရှိ ..။

“မနက်ဖြန် အားလုံး အပ်ရမှာမို့လို့ပါ ..”

ဖြေပြီးမှ ပြန်လှည့်ကြည့်ကာ ...

“မင်းက နေ့လယ်တည်းက မပြန်တာလား ..”

“ဘယ်ကို ပြန်ရမှာလဲ ..”

ကြေ ဘာမှ မဖြေဘဲ အသံလေး တိတ်သွားသည်။ မီးလျှ
ယက်စာစ်ဘက်ကို ဘောင်းဘီအိတ်ထဲ ထည့်ထားလိုက်ကာ ...

“ဘာဖြစ်လို့လဲ .. ခင်ဗျား ရှိနေတဲ့အိမ်မှာ ညအိပ်ညနေ
မရှိဘူးလား ..”

“ဘာဆိုင်လို့လဲ စနေ .. ဒါ ငါ့အိမ်မှ မဟုတ်တာ ..”

“ခင်ဗျားအိမ် ဆိုရင်တော့ နှင်ထုတ်မှာ သေချာတဲ့ပုံပဲ ..”

ဟုတ်တယ် မဟုတ်ဘူး မဖြေဘဲ ကြေ့ က တိတ်နေတေ
အောက်မေးဖျားတို့ လှုပ်ခတ်သွားပြီး မဲ့ကာ ...

“ခင်ဗျား လုပ်နေရတဲ့ပုံက မနက်ဖြန် မိုးလင်းတာနဲ့ ဆီမ
မရှိ ဖြစ်ရမယ့်ဒုက္ခကို ဖြေရှင်းဖို့ ကြိုးစားနေသလိုပဲ ..”

“ဟွန်း ..”

ကြေ့ က မဲ့လိုက်တာလား .. ပြုံးတာလား မသိသော အသံ
ပြန်ငဲ့ကြည့်၏။

“ဆန်မရှိ ဆီမရှိရတဲ့ ဒုက္ခလောက်ကို ငါ့ဒုက္ခနဲ့ မနှိုင်းနဲ့
အဲဒီလူတွေ အရမ်းနစ်နာသွားပါ့မယ် .. မရှိကြတာချင်း တူရင်





ကို မရှိတဲ့ တစ်ကောင်ကြွက် ငါ့ရဲ့ဘဝက ..”

“တစ်နေ့ တစ်နေ့ အဲဒါတွေ ထိုင်တွေးပြီး ဒုက္ခ အနိမ့်အမြင့်တွေ
ဘာနေတော့ ခင်ဗျားမှာ ဘာတွေ ဖြစ်လာသလဲ ..”

“ဒုက္ခကို ရင်ဆိုင်နိုင်တဲ့အင်အားတွေ ဖြစ်လာမှာပေါ့ .. ဘဝမှာ
ုံးတွေ များလာလေ .. သိတာတွေ များလေပဲ ..”

“ဘာတွေ သိနေပြီလဲ ..”

“သူများသိဖို့ မလိုတာတွေပါ ..”

ကြေ့ စကားတွေ တတ်နေတာကို နားထောင်ပြီး သူ ခပ်မဲ့မဲ့ ပြုံး
။ ဟိုအရင်တုန်းက ကြောက်ရွံ့တုန်လှုပ်နေတတ်သော မျက်နှာ
င့် နုတ်မိမယ်လိုလှသော သူမလေးဟာ ခုချိန်မှာတော့ ရင့်ကျက်
ခြိမ်သည့်အလှတွေနှင့် စကားပရိယာယ်တွေ ကြွယ်လို့ပါလား ..။

“အခု .. ဒါတွေလုပ်ပြီး အားကြိုးမာန်တက် စုဆောင်းနေရတဲ့
ြင်းကိုရော ကျွန်တော် သိလို့ မရဘူးလား ..”

“ခြံတောင်ပို့တစ်ခုကို ခြတွေ အများကြီး စုဆောင်းကြဲတာ
အကြာကြီး အချိန်ယူရတာလေ .. ငါက ခြတစ်ကောင်တည်းပဲ
ော့ တောင်ပို့ ဖြစ်လာဖို့က အဝေးကြီးပါ ..”

“ဒါဆိုလည်း ဒီလောက် အပင်ပန်းခံမနေနဲ့တော့ .. ခင်ဗျား အပ်
ွည်းတန်ဖိုးတွေ ဘယ်လောက်လဲ ကျွန်တော် ပေးနိုင်တယ်..”

“ဘာ!...”

“ဟုတ်တယ် .. မီးပိတ်ပြီး အိပ်လိုက်တော့ .. ဟိုလို ဒီလိုတွေ
ာ်တွေးပြီး မိန်းမသိက္ခာကျတာတွေ .. ဇော်ကားတာတွေ ထပ်
ောင်းမနေနဲ့ .. စကားဆိုတာ လိုရင်းကို ရှင်းရှင်းပြောရင် နားဝင်
ယ် .. စေတနာနဲ့ ပြောတာ ..”



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကျေးရူးတင်ရမယ့် စေတနာတွေ ထပ်မလိုချင်ဘူးလို့
ပြောပြီးသား ..၊ နောက်ပြီး ဘယ်သူက စေတနာ အလိမ်အညာ
ပေးမလဲ .. အမှန်အကန်တွေ ပေးမလဲဆိုတာလည်း ငါက မခွဲခြား
ဘူး .."

"သြော .. သြော ..."

"မင်းကျမှလားလို့ မမေးနဲ့နော် .. ငါက အမြဲတမ်း
မိန်းမ .."

"ဒါဆိုလည်း စေတနာမပါဘဲ ပြောမယ် .. အခု မိတာ
ထက်ဝက်တင်ထားတော့ ဒီအခန်းထဲက မီးပွင့်အတွက်ပါ
ရမယ် .. တစ်အိမ်လုံး မီးရောင် မမြင်ချင်ဘူး .. ဒါပဲ .."

လှူညစ် ..၊

ပေးနေတော့လည်း မလိုချင် ..၊ မပေးဘူးဆိုတော့ ငိုချင်
'ရက်စက်လိုက်တာ ..'လို့ မပြောမိအောင် ထိန်းချုပ်နေခဲ့





အခန်း (၂၁)

"အား!... ကျွတ် .. ကျွတ် .."

"ခေါင်းတွေ ကိုက်နေပြီမို့လား ကြွေ .."

"ဟုတ် .. နည်းနည်းပါ .."

"မနည်းလို့ ညည်း အသံထွက်လာတာပါ ကြွေ ရယ် .. မှန်းစမ်း..
ပူနေလား ..၊ ဟဲ့ .. သြော် ..."

နဖူးကို လာထိမိမှာ စိုးကာ အမှတ်တမဲ့ မျက်နှာလွှဲပစ်လိုက်မိ
ပြီးမှ ...

"ဘာမှ မဖြစ်ပါဘူးဆို ဒေါ်ဒေါ်ကလည်း .."

အင်တင်တင် မျက်နှာလေးနှင့် နဖူးစမ်းခံ၏။ ဒေါ်ပန်းနု ခေါင်းခါ
မျက်နှာပါ မဲ့သွားမိလျက် ...

"ကိုယ်တွေကလည်း ပူလို့ .. ဒီလောက် ကိုယ်ပူနေရင် ခေါင်း
လောက်ကိုက်နေပြီလဲဆိုတာ ငါ တွေးလို့ ရတယ် .. ချထားလိုက်
အဲ့ဒါတွေ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ကိုင်ထားသည့် ကြွေ့ လက်ထဲက စာအ
ခဲတံကို ဆွဲယူပစ်လိုက်၏။

"ဒေါ်ဒေါ် .."

"တော်တော့ ကြွေ .. အရေးကြီးနေလို့ ဆိုတာတွေကို မနက်
သွားပို့လိုက်ပြီမို့လား .. ပြန်လာတော့ ရေစိုတစ်ပိုင်းနဲ့ အဝတ်လျှော်
ပြီးတော့ ကြမ်းတိုက် .. ပြီးတော့ နေပူထဲမှာ သွားလှန်း .. အဲ့ဒါ
ပြီးတော့လည်း မနားသေးဘဲနဲ့ ဒီပုံတွေ ထိုင်ဆွဲနေတယ် .."

"ဒီပုံတွေက ဆွယ်တာအတွက် ဒီနိုင်းလေး ထည့်ဖို့ပါ .. ပေါ့
ပါးပါးလေးပါ ဒေါ်ဒေါ်ရယ် .."

"ပေါ့ပေါ့ပါးပါးလေးတွေ ပြီးတာနဲ့ လေးလေးနက်နက်တွေ လာ
ပဲလေ .. အခု ညည်း ဖျားနေပြီ.. ကဲ.. ဒီလူလဲသွားတာနဲ့ ညည်းလုပ်
တာတွေ လုပ်လို့ ရသေးရဲ့လား.. ဘာမဆို မျှမျှတတ ရှိရတယ်အေ

ဒေါ်ဒေါ် ပြောနေတာတွေ နားထောင်ရင်း မျက်လုံးတွေပါ
လာတာကို သိနေသည်။ ခေါင်းကိုက်နေတာက မခံရပ်နိုင်အောင်
ဝါးလာခဲ့သည်။

ဘာတစ်ခုမှ စားသောက်ချင်စိတ် မဖြစ်တာကြောင့် မုန့်လေး
လိုက် .. အအေးလေး .. ရေလေး သောက်လိုက်နဲ့ပဲ ပြီးခဲ့တဲ့ရက်
လည်း များခဲ့ပြီဖြစ်ရာ ...

"ဒေါ်ဒေါ် .."

"ဟင်!... ဘာလဲ .. ဟဲ့ .. ဟဲ့ .. ဘာဖြစ်တာလဲ .."

"ဒေါ်ဒေါ် .. အား!..."

"ဟဲ့ .. ကြွေ .. သမီး .. သမီး .. ဘာဖြစ်တာလဲ .. ဒီကို မှီ
ဒေါ်လေးကို မှီလိုက် .."





"မူးတယ် .."

"အင်း .. ပြီးတော့ ရော .."

"အန်ချင်တယ် .."

"ဒုက္ခပါပဲ .. မနက်တည်းက ဘာမှမှ မစားတာကိုး .."

"ကြွေ့ ကို အိပ်ရာထဲ .."

ကြွေ စကားမဆုံးလိုက်ဘဲ မျက်လုံးထဲမှာ မိုက်ခနဲ ပြာဝေသွားသည်။

"ကြွေ .. သမီး .. အမလေး!... ဒုက္ခပါပဲ .."

ဒေါ်ပန်းနု ဘာလုပ်ရမှန်း မသိတော့ဘဲ အားကိုးတကြီး ကြည့်လိုက်မိသည်က တယ်လီဖုန်း ဆီ ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၂)

"ဘာဖြစ်လို့ ဆေးရုံထိ ပို့ထားလိုက်တာလဲ ဒေါ်ဒေါ် .. ကြွေ ဘာ
မဖြစ်ဘူး .."

"ဖြစ်လို့ပဲ ဆေးရုံရောက်လာတဲ့အထိ ညည်း ဘာမှကို မသိခဲ့ဘူ
မို့လား ကြွေ .. ညည်းကိုယ်ညည်း ဘယ်လောက်ထိ စီရင်မယ်လို့ စိတ်
ကူးထားတာလဲ ..၊ ဘယ်လို အတွေးတွေနဲ့လဲ .. ဟင် .. ညည်းအဒေါ်
ငါ တစ်ယောက်လုံး ရှိသေးတယ်လေ .. ငါ နားလည်အောင် ပြောစ
ပါအေ .."

ကြွေ လှဲနေရာကနေတောင် မထနိုင်သေးဘဲ ပိုက်တန်းလန်းနှ
ကိုယ့်အဖြစ်ကို ကြည့်ရင်း မျက်ရည်ဝဲမိ၏။

သူမမှာ မိဘ မောင်နှမ နေစရာ တစ်လက်ဝါး ဘာဆိုဘာမှ မ
တော့ပေမယ့် နေ့စဉ် ကိုယ် မျိုချနေရတာလေးကိုတော့ ကိုယ် ရှာနေ
ငွေလေးနဲ့ပဲ ဖြစ်ချင်ခဲ့သည်။





တကယ်တမ်းကျတော့ သူမ လုပ်ခဲ့သမျှတွေဟာ တောင်ကို ဖြို
ချင်နေတဲ့ ခါချဉ်တစ်ကောင်ရဲ့ မာနမျိုးလား ..၊

"ညည်းရဲ့ဘဝမှာ အဆိုးတွေချည်း တောက်လျှောက် ကြုံခဲ့ရတာ
မှန်ပါတယ် .. ဒါပေမယ့် လူ့ရယ်လို့ ဖြစ်လာရင် ဟောဒီ မိုးကုပ်စက်
ဝိုင်းကြီးရဲ့အောက်မှာ နေပူတာလည်း ကြုံရမယ် .. မိုးရွာတာလည်း
ကြုံရမှာပဲ .. စိုစွတ် ခြောက်သွေ့လွန်းတာတွေ မဟုတ်ဘဲ နှင်းရည်ဖျန်း
ရုံလေးနဲ့ အေးမြနွေးထွေးလာတာကိုလည်း ခံစားကြရတာပဲ .. ညည်း
ဘဝ ဒီတိုင်း အဆိုးတွေနဲ့ပဲ ကုန်ဆုံးမသွားပါဘူး .."

"ဆိုးတာတွေထဲမှာ ကြွေ့ လောက် ဆိုးတာ ရှိပါ့မလား ဒေါ်ဒေါ် ..
မိဘမဲ့ .. နေရာစရာ ထိုင်စရာ မဲ့တာတွေက ဆိုးရွားမှုတွေဆိုရင် ..
ကြွေ့ ဘဝက ယောကျ်ားတွေ တစ်ယောက်ပြီးတစ်ယောက်ရဲ့ လက်ထဲ
ကနေ .."

"ဘာများ ပျက်စီးခဲ့သလဲ ကြွေ .. ကောင်းခဲ့တာလေးတွေကို ထည့်
တွေးကြည့်ရင် စိတ်ချမ်းမြေ့စရာလေးတွေ ညည်း ရလာမှာပါ .."

"မဟုတ်ဘူး ဒေါ်ဒေါ် .. ခုလည်း .."

ကြွေ့ မျက်ရည်တစ်စက် ဆံနွယ်တွေကြားထဲကို လိမ့်ခနဲ ဆင်း
သွား၏။

"ခုလည်း ကြွေ အဲ့ဒီဘဝမျိုးထဲက မလွတ်မြောက်သေးဘူး .."

"ကြွေ ရယ် .."

သူ သိပ် အပြောရိုင်းတာ ဒေါ်ဒေါ် .. မောက်လည်း မောက်မာ
တယ် ..၊ မိဘမဲ့ဘဝချင်း တူကြပေမယ့် သူက လူတကာအပေါ်မှာ
သွမ်းမိုးထားနိုင်တဲ့သူ ..၊

ကိုယ့်ဘဝကို ကိုယ်ပိုင် တည်ဆောက် အောင်မြင်ခဲ့တဲ့သူ ..၊



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ မာနတွေ ကြီးနေသင့်ပါတယ် ...၊ ဒါပေမယ့် ...

"သမီးရယ် .. ညည်း ပြောပြခဲ့တာတွေထဲမှာတော့ ညည်းဘဝကို အရေးကြီးတဲ့ အခန်းကဏ္ဍကနေ သူက ပါဝင်ပတ်သက်ခဲ့ဖူးတဲ့လူပဲ.. နောက်ထပ်လည်း သူ့ကြောင့် လွတ်မြောက်ခဲ့တယ် .. ခုလည်း သူ ညည်းကို ကူညီနေတုန်းပဲလေ ...၊ စနေ က အပြောဆိုးပေမယ့် ညည်းကိုတော့ စေတနာထားတယ်ဆိုတာ ငါ အကဲခတ်မိတယ် .."

ကြွေ က ခေါင်းမခါပေမယ့် မျက်ဝန်းတွေကို ပိတ်ချပစ်မိသည်။ မကြားချင်ဘူးဆိုတာ ပြပေမယ့် လူကြီးပီပီ ဒေါ်ပန်းနု ကလည်း နားလည်သော်ငြား ...

"ငါက ညည်းအဒေါ်ပါအေ .. ဒါကြောင့် အမှန်းခံပြီး ပြောနေတာပါ .. ပြီးတော့ ညည်းဘဝ တင့်တယ်ပါစေတော့ဆိုပြီး ငါ တရားရိပ်ကိုတောင် မဝင်နိုင်ခဲ့တာ ညည်းအသိ .."

"သိပါတယ် ဒေါ်ဒေါ်ရယ် .. ကြွေ့ ကိုတော့ ထားပြီး ထွက်မသွားပါနဲ့ နော် .. ကြွေ့ ဘဝမှာ ဒေါ်ဒေါ်သာ မရှိတော့ရင် .."

"မငိုပါနဲ့အေ .. မငိုပါနဲ့ .. ငါ စိတ်ဆင်းရဲလွန်းလို့ ဟိုကြံဒီကြံ ကြံမိပေမယ့် ဒီလောက်လည်း မရက်စက်သေးပါဘူး .. ဒါပေမယ့် ငါက လူကြီးဖြစ်ပြီး အပြောအဆို မရှိဘူး ..၊ မနိုင်နင်းဘူးဆိုတာမျိုး မဖြစ်ရအောင် ပြောဆို ဆုံးမတာကိုတော့ နားထောင်ပါ .."

ကြွေ က ခေါင်းလေးညိတ်ရှာသည်။ ပြီးတော့ ဆုပ်ကိုင်လာသည့် ဒေါ်ပန်းနု ရဲ့လက်ကို ပြန်ဆုပ်ထားကာ နှုတ်ခမ်းလေးကို ကိုက်၍ ရှိုက်၏။

"လူမမာ နိုးနေပြီလား .."

ဆရာဝန်နဲ့ သူနာပြုတွေ ဝင်လာတော့ ကြွေ့ မျက်ရည်စတွေကို





ဒေါ်ပန်းနု က သုတ်ပေးပြီး နောက်ဆုတ်နေလိုက်၏။

ပြီးတော့ ဆရာဝန်ကြီးနဲ့အတူ နောက်မှာ ပါလာတာက မီးလျှံ..၊

ဂျာကင်အနက် .. မျက်မှန်အနက်နှင့် ဆံပင်တွေ တိုတိုရှင်းရှင်းရှိသော မျက်နှာက မေးရိုးကားတာကလည်း သိသာလာသလို ဇွေပိတ်ထားသည့် နှုတ်ခမ်းတို့ကြောင့် ခက်ထန်ခြင်းသို့ ပီပြင်စွာ ပို့၏။

မျက်မှန်တို့၏နောက်ကွယ်က သူ့မျက်လုံးတွေက လူတစ်ယောက်အပေါ် ဘယ်အတိုင်းအတာထိ နှစ်သက်သွားသလဲ ...၊ မကျေနပ်ခဲ့သလဲ ဆိုတာကို ခန့်မှန်းကြည့်ဖို့ ခက်၏။

သို့သော် အမြဲတမ်း ဇွေပိတ် ခက်ထန်နေတတ်သော နှုတ်ခမ်းအစုံကတော့ မဲပြုံးတို့မှ လွဲ၍ သာယာချိုမြိန်သော ပြုံးရယ်ခြင်းဆိုတာ မရှိခဲ့ ...။

မဆုံသော အကြည့်တို့၏ ပြေးလမ်းတို့က ဆုံမှတ်မဲ့စွာ အဆုံးသတ်သွားခဲ့ပြီး ကြွေ က စ၍ ဖျတ်ခနဲ မျက်လွှာချပစ်သည်။

ဆရာဝန် စမ်းသပ် ကုသသွားတာတွေကို ငြိမ်သက်နေပေးခဲ့ရပေမယ့် အနားမှာ မီးလျှံ ရှိနေသည်ဆိုသောအသိကြောင့် လူတစ်ကိုယ်လုံးက ကျုံ့လို သေးငယ်သွားသလိုပင် ...၊

လွတ်မြောက်ဖို့ ကြိုးစားကာမှ ပြန်၍ ကြိုးကွင်းစွပ်မိခဲ့ရသည့် အဖြစ်မျိုးလို .. ပေါ့စေလို၍ ကြောင်ရုပ်ရေး .. ဆေးအတွက် လေးခဲ့ရသည့်အဖြစ် ...၊

ဒါတွေ မလုပ်ပါနဲ့လို့ အားလုံး ဝိုင်းတားခဲ့ကြသည်။ ကိုယ်က ဇွတ်လုပ်ခဲ့၏။

ခုတော့ ဆေးရုံပေါ် ရောက်ရခြင်းဖြင့် သူ့ကို ဒုက္ခပေးခဲ့ရပြန်ပြီ..။

"တော်တော်မှ နေသာထိုင်သာ ရှိသွားရဲ့လား .."



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ တစ်ယောက်မှျ မရှိတော့သည့်အချိန်တွင် ကြားလိုက်ရသည့် သူမ မကြားချင်ဆုံးသောစကား ...၊

ပြီးတော့ ခပ်စူးစူး ရေမွှေးနံ့နှင့်အတူ ဒေါ်ပန်းနု ထိုင်ခဲ့သည့်ခုံမှာ သူ ဝင်ထိုင်လိုက်တာ သိ၏။

ကြွေ ကလည်း လှည့်မကြည့်ပါ ...၊

"ခုလောက်ဆိုရင်တော့ အကျွတ်တရား ရသွားပြီ ထင်တယ် - ဘယ်လိုလဲ .."

"ငါ တစ်ယောက်တည်း နေပါရစေ .."

"ကျွန်တော်ကလည်း ခင်ဗျားနဲ့ နှစ်ယောက် အတူနေပါရစေလို့ ပြောနေတာမှ မဟုတ်ဘဲ .."

ကြွေ့ မျက်ဝန်းလေးတွေ စူးခနဲ ပင့်တက်လာတော့ သူက ပခုံးတွန့်၍ ...

"ဆံပင်ရှည်ကြီး တလွဲလွဲနဲ့ အိမ်အကူ သိပ်လုပ်ချင်နေတာ ဘယ်လိုမှ ကြည့်မကောင်းဘူးလို့ ပြောသားပဲ .. ခင်ဗျား နားမှ မထောင်တာ ...၊ ဒီမှာ ကြွေ .. ခင်ဗျား အိမ်တိုက်ပြနေနေ .. အဝတ်လျှော်နေနေ .. ခင်ဗျားရဲ့ နုနွဲ့နေပုံတွေက အိမ်အကူပါလို့ ဘယ်လိုပြောပြော ဘယ်သူက ယုံမှာလဲ .."

ပြောပြီး စိုက်ကြည့်ကာ ...

"ခင်ဗျား သိပ်လှလွန်းလို့ ပြောနေတာ မဟုတ်ဘူး .. ခင်ဗျား မြင်ပေမယ့် မယုံလို့ ကျွန်တော့်ကို လက်တို့ပြီး လာမေးကြတာတွေ ပြောတာ .. ထဘီဝတ်တော့ ခြေထောက်ပေါ်မှာ ပုံနေတာပဲ .. အမှိ လှည်းတော့ လက်က လှည်း .. ဆံပင်တွေက လှည်း .. ကျွတ်!..."

ရှုံ့မဲ့မဲ့ ပခုံးတွန့်၍ ...





"ဘယ်လိုမှ ကြည့်မကောင်းဘူး .."

"သူများ ကြည့်ကောင်းအောင် ငါ လုပ်နေတာ မဟုတ်ဘူး .."

"အဲ့ဒီစကားက ခမ်းနားပါတယ် .. ဒါပေမယ့် သိပ်တော့ မမှန်ဘူး ကြွေ .. 'တင့်တယ်ခြင်း'ဆိုတဲ့စကားက ကိုယ့်ကိုယ်ကိုယ် သတ်မှတ် တဲ့စကား မဟုတ်ဘူး .. အဲ့ဒါ ပတ်ဝန်းကျင်က လာတာပဲ .."

"အိမ်မှာ မိန်းမသားတွေ ရှိနေရင် အဲ့ဒီအိမ် သန့်ရှင်းဖို့က မိန်းမ တွေအလုပ်ပဲ .."

"ဒါဆို နောက်နေ့ကစပြီး အိမ်အကူတွေ ခေါ်ထားပေးမယ် .. ယ်နှစ်ယောက် လိုချင်သလဲ .."

"တစ်ယောက်မှ မလိုဘူး .."

"မလိုရင်လည်း ညစ်ပတ်နေတဲ့ ကြမ်းတွေကို တစ်နေ့ တစ်ခါ ြင်မတော်ရင် တစ်နေ့တစ်ခါ ခွာထုတ်ပစ်လိုက်.. ခင်ဗျား ကျွန်တော့် အရွဲ့တိုက်နေတာတွေ ရပ်တော့ဖို့ ပြောနေတာ .."

"မင်း ငါ့ကို အဲ့ဒီလေသံနဲ့ မအော်နဲ့ .."

"ဘယ်လိုလေသံနဲ့ ပြောရမလဲ .. ပြော .."

နေရာမှ ဆတ်ခနဲ ထရပ်ကာ ခါးထောက်၍ လှည့်ထွက်သွား ည်၊

ပြီးတော့ ပြန်လှည့်လာပြီး ...

"ရှေ့က သွားခိုင်းလို့ မရလို့ ခင်ဗျားကို နောက်က လိုက်ခိုင်းနေ - ရှေ့ကလည်း မသွားဘူး .. နောက်ကလည်း မလိုက်ဘူး .. ခြေ ါးစာပဲ ချလို့ရတဲ့လမ်းကို ခင်ဗျားက ဘေးတိုက် လိုက်ချင်နေ -"

"ငါ ဘယ်လိုနေနေ မင်း ဂရုမစိုက်ရင် မမြင်ဘူး စနေ.. ငါ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ထားပေးတယ်ဆိုတဲ့ အိမ်မှာ ငါ ဘယ်လိုနေနေ မရ
လား ..''

''ကျုပ်က မနေနိုင် မထိုင်နိုင် ရောက်ရောက်လာတယ်ပေါ့ ..''

''ငါ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်လို့ ..''

''ခြေမသန်တဲ့လူကို ကျောပိုးမခေါ်ဘဲနဲ့ လက်က ဆွဲခေါ်နေ
ရော .. ဘယ်ဟာ ဒုက္ခပိုများသလဲ ခင်ဗျား မတွေးမိဘူးလား .. ဟိုးအ
တည်းက ခင်ဗျားက ဒုက္ခသည်ပဲ ကြွေ .. ခုချိန်ထိလည်း ကျွန်တော်
အမြင်မှာ ခင်ဗျားက ဘာမှ မဟုတ်ဘူး ..''

ကြွေ့ နှုတ်ခမ်းလေး တင်းခနဲ စေ့ပိတ်သွားတာကို သူက စို
ကြည့်ကာ ...

''ခင်ဗျား ကျွန်တော် ထားသလို နေလိုက်ရင် ပြီးပြီ ..''

''မပြီးနိုင်ဘူး စနေ .. ငါက ဒုက္ခသည်ဆိုရင်လည်း မင်းနဲ့
ဘာမှမဆိုင်တဲ့အတွက် ငါ့ဒုက္ခကို မင်း အိမ်ပေါ် ဆွဲတင်ထား
သဘာဝ မကျဘူး ..''

''ဒါဆိုလည်း သဘာဝကျအောင် ခင်ဗျားကို ကျွန်တော် ယူလို
တာပေါ့ ..''

''ဘာ!... ပြောတယ် ..''

''ပြောစရာ ဒါပဲ ရှိတော့တာ ..''

''မင်းဆီက ဒီစကား ထွက်လာအောင် ငါ ပြောနေတာ မဟု
ဘူး ..''

''မဟုတ်ရင် ကျွန်တော့်လုပ်စာ မစားသင့်တာတွေ မပြောနဲ့
မိတ်ဆွေတွေဆိုရင်ရော ကူညီရိုင်းပင်းလို့ မရဘူးလား ..၊ ခင်ဗျား ဒု
ရောက်ခဲ့တာတွေကို နားလည်နေလို့ စေတနာသက်သက်နဲ့ ဆိုရင်





ဝမကျတာ ဘာရှိလို့လဲ ..''

''ငါက ..''

''ခင်ဗျား မာန်တွေ ကြီးမနေစမ်းပါနဲ့ .. ဘာတစ်ခုမှ အလကား
င်တာ ခင်ဗျားမှာပဲ ရှိတာ မဟုတ်ဘူး ..''

ပြောနေသည့် မီးလျှံ မျက်ဝန်းတွေမှာ အစိမ့်ပြာယ်ပေါင်းများစွာ
န်းသွားခဲ့ပြီး ခဏလေး စိုက်ကြည့်၏။ ပြီးမှ ဆက်၍ ...

''ခုချိန်မှာ ပေးတာ .. ယူတာတွေကို ခေါင်းစဉ်တပ်ဖို့ မကြိုးစား
ကျုပ်က ခင်ဗျားကို ဒီ့ထက်ပိုပြီး တခမ်းတနား ထားပေးချင်တာ..
ည်း ထားနိုင်တယ် .. ဒါပေမယ့် ခင်ဗျားရဲ့ လုံခြုံရေးအတွက်
လုပ်ပေးလို့ မဖြစ်လို့ ..''

ကြွေ က ပက်လက်လေးကနေ လည်ပင်းလိမ်မတတ် မျက်နှာလွှဲ
။

ဘက်မှာ ပုံကျနေသည့် ဆံနွယ်တို့သည် ခေါင်းအုံးတစ်ပြင်လုံး
ထွေးလိုက် ပုံခဲနေကာ တချို့က အိပ်ရာပေါ်ထိ ပြန့်ကျနေ၏။
းသယ်စပ် ဆံစတို့မှ ကုပ်သားဆံစပ်လေးတွေအထိ မြင်နေရ
ကြွေ့ရှင်းသည့် လည်တိုင်နုနုက ရှိန်းမြ ဝင်းစိုလျက် ...

ပြီးတော့ ကျွန်တော်က ဂရုမစိုက်ပေမယ့် ကျွန်တော့်ကြောင့်
ဒုက္ခရောက်သွားမှာ စိုးလို့ ခင်ဗျားကို တစ်နေရာမှာ သီးသန့်
ခဲ့တာ ..''

''မင်းရဲ့စေတနာတွေကို ငါ နားလည်တယ် .. ငါ့ဘဝကိုလည်း
.. ဒါပေမယ့် မင်း ပြောသလိုပဲ တစ်လောကလုံးမှာ မင်းနဲ့
နေတာ မဟုတ်ဘူး .. အများအမြင်မှာ မတင့်တယ်ဘူးဆိုတာ
ပြောရင် သူက မိန်းမသားပါလားလို့ မင်း ပြန်ပြီး နားလည်



www.burmeseclassic.com

www.burmeseclassic.com



ပါ ..”

“ဟား!...”

ပြောနေရင်း ဒီမှာပဲ ပတ်ရှုပ်နေတော့ သူ စိတ်ပျက်စွာ ရုတ် ၏။

“မိန်းမသားလို့ လူတွေ အမှတ်ပေးထားတဲ့ စည်းမျဉ်းထဲမှာ မိန်းမတစ်ယောက် ဘယ်လိုလုံခြုံစွာ ရပ်တည်ဖို့ဆိုတဲ့ မက်သ သလား .. ခင်ဗျားလို မိန်းမတွေအတွက် ဘာတွေ အခိုင်အမာ ပြ ထားတာ ရှိသလဲ .. လူတွေတောင် ငယ်ရာကနေ ကြီးပြင်းလာခဲ့ တာ .. အရာရာကို တရားသေ ဆုပ်ကိုင်မထားစမ်းပါနဲ့ .. သဘာ သဘာဝ .. ပဓာနက ပဓာနပဲ ..”

ကြွေ ဘာမှ မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

“နောက်ထပ် ကြိတ်တွေး ကြိတ်ကြံတာတွေ လုပ်မနေနဲ့.. ခ အဖြစ်က အမိုးရိပ်တစ်ခုအောက်က ထွက်လိုက်တာနဲ့ မိုးကြိုးပ သေချာနေတဲ့လူလိုပဲ .. ညဏ်ကျယ်ကြီး က ဖဲဘုရင် ကို သူ့အ မသိမသာ ဆွဲထည့်ထားခဲ့တာ ခင်ဗျားကြောင့် ..”

ကြွေ့ မျက်နှာလေး တဖြည်းဖြည်း လှည့်လာ၏။ ဖဲဘုရင် အစ်ကို့ကို ပြောတာပဲ ...၊

“ဆောရီး.. ခင်ဗျားအစ်ကို ဖွဲ့ .. သူ့ကို ပြောတာ ...၊ ဖွဲ့ က ခ ကို အဝှက်ကောင်းနေလို့ .. သူကိုယ်တိုင်ကလည်း ဦးထိပ်ပြောင် ကနေ လူလုံး ထွက်မပြချင်သေးလို့ .. အဲဒါတွေကြောင့် ခင်ဗျား နေတာ ...၊ ခင်ဗျားကို ခြောက်လှန့်ပြောနေတာ မဟုတ်ဘူး .. တ တောင်မှ ခင်ဗျားကို တွေ့တာနဲ့ အစ်ကိုနဲ့ မှုားထုတ်ပြီး ကြ ကြိုးစားခဲ့တာမို့လား .. ခင်ဗျားက အပွန့် ..”





တဲ့ရဲ့သည့် လှောင်ပြုံးနှင့် နေရာမှ ပြန်ထိုင်လိုက်ကာ မျက်မှန်ကို ၍ ...

“ခင်ဗျားက ခုနစ်ဆောင်တိုက်ခန်း မီးမလင်းသေမယ့် ယောက်ျား ချက်လုံးထဲမှာ ပြုံးပြက်လက်သွားအောင် လုနေတာကိုး ..”

ချက်လုံးချင်း ဒိုင်းခနဲ ဆုံတော့ မီးလျှံ က မဲ့၍ ပခုံးတွန့်သည်။ ော့ မျက်မှန်ပြန်တပ်၍ ...

“လှတယ်ပြောတာတောင် လူသတ်ချင်စိတ် ပေါက်သွားတဲ့ပုံပဲ.. - ရှားတယ် ..”

စကားလုံးတိုင်းက လူ့ကို ရိုက်ပုတ် နှိပ်စက်နေသလိုပင် ...၊ သူမှလွဲလျှင် အားကိုးဖွယ် မရှိတော့သည့်အဖြစ်မျိုး ...၊ သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၃)

"ရှင်းရှင်းလေးပဲ လှျံ ရာ .. သူ့စိတ် ဒီလိုခံစားနေရတယ် ထ... မင်း ယူလိုက်တော့ပေါ့ .."

"ဘာဆိုင်လို့လဲ .."

"မင်းလည်း ကြိုက်နေတာပဲကွ .."

"ဘယ်သူ ပြောတာလဲ .."

"မင်းမျက်လုံးကြီးတွေက ပြောနေတာ .."

"ငါ့မျက်လုံးကို စာ လာမဖတ်နဲ့ .. တမင်တကာတောင် မျ... မချွတ်ဘဲ ထားတာ .."

"မချွတ်လည်း ချွတ်တဲ့အခါ မြင်နေရတာပဲကွာ .. ဂူဂျီဖွမ်... လုပ်မနေစမ်းပါနဲ့.. သူ့စိတ်ထဲမှာ မသက်ဆိုင် မပတ်သက်တဲ့ ယော... တစ်ယောက်ရဲ့ ထောက်ပံ့ပေးကမ်းစာကို လက်မခံချင်ဘူးဖြ... လင်မယား တော်လိုက်တာနဲ့ အားလုံး ပြီးပြီ .."





"အဲလောက် မလွယ်ဘူး .."

ခေါင်းခါငြင်းရင်း နေရာမှ ထသွားသည်။

နန္ဒ ၏ နားနေခန်းထဲမှာ လွတ်လပ်စွာ ပြောနေကြရင်း တစ်ချက် ...မှ အငြိမ်မနေတတ်သည့်အကျင့်ကြောင့် ပြတင်းတံခါးနား လျှောက် ...ကာ ခန်းဆီးစကို တိမ်းဖယ်၍ အပြင်ကို ငုံ့မိုးကြည့်သည်။ ပြီးတော့ ဘာရယ်မဟုတ်ဘဲ ပြန်လှည့်လာပြီး စီးကရက်ထုတ်၍ ...၏။

သူ့ခြေလှမ်းတွေကို လိုက်ကြည့်နေသည့် နန္ဒ က သူ ဘာပြောမလဲ ...နေရင်း စိတ်မရှည် ..။

"ပြောပါဦး .. မလွယ်တာက ဘာကြောင့်လဲ .."

"သူနဲ့ ငါ့အတွက် မဖြစ်နိုင်ဆုံးက အဲ့ဒါ .."

"မင်းက စပြီး ရှေ့ကြောင်းနောက်ကြောင်းတွေနဲ့ ဗီဇချဲ့နေတာ.. ...လပ်စွာ ဆုံးဖြတ်ခွင့် ရှိနေတာက မင်း .. ဖြစ်သင့်တဲ့အတိုင်း မင်း ...တ်လိုက်ရင် သူလည်း နောက်တော့ နားလည်လာမှာပဲ .."

"နားမလည်သေးခင် သူနဲ့ ငါ ဓားပွဲ တုတ်ပွဲတွေ ဖြစ်ကုန်မှာ.."

"အဲ့ဒါက မင်းအပေါ် မူတည်တယ် .."

"ငါကတော့ ဓား ဓားချင်း .. တုတ် တုတ်ချင်းပဲ .."

"ကောင်းတယ် .. အဲ့ဒီလို လိုက်လိုက်လျောလျောလေး .."

"မင်း မသိပါဘူး နန္ဒ ရာ .. အေးဆေး နေစမ်းပါ .."

"ဘာလို့ မသိရမှာလဲ ..၊ သူ့အကြောင်းရော .. မင်းအကြောင်းရော.. ...ဲ့ စတွေ့ခဲ့ကြတဲ့အကြောင်းရော .. ငါ မသိတာ ဘာကျန်သေးလို့ ..."

နန္ဒ ကို တော်တော်များများတော့ ပြောပြထားခဲ့ပြီးပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



မပြောသင့်ဘူးလို့ ထင်တဲ့ အပိုင်းတွေကိုလည်း တစ်ခါတလေ
ချက်တွေအတိုင်း ညည်းညူရင်း စကားထဲမှာ ပါသွားတတ်တာ
သည်။

ပြောရမယ်ဆိုရင် သူ့အကြောင်း အသိဆုံးက နန္ဒ ပဲ ဖြစ်

"ငါလည်း တွေးမိတယ် လျှံ .. မင်းတို့နှစ်ယောက်အတွက်
ထပ်တဲ့အမိပ္ပာယ်တွေ ဘယ်လိုမှ လွဲမှားသွားလို့ မဖြစ်ဘူးဆိုတာ ..
မယ့် .."

"အဲဒီ ဒါပေမယ့်ကို ရှင်းရခက်နေတာ .."

မီးလျှံ မျက်နှာကလည်း စိတ်ပျက်ခြင်းတွေနဲ့ပဲဖြစ်ကာ စီး
တစ်ရှိုက်နှင့် အတန်ကြာ ငြိမ်နေပြီးမှ ...

"သူ့မှာ အားကိုးစရာ မရှိဘူး .. ငါ့ဘက်ကလည်း သူနဲ့ ပတ်
လာတိုင်း ဘာကိုမှ ဥပေက္ခာမထားနိုင်ခဲ့ဘူး .. အဲ့ဒီပြဿနာက
လက်ထပ်လိုက်ရင် ပြီးပြီ .. မပြီးတာက ဒါပေမယ့် ဆိုတာကိုပဲ

နှစ်ယောက်စလုံး မျက်လုံးချင်း ဆုံပြီး တိတ်ကျသွား၏။

ပြီးမှ ...

"ငါတို့ချင်း နားလည်မှုရှိလာဖို့က လွယ်ကို မလွယ်တာ

"အဲ့ဒါ မင်း သိနေတာပဲ လျှံ.. ကိုယ်က ယောကျ်ားပဲကွ
သင့်ရင် မင်းပဲ .."

"လိုတိုးပိုလျှော့ လုပ်ကြဖို့ လိုလာရင် သူ့ဘက်ကလည်း လို
လေ .. ဘာဖြစ်လို့ ငါကချည်းပဲ လျှော့ရမှာလဲ ..၊ အရာရာ
ပေးဆပ်ဖို့ အသင့်ဖြစ်နေရအောင် တစ်ဖက်သတ် အချစ်သ
လည်း မဟုတ်ဘူး .."

"ငါကလည်း မင်းကို တစ်ဖက်သတ်ချစ်နေလို့ လျှော့ခိုင်





ဟုတ်ဘဲ .. ပြောရခက်ကြတာချင်း တူရင်တောင် ယောကျ်ားလေး
တဲ့ဘက်က .."

"ဒီမှာ နန္ဒ .."

မီးလျှံ က အလေးအနက်ပြောတော့မည့် မျက်နှာနှင့် နန္ဒ ရှေ့ကို
က်လာကာ ...

"သူ့ဘဝကို သူ ဘယ်လို သတ်မှတ်နေသလဲ မင်း သိလား .."

နန္ဒ က မဖြေပေမယ့် သူပဲ ဆက်ပြောသွားရင်း ...

"သူ့ကို အမွေ သိမ်းပိုက်ဖို့ ကြိုးစားခဲ့ကြတဲ့ ယောကျ်ားတွေထဲမှာ
ပ်ပြီး အပါမခံနိုင်ဘူး .."

ကိုယ်ကို မတ်မတ်ရပ်ကာ ယတိပြတ်လေသံနှင့် ပြော၏။

ပြီးတော့ စီးကရက်ကို ခွက်ထဲမှာ စိုက်ခြေပစ်လိုက်ပြီးမှ ...

"ရှုပ်နေတဲ့ 'ဒါပေမယ့်'ဆိုတာ အဲ့ဒါပဲ ..၊ လက်ထပ်ကြပါစို့လို့
ယ်တော့မှ ပြောမှာ မဟုတ်သလို သူကလည်း ဘယ်လိုယောကျ်ား
ယုံကြည်မှာ မဟုတ်ဘူး .. ငါ့ကိုဆို ပိုတောင် ဆိုးဦးမှာ .."

"ဘာဖြစ်လို့လဲ .."

"ငါက ပိုရိုင်းတဲ့ကောင် .. သူက မယဉ်ကျေးတဲ့ တဏှာရူးတွေနဲ့ပဲ
တဲ့သူ ..၊ အဲဒီတော့ ဘာမှ မထူးဘူး .. ယောကျ်ားက ယောကျ်ား

"မင်း ဒါတော့ မပြောနဲ့ လျှံ .. ယောကျ်ားချင်း တူပေမယ့် အပြော
ဲလူနဲ့ တဏှာရူးလိုလူ ဘယ်လိုက ပိုကြောက်စရာကောင်းသလဲ
လေးတွေ ပိုသိတယ် .."

လက်ထပ်ကြဖို့ချည်းပဲ တိုက်တွန်းချင်နေသည့် နန္ဒ ကတော့ ဒါ
ည့်ပတ်ပြောနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိခဲ့တိုင်း မင်းတို့ ဒီတိုင်း နေသွားကြမယ်ဆိုရင် တစ်နေ့ ကျိုင်ပူလာမှာပဲ .. မိန်းကလေးကတော့ အရှက်ကို အသက်နဲ့လဲသွား နော် .. သူ့ကို ဖြစ်ချင်ရာ ဖြစ် မင်း ပစ်ထားလိုက်နိုင်လား .. ကိုယ့်ဘာ စဉ်းစား .."

ရင်ထဲမှာ အဖြေရှိပြီးသားပေမယ့် မီးလျှံ က ဘာမျှ မဖြေ –

စေတနာဆိုတာ ကိုယ့်ဘာသာ ထားပြီး တစ်ယောက်တည်း ပျက်ရှနေရမယ့် အရာလား ..।

ဒါမှမဟုတ် ..।





အခန်း (၂၄)

"ဟင်!... စနေ .."

ဒေါ်ပန်းနု တအံ့တသြ ဖြစ်သွားသည်။ သော့ပြေးယူပြီး တံခါးဖွင့် နေရင်း ...

"မိုးတွေ သည်းနေတာနဲ့ တံခါး စောစောပိတ်လိုက်တာ .. ဒါနဲ့ င်း ဘန်ကောက်သွားမှာ ဆို .."

"ဟုတ်တယ် .. ဟိုက ဖက်စ် ရောက်လာတာနဲ့ မသွားတော့ ဘာ .."

အိမ်ထဲ ဝင်လိုက်ရင်း မိုးကာအင်္ကျီကို ချွတ်လိုက်သည်။ အတွင်း အနက်ရောင်ဂျာကင်နှင့် လည်ဝိုင်းဆွယ်တာအဖြူက ထင်းနေ၏။ တော့ မိုးထဲရေထဲမှာပေမယ့် ဘောင်းဘီရှည်က အဖြူရောင်နှင့် ...

"မနက်က ဖုန်းတွေ ဘာတွေ လာသေးလား .."

"ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပန်းနု က နားမလည်သလို လှည့်ကြည့်၏။ မီးလျှံ က ဖိနှ ချွတ်နေရင်း ပြန်ငဲ့ကြည့်ပေမယ့် ဘာမှ ထပ်မပြောပေ ..။

"မနက်ကလား ..။ အေး .. ဆွယ်တာဆိုင်ကတော့ ဖုန်းဆက်သေ တယ် .. အင်္ကျီလား ဘာလား အော်ဒါမှာတာ ထင်တယ် .."

"ဒီက ဖုန်းနံပါတ်ကို ဘယ်သူ့မှ မပေးဖို့ ကျွန်တော် ပြောထား တာ .. အဲ့ဒါ ကြွေ ပေးလိုက်တာလား .."

"ဟုတ်မယ် ထင်တယ် .. အဒေါ်ကတော့ ဘယ်သူမှ မပေး ဘူး .. အလုပ်လုပ်ကြပြီဆိုတော့လည်း ဆက်သွယ်ဖို့ လိုတာကိုး .."

"အဲ့ဒါကြောင့် ဘာမှမလုပ်ဖို့ ကျွန်တော် ပြောနေတာ .."

ဒေါ်ပန်းနု ကိုတော့ ဘာမှ မဖွယ်မရာ မပြောမိအောင် မီးလျှံ အတတ်နိုင်ဆုံး ထိန်းခဲ့သည်။ အထူးသဖြင့် ကြွေ့ ပုံစံကို စိတ်တိုင် မကျတာ တစ်ခုခုကြောင့် စကားအများ မပါစေချင် ..။

"သူ အိပ်နေပြီလား .."

ဒေါ်ပန်းနု ဖြေရခက်သလို ရှိနေတော့ မီးလျှံ က နားလည်သွာ ကာ ...

"သိတယ် .. နည်းနည်းလေး ထူထောင်လာတာနဲ့ မအိပ်မနေ လုပ်ငန်း ပြန်စနေပြီဆိုတာ .."

"သူ အဲ့ဒီလို လုပ်နေရမှ တွေးငေးနေတာတွေ ပျောက်တာ စနေ ငါလည်း မပြောချင်တော့ဘူး .. ဒီလိုမဟုတ်ရင် ဟိုလိုနေမှာပဲဆိုတ သိနေတော့ ဘာပြောပြော ထူးမှာမှ မဟုတ်ဘဲ .."

"ကျွန်တော်လည်း တစ်ခါတလေမှ ရောက်ရောက်လာလို့ .. အိ မှာသာ အမြဲတမ်းနေရင် အန်တီ့တူမနဲ့ တစ်စက္ကန့်လေးတောင် တည့် မဟုတ်ဘူး .."





ပြောရင်းနဲ့ အထဲဝင်သွားတော့ ဒေါ်ပန်းနု သက်ပြင်းချမိ၏။

သူငယ်ချင်းလို မရင်းနှီးပေမယ့် မောင်နှမလို ရှိးသားခဲ့တဲ့ ကောင် လေး ..။ ဘာမှ မဆီမဆိုင်နှင့် ကင်းကင်းလည်း မနေနိုင်ရှာဘဲ ကြွေ့ ကို ကူညီ ထောက်ပံ့နေခဲ့၏။

ဒီလို လူငယ်တစ်ယောက်ကို ကြွေ ဘာတွေ တလွဲတွေးပြီး စိတ် ဆင်းရဲကြီးစွာ ဖြစ်နေတာလဲ ..။

တစ်ခါတော့ စိတ်ထဲမှာ မချင့်မရဲ ဖြစ်ရလွန်းလို့ သူမကို ဖွင့်မေး ခဲ့၏။

"ငါတော့ ညည်းကို စွပ်စွဲချင်လာပြီ ကြွေ .. လူစိမ်းတစ်ယောက် ဘ ဒီလောက် ကူညီနေတာ မရိုးသားလို့ပဲလို့ ညည်း ခေါင်းစဉ်တပ် ကိုက်ရင်တောင် နားလည်လို့ ရသေးတယ် .. ခုတော့ သူလည်း မရိုး သား ဘာမှ မဟာခဲ့ဘူး .. ညည်းကလည်း မရင်းနှီးပေမယ့် သူ့အကူ အညီ ယူခဲ့ရတယ် .. အခြေအနေအရဆို ညည်းဘက်ကသာ ကျေးဇူး တွေတင်ပြီး သူ့အတွက် ငြိုငြင်စရာမဖြစ်အောင် နေရမှာ မဟုတ်ဘူး လား .."

ဆိုတော့ သူမက မတုန်မလှုပ် ..။

"သူ့ကို ကျေးဇူးမတင်တတ်ဘူးထင်ရင် သူ ကြိုက်သလို ဆုံးဖြတ် ပါစေ ဒေါ်ဒေါ် .. လောကမှာ တစ်ယောက်တည်း တွယ်ရာမဲ့ ကျန်ခဲ့တဲ့ မိန်းကလေးတွေ အများကြီး ရှိနေကြသေးတယ်ဆိုတာ မှန်ရင် ဖြစ်လာ သမျှကို ရင်ဆိုင်ဖို့အတွက် ကြွေ လည်း သတ္တိရှိရမှာပေါ့ .."

ဘာကို ဘယ်လို ရင်ဆိုင်ဖို့ သတ္တိတွေ မွေးနေသည်တော့ မသိ..။ ဒီမှာ တစ်မျိုး .. ဟိုမှာ တစ်မျိုး ..။

ဘယ်သူ့ကို ဘာပြောရမှန်းလည်း မသိတော့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြန်သွားဦးမှာလား စနေ .."

"မပြန်တော့ဘူး .."

"ဒါဆို .. ထမင်း ပြင်လိုက်မယ်လေ .."

"အန်တီတို့ရော စားပြီးပြီလား .."

"အန်တီက ပြီးပါပြီ .. နှစ်ယောက်တည်း ရှိပေမယ့် လက်ဆုံစားရ တယ်လည်း သိပ်မရှိပါဘူး .. ကြွေ က .."

'စားကို မစားတာက များတယ်'လို့ ပြောလိုက်ရင် မလွယ် ..

"သူ မစားရသေးဘူးပေါ့ .."

"အေး .."

မီးလျှံ က ဘာမှမပြောဘဲ နောက်ခန်းထဲကို ဝင်သွား၏။သူ ဝင် သွားတာနှင့် ဖုန်းမြည်သံက တစ်ထပ်တည်း ..။

ကြွေ က ကျောပေးထိုင်နေရင်း အကျီတွေကို ဘာလုပ်နေသည် မသိ ..။ ဖုန်းလာတော့ နေရာမှ ထသွားကာ ကောက်ကိုင်လိုက်လျှင်–

"မကိုင်နဲ့တော့ .."

မီးလျှံ က အနားရောက်သွားပြီး ပလပ်ကြိုးကို ဖြုတ်ပစ်လိုက်၏။ ထင်ထားသည့်အတိုင်း ကြွေ့ မျက်နှာလေး တင်းမာသွားကာ –

"ငါ့အလုပ်ကိစ္စ တစ်ခုပဲ ဒီဖုန်းကို ပေးထားတာ .. ဒါလေးတောင် မှ .."

"မရဘူး .. ဖုန်းကနေတစ်ဆင့် မလိုလားအပ်တာတွေ ပါလာ မှာ .. ဒီဖုန်းနံပါတ်နဲ့ ခင်ဗျား ဘယ်ကိုမှ မဆက်သွယ်ပါနဲ့ .."

"ဒါဆို ဒီဖုန်းက .."

"ကျွန်တော်တို့ချင်း အရေးကြီးရင် ဆက်သွယ်ဖို့ .."

"မင်းကလွဲရင် လုံးဝ သုံးခွင့် မရှိဘူးပေါ့ .."





"ဒီပြဿနာတွေကို ကျွန်တော်ကလွဲရင် ဘယ်သူမှ ရင်မဆိုင်နိုင် ဘူး .. ခင်ဗျား ကတ်သီးကတ်သတ်တွေ မမေးရင် ကောင်းမယ် .."

ကြွေ က သူ့မျက်နှာကို စေ့စေ့ကြည့်၍ နာကျင်စွာ မဲ့သည်။

"တစ်သွေး တစ်သံ တစ်မိန့်နဲ့ မင်းရဲ့ကမ္ဘာထဲမှာ ငါက ဘာလဲ.."

"ဘာဖြစ်ချင်လဲ ပြောလေ .. ကျွန်တော် ဘာပြောပြော အမိန့် ပေးတယ် .. အုပ်စိုးတယ်ပဲ ထင်နေသမျှ ကျွန်တော်ကလည်း ခင်ဗျား ကျေနပ်စေမယ့်စကားတွေနဲ့ ဘယ်တော့မှ လေပြည်ထိုးမှာ မဟုတ် ဘူး .."

ကြွေ က ခေါင်းညိတ်သည်။

"ငါ့အင်အားနဲ့ ငါ ရပ်တည်ဖို့ ကြိုးစားမယ် .. မင်း ကူညီတာတွေ အတွက် .."

"ကျေးဇူး မလိုဘူး.. ခင်ဗျားကိုယ် ခင်ဗျား သေချာရဲ့လားပဲ အရင် မေး .."

"ဘာကိုလဲ .."

မဖြေသေးဘဲ လူကို စူးစိုက်ကြည့်လာသဖြင့် ကြွေ မျက်ခုံးတန်း လေးတွေ ကုတ်ကျသွားသည်။ နေ့နေ့ညည ဘယ်အချိန်ဖြစ်ဖြစ် မလုံ မလဲ ပါးလွှာသည့်အကျီမျိုး သူမ ဘယ်တော့မှ မဝတ်ခဲ့ပေ ..။ သို့သော်...

ပန်းနုရောင် ဘလောက်စ်ပွပွ ရိုးရိုးလေးကိုပဲ သူ့အကြည့်တွေ ကြောင့် မလုံခြုံသလို ထင်လာမိ၏။

ကျောနောက်မှာ လက်ကိုင်ပဝါနှင့် စည်းချထားသည့် ဆံပင်တွေ ကို ရင်ဘတ်တစ်ခြမ်းမှာ ဆွဲယူ တင်လိုက်ရင်း သူ့ရှေ့ကနေ တစောင်း ကြည့်ပစ်လိုက်ကာမှ ...

"ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



သူ့ထံမှ ခပ်မဲ့မဲ့ လှောင်ရယ်သံနှင့်အတူ ...

"ခင်ဗျား ရင်ဆိုင်နေရတဲ့ အခက်အခဲတွေက ငွေကြေးပြဿနာ တစ်ခုပဲလို့ ထင်နေတာလား .. တခြားမိန်းကလေးတွေကို ကြည့်ပြီး အားကျခဲ့တာဆိုရင်တော့ ခင်ဗျား မှားနေပြီဆိုတာ သေချာပြောနိုင် တယ် .."

"ဘာ!..."

"ဆံပင်ရှည်ရှည် ဖြူဖြူနွဲ့နွဲ့နဲ့ ဒဏ္ဍာရီဆန်အောင် လှနေတဲ့ ခင်ဗျားလို မိန်းမကို ဘယ်လိုယောကျ်ားကမှ အလွတ်ပေးချင်မှာ မဟုတ် ဘူး .. အထူးသဖြင့် အဲ့ဒီမိန်းမက ချို့တဲ့ဆင်းရဲနေရင် ဘယ်လိုနည်းတွေနဲ့ ရယူဖို့ ကြိုးစားကြမလဲ .."

ကြားရပြန်ပြီ ဒီလိုစကားတွေ ...၊

ကြွေ့ ရင်ထဲမှာ ခါးသီးသွား၏။ မိန်းမတစ်ယောက်ရဲ့ အလှတရား ဟာ ဒီလောက်ထိ အန္တရာယ် ကြီးမားနေခဲ့သလား ...၊

မီးရောင်အောက်မှာ သူမ မျက်နှာလေးထက်က မလိုလားခြင်းတွေ ဖြစ်တည်နှံ့သွားခဲ့ခြင်း အစအဆုံးကို မီးလျှံ က အသေးစိတ် ဖတ်ရှုနေနိုင် သည်ဖြစ်ရာ ...

"အကြီးမားဆုံးက ဉာဏ်ကျယ်ကြီး ခင်ဗျားကို လိုက်ရှာနေ လောက်ပြီ ဆိုတာပဲ .. ခြိမ်းခြောက်နေတယ် ထင်ရင်တော့ သဘော ပဲ .."

ပြော၍ ကျောခိုင်းလိုက်ပြီးမှ ပြန်လှည့်ကာ ...

"ဒီနံပါတ် ပြန်ချိန်းမယ် .. ဘယ်သူ့ကိုမှ အဆက်အသွယ် မလုပ် ပါနဲ့ .."

ဖုန်းကို မေးဆတ်ပြပြီး သတိပေးလိုက်သည်။





ကြွေ ဒီတိုင်း ရပ်ကျန်ခဲ့တာကို ပြန်လှည့်မကြည့်တော့ဘဲ ထမင်း စားခန်းထဲ ဝင်လာခဲ့မိ၏။

"အဆင်သင့်ပဲ လူလေး .. ကြွေ ရော .."

"သူ စားမှာ မဟုတ်ဘူး .."

ပြောပြီး သူလည်း ထမင်းစားပွဲမှာ မထိုင်ဘဲ ကော်ဖီမှုန့်ဘူးကို ဆွဲယူလိုက်လျှင် ...

"မင်း ထမင်းမစားဘူးလား .."

"မစားတော့ဘူး .. ရတယ် အန်တီ .. ကျွန်တော့်ဘာသာ ကော်ဖီ တစ်ခွက်ပဲ ဖျော်သောက်လိုက်မယ် .."

"မုန့်က မရှိဘူး .. ပေါင်မုန့် .."

"နေပါစေ .. မုန့်လည်း မကြိုက်ဘူး .."

မိုးတွေက သဲသဲမဲမဲ ရွာချနေသည်။

သူ ဒီည ဒီကို ရောက်လာခဲ့တာ ဘာအတွက်လဲ ...၊

မိုးသံတွေနဲ့ ဆူညံနေပေမယ့် မကျယ်လှသော အိမ်တစ်လုံးထဲမှာ လူသုံးယောက် တစ်နေရာစီမှာ ရှိနေကြပြီး တိတ်ဆိတ်မှုက စိတ်ပျက်စရာ ကောင်းနေ၏။

အချိန်တိုင်း သူမအတွက်ပဲ စိတ်ပူနေရသည်။

သူမထံသို့ ဘယ်လိုအန္တရာယ်တွေ ကျရောက်နိုင်သလဲ ...၊ သူမ ဘယ်ခြေလှမ်းနေလို့ ဘာတွေ ဖြစ်လာနိုင်သလဲ ...၊

ဒီစိတ်တွေနဲ့ သူ့မှာ အာရုံတွေ များနေခဲ့၏။

တယ်လီဖုန်းကို သူ ပြန်ကြည့်တော့လည်း မသိသည့်နံပါတ်တွေ အများလောက် ဝင်နေခဲ့၏။

ဒီကိစ္စကို သူ မပြောချင်ပါ ...၊



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောသည်ဆိုတာကို ပါဝင် နှောင့်ယှက်လိုက်ခြင်းအတွက် သူ့ဘက်က ဘယ်လောက်ထိ ဆိုးရွားပြီး ဘယ်လိုလူ ဖြစ်သွားနိုင်မှန်လည်း မသိလို့ မဟုတ် ..၊

ဒါပေမယ့် နောက်ဆို ဒီဖုန်းသာမကဘဲ ဒီအိမ်ကိုပါ လူဝင်လူထွက်တွေ ရှိလာတော့မည်။

ဟိုအရင်အစတည်းက ဖအေဖြစ်သူက တကယ့် လူဆိုးလူယုတ်နဲ့ ထဲထဲဝင်ဝင် ပတ်သက်ခဲ့သည်။

နောက်ထပ်ပြီး အစ်ကိုဆိုသူက ဒီလောကထဲမှာ ကျင်လည်ပြီး ညီမကို တစ်ထီးတစ်နန်း သိုဝှက် သိမ်း ဆည်းထားခဲ့သည်။

အဆိပ်သင့် ပစ္စည်းတို့ကို စားသုံးနေခဲ့သော သူမအဖြစ်က ဒီအဖွေ့အသက်တွေနဲ့အတူ ဘယ်လောက်ထိ လုံခြုံအောင် ပုန်းနေနိုင်မှာလဲ ..၊ ဒီလောကကလူတွေ ဘယ်လောက်ထိ သတင်း အနံ့ခံ ကောင်းသလဲဆိုတာ နားမလည်ဘဲ ကိုယ် ပြောသမျှကိုလည်း အကောင်းမထင် ..

ကော်ဖီခွက်ကို ဒီတိုင်း ကိုင်သောက်ရင်း ပိတ်ကာနေသည့် ပြတင်းတံခါးတစ်ချပ်ကို ဖွင့်ပစ်လိုက်မိသည်။

ထိုအခါ မိုးစက်တွေ ရင်ဘတ်ကို ဖြောခနဲ ပြေးဝင်လာကြ၏။

အမှောင်ထုမှာ ကိုယ်ယောင်ဖျောက် သောင်းကျန်းနေကြသည့် မိုးစက်တို့သည် အိမ်ထဲကို ပြေးဝင်လာခွင့်ရသည်နှင့် ပြတင်းတံခါးရွက်တို့ကို ဒုန်းဒိုင်း တိုးတိုက်ကာ ဟူးဟူးရားရား ဆွတ်ဖျန်း၏။

မီးလှုံ ဒီတိုင်း ရပ်နေရင်း ကော်ဖီကို ကုန်စင်အောင် မော့သောက်လိုက်သည်။ ဆာလောင်နေသည့် ဝမ်းမီးက ကော်ဖီတစ်ခွက်နှင့် မငြိမ်းနိုင်ပေမယ့် မိုးစက်တွေကြောင့် စိုစွတ် အေးမြသွားခဲ့၏။

တံခါးရွက်တွေ လှုပ်ခတ်သံကြောင့် ထင်သည်။





ဒေါ်ပန်းနု ၏ လှုပ်ရှားသံကို နောက်မှာ ကြားနေရ၏။ သူ ရပ်နေတာ မြင်တော့ ဘာမှ မပြောဘဲ ပြန်ထွက်သွားသည်။

"အန်တီ ခဏ .."

သူ ဖျတ်ခနဲ လှည့်ကြည့်ရင်း ခေါ်လိုက်မိကာ ...

"သူ ထမင်းစားတဲ့နေ့ရော ရှိရဲ့လား .."

ဒေါ်ပန်းနု မျက်နှာ ပျက်သွားသည် ... ဒါပေမယ့် ခေါင်းညိတ်ပြ ..

"ရှိတော့ ရှိပါတယ် .."

"ဒါပေမယ့် မနက်ဖြန်လည်း ဒီလိုပဲ နေနိုင်အောင် နေမယ်လို့ ရေးမှတ်ထားတာ ကျွန်တော် တွေ့တယ် .. အဲ့ဒါ သူ ထမင်းမစားနေတာတွေလား .."

ဒေါ်ပန်းနု မျက်နှာမကောင်းစွာဖြင့် ခေါင်းညိတ်လေသည်။

"ကြွေ က တစ်ခုခုကို ခံစားရင် အစွန်းရောက်တတ်တဲ့ကလေး မဟုတ်ပါဘူး .. ဒါပေမယ့် ခုတော့ .."

"မကောင်းတာကို မကောင်းမှန်း သိရင် ပြင်ရမှာပေါ့ အန်တီ .. ဒီလို ဖြစ်နေကြတာတွေမှာ ဘယ်သူတွေ ကောင်းသွားကြတာ တွေ့လို့လဲ .. တကယ် လွန်တယ် .."

"စနေ .."

ဒေါ်ပန်းနု ပျာပျာသလဲ ဖြစ်သွားပေမယ့် ဆွဲထားရတဲ့အထိလည်း မဝံ့နိုးသဖြင့် ဒီတိုင်းပဲ ကျန်ခဲ့၏။

စနေ ကတော့ ကိုယ်တိုင်လည်း ဗိုက်ဆာနေပြီမို့ ဒီလောက်ထိ တလွဲ သံသယတွေ တစ်ပွေ့တစ်ပိုက် မွေးမြူထားတဲ့အဖြစ်ကို သည်းမခံနိုင် ..၊



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာလွန်ခဲ့လို့လဲ ..။

ဘာတွေကို နာကြည်းပြီး ဒီလောက်ထိ ကင်းကင်းနေချင်နေ[...] လဲ ..။

ထမင်းမစား ဟင်းမစားဘဲ နေတဲ့အထိဆိုတော့ မလွန်လွန်း[...] လား ..။

မစဲသော မိုးတို့နှင့်အတူ ဒေါသက သူမရဲ့ အိပ်ခန်းရှေ့ထိ [...] ချင်း ရောက်၏။

သို့သော် တံခါးကို လက်လှမ်းလိုက်ပြီးမှ မျက်ဝန်းထောင့်မှာ[...] သွားသည့် လှုပ်ရှားမှုတစ်ချက်ကြောင့် ဖျတ်ခနဲ လှည့်ကြည့်မိ၏။

ပြီးတော့ မြန်ဆန်သော ခြေလှမ်းတွေက ထိုဆီသို့ ဦးတည်[...] ခဲ့စဉ် ...

"ဟင်!..."

အံ့အားသင့်ကာ မီးလျှံ ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွား[...] အပေါ်ထပ် အဆင်းလှေကားရင်းမှာ သူမ ရပ်နေလျက် ..။

ကတ်ကြေးတစ်ဖက် .. ဆံပင်တွေကို တစ်ဖက် အသေအချာ[...] ကိုင်ထား၏။

ဆံပင်တွေအားလုံးကို ရှေ့ကို ဆွဲယူကာ အရင်းကနေ ညှပ်[...] တော့မလိုမျိုး ကတ်ကြေးဟထားသည့်ပုံစံကလည်း ကွက်တိ ..

ဒါပေမယ့် ညှပ်လည်း မချ .. လက်ကိုလည်း ပြန်မရုပ်သိမ်း[...] သူမ မျက်တောင်တွေ တဖျပ်ဖျပ် ခတ်၍ ငြိမ်သက်နေခဲ့၏။

သူ့အရိပ်ကို တွေ့လိုက်တော့ မျက်တောင်ဖျားတွေ ဖျတ်ခနဲ[...] တက်လာကာ ...

"စနေ .."





အစိုပွယ်မဲ့သလို မျက်တောင်ခတ်နေသည့် မျက်ဝန်းတွေက ချက် အရောင်ပြောင်းသွားကာ နောက်တစ်လှမ်း ထပ်ဆုတ်၏။

"ကြွေ .. ဒါ ဘာလုပ်နေတာလဲ .."

"ငါ .."

ချက်ချင်းကြီး ကိုယ့်လုပ်ရပ်ကို မေ့သွားသည့်အဖြစ်ကြောင့် သူမ [...]တိုင် နားမလည်နိုင်ဘဲ ကတ်ကြေးနဲ့ မီးလျှံ မျက်နှာကို အပြန်ပြန် [...]လှန် ကြည့်သည်။

ပြီးတော့ မျက်ဝန်းမှာ မျက်ရည်တွေ ဝေတက်လာပြီး ...

"ငါ ဘာလုပ်မလို့လဲ .."

တစ်ယောက်တည်း တီးတိုး ရေရွတ်၏။

မီးလျှံ သဘောပေါက်သွားကာ သူမ ရှေ့ကို အမြန်ဆုံးနှုန်းနဲ့ တိုး[...]သွားခဲ့ပြီး ကတ်ကြေးကို လုယူထားလိုက်သည်။

"ပေး .. ပြန် ပေး .. ငါ သတိရပြီ .."

"မလုပ်ရဘူး .."

"လုပ်မယ် .. ငါ ဒီဆံပင်တွေကို ဖြတ်မလို့ .."

သူမ သတိရသွားပြီ ဖြစ်သည်။ ဒါပေမယ့် နောက်ထပ် အကြောင်း[...]ဆိုတော့ ...

"ဆံပင်တွေဖြတ်ပြီး ဘာလုပ်မလို့လဲ .. ရောင်းစားမှာလား ..၊ [...] ဘာရူးတာလဲ .."

"မဟုတ်ဘူး .. ဖြတ်ပစ်မှာ ..၊ ပြန်ပေးပါ ကတ်ကြေး .."

"မပေးနိုင်ဘူး .."

"မပေးရင် ငါ့ကို အဲ့ဒါနဲ့ ထိုးလိုက်တော့ .. ထိုးလေ .."

"ဟာ!... ကွာ .. တောက်!..."



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း …"

"ဒုန်း …"

"အ!…"

"ကြွေ!…"

သူမ အတင်းဆွဲနေသည့်လက်ကို လွှဲရုန်းပစ်လိုက်တာက
ကြေးကို လုယူလိုက်မှာစိုးလို့ပါ …၊ သူမကို ဤသို့ လဲကျ ဒဏ်
အောင် ပြုမူခဲ့တာမျိုး မဟုတ် …၊

"ကြွေ …"

"အား!… ကျွတ် … ကျွတ်!…"

ကြွေ သည် အခန်းထောင့်နံရံနှင့် နဖူးဆောင့်မိကာ သွေး
လည်း ကျလာနေလျက် သူ ဆွဲထူလိုက်တော့ ရှုံ့ရှုံ့မဲ့မဲ့ ခွေခွေ
ခေါက်လေး …၊

သူမလေးရဲ့ ကံကြမ္မာက ထိုမျှလောက်နှင့် အားမရနိုင်သေး
ကာ …





အခန်း (၂၅)

ဒေါက်တာ ဦးဘထွန်း နှင့်အတူ သူနာပြုဆရာမလေးတစ်
ယောက်လည်း ရှိသည်။ ဒေါ်ပန်းနု နှင့် မီးလျှံ တို့က လူနာရဲ့ မူလစိတ်
အခြေခံကို ပြောပြကြပြီးဖြစ်ရာ …

"သူ့ကို စိတ်ရောဂါဆရာဝန်နဲ့ နည်းနည်း ပြကြည့်သင့်တယ်လို့
… အကြံပြုချင်တယ်ကွယ် … သူ့ရဲ့ ဦးနှောက်အာရုံကြောတွေ နော်
…ထက် နည်းနည်းလေး တိမ်းစောင်းနေတာကို ဆရာတို့ သုံးသပ်
…လို့ ရပေမယ့် တကယ်ကျွမ်းကျင်တဲ့ ဆရာဝန်တွေရဲ့ စမ်းသပ်
…းမှုတွေကသာ တိကျတဲ့အဖြေကို ပေးနိုင်မှာ …"

"ကျွန်မကတော့ သူ့စိတ်မှာ စထရပ်(စ်)တွေ အရမ်းများတဲ့အခါ
…တွေ ဖြစ်လာတတ်တာကို သတိထားမိတော့ တကယ်လို့ သူ့စိတ်
… အေးအေးချမ်းချမ်း ဖြစ်သွားခဲ့ရင် ဒီဝေဒနာလည်း သူ့အလိုလို
…သွားမလားလို့ တွေးမိတယ် …"



www.burmeseclassic.com

www.burmeseclassic.com



"အင်း .."

"ဒီလိုပါ ဆရာ.. သူ့ကိုယ်သူ ဘာဖြစ်နေပြီ .. ညာဖြစ်နေပြီ ပြီး ပိုပြီး ကြီးမားသွားမှာ စိုးလို့ပါ .."

ကြွေ့ အခြေအနေ စတင် ပြောင်းလဲလာပုံကို သူမကသာ အ မို့ စိုးရိမ်တာက မှန်ပါသည်။

ဒါပေမယ့် သူမ လိုချင်သည့် ကြွေ့ အတွက် ကုထုံးကတော့ ရောဂါဆရာဝန်နှင့် ပြဖို့ထိ မဟုတ် ..။

လှည့်ကြည့်လိုက်တော့လည်း မီးလျှံ က နားထောင်နေ ဘာမှ ဝင်မပြောပေ ..။

ထို့ကြောင့် ...

"ကြွေ က အရမ်းကို နူးညံ့အေးချမ်းခဲ့တဲ့ မိန်းကလေးပါ .." ပြောပြီးတာတွေကိုပဲ ထပ်ပြောမိသည်။

"တခြား စိတ်ဒဏ်ရာရတဲ့ လူငယ်တွေလို မိသားစုရဲ့ မငြေ တဲ့ အကြောင်းအမျိုးမျိုးနဲ့ ဖိစီးခဲ့တာတွေလည်း မရှိဘူး .. ရွှေဆိုင် တိုက်တာ ခြွေရံတွေနဲ့ မင်းသမီးတစ်ပါးလို နေလာခဲ့ရတာ .."

အထူးသဖြင့် ဒီသမီးလေးကျမှ ဆံနွယ်ရှည်တွေရဲ့ အရောင်အ အကျိုးပေးကောင်းလွန်းလို့ မညှပ်ရက် မဖြတ်ရက်အောင် ဖြစ် တွေ ..။

ရွှေမှုန့်စားပြီး မွေးထားသလား ထင်ရအောင် နုဖတ် အိ တဲ့ သူမလေးကို ပိုးပဝါလေးနဲ့ ထုပ်ပတ်မွေးလာခဲ့ရသလို .. နေ မီးမခ စောင့်ရှောက်ထားခဲ့ကြတာတွေ ..။

ဒါတွေကိုပဲ တစ်ဖက်သား နားငြီးလောက်အောင် ပြော သည်။





"စိတ်ဒဏ်ရာ ဖြစ်လောက်အောင် စိတ်အခြေခံမှာ ဘာမှ မရှိခဲ့ပါ ရှင် .."

ပြောနေရင်း မီးလျှံ ကိုလည်း မကြာခဏ လှည့်ကြည့်မိကာ ...

"သူ အရမ်း ကြောက်ရွံ့ မုန်းတီးရတဲ့ အိမ်ထောင်ဖက်ကို မိဘ ဘာနဲ့ လက်ထပ်ခဲ့ရတာရယ် .. ပြီးတော့ သူ့ကြောင့်လို့ စွဲထင်ကျန်ခဲ့ အဖြစ်မျိုးနဲ့ သူ့အဖေ ဆုံးသွားခဲ့တာရယ် .."

ခေါ်ပန်းနဲ့ စကားမမှားအောင်တော့ ထိန်းချုပ်နေရသည်။ ဒါပေ ဆရာဝန်နဲ့ လူနာဆိုတာ ရောဂါဝေဒနာနဲ့ ပတ်သက်ပြီး ပွင့်လင်းဖို့ ဘာမို့ ...

"သူ့အစ်ကို ဆုံးသွားတာလည်း မကြာသေးဘူး ဆရာ .."

"သြော် ..."

"ဒဏ်ရာဒဏ်ချက် မပြင်းဘဲနဲ့ ချောက်ကမ်းပါးအစွန်းကနေ ခြေ သွားတာမျိုးပါ .. တစ်စုံတစ်ယောက်က အသက်ကယ်လိုက်ပေ ခြေလွတ်လက်လွတ် ပြုတ်ကျသွားပြီလို့ ခံစားလိုက်ရတဲ့ သူ့စိတ် တော့ အဲ့ဒီကစပြီး မငြိမ်မသက် ဖြစ်ခဲ့တာ .."

"အင်း .. ကျွန်တော် ပြောနိုင်တာကတော့ ဒါက အာရုံကြော သွားတဲ့ကိစ္စပဲလေ .. ကျွန်တော်တို့က ဒဏ်ရာကိုပဲ .."

"ဟုတ်ကဲ့ .. ဒါဆို .. ကျွန်တော်တို့ ပြန်လို့ ရပြီလား .."

မီးလျှံ က စကားဆုံးတာနှင့် ထရပ်လိုက်ပြီးဖြစ်ကာ ...

"ကြွေ တစ်ယောက်တည်း စောင့်နေတာ အန်တီ .. ကားထဲ လိုက်ပါ .. ကျွန်တော် ဆေးဖိုးတွေ ရှင်းလိုက်မယ် .."

စိတ်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်တော့ပေ ..။ ထို့ကြောင့် ဆေး ထွက်ခွာဖို့ကိုပဲ စိတ်က ဦးဆောင်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးတွေဝယ်ပြီး ကားထဲ ပြန်ရောက်တဲ့အထိ သက်ပြင်းရှိုက်
မေ့နေခဲ့သည်။

ပြီးတော့ အဖြူရောင် အပေါ်ထပ်ပါးလေးနှင့် လက်ကိုင်ပဝါ
လေးနဲ့ ဆံပင်တွေကို ရိုးရိုးလေး စည်းနှောင်ထားသော မျက်နှာလေး
အကြည့်ရောက်မိ၏။

သူမ မေ့တတ်လွန်းလို့ နောက်နေ့လုပ်ရမယ့် အစီအစဉ်
စာနဲ့ ရေးမှတ်ထားရသည်အထိ ဆိုးရွားနေသည်ဆိုတာကို သိသည်

ဒါက ထူးဆန်းပေမယ့် သူ့ အမှတ်တမဲ့ နေခဲ့မိ၏။ ခုတော့
နဲ့ မနက်ဖြန်တောင် မဆိုင်းဘဲ သူမရဲ့ မှတ်ဉာဏ်တွေ ကစဉ့်ကလျား
ဖြစ်နေခဲ့ပြီ ...၊

ဒီလိုဖြစ်ရတာ ဘယ်သူ့ကြောင့်လဲ ...၊

စဉ်းစားမရခဲ့သည့်အဖြေဟာ တစ်နေ့ကုန် ဘာမှ လုပ်လို့မရ
အောင် နှောင့်ယှက်နေခဲ့လျက် ...၊ နန္ဒ ကို ဖွင့်ပြောပြမိ၏။

"မင်းရဲ့လုပ်ရှားမှုတွေ နည်းနည်းလျှော့ပြီး ကိုယ့်စိတ်ချမ်းသာ
အတွက် ဖောင်းပေးကြည့်လိုက်ကွာ ..."

"နန္ဒ .. မင်းကို ငါ့စိတ်ချမ်းသာအောင် ဘယ်လိုနေရမလဲ
မေးနေတာ မဟုတ်ဘူး .."

"ငါကလည်း မင်းကို စိတ်ချမ်းသာစေချင်လွန်းလို့ မဟုတ်
လျှံ .. မင်း ချမ်းသာမှ သူ ချမ်းသာမှာကို တွက်မိပြီးသား ဖြစ်
ပြောပြတာ .. မင်း စိတ်ဆတ်တယ်ဆိုတာ အလုပ်နဲ့ လူနဲ့ လုံးထွေး
လေ .. ပြီးတော့ မင်း ကျင်လည်နေတဲ့လူတွေထဲမှာ မင်း ဘယ်
နူးညံ့လို့ မရဘူး .. အဲ့ဒီ ခက်ထန်မှုတွေက မင်းနဲ့အတူ အမြဲ
အတွက် ကြွေ့ ပေါ်မှာ မင်း ဒီတိုင်း ဆက်ဆံနေမှာပဲ .."





"အဲ့ဒီတော့ .."

"မင်း စဉ်းစားကြည့်လေ .. ကိုယ့်အရိပ်ကို ခိုလှုံနေရတဲ့ မိန်း
ကလေးတစ်ယောက်က မင်းကို ဘယ်လိုမြင်မလဲ..၊ ပေးနေ ကျွေး
နေရလို့ မောက်မာတယ် .. ရိုင်းစိုင်းတယ် .. ပြောရက်တယ် ဆိုတာ
တွေ .."

"မှန်တယ် .."

နန္ဒ ရဲ့ ဆိုလိုရင်းကို သူ နားလည်သွားကာ ထောက်ခံလိုက်မိ၏။

ရိုးရိုးလေးပဲ သွားနေကြရင် အကြောင်းမဟုတ်ပေမယ့် ကြွေ့ ရဲ့
စိတ်ကျန်းမာရေးအတွက် ဦးစားပေးရတော့မည်ဆိုလျှင် ပထမဆုံး
ပြင်ဆင်သင့်တာက သူ့ဘက်က ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ဆရာ .. ကျွန်တော်တို့ကို တမင်တကာကြီး ရန်စသွားတာနော်- ကျွန်တော်တို့က ဆရာ့အမိန့် မရလို့ .."

"ထားလိုက် .. သူတို့ခေါင်းဆောင် နှစ်ယောက်စလုံး ထောင်ကျ သွားတာကို ဒီလောက်တော့ ရှိမှာပေါ့ .. အဲဒီကိစ္စ ငါ ရှင်းမယ် .."

ရန်ကုန်–ပဲခူး လမ်းမကြီးပေါ်မှာ ပြေးနေသည့် ဆိုင်ကယ်လ် တစ်စက်မှ အရှိန်မလျှော့ဘဲ မီးလျှံ မျက်နှာမှာ ဂရုမစိုက်သော မဲ့ပြုံး နှင့် နောက်ထပ်တစ်ယောက်ကို ခေါ်၍ ...

"နဂါး .. မင်းဆရာကို ပြောလိုက် ..၊ တာခံကြီး တကယ် ထော ကျသွားတာကို မြင်ရင် ငါ ပြောခဲ့တာတွေ အလကား မဟုတ်ဘူးဆို နားလည်ဖို့ .."

"... ... ... ..."





"ဟုတ်တယ် .. သစ္စာမရှိဘူး .. မင်းတို့လိုကောင်တွေအတွက် ဘယ်သူက သစ္စာထားနေဦးမှာလဲ ..၊ ဒီမှာ .. မီးလျှံ က ဘာတွေကို လောင်ပြီး ဘာတွေကို ချန်တတ်တယ်ဆိုတာ မင်း သိပါတယ် .. အဲ့ဒီ တော့ ကိုယ့်အလုပ်ကို အေးဆေး ဆက်လုပ်ချင်ရင် .. ငါ့နာမည်ကို နောက်ထပ် ပါးစပ်ထဲ ထည့်မခေါ်မိစေနဲ့ .."

ဖုန်းပိတ်ထားလိုက်ပြီး ကိုယ့်ခရီးကို ဆက်ခဲ့ပေမယ့် ဒီအတွေးက ခေါင်းထဲမှာပဲ ပါလာခဲ့သည်။ မကောင်းမှု ဒုစရိုက်အလုပ်တွေ သူ လုပ်ပေမယ့် မကောင်းမှု လောကထဲမှာပဲ သူ ကျင်လည်ခဲ့သည်။ ဒီလူတွေဆီက ဖြတ်ခုတ် တိုက်ခိုက်ခဲ့၏။

ဘယ်လိုပဲတွေးတွေး.. မကောင်းမှုဟာ မကောင်းမှုပဲ ဖြစ်သည်။ ဒီလိုလောကထဲကလူဟာ ကိုယ့်ခရီး အတိုအရှည်အတိုင်း လိုသလို ခရီး ဆက်ချင်လို့ ရတာတ်သလား ..၊ ဘာပဲဖြစ်ဖြစ် ခုကစပြီး သူ့စိတ်ကူးတွေ ထဲကနေ တစ်ဆစ်ချိုး၍ လမ်းခွဲကနေ ထွက်တော့မည်။ ထိုလမ်းခွဲဟာ...

"တီ .."

ဆိုင်ကယ်လ်မီးရောင် မြင်လိုက်တည်းက မီးလျှံ မှန်း ဒေါ်ပန်းနု သိသည်။ ထို့ကြောင့် တံခါး ပြေးဖွင့်ပေးရင်း ...

"ကြွေ ဒီနေ့ ကြည်ကြည်လင်လင်ပဲ လူလေး .. နေကောင်းတယ် သိလား .."

"သူ ဘာစားသေးလဲ .."

"မုန့်နဲ့ နို့နဲ့တော့ သောက်တယ် .."

ဆိုင်ကယ်လ် ရပ်ပြီးတဲ့အထိ ဒေါ်ပန်းနု က အနားမှာမို့ ...

"သူ ချည်ထိုးတာတွေအားလုံး သိမ်းထားလိုက်တော့ မေးသေး အန်တီ .."



www.burmeseclassic.com

www.burmeseclassic.com



"မမေးဘူး .."

ပြောလိုက်ပြီးမှ ဒေါ်ပန်းနု မျက်နှာ ညှိုးသွားကာ ...

"အဲဒါကို သူ မေ့သွားတာ ထင်တယ် .. ဟို .. ခါတိုင်းဆိုရင် တစ်ခုခုကို မေ့သွားတတ်တာမျိုးတော့ မဖြစ်ဘူး ..၊ ခု .. သူ ဘာမှကို မမေးဘူး .. သူ့ကိုယ်သူ ဆွယ်တာတွေထိုးပြီး အသက်မွေးဝမ်းကျောင်း တစ်ခုလို လုပ်ခဲ့တာကို လုံးဝ မေ့သွားတာလား မသိဘူး .."

"အန်တီ့ကိုတော့ သိနေတယ် မို့လား .."

"သိတယ် .. စကားတော့ သိပ်မပြောဘူး .."

ကိုယ့်ကိုတောင် သိပါ့မလား ..၊

ဘယ်နေရာမဆို စိတ်သွားရာ ကိုယ်ပါခဲ့သည့် မီးလျှံ ရဲ့ခြေလှမ်း တွေ ဇည့်ခန်းမှာပဲ ရပ်တန့်နေခဲ့၏။

မျက်နှာချင်းဆိုင်မိတဲ့အခါ ကိုယ့်ကို မသိပါဘူးဆို .. ပြီးပြီ ..၊

"လူလေးက နိုင်ငံခြား သွားနေတာလား .."

"မဟုတ်ပါဘူး.. ကိစ္စတွေမပြတ်လို့ ဒီဘက်ကို မလှည့်နိုင်တာ

ဒီတစ်ခါ ညဘက် ခဏလာပြီး အကြာကြီး ပြန်ထွက်သွားဖို့ရေ မလုပ်ချင် ..၊

တစ်ယောက်တခြား မနေတော့ဖို့ ဆုံးဖြတ်လိုက်သည့်အခါမှာ ကိုယ့်ကြောင့် သူမကို အန္တရာယ်တွေ မကျရောက်ရအောင် လုပ်စရာ ရှိတာတွေ သူ လုပ်နေရင်း ...

"သူ ကျွန်တော့်နာမည်တွေ ဘာတွေ ထည့်ပြောသေးလား .."

"မပြောဘူး .. ဒါပေမယ့် အဒေါ်က ထည့်ပြောရင်တော့ မသိ နာမည်တစ်ခုကို ကြားသလို မဖြစ်ပါဘူး .. ကြွေ့ ရဲ့ စိတ်အခြေအနေ အဒေါ် သိပါတယ်ကွယ် ..၊ ဒီလိုလေ .."





ပြောဖို့က အဆင်သင့် ရှိနေပေမယ့် မီးလျှံ ကိုယ်တိုင် နားလည် လက်ခံစေချင်တာမို့ ...

"မင်းနဲ့ ကြွေ တို့က မောင်နှမ သူငယ်ချင်းတွေလို ထူးခြားတဲ့ ဆက်သက်မှုမျိုးတွေနဲ့ ခင်တွယ်ခဲ့ကြတာမို့လား .. နောက်ပြီး မင်းတို့ ပြန်မဆုံခဲ့ကြပေမယ့် ကြွေ့ ရဲ့ အိပ်မက်တိုင်းမှာ စနေမီး ဆိုတာက သူ့ဘဝရဲ့ ကယ်တင်ရှင် နတ်သားလေးတစ်ပါးပဲလေ .. သူ ကယောင် ကတမ်း ထပြောလိုက်တိုင်း စနေမီး ဆိုတာ အမြဲ ပါနေခဲ့တာ .."

မီးလျှံ အံ့သြသွားခဲ့သည်။ ဒါတွေကို သူ မသိခဲ့ပါ ..၊

ကြွေ နဲ့ သူ ပြန်ဆုံချိန်မှာလည်း အားရဝမ်းသာ နှုတ်ဆက်ပြီး ဆက်လှဲတကင်း ပျော်ရွှင်ခဲ့ကြတာမျိုး မဟုတ် ..၊

သူမကို မြင်လိုက်ရတိုင်း ဒီလိုပုံစံ ဒီအခြေအနေတွေပဲမို့ သူ့ပဲ ဒေါသတွေ ထွက် .. အော်ငေါက်ပစ်ခဲ့သေးသည်။

ထိုအခါ သူမရင်ထဲက အမြဲတမ်း တမ်းတ ကျေးဇူးတင်နေခဲ့သည့် အထင်တကြီးရှိနေခဲ့ခြင်းတွေလည်း လုံးဝဥဿုံ ပျောက်ဆုံးသွားခဲ့သည် ထင်၏။

"ဒီတော့ လူလေးရယ် .. သူ့ဘဝကို မင်းထက် ဘယ်သူမှ ပို သိဘူး .. နားလည်နိုင်ဖို့လည်း မလွယ်ဘူး .. သူ့ကို မင်း စေတနာထား ဘယ်ဆိုတာလည်း အဒေါ် နားလည်ပါတယ် .. သူ့အတွက် မင်းဘက် ကပဲ အစစအရာရာ ပြုပြင်ပြောင်းလဲပေးပါလို့ အဒေါ် တောင်းဆိုပါ ရစေ .."

"ကျွန်တော်ကလည်း သူ့ကို စေတနာနဲ့ ပြောမိဆိုမိတာတွေပါ.."

"ဟုတ်တယ် .. ဒါပေမယ့် ခံစားရတဲ့သူဘက်မှာ ကိုယ်ချစ်တဲ့လူ က ပြောတာဆိုရင် ပိုပြီး ခံစားရတယ် .. ချစ်တဲ့လူက ရက်စက်တာကိုမှ



www.burmeseclassic.com

ပို့ပြီး နာကျင်ရတယ် .. သူ မင်းကို အကောင်းမြင်ဝါဒနဲ့ ကျေနပ်နေနိုင်မှာ မဟုတ်ဘူး စနေ .."

ကိုယ်ချစ်တဲ့သူဆိုတာ ဘာလဲ ..၊

ရင်ထဲမှာ တစ်ချက်တော့ လှုပ်ခတ်သွားသည်။

အသက်ကြီးတဲ့လူက လူငယ်တွေအပေါ် သမားရိုးကျအတိုင်း သုံးသပ် ပြောပြသွားတာပေမယ့် သူ့အတွက်က ဒါဟာ အထူးဆန်းဆုံး ဖြစ်ကျန်ရစ်၏။

ကြွေ က သူ့ကို တွယ်တာနေတာမျိုး ပြောသွားတာလား ..၊ အထင်တကြီး တမ်းတ ကျန်ရစ်ရအောင်လည်း သူက ယောကျ်ားကြီးတစ်ယောက်အရွယ်မှ မဟုတ်ခဲ့တာ ..၊

ထိုစဉ်တုန်းက ကြွေ ထက် အသက်ငယ်သော မိုက်ရူးရဲ့ ကောင်လေး တစ်ယောက်ရယ် ..၊

"မင်းဘက်ကလည်း ဒီထိ ကူညီစောင့်ရှောက်ခဲ့တဲ့ သံယောဇဉ်တွေ ရှိနေခဲ့တာပဲ စနေ ရယ် .. အဒေါ် ပြောချင်တာက အခု လိုအပ်နေတာဟာ မင်းဘက်က နူးညံ့တဲ့ ဆက်ဆံရေးပဲ .."

"ကျွန်တော် ဘယ်သူ့အပေါ်ဖြစ်ဖြစ် ဒါက ပုံမှန်ဆက်ဆံရေးအတိုင်းပဲ အန်တီ .. သူ့ကိုကျမှ အနိုင်ယူ ပြောဆိုချင်တာမျိုး မဟုတ်ဘူး .."

"ဟုတ်မှာပါ .. ဒါပေမယ့် သူ့ဘဝကတော့ ကျရာ ကယ်ရာခဲ့တဲ့တာလေ .. မေတ္တာငတ်မွတ်နေတဲ့လူဟာ မေတ္တာကလွဲပြီး သူ့အတွက် ဘာမှ တန်ဖိုးမကြီးဘူး .. အဒေါ်က မင်းတို့ချင်း ရှိသားတာ မရှိသတာတွေကို ပြောတာ မဟုတ်ဘူး .. ကူညီတာက ကူညီတာနဲ့တူ ရက်ရောမှုမျိုး .. စီးပွားရေးအရ ဆက်ဆံကြတာဆိုရင်လည်း ဒါ





တစ်မျိုးပေါ့ ..၊ ကြွေ့ စိတ်ထဲမှာ မင်းရဲ့ အပြောအဆိုတွေ သိပ်မောက်မာ ရိုင်းစိုင်းတယ် ဆိုတာ .."

"ကျွတ်!.."

"အဒေါ်က သူ ပြောပြတာကို ကြားလို့ ပြောတာ နော် .. လူလေးကို တမင် ဝေဖန်နေတာ မဟုတ်ဘူး .."

"ကျွန်တော် သိတယ် .. အဲ့ဒါကို သူလည်း သိတယ် အန်တီ .. စနေမီး ကိုပဲ သူ သတိရနေသေးတယ်ဆိုရင် စနေမီး ဘယ်လိုကောင်မျိုးလဲဆိုတာ သူ သိနေမှာပါ .. ကျွန်တော် ဟိုတုန်းတည်းက နေခဲ့တာ ဒီအတိုင်းပဲ .. ဒီလိုကောင်မျိုးမို့လို့လည်း သူ့ကို တကယ့် လူဆိုးလူညစ်ကြီးတွေရဲ့လက်ထဲက ဆွဲထုတ် ကယ်တင်နိုင်ခဲ့တာ .."

မီးလျှံ မျက်နှာက ဟိုတုန်းကအကြောင်းတွေကြောင့်လား မသိနိုင်ပေမယ့် တင်းမာ ခက်ထန်နေခဲ့တာ အမှန်ပင် ..၊

"လူဆိုးတွေကို နိုင်ချင်ရင် ကိုယ်က သူတို့ထက် ဆိုးမှ ရတာ .. သူ့ဘဝကို ကယ်တင်နိုင်ခဲ့တာ ကျွန်တော် လူဆိုးမို့လို့ပဲ .."

"ဒါပေမယ့် ခုကစပြီး နည်းနည်းလေး ပြောင်းလဲပေးပါကွယ်.. မင်း သူ့ကို ကောင်းစားစေချင်တယ်မို့လား .. အနည်းဆုံး သူ့ရဲ့စိတ်တွေ ဆိုမယ်လ် ပြန်ဖြစ်သွားဖို့လေ .."

စကားပြောဖြစ်ခြင်းဟာ ဘာနဲ့ အဆုံးသတ်ခဲ့မှန်း မသိပေမယ့် သူ ဒါကို မငြင်းခဲ့မိတာတော့ မှန်လေသည်။ ညဥ့်နက်ပိုင်းထိ တစ်ယောက်တည်းနေရင်း သူမ ရှိရာကို ထွက်လာခဲ့မိတော့ အိပ်ခန်းလေးက လင်းနေဆဲဖြစ်ကာ စာရွက်လှန်နေသည့်အသံတွေကို ကြားနေရ၏။

"ကြွေ .."

"ဒေါက် .. ဒေါက် .."



www.burmeseclassic.com

www.burmeseclassic.com



တံခါးက စေ့ထားတာပေမယ့် ခေါ်ရင်း လက်နဲ့ ခေါက်လိုက်
သည်။ အထဲက လှုပ်ရှားသံတွေ ရပ်တန့်သွား၏။

"ဘယ်သူလဲ .."

"ကျွန်တော်ပါ .."

"စနေ .."

ခေါ်သံက ခပ်တိုးတိုးဖြစ်လျက် သိပ်မကြာခင် တံခါးဖွင့်သွား
သည်။ မီးရောင်ကို ကျော‌ပေးထားပေမယ့် အပြင်မှာလည်း မီးရောင်
နေတာမို့ ကြွေ ဝတ်ထားသည့် ပန်းနုရောင် တီရှပ်လက်တိုလေးနဲ့ ထ
ပန်းရောင်အဆင်လေးကို မြင်နေရသည်။

ပြီးတော့ အမြဲတမ်း စည်းထားတတ်သည့်ဆံပင်တွေက ဖြန့်လျ
သား ခက်ဖြာ ဝဲကျနေ၏။

"ဘယ်မှာလဲ စနေ .."

"ဘာ!..."

သူ အံ့ဩသွားပြီး ရှေ့တိုးလိုက်တော့ ကြွေ က တံခါးကိုင်
သည့်လက်ကို လွှတ်ပြီး နောက်ဆုတ်ပစ်၏။ ထိုအခါ သူ့မျက်နှာ
အခန်းထဲက မီးရောင်မှာ သေချာ မြင်လိုက်ရပြီး ...

"စနေ .."

သူမ နှုတ်ဖျားမှ ထိုနာမည်ကို နောက်ထပ် ရေရွတ်နေရင်း

"နင်က စနေမီး .."

တွန့်ကုတ်နေသည့် မျက်ခုံးတန်းလေးတွေ ဖျတ်ခနဲ ပြေကျ
ကာ ...

"ဘာကိစ္စ ရှိလို့လဲ .."

မီးလျှံ သူမ မျက်နှာလေးကို စိုက်ကြည့်ကာ သက်ပြင်းမော





က်မိသည်။ ကြွေ့ စိတ်တွေ လွှတ်လွှတ်သွားတတ်တာကို သေချာ
က်ရသဖြင့် ရင်ထဲမှာ နင့်သွား၏။

များများ သိလာရလေ ကိုယ့်ကြောင့်ဆိုသည့် နာကျင်မှုက ကြီးမား
သ ...၊

သူမ ဒီကနေ ထွက်သွားမှာစိုးလို့ သူ ပြောခဲ့သည့်စကားတွေကို
မှ သူမ ဘယ်လိုမှ နားလည်ခြင်း မရှိခဲ့ဘဲ ဒီဆံပင်တွေကို ဖြတ်ချ
ကြံစည်ခဲ့သည်။

ဒီဆံပင်တွေကြောင့် လှပါသည်ဆိုတာကို သူမ မနှစ်မြို့နိုင် ...၊
ပါလွှင်ရသည့်အလှဘွေဟာ ဒီဆံပင်တွေနဲ့သာ သက်ဆိုင်သည်
ပြာခဲ့မိသည့်အတွက် သူမ ဤသို့ ကြံစည်ခဲ့သည်။

တိတ်နဲ့ရော ပစ္စုပ္ပန်မှာပါ သူမ ခါးသီးခဲ့တာက ယောကျ်ားတွေ
က်ခြင်း ...၊ ရယူလိုခြင်းတွေသာဖြစ်ကာ ဒါတွေနဲ့ ကင်းကွာရဖို့
သူမ ဘာမဆို လုပ်မှာ ဖြစ်၏။

ဤသို့သော အတွေးတွေနဲ့ သူမရဲ့ ရပ်ဝန်းမှာ သူက ဘယ်လိုလူ
သလဲ ...၊

"ဟဲ့ .. ပြောလေ .."

သူမရဲ့ ခပ်ငေါက်ငေါက် မေးသံကြောင့် စိတ်တို့က ပစ္စက္ခအခြေ
ပြန်ရောက်လာခဲ့သည်။

"ပြောလေ စနေ .. ငါ မင်းကို ဘာလုပ်ပေးရမလဲ .. ငါ့ကို ဘယ်လို
ပေးမလို့လဲ .."

ဆတ်ဆတ် မေးသံကနေ နူးညံ့ခြင်းတို့ ပြည့်သိပ်နေသော
ပန်တို့သည် မျက်ဝန်းမှာ မျက်ရည်တို့ဝေ့သီနေတော့ သနား
နေခဲ့လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ .. ငါ ဘာတွေ လုပ်ခဲ့သလဲ .. အခု ဘာလုပ်ရမှာလဲ .. ဘာမှ မသိတော့ဘူး .."

မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် ကျလာခဲ့ပြီး ...

"ငါ သိနေတာက စနေမီး ရယ် .. ဒေါ်ဒေါ် ရယ် .. ပြီးတော ပြီးတော့ .. မီးလျှံ ဆိုတဲ့ လူ .."

"သူ မရှိတော့ပါဘူး .."

"ဟင်!..."

"ကျွန်တော်နဲ့ အန်တီ ဒေါ်ပန်းနု ကို သိနေရင် ရပြီ .."

သူ ချော့မော့သလို ပြောရင်း ရှေ့တိုးလိုက်တော့ ထိတ်လန့် သလို ကိုယ်လေး ရှိန့်သွားပေမယ့် ဒီတိုင်းပဲ လုပ်နေ၏။

မျက်ရည်တွေကို သုတ်ပေးမလို့ လက်လှမ်းလိုက်မှ လက်ကို ပြီး နောက်ဆုတ်ပစ်ကာ ...

"ငါ့ကို မထိရဘူး .."

"ကြွေ ပဲ ကျွန်တော့်ကို ယုံကြည်ခဲ့တာ မဟုတ်ဘူးလား .."

စကားအပိုလေး နည်းနည်း ထည့်ပြောလိုက်တော့ သူမ သွားသည်။ ပြီးတော့ မီးလျှံ မျက်နှာကို မော့ငေးနေခဲ့ပြီး ...

"မယုံဘူး .. ငါ ယောကျ်ားတွေကို မုန်းခဲ့တယ် .. ဟုတ် အဲဒီ ယောကျ်ားတွေကို မုန်းခဲ့တာ သေချာတယ် .."

"အဲဒီယောကျ်ားတွေထဲမှာ ကျွန်တော် မပါခဲ့ပါဘူး .."

"ဘယ်သူ ပြောတာလဲ .."

"ကြွေ ပဲလေ .."

ကြွေ က သံသယမစင်သည့် မျက်နှာလေးနှင့် နှုတ်ခမ်း ပါ ပွင့်ဟနေ၏။ နှဖူး ဆံစပ်နားမှာ အကင်းမသေသေးသည့်





င့် ဖြူဖြူစင်စင် မျက်နှာလေးက အသည်းယားဖို့ ကောင်းအောင် နေ၏။ မနေ့တစ်နေ့ကထိ မာန်မာနတွေနဲ့ တင်းမာနေခဲ့သော းလက်လက်လေးတွေလည်း ပျောက်ဆုံးနေခဲ့ပြီ ..၊

"အခု .. ငါ ဘာလုပ်ရမှာလဲ .."

"မျက်ရည်တွေ သုတ်လိုက်ပါ .. ပြီးရင် ကျွန်တော်တို့ စကား အောင် .."

ီးမိုး ငုံ့ကြည့်နေသည့် သူ့မျက်နှာကို မော့ငေးနေရင်း ကြွေ က နဲ့ ပစ္စုပ္ပန် ရောထွေးနေဆဲ မျက်ဝန်းလေးတွေနှင့် ...

"ငါ ဒုက္ခတွေ ရောက်ခဲ့တယ် .. လူယုတ်မာတွေ စော်ကားတဲ့ ကနေ ပြေးလွှားနေခဲ့ရတယ် .. အဲ့ဒါတွေကိုပဲ မြင်နေတယ် .. ငါ ပြေးနေရတာတွေ .. ငါ့ကို ယုတ်မာချင်တဲ့ ပုရိပ်တွေ .. ယ် .. ဒါပေမယ့် ငါ ဘယ်သူ့ကိုမှ မမှတ်မိဘူး .. အခု ငါ ကို ယုံရမှာလဲ .. ငါ ဘာတွေ လုပ်နေခဲ့တာလဲ .. အဲ့ဒါလည်း .."

"သိတာတွေကို မစဉ်းစားနဲ့ပေါ့ .. လာပါ .. ဒီမှာ ခဏထိုင်ပြီး ည်တွေ သုတ်လိုက် .."

ယ့်ပါးကို ပြန်စမ်းကြည့်ရင်း မျက်ရည်စိုနေသည့်အဖြစ်ကိုပဲ သွားတာမျိုး ..၊

"ငါ ငိုနေတာလား .."

"စရာတွေပဲ တွေးနေတာကိုး .."

"မှာ ငိုစရာတွေ ဘယ်လောက်တောင်ရှိလဲ မင်း သိလားဟင်.."

"သိတာပေါ့ .. ဒါပေမယ့် ခင်ဗျားထက် ကျွန်တော့်မှာ ပိုများ



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!..."

ကြာခဲ့ပြီဖြစ်တဲ့ အတိတ်ထဲမှာ ကိုယ့်ရဲ့ အတွေ့တွေ လောဘ
မြှုပ်နှံခဲ့တာပါ ...၊

ကိုယ့်အဖေ အသတ်ခံခဲ့ရဟာ သိပေမယ့် အဖေ့လိုပဲ ဘ
ခဲ့ရတဲ့လူတွေ ရှိနေသေးတာမို့ အတိတ်နဲ့ အနာဂတ်ကို တစ်ပိုင်းစီ
တတ်အောင် သူ ကြိုးစားခဲ့သည်။

အတိတ်မှာ ရှင်သန် ရင်ဆိုင်ခဲ့ရသမျှဟာ လေ့ကျင့်ခန်း
ဖြစ်ပါစေ .. အနာဂတ်အတွက် ဝမ်းစာတွေပဲ ဖြစ်ပါစေဆိုသည့်
မွေးသည်။

ရေပြင်တစ်ခုတည်းမှာ ငုပ်ချီပေါ်ချီ ကူးခတ်နေရသော်
ကနေ ငုပ်သွားလိုက်ပြီး ပေါ်လာမည့် ဟိုဘက်နေရာမှာတော့
ဦးသျှောင်နှင့် မင်းသားတစ်ပါးအသွင် ဖြစ်နေချင်၏။

ထို့ကြောင့် အမုန်းတွေ ရန်ငြိုးတွေကို သီးသန့် ထောင့်က
နိုင်ဖို့ ကြိုးစားခဲ့၏။

မိန်းမသားဖြစ်သည့် ကြွေ့ ခမျာတော့ သူ့လို ခွဲခြား ခံစား
မရှိခဲ့ရာ ...

"မင်းက ပိုများတယ် ဟုတ်လား .. မင်းလည်း ငိုခဲ့တယ်

သူမ ထပ်မေးမှ ခေါင်းခါပြမိ၏။

ပြီးတော့ သူမရဲ့စိတ်တွေကို စုစည်းမိသွားအောင် ကြ
သတိရကာ ဟိုအရင်ကအကြောင်းတွေကိုပဲ သူမ သတိတရ
တို့ကို ရွေးထုတ် ပြောပြမိရင်း ...

"အဲဒီ အဖြစ်အပျက်တွေကြားက ကျွန်တော်တို့ လွတ်
ကြတယ် .. ခင်ဗျားကို လွတ်လပ်စွာ သွားစေခဲ့ပေမယ့် ကျွန်





ပြန်မိသွားတယ်လေ ..၊ အဖေ့ကို သူတို့က ဖမ်းထားကြတာ
..."

"ဟုတ်လား .. မင်း ဘယ်လိုလုပ် ပြန်လွတ်ခဲ့တာလဲ ဟင် .."

"လူယုတ်မာတို့ရဲ့ သစ္စာစကားလေ .. တကယ်တော့ သူတို့က
ကို သတ်ပြီးကြပြီ .."

"ဟင်!..."

ကြွေ အားလုံးကို ဆက်စပ် သတိရနေပြီ ဖြစ်သည်။

နေမိုး ဆိုသောကောင်လေး ထားရှိခဲ့ဖူးသည့် ကျေးဇူးတင်
ယ်ခြင်းမျိုး သူမ မျက်ဝန်းတွေမှာ ပြန်လည် ထင်ဟပ်နေခဲ့ပြီး ...

"ဦးလေးကို မင်း မတွေ့ခဲ့ရဘူးပေါ့ .."

"သေနေတဲ့ အလောင်းကိုတော့ တွေ့ရတယ်လေ .. ကျွန်တော့်ကို
ဖမ်းထားပြီးမှ အဖေ့ကို ပြတာ .."

"သူတို့က လူတွေကို ဘာဖြစ်လို့ ကြက်လေး ငှက်လေးတွေလို
စ်နေကြတာလဲ .. ငါ့အဖေကိုလည်း ဒီတိုင်းပဲ သတ်ပစ်ခဲ့ကြ
.. ဒီအတွက် ဘယ်ရုံး .. ဘယ်လူကြီးဆီမှာမှ ဖော်ထုတ်ခွင့် မရ
ဆုံးခဲ့ရတာ .."

"ဟုတ်တယ် .. ဦးဉာဏ်ကျယ် ဟာ သူ့အဖေ ဦးဉာဏ်လင်း
ကျော်စက် ယုတ်မာတယ် .. 'မင်းကြီးဂေဟာ' ဆိုတဲ့အတိုင်း သူ့
ခြံထဲမှာပဲ တစ်ထီးတစ်နန်း ထူထောင်တယ် .. သူ့တစ်အာဏာ
တည်နိုင်အောင် တပည့်တပမ်း ခြွေရံသင်းပင်းတွေ မွေးမြူ
..

"ငါက .. အဲဒီခြံဝင်းထဲမှာ ရက်တွေကြာအောင် နေခဲ့ဖူးပေမယ့်
တွေကို မသိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



မီးလျှံ က သူမရဲ့ မှန်တင်ခုံရှေ့က ခုံမှာ ဝင်ထိုင်လိုက်က

"ထိုင်လေ .."

သူမ အိပ်ခန်းထဲမှာ သူကပဲ အိမ်ရှင်လုပ်ပြီး နေရာထိုင်ခင်း မိလျက် ..၊ သူ့ရှေ့မှာ ခုံပုလေး ဆွဲထိုင်လိုက်ကာမှ ...

"နေရာတကာ ဖိအားတစ်ခုခု ရှိနေရင် အဆင်ပြေတယ် .. ကျွန်တော့်ဘဝနဲ့ ရင်းပြီး သိခွင့်ရခဲ့တဲ့ သင်ခန်းစာပဲ .. လေပင့် ပါချင်တတ်တဲ့ စာရွက်တွေအတွက် ပေပါဝိတ်တုံးလေး လို ပေါ့ .."

- သူ ပြောတာကို နားထောင်ရင်း ကြွေ့ မျက်တောင်ကော့ ဖြန့်ကပ် ငြိမ်သက်နေကြ၏။

သူမ ကောင်းကောင်း သတိရနေပြီလား ..၊

ကျွန်ကော့သည့် နှာတံလေးနဲ့ နုထွေးနီရဲသော နှုတ်ခမ်း တွေကို ဘေးတစောင်းကနေ သူ စိုက်ကြည့်နေမိသည်။

ပြောလိုက်တော့မို့ စကားတွေ ရင်ထဲမှာ အပြည့်ရှိနေပြ သူမရဲ့ အသိစိတ်တွေ ပုံမှန်အတိုင်း ရှိနေမှပဲ သူ ပြောချင်သ

လိုချင်တာက သူမရဲ့ ရင်ထဲက တကယ့် ခံစားချက် ..

"သူ ဘာပဲလုပ်လုပ် နောက်လိုက်ကောင်းတယ် .. ခေါ နိုင်စွမ်း ရှိတယ် .. အားလုံးဟာ ဖိအားတစ်ခုကနေ ဖြန့်ကျ တာတွေပဲ .. ကျွန်တော်ကတော့ ငဲ့ညှာစရာ တစ်စုံတစ်ရာ တောင် စိတ်က ဦးဆောင် ခံစားမိတဲ့အတိုင်းပဲ လုပ်တတ်တာ သေပြီဆိုတာ သိလိုက်ရတာနဲ့ ဘယ်သူတွေ ဓားနဲ့ မိုးထားထား လိုခြိမ်းခြောက်ပေ့စေ .. ကိုယ့်ကိုယ်ကိုယ်လည်း ဘာဖြစ်ဖြစ် ထားပစ်လိုက်တာ .."





"မင်း သူတို့ ဂေဟာကြီးကို မီးနဲ့ ရှို့ပစ်လိုက်တယ်မို့လား .."

"အဲ့ဒါက ခြောက်လှန့်ရုံပါ .. အဖေ သေနေပြီ ဆိုတာလည်း သေးဘူး .. တစ်ဖက်က မီးနဲ့ လှန့်ပြီး အဖေ့ကို ခေါ်ထုတ်ပြေးဖို့ .. ဒါပေမယ့် အဖေ့ကို မတွေ့ရဘဲ ခြိမ်းခြောက်ပြီး အဖမ်းခံလိုက် တယ် .. သူတို့လက်ချုပ်ထဲမှာ ပိုင်ပြီထင်မှ အဖေ သေပြီဆိုတာ ဖွင့် တာ .."

"ယုတ်မာလိုက်တာ .. အဲ့ဒီမှာ မင်း ဆယ့်သုံးလေးနှစ်ပဲ ရှိသေး တို .. ကလေးတစ်ယောက်ကိုတောင်မှ .."

"ဟွန်း .."

မီးလျှံ က ဘာကို သဘောကျသွားမှန်း မသိဘဲ ရယ်လိုက်သဖြင့် က ကြည့်သည်။

"ဟုတ်တယ် .. အဲဒီတုန်းက ချာတိတ်ပဲ ရှိသေးလို့ .. မဟုတ်ရင် ကြီးဂေဟာကို အာရ်စီတိုင်တွေပါ ဆွဲနုတ်ပြီး အက်စစ်ကန်ထဲ ခေါင် နှစ်ပစ်ခဲ့မှာ .."

"ဘယ်လို!... စနေ ..၊ မင်း .. ဘာပြောလိုက်တယ် .."

"ကျွန်တော့်ကို ဝိုင်းထားကြတဲ့ လက်ရုံးဆိုတဲ့လူတွေကို ကျွန် အက်စစ်နဲ့ ပက်ပစ်လိုက်တယ် .."

"ဟင်!..."

"ဦးညာဏ်ကျယ် လည်း မျက်နှာတစ်ခြမ်း ပျက်စီးသွားတယ်လေ.. ဘက်ပိုင်း သူ လူတောထဲ ထွက်မလာတော့တာ နားတစ်ဖက် မရှိ လို့ .."

"ဟယ်!..."

အံ့သြပြီးရင်း အံ့သြကာ ကြွေ့ မျက်နှာလေးက စိတ်ဝေဒနာရှင်



www.burmeseclassic.com

www.burmeseclassic.com



လေးပါ ပျောက်နေခဲ့၏။

"အဲ့ဒီလောက် ဖြစ်ခဲ့တယ် ဟုတ်လား .. အဲ့ဒါတောင် မင်း ... လာတယ် .."

"ကျွန်တော် မပြေးပါဘူး .. သူတို့ပဲ ထွက်ပြေးသွားကြ... သူတို့ သတ်ရဲသလို .. ကျွန်တော်ကလည်း သတ်ရဲတယ် .. ... ဖျောက်ဖျက်တဲ့ပညာ ကျွမ်းသလို ကျွန်တော်လည်း ကျွမ်းတာပဲ .. ... တွေအပေါ်မှာ လူမိုက်လုပ်ရတာ မခက်ပါဘူး .."

"ဒါဆို မင်းဘဝက ငါ့ထက်တော့ ခံနိုင်ရည်တွေ ပြည့်ဝနေ... ပဲ .."

"အဲ့ဒီ ပြည့်ဝတာတွေကို မိုးပေါ်က သိကြားမင်းက ချရာ... လောင်းချပေးခဲ့တာ မဟုတ်ဘူး .. ကိုယ့်ဘာသာ ကြံဖန် မွေး... ကျင့်ကြံရတာ .. ခင်ဗျားကိုလည်း နေရာတကာမှာ အရှုံးပေးချင်... အားငယ်စိတ်တွေ မထားဖို့ ပြောချင်တယ် ကြွေ .."

သူမဘက်ကို လှည့်လာတော့ ကြွေ က မျက်လွှာချသွား...

မီးရောင်ဖွေးဖွေးအောက်မှာ သူမရဲ့မျက်တောင်ဖျားတို့ လှုပ်... တိုင်းက ကဗျာဆန်အောင် လှနေခဲ့၏။

"ဒါကြောင့် ပြီးခဲ့တာတွေကို မေ့လိုက်ပါတော့.. ခင်ဗျား အ... ဝမ်းနည်းနေခဲ့ရတာတွေက ခင်ဗျားရဲ့အကြောင်း မကောင်း... ကြောင့် ဖြစ်သလို ကျွန်တော် ပြောသမျှ နူးညံ့ညင်သာမှု ကင်းမဲ့... တွေကလည်း ကျွန်တော့်ဘဝနဲ့ပဲ သက်ဆိုင်တယ် .. ဒါကို ... နားလည်မပေးနိုင်ဘူးလား .."

"ဘာဆိုင်လို့လဲ စနေ .. ငါ့ကိုယ်ငါတောင် ဘာမှန်းမသိ... အများကြီးပဲ .. မင်းကို နားလည်ဖို့ ကြိုးစားရမယ် ဆိုတာ .."





"ကျွန်တော်တို့ ဒီတိုင်း နေသွားကြလို့မှ မဖြစ်တော့တာ .."

"ဟင်!... ဘာဖြစ်လို့လဲ .."

"မသင့်တော်လို့ .."

ကြွေ မျက်နှာလေး ပျက်သွားသည်။ ပြီးတော့ နေရာမှ ထသွားကာ ကျောခိုင်းလိုက်ပြီးမှ ခဏရပ်၏။ ပြီးတော့မှ ဆက်လျှောက်သွားတာ စာကြည့်စားပွဲဆီ ..။

မီးလျှံ ထလိုက်သွားတော့ သူမ လှန်လှောလက်စစာအုပ်နဲ့ စာရွက်တို အပိုင်းအစလေးတွေကို သေချာ ကိုင်တွယ်၍ ထပ်စီနေတာ ဖြစ်ကာ ...

"မင်းနဲ့ ငါ စကားများခဲ့ကြတယ်မို့လား စနေ .. ဘယ်အခြေအနေ ထိလဲဆိုတော့ ငါ့နဖူးက ဒဏ်ရာက .."

"မဟုတ်ဘူး .. အဲ့ဒါ ကျွန်တော် ကိုယ်ထိလက်ရောက် တုံ့ပြန်ခဲ့တာ မဟုတ်ဘူး ကြွေ .. ဆွဲရင်း တွန်းရင်းနဲ့ မတော်မဆ ဖြစ်သွားခဲ့တာ .."

"ဘာပဲဖြစ်ဖြစ် ငါ အရမ်း ခံစားခဲ့ရတာ စနေ .."

ကြွေ က ဖျတ်ခနဲ လှည့်ကြည့်ပြီး အသံတုန်လေးနှင့် အော်သည်။

မနေ့တစ်နေ့က မာန်မာနမျိုးတို့ဖြင့် သူမရဲ့စကားသံတို့မှာ တင်းမာသွားလိုက် .. လှိုက်ခါ တုန်ယင်နေလိုက်နှင့် ...

"ငါ့ရဲ့ ဆံပင်တွေကိုတောင် စွန့်ပစ်လိုက်တော့ဖို့ .."

"ခင်ဗျား ဘာမှ မလုပ်ရဘူး .."

အတန်တန် ကြိုးစား ဆုံးဖြတ်ခဲ့ပေမယ့် သူမ မကြိုက်သည့် လေသံတွေကိုပဲ နှုတ်မှ ထွက်ဆိုမိရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်!..."

ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ပျက်သွားမိ၏။

"ကြွေ .."

"ဘာလဲ .. ဘာပြောမှာလဲ ပြောပါ .. ငါက မင်းအိမ်မှာ .."

"တော်ပါဗျာ .. ခင်ဗျား ဒါတွေပဲ .."

မီးလျှံ မျက်နှာလွှဲ လက်ခါပစ်မိရင်း ...

"အဲ့ဒါတွေကို ပျောက်သွားစေချင်တာ .."

"ဘာတွေကိုလဲ .."

"ကျွန်တော်က မိုက်ရိုင်းတယ် .. ဂုဏ်မောက်တယ်ဆိုတဲ့ ခင်ဗျား ထင်နေတာတွေ .."

"ထင်တာ မဟုတ်ပါဘူး .. မင်းဘက်က ဘာဖြစ်ဖြစ် ဒီတိုင်း လုပ်ခွင့်ရှိနေတာပဲ စနေ .. မင်း အရမ်းချမ်းသာတယ်ဆိုတာ ငါ သိပါတယ် .. ဒါပေမယ့် မသန့်ရှင်းတဲ့ ငွေတွေနဲ့ပေါ့ .."

"အဲ့ဒါတွေ ထားလိုက်ပါ .. သန့်ရှင်းတာ မသန့်ရှင်းတာကြော ငွေမှာ ကျောက်ခဲသလဲတွေ ကပ်မပေနေတာမှ မဟုတ်ဘဲ .. ကျွန်တော ဘာလုပ်နေသလဲဆိုတာ ကျွန်တော် သိတယ် .. ဘာတွေ ဆက်လုပ် တွေ ရှိသေးတယ်ဆိုတာလည်း သိနေတာပဲ .. တခြား ဘာမှ မလိုဘူး ခု လိုအပ်နေတာက ခင်ဗျားနဲ့ ကျွန်တော် ငြိမ်းချမ်းဖို့ .."

"ဘာ!..."

"ကျွန်တော်တို့ အဆင်ပြေချင်တယ် .. ကျွန်တော့်ဘက်က စ အနေနဲ့ .. အမူအရာအနေနဲ့ ခင်ဗျားဘက်မှာ စော်ကားခံရသလို ဖြ တာတွေရှိရင် တောင်းပန်တယ် .."

"အဲ့ဒါကို ငါက ခွင့်လွှတ်တယ်ဆိုရင် ဘာဖြစ်မှာလဲ .."





"ကြွေ .."

သူက ချက်ချင်းမဖြေဘဲ ကြွေ့ဘေးမှာ နီးကပ်စွာ တိုးကပ်လိုက်ပြီး မျက်နှာလေးကို ငုံ့ကြည့်သည်။ ကြွေ က မျက်နှာလွှဲကာ စားပွဲနား က ခွာဖို့ ပြင်လိုက်လျှင် ...

"ခဏ .."

ကြွေ မျက်နှာမူလိုက်သည့်ဘက်ကို သူ ချက်ချင်း ရောက်သွားပြီး ပိတ်ရပ်လိုက်၏။

"ကျွန်တော်တို့ လက်ထပ်ရအောင် .."

"ဘာ!... ပြောတယ် .."

"ခင်ဗျားနဲ့ ကျွန်တော်လောက် ညီမျှခြင်းကျနေတဲ့ဘဝမျိုး နောက် ထပ်ဘဝတစ်ခု ထပ်မရှိနိုင်ဘူး .. ပြီးတော့ .."

"စနေ .."

"ကျွန်တော့်စကား မဆုံးသေးဘူးလေ .. ခဏ နားထောင် .."

သူက ကြွေ့ ပခုံးစွန်းလေးနဲ့ သူ့ရင်ဘတ် ထိကပ်သွားအောင် တမင် ကပ်ပစ်လိုက်ပြီး ...

"ကျွန်တော်က ခင်ဗျားကို ဘယ်လို အနေအထားနဲ့ဖြစ်ဖြစ် စောင့် ရှောက်ဖို့ ကြိုးစားနေမှာပဲ .. ခင်ဗျား ဘယ်လို အထင်လွဲနေနေ .. ဘယ် လို လမ်းကြောင်းရှာပြီး ဖွဲ့ထွက်သွားသွား .. ခင်ဗျားကို မျက်စိအောက် က အပျောက်ခံမှာ မဟုတ်ဘူး .."

"မင်းဘက်ကချည်းပဲ သေချာနေတာတွေလား .."

"ခင်ဗျားဘက်က ယုံကြည်ထိုက်သူဆိုရင်လည်း ကျွန်တော်ပဲ ရှိ တာ ကြွေ ..၊ ဒါပေမယ့် ကျွန်တော်နဲ့ ဘာမှ မဆိုင်ဘူး .. ကျွန်တော်က မောက်မာတယ်ပဲ ခင်ဗျား တွေးနေတာ .. အဲ့ဒါတွေ အားလုံး ပြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားအောင် ကျွန်တော်တို့ ..”

“မင်းကို ငါ ဘယ်တော့မှ လက်မထပ်ဘူး ..”

“ဘာဖြစ်လို့လဲ ..”

“ငါ အားကိုးနေခဲ့တဲ့အရိပ်ကို အရိပ်တစ်ခုအဖြစ်ထက် ပိုပြီး ငါ မခံစားနိုင်ဘူး .. တစ်သက်တာလုံးအတွက် ပေါင်းဖက်သွားကြမယ့် ကြင်ဖော်ကြင်ဖက်ဆိုတာ အားကိုးထိုက်ခြင်း မထိုက်ခြင်းနဲ့ပဲ တိုင်းတာ သတ်မှတ်လို့လည်း မရဘူး ..၊ အားကိုးမဲ့နေလို့ အိမ်ထောင်ပြုတယ် ဆိုတာ ..”

“ဘာဖြစ်လို့ အများကြီး တွေးနေတာလဲ ကြေ့ .. ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် လိုအပ်နေကြတာပဲ ..”

“မင်းကို ငါ မပြောတတ်ဘူး .. ဒါပေမယ့် ငါ လိုအပ်နေတာ အမြန်ဆုံး လက်ထပ်ခြင်း မဟုတ်ဘူး .. မင်း ငါ့ကို ဒီလောက်ထိ အထင် သေးနေသလား စနေ ..”

“ပြောပြန်ပြီ ကြေ့ .. ခင်ဗျား ..”

“ယောကျ်ားတွေ လက်ထဲမှာ ကျေးဇူးတရားတွေကြောင့် ငါ့ဘဝ အဝတ်စုတ်တစ်စုတ်လို ဟိုမှာပုံ .. ဒီမှာပုံ ဖြစ်ခဲ့ရဖူးပေမယ့် အဲ့ဒါ ဘယ်ယောကျ်ား အားကိုးရဆုံးလဲဆိုပြီး ခေါင်းခေါက် ရွေးချယ်နေခဲ့ တာ မဟုတ်ဘူး .. ငါ့မိဘ .. ငါ့အစ်ကိုအတွက် ငါ့ဘဝကို ..”

“ကြေ့!...”

စိတ်ကို ဘယ်လိုမှ ထိန်းချုပ်မရတော့ဘဲ ကြေ့ ပခုံးလေးတွေကို ဆွဲလှည့်၍ မျက်နှာချင်းဆိုင်လိုက်ရင်း ...

“ခင်ဗျား ပါးစပ်ထဲမှာ အဲ့ဒီယောကျ်ားတွေကို မေ့လိုက်စမ်းပါ..”

“မေ့လို့ မရအောင် ခု မင်း ထပ်ပြောလာတာလေ .. မင်း ငါ့ကို





သိမ်းပိုက်ဖို့ ကြံစည်နေပြီ မို့လား ..”

“ကြံစည်တယ် ဟုတ်လား ..၊ ခင်ဗျားရဲ့ ကြည်ဖြူမှုကို လိုချင်လို့ ခွင့်တောင်းနေတာက ကြံစည်ရာ မြောက်သွားတာလား ..”

“ဖယ် .. လွှတ် ..”

“မရဘူး .. မရှုန်းနဲ့ ..”

ကြေ့ သူ့လက်တွေကို အတင်း ဖြုတ်ချ ရုန်းထွက်ဖို့ ကြိုးစားနေ သလို သူကလည်း အတင်း ဖိကိုင်ထားကာ ...

“ဒီနည်း သုံးပြီး ရှောင်ထွက်ရတာ အလွယ်ကူဆုံးပဲလို့ သိနေတာ လား .. ရှင်းပြနေရင်း ဒါကိုပဲ ပြန်ရောက်အောင် ဆွဲယူနေတယ် ..၊ ဒီမှာ .. သိမ်းပိုက်တယ်ဆိုတာ ဘာလိုမှန်း သိသွားအောင် ခင်ဗျားကို သက်တွေ့ပြမယ် ..”

“အား!...”

ကြေ့ ကိုယ်လေးကို သူ ဇွတ်ခနဲ ပွေ့ယူလိုက်သည်။ ပြီးတော့ ဇွ့ရာဆီ လှည့်လျှောက်လာလျှင် ...

“စနေ .. မင်း .. မင်း ဘာလုပ်တာလဲ .. ဖယ်နော် ..၊ ငါ့ကို ချပေး လွှတ် ..”

“ချပေးမယ် ..”

“အား!...”

မွေ့ရာပေါ် ပစ်ချလိုက်သဖြင့် လှုပ်ခနဲ အေးသွားကာ လန့်အော်မိ မြန်သည်။

ပြီးတော့ ပြန်ကျူးထမိလျှင် မီးလျှံ က သူမကိုယ်လေးကို ဖက်၍ အိပ်ရာထက်မှာ အတူလှဲချလိုက်၏။

“ဟင့်အင်း .. မယုတ်မာနဲ့ နော် .. မင်း ငါ့ကို အထင်သေးတာ

www.burmeseclassic.com



သိလား .. ငါ .. ငါ အရှုံးပေးရရင်လည်း ဒီတိုင်း အသက်ဆက်ရှင်နေမယ် မထင်နဲ့ ..''

မီးလျှံ က ဂရုမစိုက်ပေ ..၊

သူမ လက်လေးတွေကို မွေ့ရာမှာ ဖိကပ်ချုပ်ထားပြီး မျက်နှာလေးကို မြတ်နိုးစွာ နမ်း၏။

ပြီးတော့ နဖူးပြေပြေလေးမှာ သူ့ပါးနဲ့ ထိကပ် ပွတ်တိုက်ရင်း ...

''ကျွန်တော် မယုတ်မာဘူး ကြွေ .. ခင်ဗျား ကြည်ကြည်ဖြူဖြူ ပေးအပ်တာ မဟုတ်ဘဲ ခင်ဗျားဘ၀ကို ဘယ်တော့မှ မသိမ်းပိုက်ဘူး..''

''ဖယ် .. လွှတ်ပေး .. လွှတ်ပါ .. ငါ့ကို သနားပါ ..''

ကြွေ က ရှိုက်ကြီးတငင် ငို၏။

မီးလျှံ က ဖက်ထားတာကို နည်းနည်းမှ မလျော့ဘဲ ဒီတိုင်း တတွတ်တွတ် တောင်းပန်သည်။

သူမရဲ့ ရှိုက်သံလေး တဖြည်းဖြည်း တိုးလျ ပျောက်ကွယ်သွားနဲ့လေမှ ...

''မင်းကို အရမ်းချစ်တယ် ကြွေ ..''

လက်ဖ၀ါးချင်း ထပ်ဆုပ်ထားလိုက်ကာ သူမရဲ့ဘေးမှာ ဖြန့်ခင်းထားသလို ရှိနေသော ဆံနွယ်ရှည်တို့မှာ အသာလေး လှဲချလိုက်မိ၏။

''ဘယ် သူစိမ်းမိန်းမအပေါ်မှာမှ မလှုပ်ရှားခဲ့ဖူးတဲ့ ရင်ဘတ်ထဲကနေ တောင်းဆိုလာခဲ့တာ ..၊ မင်းနဲ့ကျမှ တပ်မက်မြတ်နိုးတတ်ခဲ့တဲ့ စိတ်တွေက မင်းကိုမှ လိုအပ်နေခဲ့တာပါ..''

မွေ့ရာထက်မှာ အတူလှဲရင်း မျက်နှာကြက်ကို ငေးစိုက်ကြည့်





နေရင်းဖြင့် မီးလျှံ က ကရေားရေလွှတ်သလို တတွတ်တွတ် ၀န်ခံနေသည်။

''မနူးညံ့တတ်တာ ကလေးဘ၀တည်းကပါ .. အဲ့ဒါကို မင်း သိပါတယ် ကြွေ .. ဒါပေမယ့် ကလေးဘ၀တည်းက မင်း တစ်ယောက်အပေါ်မှာပဲ တွယ်တာ ရင်းနှီးတဲ့စိတ်တွေနဲ့ မင်းအတွက် စွန့်စားမှုတွေလုပ်ခဲ့ဖူးတာ ..''

ကြွေ ငြိမ်ငြိမ်သက်သက်လေး ဖြစ်နေခဲ့၏။

သူမရဲ့ ဆံနွယ်တွေထက်မှာ သူ လဲလျောင်းနေတာကိုရော .. လက်ဖ၀ါးတစ်ဖက်ကို စိတ်ကြိုက် ဖိညှစ်ဆုပ်ကိုင်ထားရင်း ပြောနေသည့် စကားတွေကိုရော ...

သူမ ဘာကိုမှ မငြင်းငြင် မငြင်းဆန်တော့ဘဲ မျက်တောင်ဖျားလေးတွေ ပင့်ကပ်လျက် မျက်နှာကြက်အမိုးမှာပဲ မျက်၀န်းတို့ကို စူးစိုက်ထား၏။

ကြည်ဖြူဖို့ ကြိုးစားနေဆဲလား .. အရှုံးပေးထားလိုက်တာမျိုးလား ..၊

သူမ ရင်ထဲမှာ မနှစ်မြို့ခြင်း မရှိခဲ့တာကိုတော့ သိသာစွာ ခံစားနေမိ၏။

''ကြွေ ..''

သူ ဖျတ်ခနဲ ထကာ လက်တစ်ဖက်ထောက်လိုက်ပြီး သူမ မျက်နှာလေးကို ငုံ့ကြည့်သည်။

ဆံပင်တွေကို သူ ဖိလိုက်လို့ တင်းသွားတာကို တယုတယ ဖြန့်ပေးလိုက်ပြီး ရင်ဘတ်လေးပေါ်မှာ ဖေးတင်ပေးပြီးမှ ...

''ကျွန်တော့်ကို စကား .. ပြောချင်လို့လား ..''



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ကြောင်း ပြောမလို့ပါ .."

"ဘာကိုလဲ .."

"မင်း အလျှော့ပေးလိုက်တဲ့အတွက် .."

"မျက်နှာကြီးကို အဲ့ဒီလို တင်းမထားပါနဲ့ဗျာ .. ခင်ဗျားကို အစ တည်းက အမွေကြိုးစည်ဖို့ စိတ်ကူး ကျွန်တော့်မှာ လုံးဝ မရှိခဲ့ဘူး - အဲ့ဒါ တကယ်ပါ .."

ကြွေ က သူ့မျက်နှာကို မကြည့်ဘဲ မဲ့၍ ...

"ကျူးကျော် စော်ကားခြင်းဆိုတာ ဘယ်အဆင့်ထိလဲ စနေ - မင်း အခု ငါ့မွေ့ရာပေါ် ရောက်နေတာလေ .."

"ကျွတ်!..."

မီးလျှံ ဖျတ်ခနဲ ထထိုင်သည်။ ပြီးတော့ မွေ့ရာအောက်မှာ ဆင်းရပ် ပြီးသား ဖြစ်သွားလျက် ...

"ကျွန်တော်တို့ စကားပြောရအောင် .. ထပါ .."

"ခု မပြောချင်တော့ဘူး .. မင်း ထွက်သွားပေးပါ .."

"မသွားနိုင်ဘူး ကြွေ .. ဒီတစ်ခါ ဘယ်လိုယောက်ျားမျိုးနဲ့ နှိုင်းနှိုင်း ဂရုမစိုက်ဘူး .. ဒီနေ့ ကျွန်တော်တို့ လက်ထပ်ဖို့ကိစ္စကို ပြီးဆုံး အောင် မြင်တဲ့အထိ ဆွေးနွေးမယ် .. အမြန်ဆုံး လက်ထပ်မယ် .. ဆုံးဖြတ်ပြီး လာခဲ့တာ .."

ကြွေ က နေရာမှ ထကာ သူမ ဆံပင်တွေကို မှန်တင်ခုံပေါ်က ခေါင်းစည်းကွင်းလေးနဲ့ သေချာ ပြန်စည်းလိုက်၏။

သူ့နှာခေါင်းထဲမှာတော့ ကတ္တီပါမွေ့ရာပြင်ကဲ့သို့ ဖြန့်ခင်းလျော့ စက်ခဲ့ရသော ပန်းရနံ့လေး သင်းနေသည့် ဆံနွယ်တို့၏ရနံ့က ခုထိ မပြယ် ...။





သူမအပေါ်မှာ မရိုးသားစိတ်လေး ထည့်ပြီး ခံစားကြည့်လိုက်တာ ပြင် မက်မောမြတ်နိုးချင်နေသော ရင်ခုန်သံတွေက သောင်းသောင်း ဖြ ..။

"လက်ထပ်ပြီးရင် ကျွန်တော်နေတဲ့ အိမ်မှာပဲ အတူတူ နေမယ်.. ဆန္ဒရှိယ် ဘယ်လိုအခက်အခဲတွေပဲရှိရှိ အတူတူ လက်တွဲပြီး ဖြေ ရှင်းမယ် .. ကျွန်တော်တို့ရဲ့ တစ်ကောင်ကြွက် အထီးကျန်ဘဝတွေကို မိသားစုဘဝလေးဖြစ်အောင် ကြိုးစားကြမယ် .. ကြွေ ကျွန်တော့်ကို ယုံဘယ်မို့လား ဟင် .."

မှန်တင်ခုံရှေ့မှ တခြားထွက်ပြေးဖို့ ခြေလှမ်းပြင်နေသည့် ကြွေ့ ကိုယ်လေးကို မီးလျှံ က နောက်ကနေ သိုင်းဖက်ထားလိုက်၏။

ကြွေ ပခုံးလေး ပိုကျုံ့သွားပေမယ့် ပစ်ပစ်ခါခါ ငြင်းဆန် ရုန်းဖယ် မှုတွေ မရှိတော့ပေ ..။

ထို့ကြောင့် မီးလျှံ ရဲ့ မျက်နှာမှာ ရယ်မြူးခြင်းတွေ ဖြစ်ထွန်းသွား ပြီး သူမရဲ့ ပိတုန်းရောင်ကေသာမှာ မျက်နှာကပ်ရင်း ...

'ချစ်တယ် ..'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

မနက်ပိုင်း လက်မှတ်ထိုးကြတော့လည်း နန္ဒ ကပဲ အား ဦးဆောင် လုပ်ကိုင်သွားခဲ့လျက် ..၊ ညဘက် ပိုတယ်လ်မှာ ဒင် တော့လည်း နန္ဒ ရဲ့ မိတ်ဆွေအဖြစ် ကုမ္ပဏီကလူတွေနဲ့ပဲ စည်စည် ကား ဖြစ်သွားခဲ့၏။

သတို့သား သတို့သမီးဘက်က ဆို၍ ဘယ်လူကြီးမှ မပါခဲ့ ဒါကမှ သူတို့နှစ်ယောက်စလုံးရဲ့ တကယ့်ဘ၀အမှန်မို့ မီးလျှံ ကျေနပ်နေခဲ့၏။ သူ့မှာ ၀တ်နေကျအတိုင်း မဟုတ်ဘဲ ပိုး တိုက်ပုံကြောင့် နေရခက်နေကာ နန္ဒ က တွင်တွင်ရယ်သည်။

"အဲ့ဒါ ခုက စပြီး လျှံ .. မင်း နေချင်တိုင်း နေလို့ မရ ဆိုတာ .."

မီးလျှံ က ပြုံးလိုက်ပြီး ကြွေ့ မျက်နှာလေးကို ငုံ့ကြည့်

"ဟုတ်လား ကြွေ .. ကျွန်တော် ဘယ်လိုနေရမှာလဲ .."

"အံမာကွာ .. တစ်ခုခုဆို ကပ်ကပ်ပြီး ဘာလုပ်နေတာ





နန္ဒ က အလွတ်မပေးဘဲ လှမ်းစသည်။ ဒီပုဆိုးနဲ့ တိုက်ပုံ နှာက ညဘက် ဒင်နာထိအောင် စနောက်နေကြတုန်း ..၊

"ပြောတော့ဖြင့် မိုးလား ကဲလား .. ခုကျမှ ဘာလဲ .. ကော်ယူဦး .."

"ဟုတ်ပဗျာ .. ပခုံးကို ဖက်ထားတဲ့လက်က တင်ထားတာမှ ဟုတ် လို့ ခုပဲ တွေးနေမိတာ .."

"သေချာတယ် .. ကော်နဲ့ ကပ်ထားတာ .."

စားပွဲရှည်ကြီး နှစ်လုံးမှာ အပြည့်ရှိနေသမျှ လူတွေရဲ့ ခင်မင်ရင်းနှီး ရယ်မှုတွေက ကြွေ့ အတွက် ကြည်နူးသာယာမိသော စိတ်၏ န်းစေခြင်းကို ဖြစ်စေပါသည်။

ဒါ့ဆမယ့် ဖယ်ချပစ်လို့ မရသည့် သူ့လက်ကြောင့် ကြွေ့ ပါးပြင် တွေ ပန်းနုရောင် နှင်းဆီခင်းလေး ဖြစ်နေခဲ့၏။

ကိုဘက် ဒီဘက် မျက်နှာလေး လှည့် .. ကိုယ်လှည့် ရပ်လိုက်တာ ဆက်ဧည့်ခံလို့ ရပေမယ့် ဒီစားပွဲတွေကိုပဲ ပတ်လျှောက်နေ ဒီနားမှာပဲ ထိုင်တော့လည်း နှစ်ယောက်တွဲလျက် ..၊

နေ .. ဟိုဘက် တိုးလေ .."

နှစ်ယောက်တွဲခုံလေ .. တိုးလို့မှ မရတာ .."

သက်က ဖယ်စမ်းပါ .. ဘယ်လို ဖြစ်နေတာလဲ .. အဲ့ဒါ .."

ဘင်ရုံပဲ တင်ထားတာ .. သူ့ဟာသူ ပြုတ်မကျတာတော့ မတတ် .."

ကြွေ က ရိုးရိုး တစ်ပတ်လျှိုဆံထုံးလေးပဲ ဖြစ်ကာ ဇေဒါရောင်ပေါ် ရောင်စံပယ်ပွင့်လေးတွေ တလက်လက်ပေါ်နေသည့် မြန်မာ နဲ့ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြူနုတင်းပြည့်သော ရင်ဘတ်အလှလေးပေါ်အောင် အ... လည်ဝိုင်း အပိုက်လေးဖြစ်ကာ စိန်ကုံးလေးတစ်ကုံးတည်း လည်... မှာ ကပ်ဆွဲထား၏။ ပြီးတော့ သူမ မျက်နှာလေးက ပန်းနုရောင်... နေသလိုလို ဗေဒါရောင် လက်သွားသလိုလို ...၊

"မင်း အရမ်းလှနေတာပဲ ကြွေ .. တကယ် ပြောတာ .."

ကော့ညွတ်သော ဗေဒါရောင် မျက်တောင်ဖျားလေး... ထောင့်ချိုးလေးတွေပေါ်ကာ နုထွေးနေသည့် နှုတ်ခမ်းသားလေး... ဗေဒါရောင်သည် သူမ မျက်နှာလေး၏ အလှတရားတို့ကို ရှန်း... လွင်နေစေ၏။

ကြွေ ဆိုသည့် မိန်းကလေးသည် တကယ်ကို ကြွေသား... နှမွတ် ကြည်စင်လျက် နုနုဖတ်ဖတ် ဝင်းဝင်းစက်စက်လေး ... အသားလတ်လတ် စိတ်ကြမ်းကိုယ်ကြမ်း ရှိခဲ့သည့် သူ့အားမှ... တူနေသလဲ ...၊

"မင်း သူ့ကို 'မ'ဘာညာတွေ သွားမလုပ်နဲ့ ဟော့ကောင် .. ယုတ္တိမရှိဘူး ဖြစ်သွားလိမ့်မယ် .." တဲ့ ...၊

မနက်က လက်မှတ်ထိုးကြဖို့ အတူတွဲထွက်လာတော့ ... နဲ့သာရောင် ပိုးချိတ်လေးနဲ့ ဖြစ်သည်။

သူ့မှာ တိုက်ပုံကြီး တကားကားနှင့် ကြွေ့ ရဲ့အားမှာ ...

"တော်ကြာ လာမေးလိမ့်မယ် .. သတို့သမီးရဲ့ အဖေလား..."

နန္ဒ က ကပ်ပြောပြီး ရယ်သေးသည်။ ဆံပင်တိုတို ... မေးဖျားရှည်နေသလိုရှိသော သူ့မျက်နှာကလည်း မျက်နှာ... ဖြစ်သည်။ ဘယ်တုန်းကမှ ဖော်ရွေပျူငှာခြင်း မရှိခဲ့သည့် မျ... နုငယ်ပျို့မျစ်ခြင်း ကင်းနေခဲ့တာလည်း သဘာဝကျပါ၏။





ပြီးတော့ နန္ဒ က ပြောသေးသည်။

"ဒါတောင် သူက ဆံပင်တွေရှည်ပြီး ယဉ်စစလေးမို့လို့ .. ဒီထက် ...အောင် နေလိုက်ရင် မင်းကို အဘလို့တောင် ခေါ်လို့ ရတယ် .."

"တွေ့လား .. ဘာရယ်တာလဲ .."

နန္ဒ စကားကို သတိရပြီး ရယ်တော့ ရှက်နေသည့် ကြွေ က ...င်နဲ့တို့ပြီး လှည့်မဲ၏။

"စပ်ဖြဲဖြဲ လုပ်မနေနဲ့ .. သူများတွေ စချင်အောင် .."

"စပ်ဖြဲဖြဲ တစ်ခါမှ မနေခဲ့ဘူးလို့ နေကြည့်တာပါ .. အဲ့ဒါ မင်းနဲ့ ...ခဲ့လား ကြွေ ..၊ ကျွန်တော် ဘယ်လောက်ထိ ပျော်နေလဲဆိုတာ ...င် မပြောတတ်တော့ဘူး .."

"အရင်လို ကျွန်တော်နဲ့ ခင်ဗျားနဲ့ပဲ ပြောပါလား ..၊ မင်းတွေ .. ...နဲ့ ပြောနေပြီးတော့ .. ကျွန်တော်ဆိုတာက ဘာဆိုင်လို့လဲ.."

"ဟိုဘူး .. ပါးစပ်ထဲ ရောက်လာတဲ့အတိုင်း ပြောမိသွားတာ.."

...က ကြွေ့ မျက်နှာလေးကို ငုံ့မိုးကြည့်ရင်း ရယ်သည်။ ...တ်ထားသည့် ပခုံးလေးကို တင်းခနဲ ဆွဲယူကာ မျက်နှာချင်း ...

"...လို့ ခေါ်စေချင်လို့လား .."

"ဘယ်လို ခေါ်စေချင်လို့မှ မဟုတ်ဘူး.. နားထောင်မကောင်းလို့.."

"...ဆို ပြောလေ .. ဘယ်လိုခေါ်ရင် ကောင်းမလဲ .."

"အဟမ်း .. အဟမ်း .."

...ဘက် မျက်နှာချင်း ကပ်သွားပြီဆို ဘယ်က ထွက်လာမှန်း ...ချောင်းဟန့်သံက အတိအကျ နှောင့်ယှက်၏။ ကြည့်လိုက် ...ခနဲ ကွယ်သွား ငုံ့သွားတတ်တာ နန္ဒ ဂဲ ဖြစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လိုအပ်တာလေးတွေ လာပြု ကြည့်ရှုမယ့်သူလည်း ...
လား .."

"အန်တီ ရှိတယ်လေ .. ဘာများ လိုအပ်နေသေးလဲ မသိ...
အန်တီ့ကို ပြော သား .."

"အဟွန်း .. ရပါတယ် .."

ဒေါ်ပန်းနု နဲ့ ဟိုတယ်လ်က ဝိတ်တာကောင်လေးတွေ ...
ရောက်သွားတော့ နနု မျက်နှာ ရှုံ့မဲ့မဲ့ ဖြစ်သွား၏။ တခြားလူ...
သူတို့ကို ကြည့်ပြီး ရယ်နေကြသည်။

ကမ္ဘာကြီးကလူတွေပေမယ့် နနု ရဲ့ မိတ်ဆွေ သူငယ်ချင်း...
မီးလျှံ ကိုတော့ မြင်တာနင့် အားလုံးပဲ တရင်းတနှီး ဖြစ်သွားခဲ့ကြ...

ထို့ပြင် နနု နဲ့ မကြာခဏ တွဲလျက်မြင်နေခဲ့ကြတာမို့ မီး...
သူတို့အတွက် မစိမ်းသောသူ ..၊

"ကိုလျှံ တို့ စုံတွဲကတော့ ရှားတယ်ဗျာ .."

"ဘာဖြစ်လို့လဲ .."

"လူငယ်ချင်းလည်း ဖြစ် .. နှစ်ဖက် မိဘတွေ မရှိကြ...
လည်း တူ .. ပြီးတော့ ကိုယ့်အင်အားနဲ့ ကိုယ် အစစအရာရာ...
အောင် ထူထောင်ထားပြီးသား ..၊ သူချစ်ကိုယ်ချစ် မိဘချစ်ဆို...
ထက်တောင် အဆင်ပြေသေးတယ် .."

"ဟုတ်တယ် ကိုမီးလျှံ .. ကျွန်တော်တို့ ဘော့စ်ကို ...
တည်း တွန်းပို့သွားရင် ကောင်းမှာနော် .. ဒီမှာလည်း ခုချိန်ထိ ...
တစ်ခါကျွတ်တိုင်း .."

"ဟော့လူ .."

"အချင်းချင်းဘွေမို့လို့ စေတနာနဲ့ပါ .. ဟား .. ဟား ...





သူတို့တွေက မီးလျှံ ကိုတော့ သူငယ်ချင်းအဖြစ်ပဲ သိကြကာ
... ကိုသာ သူဌေးလို့ သတ်မှတ်ထားခဲ့ကြ၏။ အခြေအနေကိုက
...င်းပဲဖြစ်အောင် တည်ဆောက်ခဲ့တာမို့ နေရာချင်း လဲနေရပေမယ့်
...နဲ့ မီးလျှံ အတွက်ကတော့ ပြဿနာ မရှိပါ ..။

ဒေါ်ပန်းနု ကလည်း ကြွေ တို့ကို ကြည့်၍ ပြုံးကြည်နေသည့်
...နှာတစ်ခုလုံးက ဝမ်းဆီထိသည်သို့ပင် ..၊

"သမီးတို့ ဘာမှ မစားရသေးဘူးမို့လား .. တော်ကြာ ပင်ပန်းတာ
...ခံနေဦးမယ်.. အဆာပြေ တစ်ခုခုလေး စားထားလိုက်ကြပါလား.."

နှစ်ယောက် ခပ်လှမ်းလှမ်းမှာ ထိုင်ပြီး စကားပြောနေသည့်နားကို
...န်းနု ရောက်လာ၏။ မီးလျှံ က ဆုပ်ကိုင်ထားသည့် ကြွေ့
...လေးကို လွှတ်၍ မတ်မတ် ပြင်ထိုင်ကာ ...

"ကျွန်တော် ဧည့်သည်တွေဆီ သွားလိုက်ဦးမယ် .. ကြွေ ပင်ပန်း
...ဆင်တယ် .. နားရင်းနဲ့ တစ်ခုခု စားလိုက်လေ .."

"တို့ အိမ်ပြန်လို့ မရဘူးလား ဟင် .."

"ဟာ .. အဲလိုတော့ မလုပ်နဲ့လေ .. ဒါ .. ကျွန်တော်တို့ရဲ့ ပွဲ .."

"ဟုတ်သားပဲ ကြွေ ရယ် .. သမီးတို့က ဧည့်ခံရမယ် .. နှုတ်ဆက်
...လေ ..၊ ဒင်နာဆိုပေမယ့် လူတွေက အများကြီးရယ် .. ပြီးတော့
...တွေရော .. ဆရာဝန်တွေရော .. အားလုံးက အလေးထားရမယ့်
...ချည်းပဲ .. သိပ်မကြာတော့ပါဘူး .. ပြီးတော့မှာ ဥစ္စာ .."

ကြွေ က မျက်နှာလေး ညိုနေဆဲရှိကာ ပင်ပန်းတာထက် ကိုယ်
...သည့်လူတွေကြားမှာ စိတ်ကျဉ်းကျပ်စွာ နေရခြင်းကို မလိုချင်..၊
...မျက်နှာလေးကို ကြည့်၍ မီးလျှံ ကလည်း နားလည်သည်။

...င်း စိတ်ကျဉ်းကျပ်နေလို့ပါ .. ဧည့်ခံပွဲဆိုတာကတော့ ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



လေ .. သူ့ဘက် ကိုယ့်ဖက်-မိတ်ဆွေတွေ ဖိတ်တာဆိုတော့ ကိုယ်သိ
လူရော မသိတဲ့လူတွေရော ပါလာမှာပဲ .. ခဏတော့ သည်းခံပေး
နော် ..''

ဒေါ်ပန်းနု က ခြုံထားသည့် ပဝါနှစ်စကို ပခုံးနှစ်ဖက်မှာ သေ
ပြန်ဆွဲတင်လိုက်ပြီးမှ လှည့်ထွက်သွား၏။

''ကြွေ ..''

''ဟင် ..''

''ကျွန်တော်နဲ့ လက်ထပ်ရတာကို စိတ်ဆင်းရဲနေတာတော့ မ
ပါဘူး နော် ..''

''ဟင့်အင်း ..''

ကြွေ က ခေါင်းလေး ခါပြပြီး ငုံ့ချပစ်သည်။ ပြီးမှ ပြန်မော့
ကာ ...

''ဒါပေမယ့် စိတ်ထဲမှာ တစ်မျိုးပဲ စနေ .. တို့ ဒီလိုပွဲ
ကြောက်တယ် ..''

''ဘာဖြစ်လို့လဲ ..''

''မိန်းမတစ်ယောက်ဟာ တစ်သက်မှာ တစ်ခါပဲ မင်္ဂလာ
ကြရပေမယ့် တို့ကျတော့ ..''

''ဒါက ပထမဆုံးနဲ့ နောက်ဆုံးပေါ့ .. ဘာတွေ လျှောက်
တာလဲ ..''

မော့ငေးနေသည့် မျက်ဝန်းလေးတွေကို စီးမိုးကြည့်ကာ လ
နုနုလေးကို တယုတယ ထွေးဆုပ်ထားမိသည်။

''မိဘမဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ဘဝနှစ်ခု ပေါင်းစည်း
ဒီပွဲက အရမ်းကို အဓိပ္ပာယ်ရှိတဲ့ပွဲပဲ ကြွေ .. ဒီအချိန်မှာ ဖြစ်ရတဲ့ ကြ





မျိုး .. ဒီလိုပြည့်စုံမှုကို ရလိုက်တဲ့အတွက် ဖြစ်လာတဲ့ ပီတိ .. ဒီခံစားမှု
တွေကို ဒီနေ့မှာပဲ ရမှာ ..၊ ဒီနေ့ကစပြီး ကျွန်တော်တို့ သေဆုံးသွားကြ
တဲ့အထိ သိမ်းဆည်းသွားကြရမှာ ..''

''တို့က ..''

''ကျွန်တော် သိပ်ချစ်ရတဲ့ မိန်းမပါ ..''

ကြွေ့ ပခုံးလေးကို ဖက်၍ မျက်နှာလေး တစိမ့်စိမ့်ကြည့်မိသည်။
ပြီးတော့ ပါးပြင်ညက်ညက်လေးမှာ သူ့လက်မနဲ့ သာသာလေး ကပ်ထိ
ပွတ်သပ်နေမိ၏။

''မျက်နှာ ညှိုးမနေပါနဲ့ ကြွေ .. မကောင်းတာတွေ အားလုံးကို
ဒီနေ့ကစပြီး ထားခဲ့လိုက်ပါ ..''

''ဒေါင် .. ဒေါင် ...''

နှာခေါင်းနဲ့ ပါးပြင် ထိမတတ် နီးကပ်စွာ ငုံ့မိုးရင်း ပြောနေသဖြင့်
ခွက်ကို တီးခတ်လိုက်သည့်အသံကြောင့် မီးလျှံ က လှမ်းကြည့်သည်။
က စပ်ဖြဲဖြဲ မျက်နှာကြီးနှင့် ဖန်ခွက်နဲ့ ပုလင်းကို မြှောက်ပြကာ...

''လာပါ သတို့သားရယ် .. ဘချလာနိုက် ဆိုတာ မေ့နေမှာ စိုးလို့
.. နည်းနည်းဖြစ်ဖြစ် လာချစမ်းပါ ..''

''ဟုတ်ပါတယ်ဗျာ .. လက်ချင်းချိတ်ထားတာ ဖြုတ်ကို မဖြုတ်
ဘူး ..''

''ကေနွဲ့ .. ကောင်မလေးကို ခုမှ မုန့်ပေး ချော့နေရတာ ထင်
.. ဟိုလိုမျိုးလေ .. 'တစ်ခါလောက်ပါ' .. ဟင့်အင်း ..''

''ဟား .. ဟား .. ဟား ...''

''ဘာလဲဗျာ .. တစ်ခါလောက်ပါ .. ဟင့်အင်း .. ဆိုတာက ..''

''ဩော် .. အပြန်အလှန် ခွဲကျွေးကြတဲ့ ရေခဲမုန့်လေး .. တစ်ကိုက်



www.burmeseclassic.com

www.burmeseclassic.com



လောက် ကိုက်ဖို့လေ ..”

“တော်သေးတယ် .. ဟား .. ဟား ...”

တစ်ယောက်တစ်မျိုး စနောက်သံတွေ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်လာကြပြန်၏။ မီးလျှံ ကပါ ပခုံးတွေ လှုပ်အောင် ရယ်နေသဖြင့် ကြေ့ က သူ့ပေါင်ကို ထုပစ်လိုက်ပြီး ခေါင်းတွင်တွင် ငုံ့၏။

“သွား .. သွား .. အရမ်း စကြတာပဲ ..”

သူ့ကိုလည်း တံတောင်နဲ့ တွန်းလွှတ်နေကာ ...

“မင်း မသွားရင် ထပ် စကြဦးမှာ .. သွားပါဆိုမှ ..”

“ဟ .. ဖွတ်ပဲကွာ .. သွားမယ် .. မတွန်းနဲ့တော့ .. တော်ကြာ ဒီက ဖက်ထားတာ နှစ်ယောက်ပူး ပြုတ်ကျလိမ့်မယ် ..”

မီးလျှံ ရယ်နေရင်း ထရပ်လိုက်သည်။

“ကျွန်တော် သောက်လို့ ရလား ..”

“နည်းနည်းပါးပါးတော့ သောက်ပေါ့ .. တော်ကြာ တို့ကို စကြ ဦးမယ် .. ထပ်မမေးနဲ့တော့ သွား ..”

“နည်းနည်း နော် ..”

“တွေ့လား စနေ .. ပြောလေ ကဲလေနဲ့ ..”

“နည်းနည်းတဲ့ တွေ့လား .. တွေ့လား .. ဟိုမှာ ညိုလို့ မရသေ ဘူး .. မမကြေ့ က အရမ်းကဲလွန်းလို့ တဲ့ .. ပြောနေတာ ..”

“အေး .. ကြားလိုက်တယ် .. တစ်ခုခု ညှိမရ ဖြစ်နေတာတော့ သေချာတယ်ဟ ..”

မီးလျှံ က ရယ်ကာ စားပွဲထိပ်ကနေ လက်ဝါးနှစ်ဖက်နဲ့ အသံ မြည်အောင် ရိုက်ပြီးမှ ထောက်ငုံ့လိုက်ရင်း ...

“တော်ကြတော့ ဝဲစားလေးတွေ .. စီခနဲ အသံထွက်လာရင် ပေး





တို့ဝိုင်းကပဲ ..”

“ကိုမီး နော် .. ကျွန်တော်တို့က အေးစက်စက် စိုစွတ်နေတာလေး တွေကို နွေးထွေးကြမ်းရှသွားအောင် ရင်ခုန်သံတွေ .. အသက်လေးတွေ နဲ့ ပို့ပေးနေတာ ..”

“တော်ပြီ .. ကျေးဇူးတင်တယ် ..”

“ဒီလိုတော့ မတားဆီးကောင်းပါဘူး ..”

မီးလျှံ က လက်ကာတားရင်း ရယ်နေ၏။ စနောက်သံ ထွက်လာ ပြီဆို သူ့လူတွေဘက်ကပဲဖြစ်ကာ လူငယ်တွေချည်း များသဖြင့် ပို၍ အာသွက်လျှာသွက် ရှိနေကြ၏။

ပြီးတော့ နန္ဒ ကလည်း ဟိုဘက်စားပွဲဝိုင်းမှာပေမယ့် အသံထွက် လာတိုင်း သူလည်း ပါ၏။

“ဘာလဲ လျှံ .. ဟိုဘက်မှာ ပါးစပ်လေးတွေ ပိတ်ပေးပါလို့ တိတ် တိတ် ကြိတ်မှာနေတာလား .. ငါတို့ကတော့ မရဘူး .. မင်း ဒီဘက်ကို လာ .. ဒီမှာထိုင်ပြီး မမော့မချင်းပဲ ..”

“လာပြီ ..”

မီးလျှံ က ကြေ့ ကို လှမ်းကြည့်ပြီးမှ နန္ဒ တို့ဘက်ကို ကူးသွား၏။ ထိုစဉ် အပြင်ကနေ လှမ်းဝင်လာသည့် လူရိပ်တွေနှင့်အတူ အတွင်းဘက် ခန်းတံခါး ဖွင့်သွားတာလည်း ရှိကာ ...

“သတို့သမီးက ကြေ့ ဆိုတာလား ..”

မေးသံက ဟိန်းထွက်လာ၏။

မီးလျှံ မျက်နှာပျက်သွားကာ လှည့်ကြည့်လိုက်၏။

ဝင်လာသူတွေကို မြင်လိုက်တာနှင့် တစ်ကိုယ်လုံးမှာ ရှိသမျှ သွေး သားတို့ ဖျင်းခနဲ ပူရှိန်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ဆိုသည့် အသိမှာ ကြွေ့ အတွက် မကောင်းနိုင်သည့် အလားအလာကြောင့် ဒါကို ရှင်းရခက်ပြီမှန်းလည်း ချက်ချင်း သိလိုက်၏။ နန္ဒ နှင့် ဒီဘက်စားပွဲက သူ့လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြလျှင် အသာနေဖို့ မျက်ရိပ်ပြလိုက်ကာ ...

"နေဦး .."

ရဲဝံ့စွာ တိုးလျှောက်သွားသည့် ခြေလှမ်းတို့ကို ပြင်းရှသည့် အမိန့်သံနှင့် တားဆီး၍ ...

"ဒီပွဲမှာ ဖိတ်မထားတဲ့သူ ဝင်ခွင့် မရှိဘူး .."

ပြော၍ ထိုလူတွေရှေ့မှာ ပိတ်ရပ်ထားလိုက်သည်။ စားပွဲရှည်ကြီးတစ်လုံးနှင့်အပြည့် ရှိနေသော များပြားသည့်လူတွေ၏ စိတ်ဝင်စားမှုများက ရုတ်ခြည်း တိတ်ကျသွားသည်အဖြစ်မှာ သက်သေ ရှိနေ၏။

လောင်းကုတ်ကြီးတွေ ဂျာကင်ပွပွတွေ ကိုယ်စီနှင့် လူသုံးယောက်က နောက်ကို အနည်းငယ် ပြန်တွန့်သွားပေမယ့် တင်းမာနေသည့် မျက်နှာများနှင့် ...

"ကြွေးရှင်ဆိုတာလည်း ပုန်းရှောင်နေတဲ့ သူ့ကြွေးသမားကို တွေ့ရင် အခါသမယ ရွေးနေမှာ မဟုတ်ဘူးကွ .. ရစရာရှိတာကိုတော့ တောင်းရမှာပဲ .."

"ဟုတ်တယ် .. ဟော့ .. ဒီမှာ .."

မီးလျှံ ကို ကျော်လွှားမသွားခဲ့ပေမယ့် ပိတ်ဆို့ တားဆီးဖို့ မလွယ်သော ကျယ်လောင်သည့်အသံသည် ...

"မင်းကို ငါတို့ရဲ့ သူဌေးက အဆမတန်ပေးပြီး အနားမှာ ခေါ်ထားခဲ့တာ .. ကျေကျေနပ်နပ်နဲ့ မင်း နေခဲ့ပြီးမှ ဘာဖြစ်လို့ ထွက်ပြေးသွားတာလဲ .."





"နာမည်ကတော့ ကြွေ ပါပဲ .. ဒါပေမယ့် ခြွေတတ်တဲ့ပညာမှာလည်း နှစ်ယောက် မရှိဘဲ .. ပုံစံလေးနဲ့ မလိုက်ဘူး .."

"ဟော့ .."

"ခွပ် .."

နောက်က ရိပ်ခနဲ ဝင်လာသည့် လက်သီးချက်တွေက ထိုလူသုံးယောက်၏ မျက်နှာပေါ်မှာ လုံးထွေးသွား၏။ နန္ဒ ပြေးလွှားရောက်လာပေမယ့် မီးလျှံ ဆောမှာ ဝင်ရပ်လိုက်ရင်း ဘာလုပ်ရမှန်းလည်း မသိ..။

ဒီနေရာဟာ ဝင်ချင်တိုင်း ဝင်လာလို့ရတဲ့နေရာ မဟုတ်ပေ ..၊ ဒီလူတွေ ဝင်လာနိုင်ခြင်းအတွက် နောက်က ထိန်းသိမ်းမည့် လုံခြုံရေးဘယ်လိုမှ ရောက်လာမှာ မဟုတ်ဘူးဆိုတာလည်း သေချာနေသည်။

ကြည့်လိုက်တော့ မီးလျှံ က လက်ပိုက်မပျက် ကြည့်နေ၏။ ဒီညဒင်နာမှာ စားပွဲတစ်ဝိုင်းက ကိုယ့်လူတွေချည်းမို့ ချက်ဆို နားခွက်ကမီးတောက်ကြသည်။ တမင် ပွဲဖျက်လိုက်တာမှန်း သိကြသဖြင့် မီးလျှံ၏ အမိန့်ကို မစောင့်ဘဲ လှုပ်ရှားပစ်ကြခြင်း ဖြစ်၏။

နန္ဒ မှ လွဲ၍ ဘာမှ မသိကြသော ကုမ္ပဏီအဖွဲ့နှင့် လူကြီးပိုင်းတွေက တအံ့တသြ ပြူးတူးပြဲတဲ ဖြစ်ကုန်ကြကာ ...

"ဟော့.. တော်ပြီ.. ရပ်တော့.. ကျုပ်က ဒုရဲအုပ် အောင်ဟိန်း ပဲ.."

ဒုရဲအုပ်ဆိုသည့်အသံ ကြားတာနှင့် လူသုံးယောက် ဖျတ်ခနဲ ခုန်ဆုတ်သွား၏။ ပြီးတော့ ယိုင်နဲ့နဲ့ ခြေထောက်တွေ တဆဆနှင့် ထွက်ပြေးကြလေသည်။

ထိုအခါ ခန်းမထဲမှာ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားခဲ့ပြီမို့ အပေါ်ထပ်ညစာစားပွဲက ဆင်းလာကြသည့်လူတွေပါ မိုးတိုးမတ်တတ် လာရပ်ကြည့်ကြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ကြွေ ရယ်တော့ .."

"ဟုတ်ပ .. ဟုတ်တယ် ကြည့်စမ်း .."

တစ်ရန် မအေးသေးဘဲ နောက်ထပ်တစ်ရန်၏ စစ်ခရာသံကို ကြားလိုက်ရ၏။

ဟင်!...

သူ့မျက်လုံးတွေကိုပင် မယုံနိုင် ...၊

မြင်လိုက်ရတာက ဟိုအရင် ဦးဉာဏ်ကျယ်ကြီး ရဲ့ ဒုတိယမင်း စုလတ်နှင်း နဲ့ ဒေါ်အေး တို့က အတူတူ ...၊

"သူ့ကို တွေ့လိုက်ရရင် သတို့သမီးအဖြစ်နဲ့ချည်းပဲ .. ဒီကောင်မ လေး ဘယ်နှစ်ခါတောင် ဆောင်နေသလဲ မသိဘူး .."

ပြောချလိုက်တာ နည်းတဲ့ အသံကြီး မဟုတ် ...၊ ဒါ တမင်တကာ ဖန်တီးမှုတွေလား ...၊

အားလုံး အံ့အားသင့်နေကြဆဲမှာ ဒေါ်အေး က နဂိုတည်းက ကျယ် လောင်ခဲ့သည့်အသံကို ထပ်မြှင့်၍ ...

"ရုပ်ကလေးက လှတော့လည်း ဆံပင်အစေ့ .. လင်အစေ့ပေါ့အေ ခုန ပြဿနာတက်နေတာပဲ ကြည့် .. တော်ကြာ အဝေမတည့် ဖြစ်ကြ မှာပဲ သေချာတယ် ...၊ လာ .. လာ .. ငါတို့ ကြားညပ်နေလိမ့်မယ် .."

မိန်းမသားတွေရဲ့ ပါးစပ်ကိုတော့ ရဲအုပ်ဖြစ်ပေမယ့်လည်း ရှင် တရက် ဖမ်းအုပ် တားဆီးထားဖို့က မလွယ် ...၊

"ကြုံဖူးပါဘူးတော် .. ဒီမိန်းမကိုများ ဆွဲလွဲ လုယူကြဦးမလား မသိပါဘူး .. ပပဝတီ လောက် လှနေရင်လည်း ဟုတ်သေးတယ် .."

"ယောက်ျားတွေကို မြူဆွယ်ဖို့များ မလှလည်း ဖြစ်တယ် မအေး ရဲ့ .. မသိရင် အဲ့တစ်ယောက်ကို သွားမေးပါလား .."





"တောက်!..."

မင်္ဂလာပွဲကတော့ ကျက်သရေမဲ့ခဲ့ပြီ ဖြစ်၏။ ဘယ်လိုမှ မထင် မှတ်ခဲ့သော ရိုက်ချက်များကို သူ ဘယ်လိုမှ မတားဆီးနိုင်ခဲ့ခြင်းအတွက် အံကြိတ်ရင်း ဖြေရာမဲ့နေခဲ့၏။

"ကိုမီး .."

"ဆရာ .. ဟိုမှာ မမကြွေ မရှိတော့ဘူး .."

ဟင်!...

မီးလျှံ တစ်ကိုယ်လုံး ပါသွားမတတ် ချာခနဲ လှည့်ကြည့်၏။ ကြွေ့ ကို ဘယ်လူတွေ ကြားထဲမှာမှ မတွေ့တော့ပေ ...၊

"ဘာတွေ ဖြစ်ကုန်တာလဲ စနေ .. ကြွေ ရော .. ငါ့တူမ ဘယ် ရောက်သွားလဲ .."

ခေါင်းနောက်လာလို့ ကုတ်တစ်ဘူး ယူပြီး မြက်ခင်းပြင်ဘက် ထွက်နေခဲ့မိသည့်အတွက် ဒေါ်ပန်းနု ဘာမှ မမြင်လိုက် .. မကြားလိုက် ...။

"ကျွန်တော် သွားရှာလိုက်မယ် .."

ဒေါ်ပန်းနု ကို သူ ဘာမှ ရှင်းမပြနိုင်ဘဲ နောက်ထွက်တံခါးကနေ ပြေးထွက်ခဲ့မိသည်။

တကယ်တော့ ကြွေ က လက်လေးကျစ်နေအောင် ပိုက်လျက် ပြင်ဘက် ပန်းရုံကြီးသေးမှာ ငုတ်တုတ်လေး ထိုင်ငိုနေတာ ဖြစ်သည်။ သူမရဲ့ မနီးမဝေးကနေ မီးလျှံ ပြေးထွက်သွားတာကို မြင်ပေမယ့် ငိုင်း ကြည့်နေခဲ့၏။ သူမကိုယ်တိုင် ထရပ်မိလိုက် .. ကတုန်ကယင် နေသည့် ခြေထောက်တွေက ပြန်ခွေကျသွားလိုက် ...၊

ငါ ဘာဖြစ်လို့ ငိုနေတာလဲ ...၊ အခု ငါ ဘယ်ကို သွားမလို့လဲ ...။



www.burmeseclassic.com

ရုတ်တရက် ကိုယ့်ခြေထောက်တွေကို ပြန်ငုံ့ကြည့်ပြီး ဦးတည်ရာကို မှေ့နေ၏။ ပါးပြင်ထက်မှာ မျက်ရည်တွေက စိုနေဆဲရှိကာ ဆက်ပြီးတော့လည်း ရှိုက်ငိုနေမိဆဲပင် ...။

ပြီးတော့ မိုင်တိုင်များစွာကို ဖြတ်ကျော် ပြေးလွှားနေရတဲ့လူ... မောဟိုက် တုန်ယင်နေသည့် ကိုယ့်ကိုယ်ကိုယ်လည်း အကြောင်းရင်း... ရှာမရနိုင် ...၊ သူမ ဘာဖြစ်ခဲ့တာလဲ ...။

ထိုစဉ် လူတချို့ နောက်ပေါက်ကနေ ရုတ်စုရုတ်စု ထွက်လာ... တာ မြင်လိုက်ရ၏။ သူမ ပန်းရုံထဲကို နောက်ပြန်ထပ်ဆုပ်ပြီး ကွယ်... မိသည်။

ဒီလူတွေကို မတွေ့ချင် ... ဘာကြောင့်ဆိုတာ မသိပေမယ့် သူ... ထွက်ပြေးလာခဲ့ခြင်းကို ခံစားမိနေသည်။ ပြီးတော့ ပြေးရဦးမှာပဲဆို... လည်း သိနေ၏။ ထို့ကြောင့် ဘယ်သူမှ လှမ်းမကြည့်မိသော မှောင်... ကို ဖြတ်တိုးဝင်ခဲ့မိသည်။

တစ်ပတ်လျှို ဆံကေသာမှာ ပန်ဆင်ထားသည့် ပန်းပွင့်တွေ... ဆံထိုးတွေ တစ်ခုစီ တစ်ဖက်စီ ပြုတ်ကျကျန်ခဲ့လျက် တလွှားလွှား... ပါလာသော ပဝါပါးကလေးကပါ လမ်းမတစ်ခုကို ဖြတ်ကူး... လျောကျ ကျန်ရစ်လေသည်။

ထိုစဉ် မျက်လုံးထဲမှာ မီးရောင်တစ်ချက်က ဝင်းခနဲ ...၊

သူမ မျက်လုံးတွေ ကျိန်းစပ်သွားပေမယ့် ကားတစ်စီးဆိုတာ... လိုက်သည်နှင့် လန့်ဖျပ် အော်မိရင်း ...

"အား!..."

စနေ ... စနေ ဘယ်မှာလဲ ...၊

စနေမီး ဆိုတဲ့ ချာတိတ်လေးက သူမရဲ့ဘေးမှာပဲ ရှိနေမှာ...





ကိုယ့်ရဲ့ဒူးကွေတိုင်းမှာ လက်တစ်ဖက် ကမ်း၍ ရောက်လာတတ်သူပဲ ...၊

တို့ ဒီမှာ စနေ ...၊ လာခေါ်လှည့်ပါ ... တို့ကို လာခေါ်ပါ ...။

ရင်တွင်းမှ ပေါက်ဖွားလာခဲ့သည့် တမ်းတစိတ်နှင့် ခေါ်နေရင်း ဆိတ်စွာ ခွေကျသွားသော သူမရဲ့ ခန္ဓာကိုယ်လေးအား ...

"မြန်မြန် ပွေ့တင်စမ်း ... ဟိုကောင် ဒီဘက် ရောက်လာတော့ ..."

ကားထဲမှ အမိန့်သံနှင့်အတူ ဆင်းလာသူ၏ ပွေ့ယူလိုက်သော ...ခါမှာ ကြွေ သည် ...။

www.burmeseclassic.com



## အခန်း (၂၈)

"ဟား .. ဟား .. ဟား .. ဟား ..."

နောက်ကြည့်မှန်ကနေ မြင်နေရသည့် ကားမီးရောင်က ဉ

သို့ ကွေ့ထွက် သွေဖယ်သွားသည်နှင့် ဦးဉာဏ်ကျယ် ၏ အား ရယ်သံကြီးက ကားထဲမှာ လှိုက်ခါသွားသည်။

ထိုစဉ် ဖုန်းလာသဖြင့် ဖွင့်လိုက်ကာ ...

"ပြော .."

"အာစရိ .. ဒီကောင် ကျွန်တော်တို့နောက် ပါလာပြီ -

"ဟား .. ဟား .. ဟား .. သိတယ် .. ဒီလိုဖြစ်အောင် လုပ် ဟား .. ဟား .. ဟား ..."

ရယ်နေရင်း လက်တစ်ဖက်က ပါးတစ်ဖက်ကို မထိတ သပ်နေခဲ့၏။ ပြီးတော့ နားဖုံးပါသော သားရေပျော့ဦးထုပ်နှင့် ထောင် ထားရသည့် သူ့ကိုယ်ပေါ်က ကုတ်အင်္ကျီ ...၊





ဒီဦးထုပ်နဲ့ ဒီကော်လံကို အမြဲတမ်း ထောင်လျက် ဝတ်ဆင်နေခဲ့ရ နှစ်တွေ ကြာခဲ့ပြီပဲ ...၊

မျက်နှာကို ပလတ်စတစ်ဆာဂျရီ လုပ်လိုက်လို့ ရသည်။

နားတစ်ဖက် မရှိတာလည်း ဖြည့်ဆည်း ပြင်ဆင်ဖို့ မခဲယဉ်း ဒါပေမယ့် သူ ဘာမှ မလုပ်ခဲ့ပေ ...၊

လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက ဆယ့်သုံးနှစ်သာရှိသေးသည့် မီး ဆိုသောကောင်လေး ဒုက္ခပေးခဲ့တာ သူ့လုပ်ငန်းတစ်ခုလုံး ဘူး သလို ပေါ်ခဲ့သည်။

တကယ့် လူယုံတွေလည်း အက်စစ်ထိပြီး ကန်းတဲ့လူ ကန်း .. တာတွေ ပျက် ..၊ လူတွေရော ပစ္စည်းတွေပါ ဘာတစ်ခုမှ ာင်းတိုင်း မကျန်ခဲ့သည့်ပြင် အတွင်းပစ္စည်း တွေနဲ့ ငွေတွေကအစ စ်လောင်း၍ ဖျက်ဆီးပစ်ခဲ့၏။

သူ့အာဏာ .. အရည်အချင်းကို ယုံကြည်ကာ ဘယ်သူ့သေသေ.. စိုင်းခဲ့သမျှ မကောင်းမှုတွေ အစပေါ်သွားခဲ့ပြီး ရဲက လိုက်ခဲ့တာ ်လျှောက် ...။ ထို့ကြောင့် ကိုယ့်ဒဏ်ရာကို မကုနိုင်သည့်ပြင် ာက လွတ်အောင် မနည်း ပြေးခဲ့ရသည်။

'ခင်းကြီးဂေဟာ' လွတ်မြောက်ခဲ့ရတာကလည်း စောင့်ရှောက် တဲ့သူ ကောင်းလို့ပါ ...၊ ထို့ပြင် ကိုယ့်လူယုံတွေကလည်း မနေနိုင် ာသွားခဲ့ကြတာပဲ ရှိသည်။

ဘယ်လိုကိစ္စကိုမှ ပါဝင် အစစ်ခံခြင်း မပြုခဲ့ကြဘဲ ခြေရာပျောက် ခဲ့ကြသည်။ ဒါတွေကို ပြန်တွေးမိတိုင်း စနေ့ ကို သူ နာကြည်း ခင်းက ကံကောင်းနေတော့ ပြန်လာတော့လည်း မီးလျှံ နာမည် ဦးလူမိုက်လေးပဲ ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထက် ဖျတ်လတ်ကျော်ကြားနေကြသည့် တကယ့် အ
အစည်းတွေကိုမှ စိန်ခေါ် ခေါင်းပုံဖြတ်ပြီး သင်းတ ချမ်းသာနေ
ကျိုကျိုတက် ..။

"လူဆိုး သူခိုးလေးပေမယ့် သင်းက ဖြတ်စားကောင် .. 
တာ့ဂတ်မှာ သူ မရှိဘူး .. ဆိုးတဲ့ကောင်တွေကိုလည်း နည်းနည်းလေ
မကြောက်ဘူး .. ဒီကောင့်အဖွဲ့က ကောင်တွေ အားလုံးကလည်း ေ
ထွက် ဝရမ်းပြေး တစ်ယောက်မှမပါဘူး ဆရာ .. တကယ့် ရှာတိတ်
မှ နာမည်ကျော်ရှိတဲ့ကောင်တောင် မပါဘူး .. သူတို့ကို ဘယ်လိုပြ
ဖမ်းဖို့ မဖွယ်ဘူး .."

မီးလျှံ ဆိုတဲ့ သတ္တဝါလေး ပေါ်လာပြီဆိုတည်းက စနေမီး ပေ
သူ တန်းသိခဲ့သည်။ မီးလျှံ ဆိုတဲ့အတိုင်း ဟုန်းဟုန်းတောက် ကျေ
မှုတွေနဲ့အတူ အဖွဲ့ကလည်း တောင့်၏။

နာကြည်းချက်တွေနဲ့ တစ်နေ့မှ မေ့မရခဲ့သော်လည်း ပြန်တွေ
ပေမယ့်လည်း ကိုယ်ပဲ ရှောင်နေခဲ့ရ၏။ ဒီနေ့တော့ တွေ့ကြပြီ
ငါ့အတွက် အလိုအပ်ဆုံး မဟုတ်တော့ပေမယ့် မင်းရဲ့ အ
ဆုံး နှလုံးသည်းပွတ်လေးကို ငါက ရထားပြီးပြီဆိုတော့ ...

"ဆရာ .. ဖုန်းဝင်နေတယ် .."

စီတီတွေ မြည်နေတာ .. ဖုန်းဝင်နေတာကိုတောင် သတိမ

"ပြော ဟေ့ .."

"ကျွန်တော်တို့ အိမ်ရာဝင်းထဲ ပြန်လှည့်ဝင်ခဲ့ပြီ ဘော့စ် ..
တို့အုပ်စုလည်း ရောက်နေပြီတဲ့ .. ဟိုကောင် ပါမလာဘူးတဲ့

"ဟား .. ဟား .. ဟား .."

အားပါးတရ ရယ်ရသည့် အရသာ တယ်ကောင်းပါလ





ဦးညဏ်ကျယ် ပခုံးတွေလှုပ်အောင် ရယ်နေကာ ...

"ဘယ်ပါမလဲကွ .. ဒီကောင် ဘလက်စ်အိုင်ကျူ တို့ ကားနောက်
သည်းမည်း လိုက်နေတာကိုး .."

ထိုစဉ် နောက်ဖုန်းဝင်လာသဖြင့် ပြောလက်စကို ရပ်၍ နားထောင်
တ်လျှင် ...

"မီးလျှံ မဟုတ်ဘူး ဘော့စ် .. ဘာကောင်တွေမှန်း မသိဘူး ..
င်ကယ်လ်တွေနဲ့ လိုက်ပိတ်နေတာ .."

"ဘာ!... ဘယ်သူတွေလဲ ..၊ အကုန် မသာပေါ်သွားအောင် တိုက်
ပြီး လွတ်အောင် မောင်းပြေး .."

"ဟာ!... ဒီကောင် .. ညာဝိုက်လိုက် .. ပြန်လှည့်လာပြီ .. ဟာ!..."

"ဒုန်း .."

ဘာသံတွေလဲ ..၊

ဦးညဏ်ကျယ် ရယ်သံ တိခနဲ ပြတ်ကျသွားသည်။

ဘေးကို လှည့်ကြည့်လိုက်တော့ လည်တိုင်ကြားမှ စိန်တုံးလေး
ပ်ဖျပ် လက်နေကာ ခွေခေါက် သတိမေ့နေဆဲ ကြွေ ..၊

"တောက်!..."

စိတ်တိုလာကာ ရှေ့က ကူရှင်ကို လက်သီးနဲ့ ထိုးချပစ်လိုက်မိ၏။

"မသွားနဲ့တော့ .. ပြန်ကွေ့ ..၊ ဆုံမှတ်ကို ပြန်သွားမယ် .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"ဘာဖြစ်တာတဲ့လဲ .."

"ကားချင်း ချိတ်မိသွားတာတဲ့ .. ဆိုင်ကယ်လ်တွေနဲ့ မငြိဘူး

"ဟိတ်ကောင် .. ငါက ဆိုင်ကယ်လ်နဲ့ ငြိမိမှာစိုးလို့ မေးနေ
မဟုတ်ဘူး .. မြန်မြန် ပြန်ပြောစမ်း .."

သူ အော်လေ .. ပြောသည့်လူက အဖြေရှေးရလေနှင့် တုန်
ယင်ယင် ..၊

"ဘယ်သူမှ အကြီးအကျယ် မဖြစ်ဘူးတဲ့..၊ ကားတွေတော့
ပိုင်းမှာ .."

"တော်တော့ .."

"ဖောင်း .."

ပြောနေသည့်တစ်ယောက် မျက်နှာရော လူပါ လည်ထွက်
သည်။





"သွား .. ငါ မခေါ်ဘဲ ဒီထဲကို ဘယ်သူမှ ဝင်မလာနဲ့ .. ဘယ်
ာင်လာလာ .. ငါ့ဆီ ရောက်မလာစေနဲ့ .. သိတယ် နော် .. လွှဲချော်
းတာနဲ့ အကုန်လုံး သေပြီ မှတ် .."

ဦးညဏ်ကျယ် ပြင်းပြင်းထန်ထန် ပြောကာ လက်ဝါးချင်း ပွတ်
ည်။ ပြီးတော့ သက်ပြင်း ဝဝရှိုက်၍ ပြုံးမိ၏။

ကြွေ ..၊

ဟိုတုန်းက မင်းက မကြွယ်မဝ အလှသွေး မစို့မပို့နဲ့ မိန်းမပျို
ရယ် ..၊

ခုတော့ ပြည့်ပြည့်တင်းတင်း .. ဝင်းဝင်းစိုစိုနှင့် မထိရက်စရာ
သွေးတွေ ကြွယ်လို့ နော် ..၊

အိပ်ခန်းထဲကို လှည့်ဝင်ခဲ့ရင်း ကျေနပ်ပီတိနှင့် ဦးညဏ်ကျယ်
ပြုံးနေ၏။

"အစ်ကိုကြီး .."

သူ့ရှေ့မှာ လက်ကိုင်အိတ်ကို လက်မှာချိတ်ရင်း မျက်နှာတည်
နှင့် ရပ်လာသည့်က သူ့ရဲ့ တတိယဇနီး ချောကေသီ ..၊

"ဘာကိစ္စရှိလို့လဲ .."

"မရှိပါဘူး .. ဒါပေမယ့် ချော တို့ ခရီးတစ်ထောက်နားတုန်း
အေးဆေးပြောကြမလားလို့ .."

ဦးညဏ်ကျယ် မျက်နှာပျက်သွားသည်။ ချောကေသီ ရဲ့မျက်လုံး
မြူခိုးဝေနေပုံကို မြင်လိုက်တာနှင့် ဘာကို ဆိုလိုချင်တာမှန်း
သည်။

"ဒီခရီးကို လာရတဲ့ ရည်ရွယ်ချက်ကိုက ဒါအတွက်ပဲ .."

"ဒါအတွက်ဆိုတာ ဘာလဲ အစ်ကိုကြီး .."



www.burmeseclassic.com

www.burmeseclassic.com



"ချော .."

"ချော သိတယ် အစ်ကိုကြီး .. အစ်ကိုကြီး ပြောတော့ စနေ[illegible] ဆိုတဲ့ ကောင်လေးကိုပဲ လက်တုံ့ပြန်ချင်တာ ဆို .. ချော တို့က အစ်[illegible] ကြီးကို ကိုယ်ထိလက်ရောက် စော်ကားသွားတဲ့အတွက်ရော .. [illegible] တို့ရဲ့ စည်းစိမ်ဥစ္စာတွေကို ဖျက်ဆီး ရမ်းကားသွားတာတွေအတွက်[illegible] အားလုံး ဝိုင်းပြီး ကူညီနေကြတာ .."

"ငါက အခု ဘာလုပ်နေလို့ မေးခွန်းလာထုတ်နေတာလဲ [illegible] ကေသီ.. မင်းတို့ ငါ့ကို မျက်နှာကြည့်ပြီး မေးခွန်းထုတ်ရဲတဲ့အထိ [illegible] စားကြတော့ဘူးပေါ့ .."

"မဟုတ်ဘူး .. အစ်ကိုကြီးနဲ့အတူ ခုချိန်ထိ အေးအတူ ပူ[illegible] ရှိနေခဲ့ကြတဲ့ စု နဲ့ ချော တို့ရဲ့စိတ်ဓာတ်ကို အစ်ကိုကြီး သိပါတ[illegible]

"သိတယ် .. သိထားတဲ့အတိုင်းပဲ အေးဆေး နေလိုက်ကြ .."

ဦးညာဏ်ကျယ် က ဗိုက်ပူပူ စူထွက်နေတာကို ပို၍ ပေါ်လွင်[illegible] သော ပုံစံမျိုး ... ကုတ်အင်္ကျီရင်ဘတ်စတွေကို သိမ်းဖယ်၍ ဘောင်း[illegible] အိတ်ထဲ လက်ထည့်၍ ဟန်ကျပန်ကျ လျှောက်ထွက်သွား၏။

ချောကေသီ က မဲ့လိုက်ပြီး ထက်ကြပ်မကွာ ပြန်လိုက်၏။

"ကောင်မလေးကို ပေါင်းသင်းဖျက်ဆီးဖို့ ဆိုရင်တော့ ချော[illegible] က .."

"ဟာ!... ပြောတယ် .."

ဟိုအရင်တည်းက မော်မကြည့်ရဲခဲ့တဲ့ ငယ်ကြောက်တွေမို့ ဦးည[illegible] ကျယ် အသံကြီး ဟိန်းထွက်သွားတော့ ချောကေသီ နောက်တွန့်[illegible] သည်။

သို့သော် ...





"ချော ရဲ့ စိတ်ကူးကို ပြောပြတာပါ .. ကြွေ ဆိုတဲ့ မိန်းကလေး ရော .. စနေမီး ရော .. ပြီးတော့ အစ်ကိုကြီးရယ် .. ချော တို့ အားလုံး က ကျောင်းတော်ကရန်စ ရှိခဲ့ကြတာ မှန်တယ် .. ဒါပေမယ့် ဒီထဲမှာ ချော တို့က အသက်ကြီးတဲ့လူတွေပါ .."

"ကြီးတော့ ဘာဖြစ်လဲ .."

"စနေမီး နဲ့ ရန်စရှိထားတာကို ဒီကောင်မလေးကို ဖျက်ဆီးလိုက်တာနဲ့ သင်ပုန်းချေတာ မကောင်းပါဘူး .. ပြီးတော့ ကြွေ က ဟိုတုန်းက လည်း သူ့အဖေအတွက်နဲ့ ရောက်လာရတယ် .. ခုလည်း .."

"ဟေ့ .. ဒါက တိုက်ပွဲတစ်ခုပဲ .. စကားရှည်လုနေကြတာ မဟုတ်ဘူး .. အပျော်တမ်း လက်လှဲပွဲ လုပ်နေကြတာလည်း မဟုတ်ဘူး ... ဟိုတုန်းတည်းက ငါက ငါရဖို့ရှိရင် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အတိအကျ ပြန်ရအောင် ယူတတ်တဲ့ကောင် ... ဖယ်စမ်း .."

"ကြွေ က ရူးနေတာလား မသိဘူး .."

"ဟုတ်တယ်လေ .. အဲ့ဒါကို ငါ သိလို့ ဒီဇယားကို ကိုယ်တိုင် ရေးတာ .. သူတို့ မသိတာက ကြွေ့ ကို စိတ်ရောဂါ အထူးကုဆရာဝန်နဲ့ ပြကြည့်ဖို့ အကြံပြုတဲ့ ဒေါက်တာက ငါ့ရဲ့ ညီဝမ်းကွဲ ဆိုတာပဲ .."

"ဟင်!..."

ဦးညာဏ်ကျယ် က ချော အံ့ဩသွားတာကို ကြည့်၍ သူ့ကိုယ်သူ ကျေနပ်နေခဲ့၏။

"အိမ်ထောင်တွေကျ အသက်တွေ ရလာမှ ကိုယ့်ဘဝလမ်းကို ကိုယ် လျှောက်ခဲ့ကြတာ .. ငါ့မျက်နှာ ဒီလို ဖျက်ဆီးခံရတဲ့ကိစ္စကြီးကို ငါတို့ညီအစ်ကိုချင်း မပြောမိဘဲ နေမလား .. ဘယ်သူ့ကြောင့် .. ဘယ်ဟာကြောင့်ဆိုတာ သိနေကာမှ စိတ်မနာဘဲ နေမလား ... စနေမီး ရော..



www.burmeseclassic.com

www.burmeseclassic.com



ကြွေ့ ကိုရော သူက သိနေပြီးသား .. ဒါကြောင့် ဒီကောင်မလေး စိတ်မှုမမှန် ဖြစ်နေတာကို ငါ သိနေတာပေါ့ ..''

ချောကေသီ အသံတိတ်နေရခြင်းသို့ ရောက်ခဲ့လျက် ပြောနေလည်း မထူးတော့တာကို နားလည်သွား၏။

''မင်းတို့တောင် သိနေတယ်ဆိုတော့ .. ခု ဘာတွေ ပြောနေလို့လဲ ..''

''ဘာမှ မပြောပါဘူး .. ဒါပေမယ့် သူ ဘာဖြစ်ခဲ့တယ်ဆိုတာကို သေချာသိပုံ မပေါ်ဘူး ..''

''ဟား .. ဟား .. ဟား ...''

''ကောင်မလေး ခုလို ဖြစ်နေတဲ့ပုံက ..''

''အဲဒါ ရူးနေတာ မဟုတ်ဘူး .. ရူးမလို့ ပတ်ပျိုးနေတာ .. ခုနေ သူ့ဘေးမှာ ဈော်ဘာပူဖောင်းတစ်လုံးလောက် ခပ်ပြင်းပြင်းလေး ပေါက်သွားရင်တောင် သူ့ကိုယ်သူ ပြန်မေ့သွားမယ့် အရူးမျိုး .. ဟား .. ဟား .. ဟား ...''

ဦးဉာဏ်ကျယ် ရယ်ရင်း ပိုင်နိုင်သည့်ခြေလှမ်းတို့ဖြင့် ဝင်သွား၏။ ချော မျက်နှာ တင်းကင်းမာမာလေး ဖြစ်သွားကာ နောက်ကနေ မမိုတ်မသုန် လိုက်ကြည့်နေမိ၏။

''ချောကေသီ ..''

အနားရောက်လာတဲ့လူက သူမတို့ လာသည့် ခရီးစဉ်တစ်လျှောက်မှာ တာဝန်ယူ အုပ်ချုပ်ဖို့ပါဝါနှင့် ခန့်ညားစွာ ပါလာခဲ့သည့် ဒေါ်ငြိမ်းနွဲ့ ...၊

သူမကလည်း ဦးဉာဏ်ကျယ် နှင့် အရင်းနှီးဆုံး ပတ်သက်ခဲ့ဖူးသူ ဖြစ်ကာ ဘယ်လိုပတ်သက် တော်စပ်သည်ဆိုတာ ဘယ်သူမှ သေချာ





မသိ ...။

''ထားလိုက်တော့ ချောကေသီ .. ကိုဉာဏ် နဲ့ ပတ်သက်မိရင် ဥပေက္ခာထားတတ်ဖို့ပါ ကြိုးစား .. သူကတော့ မိန်းမနဲ့ ပတ်သက်လာရင် အသစ် အသစ်တွေအတွက် အဟောင်းတွေကို ဥပေက္ခာထားနိုင်တဲ့သူ .. အဲ့ဒီတော့ ညည်းတို့ ထားရမှာက သူ့ရဲ့ ဥပေက္ခာတွေကို ကိုယ်က ဥပေက္ခာထားနိုင်ဖို့ပဲ ..''

မိန်းမသားချင်း နှုတ်ဆိတ် အံကြိတ်နေကြသော်လည်း ဦးဉာဏ်ကျယ် ကတော့ အသက်ကြီးပေမယ့် မပျက်စီးသေးသော ရင်ခုန်သံတို့ကို သယ်ဆောင်ရင်း ခြေလှမ်းတွေ ကျဲနေရကာ ...

''ကြွေ ..''

တစ်ခန်းလုံးကို ဟိုလိုက်ကြည့် .. ဒီလိုက်ကြည့်နှင့် စမ်းတဝါးဝါး တိုးရွေ့နေသော ခြေလှမ်းလေးတွေ တုံ့ခနဲ ဖြစ်သွားသည်။

ပြီးတော့ ဖျတ်ခနဲ လှည့်ကြည့်၏။

မှောင်လှဲ့သော မျက်ဝန်းလေးတွေက မျက်တောင်ကော့တို့ ဖြဲရှလျက် သူ့ကို ကြည့်လာပုံက ဆေးဆေးစိုက်စိုက်လေး ...၊

''အောင်မယ်လေး .. လှလိုက်တာ ကလေးရာ .. စင်ရော်တောင်မျက်ခုံး .. ရွှေသမင် မျက်လုံးနဲ့ အသားက ရွှေလိုဝင်းပြီး ပန်းပုဆစ်ထားသလို ကိုယ်လုံးလေးကလည်း ရင်ဖိုစရာ .. အား ..''

ဦးဉာဏ်ကျယ် မျက်လုံးတွေ ဝင်းဝင်းလက်လက် ဖြစ်နေကာ ရုတ်တရက် ထိန်းသိမ်းနိုင်စွမ်းမဲ့သွားသကဲ့သို့ လက်ဖဝါးတို့ကို ဆုပ်ချီ ဖြန့်ချီချောင့်မရဲ ပြုရင်း ...

''ဟိုအရင်က လှတာနဲ့ ဘာမှကို မဆိုင်ဘူးဗျာ .. ကြွေ ဆိုတဲ့နာမည်လေးအတိုင်းပဲ .. ထိလိုက်တာနဲ့ ကြွေကျသွားမယ့်အတိုင်း ..



www.burmeseclassic.com

www.burmeseclassic.com



နဖက် အိညက်လို့ပါလား ..."

သူများတကာတွေ ကဗျာသံ စာသံနဲ့ ဖွဲ့နွဲ့ပြောပြီဆို 'အပြော ကတော့ ရွှေမန်းတင်မောင်'ပဲလို့ သူကိုယ်တိုင် မဲ့ရွဲ့ ကဲ့ရဲ့ခဲ့ဖူးတာကို လည်း မေ့နေခဲ့၏။

မီးရောင်အောက်မှာ ကြွေ့ကို သူ မြင်နေရတာ အံ့ဩဘနန်း ဖြစ်နေရသမျှ ...

"မင်းလေးကို ကျုပ်ရဲ့ သတို့သမီး ဖြစ်လာဦးမယ်လို့ ဒီလိုညမျိုး ကို တကယ်ကို မမျှော်လင့်ရဲခဲ့ဘူး... အဟုတ် ပြောတာ .. ခုတော့ ကြည့် ပါဦး .."

သူများရဲ့ သတို့သမီးကို ခိုးယူလာပြီး သတို့သမီးဝတ်စုံနဲ့အတိုင်း ထားခဲ့သည်။

သူမလေး သတိမေ့တတ်တာကို သိနေသဖြင့် ဒါကို ကောင်း ကောင်း အသုံးချနိုင်မည်မှန်းလည်း တွက်မိထားသောကြောင့် ...

"ဘာကြည့်နေတာလဲ ကြွေ .. မင်းနဲ့ ဒီည လက်ထပ်ပြီးခဲ့တာ လေ .."

"အို!... မဟုတ်တာ ..."

သူမက အလန့်တကြား ငြင်းဆန်ကာ နောက်ကို ခြေလှမ်းဆုတ် ၏။

ဟိုးအတိတ်ဆီက မင်္ဂလာဦးညမှာလည်း သူမလေး ဒီတိုင်း ဒီပုံ အတိုင်းပဲ ရှိခဲ့ရာ ...

"မရတော့ဘူး ကြွေ .. မင်းကို ဒီတစ်ခါ လုံးဝ အလွတ်မပေးနိုင် ဘူး .. ဒါကြောင့် ငါ့နေရာထိ ရောက်အောင် မပြန်ဘဲနဲ့ ဟောဒီမှာ မင်္ဂလာဦးည ဖြစ်လိုက်တာပဲ .. ဟား .. ဟား .. ဟား .. လိမ္မာစမ်းပါ..."





"မဟုတ်ဘူး ..."

ကြွေ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိသည်။ ဝတ်စုံနဲ့အဖြူ လည် ပင်းက စိန်ကုံးနဲ့ .. လက်ကောက်ဝတ်မှာ စိန်လက်ကောက် ..၊

ပြီးတော့ ဆားတိုက်က မှန်ထဲမှာ မိတ်ကပ်တို့ မပြယ်သေးသော ကိုယ့်မျက်နှာကို ပြန်မြင်နေရ၏။

သူမ တကယ်ပဲ လက်ထပ်ခဲ့တာလား ..၊

တစ်ကိုယ်လုံး တုန်ယင်သွားလောက်အောင် ထိတ်လန့်ခြင်းသည် ပြုံးရယ်နေသော မျက်နှာပြည့်ပြည့် ပြဲပြဲကြီးကို နောက်တစ်ခါ ပြန် ကြည့်မိတဲ့အထိ ..၊

ဒီမျက်နှာကြီးကို သူမ သိနေသည်။ နားဖုံးပါသည့် ဦးထုပ်ကြီးကို ဖယ်ချကြည့်လိုက်တာနှင့် ဒီမျက်နှာကြီးကို သူမ မှတ်မိနိုင်မှာ ဖြစ် သည်။

ဒါပေမယ့် သူမ ဘာမှ သိခွင့်ရမှာ မဟုတ်သလို ကိုယ့်ရှေ့ကို တိုးကပ်လာသည့် ပြုံးဖြီးဖြီး မျက်နှာကြီးက ရှိစရာ ..၊

"ရှင်!... ရှင် မဟုတ်တာတွေ မပြောနဲ့ ..."

"ဘာလို့ မဟုတ်ဘူး ထင်ရတာလဲ ကြွေလေး ရာ .. မင်းပဲ ကိုကြီး ကို ချစ်ပါတယ်ဆိုပြီး ကြည်ကြည်ဖြူဖြူ .."

"မဟုတ်ဘူး .. အဲဒါ မဟုတ်ဘူး ..."

ကိုကြီး ဆိုတာ နားထဲမှာ လုံးဝ ခါးသွားသည်။ သူမ ကိုကြီးဆိုသူ နှင့် လက်ထပ်ခဲ့တာ မဟုတ်ပေ ..။

ပြီးတော့ ဒီမျက်နှာကြီးကို သူမ မုန်းတီးခဲ့ခြင်းသာ စိတ်က ခံစားမိ နေကာ ...

"ရှင်!... ရှေ့မတိုးနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"တိုးရမှာပေါ့ကွ .. ဒီည မင်္ဂလာဦးည .. ဟဲ .. ဟဲ ..."

အပြုံးနှင့် အကြည့်တွေက မုန်ယိုနေသည့်နှယ် တကယ်တမ်း သူ့ရင်ထဲမှာ လှိုင်းထန်နေသည့် ရာဂစိတ်တွေကလည်း ဟိုအရင်နှစ်များကအတိုင်း အားကြိုးမာန်တက်ပဲ ရှိနေခဲ့ကြ၏။

ရုပ်ရှင်တွေထဲကလို ဟိုအကြောင်း ဒီအကြောင်းတွေနဲ့ အချိန်ဆွဲရင်း မင်းသား လာကယ်သွားတော့မှ ကိုယ် ဒီတိုင်း ကျန်ခဲ့ရမယ့်အဖြစ်မျိုး အရောက်မခံနိုင် ...၊

သူ့အတွက်က ပထမ သင့်ခန်းစာလည်း ရှိခဲ့ပြီးပြီမို့ ဒီညကို ဘယ်လိုမှ လက်လွှတ်မခံနိုင်ဘဲ ...

"မလာနဲ့ နော် .. ဟင့်အင်း .."

"ဝုန်း .."

"အား!..."

ယောက်ျားနဲ့ မိန်းမ အင်အားချင်းက မမျှပေ ...၊ လွှားခနဲ ဖက်ပြီး လှဲချလိုက်ကတည်းက ကြေ့ ကိုယ်လေး ဦးဉာဏ်ကျယ် ၏လက်ထဲမှာ ပက်လက်လေးအတိုင်း ဖြစ်သွားခဲ့ရာ ...

"ဟဲ .. ဟဲ .. ဟဲ .. လိမ္မာစမ်းပါကွာ .. ရုန်းမနေစမ်းပါနဲ့ .."

ဦးဉာဏ်ကျယ် က လူကို အပိုင်ဖိချုပ်ထားပြီးကာမှ ကုတ်အင်္ကျီကြီးကို ဖြစ်ကတတ်ဆန်း ဆွဲချွတ်ပစ်လိုက်ပြီး တဟဲဟဲ ရယ်နေ၏။

ထိုအခါ သူ့အင်္ကျီအိတ်ထဲကနေ ထွက်ကျသွားသည့် တစ်စုံတစ်ရာကို သူ သတိမထားမိလိုက်ပေ ...၊

ဒါကို ကြေ့ လည်း မျက်စိလျင်လို့ ဖမ်းထားလိုက်တာ မဟုတ်ဘဲ ကြေ့ လက်နားကို အလိုအလျောက် ကျလာခဲ့တာ ဖြစ်၏။

ဆုပ်ကိုင်မိလိုက်တာနှင့် ဓားတစ်ချောင်းမှန်း သိလိုက်၏။





ထို့ပြင် အင်္ကျီချွတ်လိုက်ရင်း ကျွတ်ပါသွားသည့် ဦးထုပ်ရဲ့အောက်မှာ မြင်လိုက်ရသည့် မျက်နှာပြည့်ပြည့်ကြီးကြောင့် ...

"ရှင်!..."

အတိတ်သည် ဖျတ်ခနဲ ထင်ရှားစွာ ဝင်လာ၏။

ဒီမျက်နှာကြီး ...၊

ကိုယ့်ကို ဒီတိုင်းပဲ အဓမ္မကြံစည်ဖို့ ကြိုးစားခဲ့တဲ့ လူ ...၊

ဦးဉာဏ်ကျယ် ဆိုတာ တိကျသည့်အဖြေကို မရသေးပေမယ့် ပုံရိပ်တွေပါ ထင်ဟပ်လာခဲ့၏။

စုန သူမ အိပ်ရာနိုးလာတုန်းက အနားမှာ မြင်သည့် လူကြီးတစ်ယောက်ကို မေးလိုက်မိသေးသည်။

"ကျွန်မ ဘယ်ရောက်နေတာလဲ"ဆိုတော့ "ဟိုတယ်လ်မှာ လက်ထပ်ပွဲပြီးလို့ ပြန်လာကြတာ"လို့ ဖြေသွားခဲ့သည်။

သူမ ကိုယ့်ကိုယ်ကိုယ် ရုတ်တရက် ဘာတွေ လုပ်ခဲ့မှန်း စဉ်းစားမရဘဲ တွေဝေနေခဲ့တုန်း ဒီလူကြီး ဝင်လာခဲ့၏။

ဒါကြီးက ကိုယ့်ရဲ့ သတို့သား တဲ့ ...၊

"လူယုတ်မာကြီး .. ရှင့်ကို .. ရှင့်ကို သိပြီ .. ရှင့်ကြောင့် .. ကျွန်မ .."

အဖေ သေသည် ...၊

အစ်ကိုလည်း မရှိတော့ ...။

သူမ ဘဝပျက်ခဲ့တာတွေကလည်း သင်းကြောင့် ...၊

"ရှင် .. ကျွတ်!..."

ခေါင်းကို ခါထုတ်ပစ်မိကာ အပြင်းအထန် စဉ်းစားမိသည်။ ထိုအခါ ...



www.burmeseclassic.com

www.burmeseclassic.com



ဦးဉာဏ်ကျယ် ...၊

လူကို သေချာသိလိုက်သည့်အချိန်တွင် သူမ ဆိုလူယုတ်မာ လက်ထဲမှာ ဘဝပျက်အံ့ ဆဲဆဲ ...

"ကဲ .. ဟာ ..."

"အား!..."

ဓားကိုကိုင်၍ အတိတ်နဲ့ လုံးထွေးရင်း ချာချာလည်နေရာမှ ဟုန်းခနဲ ခုန်ပေါက်ထွက်လာသော ဒေါသနှင့် ရှက်သည့်စိတ်ကြောင့် ဓားကို ခလုတ်ဖွင့်ကာ နံကြားထဲကို အားကုန် ထိုးချပစ်လိုက်မိသည်။

"အ!.. အား ... နင်!.. နင်က ..."

နာကျင်သွားသည့် ဦးဉာဏ်ကျယ် ၏လက်ပြန်ရိုက်ချက်က ကြွေ့လက်ထဲက ဓားလေး လွင့်ထွက်သွားစေခဲ့လျက် ...

"ကောင်မ!..."

သွေးတွေ ထွက်ကျလာသည့် နံကြားကို လက်နဲ့ ထောက်ထားပြီး လဲကျသွားပေမယ့် ကြွေ ပြန်ကျူးထတော့ ချည့်တိချည့်နဲ့နှင့် အတင်းပြန်ဆွဲ၍ လုံးထွေး သတ်ပုတ်ဖို့ ကြိုးစား၏။

ကြွေ သည် အဖေ့ကို သတ်ပစ်သည့်လူကြီးဆိုသော အသိစိတ်နှင့် အတူ ကိုယ့်ကို နောက်ထပ် ကြံစည်နေသူအဖြစ် ရှုံရှာ မုန်းတီးနေ ကာ ...

"ကဲ .."

ပြေကျနေသည့် ဆံပင်တွေကို ကြိုးတစ်စလို ပြန်ကိုင်ကာ ဦးဉာဏ်ကျယ် ၏ လည်ပင်းကို ဆွဲပတ်ထားလိုက်၏။

ဒဏ်ရာနှင့်မို့ ဦးဉာဏ်ကျယ် စိတ်သွားတိုင်း ကိုယ်မပါနိုင် ဖြစ်နေ ကာ ...





"ဟေး.. အစ်.. အစ် .. လာ .. ပူး .. လာ .. လာ .. ကြ .. ဟေး..."

လည်ပင်းအစ်သံနှင့်မို့ ဒေါသံက မပီသပေမယ့် ဝက်အော်သံကဲ့သို့ သံနက်ကြီးက နားဝင်ဆိုးရွားစွာ ထွက်ပေါ်လာ၏။

ကြွေ ကလည်း ဝင်လာမယ့်လူကို မကြောက်ပေ ...၊ ဘယ်သူမှ ည်း ဝင်မလာဘဲ ဦးဉာဏ်ကျယ် မျက်နှာကြီး ညိုပုပ်တက်လာ၏။

လုံးကြီးတွေလည်း ပြူးလာသည်။

"အီး .. ပူး .. အစ် ..."

"ကြွေ .."

ဆံပင် နှစ်ဖက်ဆွဲ၍ အသားကုန် ဆွဲညှစ်နေမိစဉ် အခန်းထဲကို ေးစွာ လှမ်းဝင်လာသူက မီးလျှံ ...၊

"တော်တော့ .. ဒီလောက်ဆို ရပါပြီ .."

အနားရောက်လာပြီး ချော့မော့ တားပေမယ့် ကြွေ က လက်ကို တ်ပေ ...၊ ပြီးတော့ သူ့မျက်နှာကို စူးစူးရဲရဲ မော့ကြည့်နေသဖြင့်...

"လွှတ်လိုက်ပါ ကြွေ .. သူ အသက်မရှိတော့ဘူး .."

ဟာင်!...

ကြွေ့ လက်ဖဝါးလေးတွေ ပြေကျသွားသည်။

ထိုအခါ ဦးဉာဏ်ကျယ် ကိုယ်ကြီးကို မီးလျှံ က ဆံပင်တွေထဲက တ်ယူလိုက်ပြီး ...

"ကျွန်တော်တို့ ဒီလူကြီးဆီက ပြန်ယူရမယ့် ကြွေး ကျေသွားပြီ.."

ပြုံးနေသည့်မျက်နှာကို မော့ကြည့်ရင်း သူ ကမ်းပေးသည့် လက် သူမလက်လေး ထည့်ပေးလိုက်မိ၏။

ထိုအချိန်ထိ ပြုံးနေသူကို သေချာ မသိသေးဘဲ သူမ ရင်းနှီး လက်ခံ သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထိုအပြုံးကြောင့် သူမ ရင်ထဲမှာ ခွန်အားတို့ကို ဖြစ်စေ
ပြီး ...

"ရှင်က .."

"ခင်ဗျားရဲ့ စနေမီး .."

"စနေမီး .. စနေ .."

"ဟုတ်တယ် .."

စနေ ဆိုသည့်အသံ ကြားလိုက်တာနှင့် ကြွေ့ မျက်နှာလေး
သွားသည်။

ထိုလူငယ်လေးကိုပဲ သူမ တမ်းတနေခဲ့တာပါ ..။

ကိုယ် ဒုက္ခများနေရတိုင်း ကမ်းလင့်ပေးလာခဲ့သည့် လက်
ဖက်ရဲ့ ပိုင်ရှင် ..။

"စနေ .."

"ဟင် .."

"ငါ .. ငါ လူသတ်လိုက်မိပြီ .."

"မဟုတ်ပါဘူး .. ဝက်သတ်လိုက်တာ .."

"မဟုတ်ဘဲနဲ့ .."

"မကြည့်နဲ့တော့ .. လာ ..."

ကြွေ ပြန်လှည့်ကြည့်မယ် ပြင်တာနှင့် သူမရဲ့ ပခုံးလေးကို
သာအောင် ဆွဲဖက်ထားလိုက်ကာ အခန်းပြင်ကို ခေါ်လာခဲ့၏။

ဟင်!... လူတွေ အများကြီးပါလား ..။

အမျိုးသမီးကြီးတွေနှင့် ယောက်ျား လေးငါးယောက်က
ထိုင်နေကြ၏။

ကြွေ ဘာကိုမှ နားမလည်နိုင်တော့ပါ ..။





"ဘာတွေဖြစ်နေတာလဲ စနေ .. ငါ့ကို သေချာ ပြောပြပါ .."

သူမ မေးတော့ မီးလျှံ က မဖြေဘဲ ထိုင်နေသည့် အမျိုးသမီးတွေထဲ
မျက်ရည်တွေ ပြည့်လျှံနေသော မျက်ဝန်းတို့ သူမထံ ရောက်လာ
ပြီးတော့ ပြန်ငုံ့သွားကာ ...

"မင်း ရောက်လာမှာပဲဆိုတာ ငါတို့က သိပါတယ် .. ဘာပဲဖြစ်
ခရီးဆုံးတဲ့အထိ တန်းသွားကြဖို့ ငါတို့က ပြောတယ် .. လက်မခံ
ဘဲ ရမ္မက်နောက်ကိုပဲ လိုက်ခဲ့တာ သူ့အတွက် ဇာတ်သိမ်းဖို့ ဖြစ်လာ
တာပဲ .."

ငိုသံနှင့် ရောထွေးနေသည့် စကားလုံးတွေက ဘယ်သူ့ဘက်က
တည်ခဲ့တာမှန်း ရုတ်တရက် ခွဲခြားဖို့ ခက်ခဲ၏။

"ခုချိန်မှာ မင်းကို အနိုင်တိုက်ရင်လည်း ငါတို့တွေ အနာတရ
ဖြစ်က သေချာမှာမှ မဟုတ်ဘဲ .. ငါတို့မှာ အင်အားရှိသလို မင်း
လည်း ရှိတယ် .. နောက်ထပ် ငါတို့လူစုကို မင်း လာမတွေ့ပါဘူး
ရင် ကျေနပ်ပြီ .."

"ဟွန်း .."

မီးလျှံ က ကြွေ မေးတာကို ဖြေဖို့ မဟုတ်ဘဲ ခေါင်းမိန်းနွဲ့ မျက်နှာ
ကြည့်၍ ခနိုးခနဲ့ ရယ်လိုက်ပြီး မဲ့၏။

"တောင်းပန်တာလား .. ခြိမ်းခြောက်နေတာလား ခေါင်းမိန်းနွဲ့ .."

ဒီမိန်းမကြီးကို ကြွေ က မသိနိုင်ပေမယ့် ဦးဉာဏ်ကျယ် နဲ့ ပတ်
သမ်သမျှ အနီးအဝေးအားလုံးကို မီးလျှံ မသိတာ ဘာမှမရှိ ..။

"ပြောပါ .. တစ်ကြိမ်ရင် တစ် .. နှစ်ကြိမ်ရင် နှစ် ပေါ့ .. မနုတ်
တ် တစ်ဆယ်ချေးတာတွေ ကျုပ်က ဝါသနာ မပါဘူး .."

"မနုတ်လောက်တာ မရှိဘူး စနေ .. မင်းက ငယ်ငယ်တည်းက



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်လေ့ကိုယ်ထိုး ပဲခူးရောက်ရောက်' ဆိုတဲ့ ကလေးမျိုးပါ .. ခုဗိုလ်မင်း ထင်ရာလုပ်နေတုန်း .. လုပ်သမျှ အကုန်လုံးလည်း ဖြစ်နေတုန်း

"အဲဒီတော့ ဆိုလိုတာက .."

"အခု ငါတို့က မင်းကို လုံးဝ မတုံ့ပြန် မခုခံဘဲ ယောဟိုအခန်း အရောက်ပို့ပေးခဲ့တာ မှန်ပေမယ့် မနိုင်မှန်းသိလို့ အလျှော့ပေးခဲ့တာ အဲဒါကိုလည်း ငါတို့ ဝန်ခံတယ်.. နောက်ထပ် ဘယ်လိုအငြိုးနဲ့မှ သက်ချင်တော့လို့ မင်းကို အခု ပြန်မတွေ့ပါရစေနဲ့လို့ တောင်း တာ .."

ကြွေ က သူတို့ ပြောတာတွေကို နားထောင်ရင်း နားမလည် တွေပေမယ့် နားလည်ဖို့ ကြိုးစားနေခဲ့၏။ သူမတို့ အားလုံးကို မယ့် အမျိုးသမီးတစ်ယောက်၏ မျက်နှာပေါ်မှာ သူမ အကြည့် စိုက်နေခဲ့သည်။

ထိုအမျိုးသမီးက ချောကေသီ ပဲ ဖြစ်လျက် သူမ မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ ...

ကြွေ့ အတွက်ကတော့ ထိုသူမက ဦးဉာဏ်ကျယ် ရဲ့ ဇနီး ကိုရော မျက်ရည်တွေ ရှိနေရခြင်းအကြောင်းတို့ကိုပါ ဘာ ဆက်စပ် ရေရာခြင်း မရှိသေးပါ ..။

သူမ ပြောချင်နေတာ တစ်ခုပဲ ရှိသည်။ ဒီနေရာကနေ အမြန် ထွက်ခွာဖို့ ...

"သွားမယ်လေ စနေ .."

မီးလျှံ ရဲ့လက်ကို ဆွဲလှုပ်၍ ခြေလှမ်းပြင်မိသည်။

နောက်မှာ လူတစ်ယောက် သေနေပြီဖြစ်ကာ သူမက သတ်ခဲ့သူ ..။





"ရဲတွေ လာလိမ့်မယ် .. ငါတို့ ပြန်မယ် စနေ .. တော်ပြီး မပြော တော့ .."

"ဝက်တစ်ကောင်သေတာကို ရဲက မဖမ်းပါဘူး ကြွေ.. မကြောက် .. အားလုံး ပြီးသွားပြီ .."

ကြွေ က ခေါင်းခါနေဆဲ ...

သူ ကြွေ့ ပခုံးလေးကို ဖက်၍ အားလုံးကို နှုတ်ဆက်လိုက်၏။

"ဗွတ်ဒ် ဘိုင် .."

တစ်စုံတစ်ယောက်ဆီကမှ တုံ့ပြန်သံ မလာခဲ့ပေမယ့် မျက်ရည် တို့ စင်ကျသွားတာကို ကြွေ သေချာ မြင်လိုက်ရ၏။

ဟိုလူကြီးနဲ့ ဘာတော်ကြတာလဲ ..။

ဦးဉာဏ်ကျယ် ဆိုတဲ့ လူကြီးက တပည့်တွေ တစ်ပြုံကြီးနဲ့ မိုက် ရမ်းကားနေတဲ့ လူကြီးပါ။

ဘာလို့ ဒီလူကြီးအတွက် သူတို့ ပူဆွေးနေကြတာလဲ ..။

ဒီလူကြီးက သေသင့်နေတဲ့လူကြီး မဟုတ်ဘူးလား ..။ ဝက်တစ် ကောင် မဟုတ်ပေမယ့် တကယ့် လူ့တိရစ္ဆာန်ကြီးပဲ ..။

ကြွေ့ မျက်လုံးထဲမှာ ရှန်းရင်းဆန်ခတ်နှင့် ပုံရိပ်တွေ ပြန်ဝင်

ထိုအခါ နောက်မှာ နွံ့ခါနေသည့် ကိုယ့်ဆံပင်တွေကို ပြန်ဆွဲယူပြီး မိ၏။

သူမ ဒီဆံပင်တွေနဲ့ လူသတ်ခဲ့တာ ..။

"ကြွေ .."

"ဟင်!.."

သူမ ပြန်ထူးလိုက်တာ မဟုတ်ဘဲ ခေါ်သံ တိုးတိုးလေးကိုပဲ လှ



www.burmeseclassic.com

www.burmeseclassic.com



ဖျပ် တုန်ခါသွားတာ ဖြစ်၏။

မီးလျှံ က ခြံဝင်းကြီးထဲကို ရောက်လာကာမှ ကြွေ့ လက်ထဲ ဆံပင်တွေကို အသာလေး ဖြည်ယူကာ ကျောနောက် ပြန်ပို့ထား ၏။

"စနေ .. ငါ ဒီဆံပင်တွေနဲ့ .."

"အဲ့ဒီလို မတွေးရဘူး .. ဒီဆံပင်တွေက မင်းရဲ့ အသက်နဲ့ အ ကို ကယ်ခဲ့တာ .."

"မင်း .. မင်း မြင်လိုက်လား ဟင် .."

"မြင်တာပေါ့ .. ဒီလူကြီးဆီက ကျွန်တော်တို့ ရစရာကြွေ အများကြီးပဲဟာ .. မင်း ရစရာရှိတာကို ပြန်ယူနေလို့ အပြင် လက်ပိုက်ကြည့်နေလိုက်တာ .."

"ဘာ!..."

"မင်းမှာ ခုခံကာကွယ်ပိုင်ခွင့် ရှိတယ် ကြွေ .. အဲ့ဒါက မင်း မဟုတ်ဘဲ ပထမအချက် .. နောက်တစ်ချက်က သူသတ်ထား အသက်တွေ မနည်းတော့ဘူး ..၊ ဒီထဲမှာ မင်းအဖေနဲ့ ကျွန်တော် ပါတယ် .. အတုံ့အလှည့်ဆိုတာ သံသရာဝဋ်ကြွေးကျေဖို့ စောင့် ကြာတာပေါ့ .. ခုလို တစ်ခါတည်း လက်စတုံးပေးလိုက်တာ လောက် ကောင်းသလဲ .."

"စနေ .."

"ဟင် .."

"ဘာလို့ ပေါ့ပေါ့လေး ပြောနေတာလဲ .."

"ပျော်လို့ .."

"ပျော်လို့ .."





"ဟုတ်တယ် .. ခင်ဗျားနဲ့ ကျွန်တော် ခုမှ ဘက်ညီသွားတာ .."

"ဘယ်လို!..."

"ရမ်းကားတဲ့ လင်မယား .."

ပြောပြီး ရယ်ပုံက နဖူးတိုက်ပစ်လိုက်ခြင်းဖြင့် ...

"အား!..."

"ဆောရီး .."

"နာသွားပြီ .. ဖယ်ပါ .."

"ဘု ထွက်မလာအောင် အာငွေ့ပေးရတယ် .."

"ဟင့်အင်း .."

"တီ .."

"တီ .."

သူတို့နှစ်ယောက် မျက်နှာချင်း နီးကပ်သွားသည်နှင့် ခြံကြီးထဲကို ကားနှစ်စီး ကွေ့ဝင်လာသည်။

"ဟိုမှာ .. ရဲ .. ရဲတွေလား မသိဘူး .."

"ဟား .. ဟား .. ဟား ..."

"စနေ နော် .. ဘာရယ်တာလဲ .."

ကားမီးရောင်တွေ ဝင်းထိန်စွာ ကျရောက်လာသဖြင့် လက်ဖဝါး ကာရင်း ကြွေ က သူ့လက်မောင်းနောက် ကပ်ဝင်ဖို့ ကြိုးစား

မီးလျှံ က ဘေးကို ခြေလှမ်းရွှေ့ပစ်ပြီး အကွယ်မခံဘဲ ရယ်နေ

"ကျွန်တော့်လူတွေပါ ကြွေ ရာ .."

"ဟင် .. အဲ့ဒီလူတွေက .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .."

ကားတစ်စီးကို သုံးလေးယောက် ပါကာ ဆင်းလာကြတာ
တွေ ခုနစ်ယောက် ရှစ်ယောက် ..၊

"ကျွန်တော့်လူတွေဆိုတော့ မင်းကလည်း တပည့်တပန်းတွေ
ပေါ့ .."

"တပည့် မဟုတ်ပါဘူး .."

"လက်ရုံးတွေ .."

"အဲ့လို ပြောရမလား .. အဲ .."

"ဒါဖြင့် မင်းကလည်း လူဆိုးကြီးပဲ .."

"ကြွေ ရယ် .."

"ငါ ဘာတွေဖြစ်နေမှန်း မသိတော့ဘူး .. သိနေတာတွေ
ဘာမှ မသိတာတွေရော ဘယ်ဟာက အတိတ် .. ဘယ်ဟာက ပ
လဲ .. ငါ ရူးနေပြီလား ဟင် .."

ကြွေ့ ကိုယ်လေးက ကြောက်သည့်စိတ်တွေပါ လွှန်ကဲစွာ
လာရင်း ကတုန်ကယင်လေး ဖြစ်လာခဲ့၏။

ပြီးတော့ နှုတ်ခမ်းလေးမှာ လက်ခုံနဲ့ ကပ်၍ ရှိုက်ငိုလေသ

သူမစိတ်ထဲမှာ ဘာမှ မသိသလိုလို ပေါ့ပါးသွားလိုက် ..
လောင်ကျွမ်းတော့မလို ရှုပ်ထွေး မွန်းကျပ်လာလိုက်နှင့် ...

"ငါ့ကို ကယ်ပါဦး .. ငါ့ခေါင်းတွေ မီးတောက်တော့မလား
ဘူး စနေ .."

"ကြွေ .. တိတ်ပါကွာ .."

ပြန်ရောက်မှ သေချာ ရှင်းပြလိုက်ဖို့ဟာ ကြွေ ငိုချလိုက်
မီးလျှံ ပျာပျာသလဲ ဖြစ်သွားကာ မျက်နှာလေးကို အတင်း မေ





"စိတ်ဖိစီးမှု အရမ်းများလာရင် လူတိုင်း ဖြစ်တတ်ကြတာပဲ .. မင်းရဲ့ဘဝတစ်လျှောက်လုံး အခက်အခဲ အကျပ်အတည်းတွေ ဒီလောက်ထိ ရှိခဲ့တာ ခေါင်းတွေ ချာချာလည်ပြီပေါ့ .. စိတ်အေးအေးထားလိုက်ရင်ရပြီ .. ဘာမှ မဖြစ်ဘူး နော် .. မငိုနဲ့တော့ .."

သူ့ရင်ခွင်ထဲမှာ ကြွေ ခေါင်းလေး မှီလာတော့မှ သက်ပြင်းချမိသည်။

သူမအပေါ်မှာ တောက်လျှောက် ဆူပူအော်ငေါက်ရင်း ဖြတ်သန်းလာခဲ့မိသည့် ရိုင်းပျ ကြမ်းတမ်းခြင်းများအတွက်လည်း နောင်တတွေ ရနေမိသည်။

ရူးမတတ် သွေးပျက်နေခဲ့ရှာသည့် သူမအတွက် အနာဂတ်မှာတော့ သူသာလျှင် အနွေးညံ့နိုင်ဆုံးနှင့် ချစ်တတ်ဆုံးသောယောကျ်ားဖြစ်ရမည်ဟု ရည်ရွယ်ရင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၀)

နောက်နေ့ မိုးလင်းသွားသည်နှင့် နိုးထလာသော ကြွေ့ မျက်နှာလေးက ကြည်လင် လန်းဆန်းနေခဲ့လျက် ...

"ဟင် .. စနေ .."

"နိုးနေပြီလား .."

"အင်း .."

မျက်နှာသစ်ပြီးစ ရေစိုနေသော မျက်နှာလေးမှာ ရေစိုတွဲနေသော မျက်ခုံးတန်းလေးတွေနဲ့ မျက်တောင်ဖျားလေးတွေကအစ ကဗျာဆန်ပြီး လှနေ၏။

အံ့သြသလို ဖြစ်သွားပြီးမှ ပြန်စဉ်းစားလိုက်တော့ မျက်ခုံးတန်းလေးတွေက တွန့်ကော့သွားတာ နေရာမကျ ..။

"ဘာတွေ စဉ်းစားနေတာလဲကွာ .."

"အို .. စနေ .."





မျက်နှာသုတ်မလို့ ပခုံးပေါ်တင်ထားသည့် တဘက်လေး ကြမ်းပေါ် ပုံကျသွားကာ မီးလျှံ ရင်ခွင်ထဲမှာ ကြွေ အထိတ်တလန့် ပြန်ရုန်း၏။

"စနေ .. ဘာလုပ်တာလဲ .. ရေချိုးခန်းထဲမှာ .."

"ညကလည်း မင်း အိပ်နေတာကို မနှောင့်ယှက်ရက်လို့ ငုတ်တုတ် ထိုင်ကြည့်နေခဲ့ရတာ .."

"ညက ဟုတ်လား .."

"အင်း .."

"မင်း .. မင်း မပြန်ဘူးပေါ့ .."

"ဘယ်ကို ပြန်ရမှာလဲ .. မိန်းမကို ထားခဲ့ပြီးတော့ .."

"ဟင်!..."

ကြွေ မျက်ခုံးလေးတွေ ပင့်တက်သွားတော့ အငိုက်ဖမ်းပြီး ငုံ့နမ်းလိုက်မိသည်။ ပြီးတော့ လွှန့်လွှန့်လူးလူးလေး ဖြစ်နေသည့် သူမ ကိုယ်လေးကို ထွေးဖက်ထားလိုက်ကာ ...

"ဘယ်သူ့ကို မေ့ မေ့ .. ကိုယ့်ယောကျ်ားကိုတော့ မမေ့ရဘူး .. အဲ့ဒါ မှတ်ထား .."

"တို့ .. တို့ လက်ထပ်ခဲ့ကြတာလား ဟင် .."

"ဟုတ်တယ် .."

"အဲဒါကို သိနေပါတယ် .."

"ဟင်!.. တကယ်လား .."

စနေ ခေါင်းထောင်သွားကာ ကြွေ့ မျက်နှာလေးကို မေးဖျားလေး ဘနေ ဆွဲမော့လိုက်ကာ ...

"ဒါဆို .. ကျွန်တော် အနားကပ်မှာစိုးလို့ မေ့ချင်ယောင် ဆောင် နေတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး .. ဟို .. အိပ်ရာက နိုးတော့ ညက လူတွေ အများကြီးနဲ့ ညှော်ခံပွဲကို သတိရတယ် .. စာအုပ်ကို သွားလှန်ကြည့်လိုက်တော့လည်း မနေ့က ရုံးမှာ လက်မှတ်ထိုးဖို့ရော .. ညဘက် ညှော်ခံပွဲ လုပ်မှာတွေရော .."

"ကျွန်တော် အတင်းနမ်းပြီး လက်ထပ်ခွင့် တောင်းခဲ့တာကိုရော မှတ်မထားဘူးလား .."

ကြွေ က ရက်ပြုံးလေးနှင့် မျက်နှာလွှဲပစ်သည်။ ပြီးတော့ အတင်း ရုန်းထွက်ဖို့ ကြိုးစားနေကာ ...

"ဟုတ်တယ် .. မှတ်မထားတာဆို သိပ် သတိမရဘူး .."

"ဒါဆို အမြဲတမ်း သတိရနေအောင် .. မေ့မယ့်စက်ကွင်းထဲ မရောက်ခင် ခဏ ခဏ နမ်းပေးမယ် .."

"သွားပါ .."

"ဘယ်ကိုလဲ .."

"လက်တွေ ဖယ်ပါ ဆို .."

"ကြွေ .."

"ဘာလဲ .."

"ဟာကွာ .. ညင်ညင်သာသာ ထူးစမ်းပါ .."

"ဒါမှ မင်းနဲ့ မိတ္တူ ဖြစ်မှာပေါ့ .."

"သြော် .. ဒါတွေကျတော့ မမေ့ဘူးကိုး .."

"ဟုတ်တယ် .."

ကြွေ့ ထံမှ ရုန်းဖယ်မှုလေးတွေ ငြိမ်ကျသွားကာ သူ့မျက်နှာကို ရီဝေ ဆွေးငေးစွာ မော့ကြည့်သည်။

ပြီးတော့ ...





"တို့ရဲ့ အိပ်ချိန် .. ငေးချိန် .. အားလုံးကို ဘာမှ တွေးမရအောင် ဖြစ်နေတဲ့အချိန် .. အဲ့ဒီအချိန်တွေတိုင်းမှာ တို့ မင်းကိုတော့ ဘယ်တော့မှ မမေ့ဘူး .."

"ဟား .. ဒီမှာ ကြွေနေပြီကွာ .. တစ်သက်လုံးမှာ ဘာတွေ ရခဲ့ရခဲ့ ဒီလောက် မပျော်ဘူး .."

ကြွေ့ ကိုယ်လေးကို မချင့်မရဲ သိမ်းဖက်ထားရင်း ပါးချင်းကပ်၍ ရယ်နေမိသည်။

"ပြော .. အဲ့ဒါတွေပဲ ဆက်ပြော .."

"မမေ့ပါဘူးလို့ ပြောနေတာပဲလေ .. ပြီးပြီ .."

"ချစ်တယ်ဆိုတာ ပြီးဆုံးတယ်လို့ မရှိဘူး .."

"ဘယ်သူက ချစ်တယ်လို့ ပြောလို့လဲ .."

"ပြောနေပြီ .. ခု .."

ကြွေ က ရယ်ကာ သူ့ရင်ခွင်ထဲမှာ မျက်နှာလေး ကပ်မှိနေလိုက်သည်။

"စနေ ဆိုတဲ့ ကောင်လေးကို .."

"အင်း .."

"မမေ့ဘူး .."

"ဟုတ်ပြီ .."

"အဲ့ဒီနာမည်ကိုပဲ သတိရနေတာ သိလား.. စနေ ဆိုတာ ချာတိတ်လေးတစ်ယောက်လို့ပဲ မှန်းဆ မြင်ယောင်နေရတဲ့ အချိန်တည်းက အိပ်မက်မက်လည်း စနေ .. စိတ်တွေ အရမ်းညစ်လာရင်လည်း စနေ့ရဲ့ အချိန်တိုင်းပဲ .."

"ချစ်တယ်လို့ ပြောကြည့်ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .."

"ဘာဖြစ်လို့လဲ .."

"လိုမှ မလိုတာ .."

"ဟာ .. ပြောရက်လိုက်တာ .. မလိုဘူး ဟုတ်လား .. မင်းကို အရမ်း အလျှော့ပေးပြီး အလိုလိုက်တာနော် .. ခု မရမက ပြောလာအောင် လုပ်ရမလား .. ပြော .."

ကြွေ က မျက်နှာလေး အတင်းငုံ့၍ ရယ်သည်။ မီးလျှံ က မရမကမော့ယူဖို့ ကြိုးစားကာ ...

"ကြွေ .. ဟိတ် .. မော့ကွာ .."

စိတ်တွေ လှုပ်ရှားလာမိရင်း ကြွေ့ ဆံပင်ရှည်တွေကို ဆွဲယူကာလည်ပင်းမှာ ပတ်ထားလိုက်ပြီး မျက်နှာငုံ့လိုက်၏။

"တွေ့ပြီလား .. မင်း အဖြေမပေးဘဲ ထွက်ပြေးလို့ မရတော့ဘူး–"

"ဟင်!..."

မော့ကြည့်လိုက်သည်နှင့် ရယ်မြူးနေသည့် ကြွေ့ မျက်ဝန်းလေးတွေ ထိတ်လန့် ပြူးကျယ်သွား၏။

"မလုပ်နဲ့ .. ဟင့်အင်း .. အဲ့လို မလုပ်ပါနဲ့ .."

"ကြွေ .."

မီးလျှံ လည်ပင်းမှာ ဆံပင်နဲ့ ပတ်ထားတာကို မြင်လိုက်သည်နှင့် အကြည်းတန် ဆိုးရွားသော လည်ပင်းအစ်နေသည့် မျက်နှာကြီး ဖျတ်ခနဲ မြင်ယောင်သွားကာ ...

"မလာနဲ့ .. သွား .. ဟင့်အင်း .. ဟင့်အင်း .."

"ဟာ!... ကြွေ .."

ကြွေ မျက်နှာကို လက်ဖဝါးလေးတွေထဲ မှောက်ချပစ်ပြီး ...





သည်။ ပြီးတော့ ငုတ်တုတ်လေး ထိုင်ချလိုက်ပြီး ဒါတွေပဲ ပြောနေကာ...

"တို့ မသတ်ဘူး .. အဲ့လို မလုပ်ချင်ပါဘူး .. တကယ်ပါ .. ဟင့်အင်း .."

ရှိုက်သံတွေပါ ပါလာခဲ့၏။

"ကြွေ .. ကျွန်တော် တောင်းပန်ပါတယ် .. နောက် မစတော့ဘူးကွာ .. ဒီမှာကြည့် .. ကျွန်တော်လေ .. စနေ ပါ .."

ကြွေ့ မျက်နှာလေး သူ့လက်ထဲမှာ မော့မော့လေး ပါလာ၏။

"စနေ .."

"အင်း .. မင်းကို အသက်လောက် ချစ်နေတဲ့ မင်းရဲ့ယောကျ်ားပါ .."

"အင်း .. ကြွေ .. ကြွေ .. သိတယ် .. သိပါတယ် .."

သူမဘာသာ မျက်ရည်တွေ သုတ်သည်။ ပြီးတော့ ရင်ခွင်ထဲမှာ တိုးဝင် ဖက်တွယ်ရင်း ...

"စနေ့ ကို ချစ်တယ် .."

"ကြွေ ရယ် .."

'ချစ်တယ်' ပြောပေမယ့် ရှိုက်သံတွေ ဖွက်နေသည့် စကားလေးကြောင့် သူ့မှာ မပျော်နိုင် ...။

ကြွေ့ ပခုံးလေးကို ပွတ်သပ်ချော့ရင်း စဉ်းစားမိသည်က သူမရဲ့ ဆံပင်ရှည်တွေကို ဖြတ်တောက်ပစ်ဖို့အတွက် သူ ကြိုးစားရတော့မည်။

အကြည်းတန်၍ ရန့်ရင်းကြမ်းတမ်းသော ယောကျ်ားအိုကြီး တစ်ယောက်၏ လက်ထဲမှာ ရိုက်ပုတ် နှိပ်စက်ခံခဲ့ရသည်။

မတရား သိမ်းပိုက်ဖို့ ကြိုးစားခြင်းမှ ကံကောင်းထောက်မစွာ လွဲချော် လွတ်မြောက်ခဲ့ရ၏။

www.burmeseclassic.com



ထိုအဖြစ်ဆိုးတွေထဲကနေ မိဘမဲ့ အိမ်ခြေမဲ့ဘဝနှင့် ကံကောင်းခြင်းနေ့ဆိုတာ မရှိခဲ့သော 'ကြွေ'ဆိုသော မိန်းမလှလေး၏ နေ့ရက်များက သူမ၏ အတွေးအိမ်ကလေးကို ရက်စက်စွာ ဖျက်ဆီးပစ်ခဲ့ခြင်းအတွက် ...။

သူမ၏ ဆူပွက်လွယ်သော စိတ်အာရုံတို့သည် ဒုန်းဒုန်းဒိုင်းဒိုင်းပြင်းထန်ဆိုးရွားစွာ ဖြစ်ခဲ့သမျှ အားလုံးကို ရောထွေး မေ့နေတတ်ခဲ့ပြီး—

နွေးထွေးသာယာဖွယ် တသိမ့်သိမ့် စွဲလမ်းခဲ့ရသမျှကို သူမ ဘယ်တော့မှ မမေ့ ...။

ထို့ကြောင့် စနေ ဆိုသော ဒီရင်ခွင် ဒီအငွေ့အသက်ကို သူမ အမြဲတမ်း စွဲလမ်းနှစ်သက်နေမည်သာ ဖြစ်လျက် ...

သူမအတွက် စနေမီး ၏ လုံခြုံနွေးထွေးစွာ ဖြန့်ကျက်နေသည့် ချစ်ခြင်းတရား အဖြာဖြာသည် ...။

ကြွေ့ ကို ကျွန်တော့်ဘဝ ဆက်လက် ရှင်သန်နေသမျှ သက်ဆုံးတိုင်အထိ ...။

ချစ်ခင်ကြင်နာ မြတ်နိုးစွာဖြင့် ...

စနေမီး ...။

*လရောင်ကျူးရင့်*



www.burmeseclassic.com